


တို့၏

# ပါဒါမိကရုဂေါ်း

## အဆုံးအဖြတ်

သတင်းထောက် ဦးလွင်

ဒီ/၅၀-ပြ

ဦးထွန်းလှ-နှင့်-ဦးမြတ်သိန်းထွန်း

-တို့၏-

# ဝိဝါဒဝိဓာကရကျမ်း

## အဆုံးအဖြတ်။

မူပိုင်၊

သတင်းထောက်-ဦးလွင်၊

တအုပ် ၁၀ / ၅၀ ပြား။

ပဌမအကြိမ်-ရိုက်နှိပ်ခြင်း။
စာအုပ်ရေ - ( ၅၀၀၀။ )

★★

၁၃၂၄-ခုနှစ်၊ တပို့တွဲလအတွင်း၊ စက်တင်ရိုက်နှိပ်သည်။

★
★★

ပုံနှိပ်ထုတ်ဝေသူ
ဦးလွင်။
ယာယီပုံနှိပ်တိုက် မှတ်ပုံတင်အမှတ်-၁၆။
ယာယီ-ထုတ်ဝေသူ - မှတ်ပုံတင် အမှတ်-၁၇။
ကဝိရတနာ-စာပုံနှိပ်တိုက်၊
၁-လမ်း၊ လက်ပံတန်းမြို့။

---

တောင်းပန်ချက်။

ဤစာအုပ်ကို အဆောတလျင် ပြီးစီးရန် စက်တင်ရိုက်နှိပ်ရသည့်အတွက်၊ အနေအထားမမှန်၊ သတ်ပုံအမှားနှင့် ချို့ယွင်းချက်များကို ဖြည့်စွက်ပြင်ဆင် ဘတ်ရှုကြပါရန် တောင်းပန်ပါသည်။

ထုတ်ဝေသူ။



'ဦးသွန်းလူ-နှင့်-ဦးမြတ်သိန်းသွန်း'' တို့၏အမှုကိုကြားနာစစ်ဆေးရာဌာန၊
လက်ပံတန်းမြို့နယ်- ဝိနိစ္ဆယချုံးနှင့်
လောကမာရ်အောင် ရွှေဘုန်းနှောင် စေတီတော်ကြီးကို ဖူးမြင်ရပုံ။



ဦးပဏ္ဍိတ၊
လက်ပံတန်းမြို့နယ်-ဝိနိစ္ဆယ ဌာန၊ ဝိနည်းဓိုရ်ဆရာတော်နှင့်
နိုင်ငံတော် ကျောင်းထိုင်ဆရာတော်များအဖွဲ့။
ဗဟိုဦးစီးအမှုဆောင် ဆရာတော်၊
ကျွန်းကလေးတိုက်ကျောင်း-လက်ပံတန်းမြို့။

## ပဥ္စ-ဂုဏံ-အဟံ-ဝန္ဒာမိ။

# စာအုပ်ရိုက်နှိပ်ခြင်း။



(မှတ်တမ်းတင်သူ ဦးလွင်)

ကျွန်တော်သည် ဤစာအုပ်ကိုစက်တင်ရိုက်နှိပ်ရန် စောစောပိုင်းက လုံးဝဆန္ဒမရှိခဲ့ပါ။ သတင်းထောက် တဦးအနေနှင့်လက်ပံတန်းမြို့နယ် ဝိနိစ္ဆယရုံးတွင် ၎င်းတို့၏ အမှုစစ်ဆေးတိုင်း သွားရောက် သတင်းယူရမှုစိတ်ငင်စားလာလျက် ဦးထွန်းလူနှင့် ဦးမြတ်သိန်းထွန်းတို့၏ ဝိဝါဒ အညင်းပွားမှုမှာ ဗုဒ္ဓဘာသာဝင်တို့၏လေ့လာသုံးသပ် ပြုပြင် ဆင်ခြင်အပ်သည့် အချက်အလက်များစွာပါရှိသဖြင့်ဝိနိစ္ဆယရုံးမှစီရင်ဆုံးဖြတ်အမိန့်ချမှတ်လျှင် အမှုဖြစ်ပွားသည်မှအစ အမိန့်ချမှတ်သည်အထိ သက်သေထွက်ဆိုချက်များပါ မှတ်တမ်းတင်စာအုပ်တအုပ်ရိုက်နှိပ်မည်ဟုဆုံးဖြတ်ခဲ့သည်။

ရင်းတို့၏အမှုကို ၁၃၂၄-ခု၊ နတ်တော်လပြည့်ကျော် (၅)ရက် (၁၆-၁၂-၆၂)နေ့တွင် စီရင်ချက်ချမှတ်လိုက်သည့်အခါ ဝိနည်းမိုရ်ဆရာတော်များ၏ ဝေဘန်သုံးသပ်ဆုံးဖြတ်ချက်အမိန့်သည်ပင် စာမျက်နှာ(၁၀၀)ကျော်ရှိ၍ စောဒက ဦးထွန်းလူ၏လျှောက်လွှဲချက်၊ စုဒိတက ဦးမြတ်သိန်းထွန်း၏ချေပချက် အပြည့်အစုံနှင့် (၂)ဦး(၂)ဘက် သက်သေပေါင်း (၄၀)ကျော်တို့၏ ထွက်ဆိုချက်များကိုပြည့်စုံစွာဖော်ပြရိုက်နှိပ်ရလျှင် စာမျက်နှာ(၁၀၀၀)ကျော်မျှရှိချေမည်။

သို့သော် ဦးထွန်းလူ၏ လျှောက်လွှဲချက်တွင်ရင်း၊ ဝိနည်းမိုရ်ဆရာတော်များ၏ အမိန့်ချမှတ်သည့် စာတမ်းတွင်ရင်း၊ (၂)ဦး(၂)ဘက်သော သက်သေတို့ထွက်ဆိုချက်များကို ကိုးကားဖော်ပြသားခြင်းကြောင့် သက်သေအသီးသီးတို့၏ ထွက်ဆိုချက်များကို အစဉ်အတိုင်းဖော်ပြလျှင် ကျမ်းလေးရုံမှတပါး အကျိုးထူးဘွယ် မမြင်ချေ။

သို့အတွက် ယခုရိုက်နှိပ် ထုတ်ဝေရာတွင် စာကြည့်သူများ ညီးငွေ့စေခြင်းမရှိစေရန်နှင့် အဘိုးနည်းဝန်ပါ ဖြစ်ကြစေရန် စောဒက ဦးထွန်းလူတင်ပြသည့် သက်သေ(၂၄)ယောက်အနက် (၆)ယောက်တို့၏ ထွက်ဆိုချက်များနှင့် စုဒိတက ဦးမြတ်သိန်းထွန်းတင်ပြသည့် သက်သေ (၁၅)ယောက်မှ သက်သေ(၆)ယောက်တို့၏ ထွက်ဆိုချက်များကိုသာ သတင်းယူရာ၌ ကြားသိသမျှ မှတ်တမ်းတင်ခဲ့သမျှတို့ကိုဗုဒ္ဓဘာသာဝင်တိုင်း နှိုင်းယှဉ်သုံးသပ်နိုင်ကြစေခြင်းအလို့ငှါ ပြည့်ပြည့်စုံစုံဖော်ပြလိုက်ပါသည်။

ရင်းပြင် ဤစာအုပ်ကို ပုံနှိပ်ထုတ်ဝေခြင်းမှာ မည်သူတဦးတယောက်၏တိုက်တွန်းမှု၊လှုံ့ဆော်မှု ပယောဂလုံးဝမပါ။ဘိုးဘွားမိဘစဉ်လာ ဗုဒ္ဓဘာသာဝင်တဦးဖြစ်သည့်အတိုင်း ရတနာသုံးပါးကို ရိုသေကိုင်းရှိုင်းသည်နှင့်အမျှ ဗုဒ္ဓတရားတော်များအယူအဆတိမ်းပါးချွတ်ချော်ခြင်းမရှိကြစေရန်အလို့ငှါ ဤ(ဝိဝါဒါမိကရဏ်း အဆုံးအဖြတ်)စာအုပ်ကို ဗုဒ္ဓဘာသာဝင် သူတော်စင်များသုံးသပ်ဆင်ခြင် ပုံပြင်ကြလျက် ဘုရားတရားတော်အရ ကျင့်ကြံကြိုးကုတ် အားထုတ်နိုင်ကြစေရန် သဘင်းဆောက်များ ထားရှိအပ်သော(ချစ်သူလဲ မသာစေရ၊မုန်းသူလဲ မနာစေရ) ဆိုသောစကားအတိုင်း စေတနာအမှန်ဖြင့်သာ စုဆောင်းမှတ်တမ်းတင်အပ်သည့် စာအုပ်ပင်ဖြစ်ပါကြောင်း။

(ဗုဒ္ဓမြွက်စွာ၊ သာသနာ၊ ချောင်ဝါနေ့သို့ဘွန်းခစခသာဝ်။)



ဦးလွင်။

၂၆-၁-၆၃။ သဘင်းဆောက်၊ သောက်ပံတန်းမြို့။

# ဦးထွန်းလူနှင့် ဦးမြတ်သိန်းထွန်းတို့၏
# ဝိဝါဒါဓိကရုဏ်း အဆုံးအဖြတ်။



(စောဒက ဦးသွန်းလူ)

ဤ ဝိဝါဒါဓိကရုဏ်း အဆုံးအဖြတ်မှု ကြီးကို လက်ပံတန်း မြို့နယ် ဝိနိစ္ဆယရုံး၌ ဝိနည်းဓိုရ် ဆရာတော် များ က ၁၃၂၂-ခုနှစ်၊ တပို့တွဲလ ပြည့်ကျော် (၁၀) ရက် (၉-၂-၆၁)နေ့တွင်လက် ခံစစ်ဆေးခဲ့သည်၊

စောဒကဖြစ်သူ လက်ပံတန်းမြို့နယ်၊ထန်းပင် ကုန်းရွာ ကျောင်းဆရာကြီးဦးထွန်းလူက စုဒိတကဖြစ်သူ နိုင်ငံကျော် ဝိပဿနာဆရာကြီးဦးမြတ်သိန်းထွန်းအပေါ် စွဲဆိုချက်(၇)ချက်တင်လျက် စွဲဆိုခဲ့သောအမှုဖြစ်သည်။

ဝိပဿနာဆရာကြီးဦးမြတ်သိန်းထွန်းသည် နှစ်ပရိစ္ဆေဒပေါင်းများစွာ မြန်မာပြည်အနှံ့ အပြားမြို့အသီးသီး ကျေးရွာအဖုံဖုံ

ဍင်း၏ယုံကြည်ချက် ဝိပဿနာကျင့်စဉ်များကို ဟောကြားခဲ့ရာ ၁၃၂၁-ခုနှစ်၊ တပို့တွဲလပြည့်ကျော်(၆)ရက်နေ့မှ (၁၂)ရက်နေ့အထိ လက်ပံတန်းမြို့နယ် သဲကုန်းကျေးရွာတွင် ဟောကြားချက်များနှင့်ပတ်သက်၍ ဘုရား-တရား-သံဃာ ရတနာသုံးပါးကိုထိပါးပုတ်ခတ်ဟောပြောချက်များပါရှိပါသည်ဟုစွဲချက်(၈)ချက်တင်လျက် စောဒက(တရားလို)ပြုလုပ်ပြီးလျှင် ဝိနိစ္ဆယရုံးဘွင်တရားဆိုင်ခြင်းဖြစ်သည်။

## စောဒက ဦးထွန်းလူ၏ စွဲဆိုချက် (၈) ချက်မှာ။

၁။ သက်န်းနှင့်ခြောက်လုံးပြူး အတူတူ ကြောက်လို့ ရှိခိုးရသည်။

၂။ အနာဂါရိကရဟန်းနှင့်ဘိုးသူတော် မယ်သီလ၊ လူပျိုကြီး အပျိုကြီး အတူတူဘဲ။

၃။ ကျောက်ဆင်းတု ကြေးဆင်းတုဘုရားတို့သည် မင်းတို့ရေနစ်လျှင် ကယ်နိုင်သလား၊မကယ်နိုင်ဘူး၊ လက်ကြီးက အသေကြီးဘဲဟု ဟောပြောခြင်း။

၄။ ရုပ်ပွါးဆင်းတုများသည် အရုပ်တွေ ပွားပွားသွားတာမိန်းမများ ပွားသွားသလိုဘဲ။ ဒါတောင်အားမရလို့ဒက္ခိဏာသာခါလေး အမြှောင်ထားသေးသည်။

၅။ မိန်းကလေးများကို လုံခြုံသောအခန်းတွင်ခေါ်၍တရားပြသည် တရားအပ်သည်ဟု ပြုကျင့်သဖြင့် သကၤာမကင်းဘွယ်ဖြစ်ခြင်း။

၆။ ဦးမြတ်သိန်းထွန်း၏ကျင်ငယ်ရေကို ရောဂါအမျိုးမျိုး ပျောက်သည်ဟု သောက်သုံးပက်ဖြန်းစေခြင်း။

၇။ ဦးမြတ်သိန်းထွန်း၏ ဆံပင်များကို ကိုးကွယ်ပူဇော်စေ ခြင်း။

၈။ တရားပွဲအပြီး ၁၃၂၁-ခု၊တပို့တွဲလဆုတ်(၁၂)ရက်နေ့တွင် ငါပြန်တော့မည်၊ သာသနာကွယ်ပြီ ငါဘုရား,ဟုပြော သွားခြင်း များကို စွဲဆိုခဲ့လေသည်။



ဒုဒိတက(တရားခံ)ဦးမြတ်သိန်းထွန်း။

အထက်ပါစွဲချက်(၈) ချက်ကို နိုင်ငံတော် ဝိနိစ္ဆယရုံးမှ ချမှတ်သောအမိန့်အရလက်ခံစစ်ဆေး ခဲ့ရာတွင် လက်ပံတန်းမြို့နယ် ဝိနည်းဓိုရ် ဆရာတော်များအား ခရိုင်သာသနာရေးအရာရှိဦးစိန်လှိုင်နှင့် ၎င်းဦးလေးမောင်တို့အပြင်လက်ပံတန်းမြို့နယ် တစ်ရာဘက် အထူးအာဏာရတရားသူကြီး ဦးကံရင်၊ (ယခု ရခိုင်တိုင်း စစ်တွေမြို့တွင် နယ်ပိုင်တရားမတရားသူကြီး) ၎င်းရုံးစာရေးကြီး

ဦးသင်၊ သာယာဝတီခရိုင် ဒေသကိုယ်စားလှယ်ဦးဝင်းတို့က ဝိုင်းဝန်းကူညီလျက် ဥပဒေနှင့်အညီစစ်ဆေးခဲ့လေသည်။

ဦးထွန်းလူစွဲဆိုခဲ့သည့် အချက်(၈)ချက်နှင့်ပတ်သက်၍ ဦးမြတ်သိန်းထွန်းက ချေလွှာတစောင်ကိုရိုက်နှိပ်ပြီးလျှင် ဝိနိစ္ဆယရုံးသို့တင်သွင်းလျက် ပရိသတ်များအား ဝေငှကမ်းလှမ်းခဲ့သည့် ချေပချက်ကို မိတ္တူအတိုင်းဖော်ပြလိုက်ပါသည်။

# သာယာဝတီခရိုင် လက်ပံတန်းမြို့ သံဃဝိနိစ္ဆယရုံးသို့ စွဲချက် (၈) ချက်ကို ချေလွှာတင်ထားပုံ ဆရာတော်ဦးမြတ်သိန်းထွန်း။

၁။ စွဲဆိုချက် သက်န်းနှင့်ခြောက်လုံးပြူး အတူတူကြောက်လို့ရှိခိုးရသည်။

ဖြေရှင်းချက် ချေလွှာ။ သင်္ကန်းနှင့်ခြောက်လုံးပြူး ဥပမာ။ ယောဂီများအနည်းငယ်သိလျှင် သင်္ကန်းကိုရှေးကထက်ပို၍လေးစားရိုသေရမည်။ အချို့ဝိပဿနာယောဂီတွေ သင်္ကန်းကိုပြစ်ပယ်၍ ဟောပြောလေ့ရှိကြသည်။ ဆရာရေးသောကျမ်းစာအုပ်တိုင်း သင်္ကန်းကိုရှိခိုးရမယ်ပါတယ်။ (ဥပမာ)ခြောက်လုံးပြူး

သေနပ်ကို ကိုင်ဆောင်လာဒါမြင်လျှင် ဌာနာအုပ်မင်းဘဲလို့ လက်နက်ဂုဏ်ကိုကြောက်ရွံ့ရိုသေကြဒါလို သက်န်းကိုမြင်လျှင် သံဃာဂုဏ်ရောင်ဘဲလို့ ရိုသေကြရမယ်။ ခြောက်လုံးပြူး ကိုင်ဆောင်သောဌာနာအုပ်မင်းကို မကြောက်မလန့်ပါက မိမိတို့မှာ လက်ငင်းဘေးဒုက္ခဖြစ်ရှိဒါကို သက်န်းကိုမရိုသေ မကြောက်လို့ မလေးမစား ပြောသူလုပ်သူမှန်ပါက ယခုဘဝမှာပင်ဆင်းရဲမျိုးစုံဂတ္တရှ် အပါယ်ငရဲကျတတ်ကြောင်းဟောပြောပါသည်ဘုရား။

၂။ စွဲဆိုချက်။ အနာဂါရိက ရဟန်းနှင့်ဘိုးသူတော်-မယ်သီလ-လူပျိုကြီး-အပျိုကြီးအတူတူဘဲဟု ဟောပြောခြင်း။

ဖြေရှင်းချက် ချေလွှာ။ သံကုန်းဘုရားပွဲပဥ္စမနေ့ ရှေးဦးစွာ မှုနိ(၇)မျိုးကိုပဏ္ဏာမထားရှ်နာရီဝက်ခန့်ဟောခမ်း။သားမယားအိုးအိမ်နှင့်နေစေကာမူ ရုပ်နဲ့နာမ်(၂)ပါးကို ပိုင်းခြားသိပြီး ဆင်ခြင်နှလုံးသွင်းပါက ပါဠိလိုမုနိ၊မြန်မာပြန်ရဟန်းဟုမှတ်ကြ။ ဝမ်းမြောက်ကြ(သံဃာမမှတ်ရ)အိုးအိမ်မထောင်၊ လူပျို-အပျိုဘိုးသူတော် မယ်သီလတို့ကိုရုပ်နဲ့နာမ်(၂)ပါးခြားနားသိပိုင်ပြီး ဆင်ခြင်နှလုံးသွင်းလေ့လာပါက၊ ပါဠိလို အနာဂါရိမုနိ၊မြန်မာပြန် အိမ်ထောင်မရှိ၊ ရဟန်းဘွဲ့ရတယ် ဝမ်းမြောက်ကြ (လူဝတ်သံဃာဘွဲ့မရ)

၃။ စွဲဆိုချက်။ ကျောက်ဆင်းတု.... ကျီးဆင်းတုဘုရားတို့သည် မင်းတို့ရေနစ်လျှင် ကယ်နိုင်သလား။ မကယ်နိုင်ဘူး။ လက်ကြီးကအသေဘဲဟုပြောခြင်း။

ဖြေရှင်းချက် ချေလွှာ၊ တပည့်တော် အရှင်းမဟော။

၄။ စွဲဆိုချက်။ ရုပ်ပွားဆင်းတုတော်များသည် အရုပ်တွေ ပွား ပွားသွားဒါ မိမ္မများမှာပွားသလိုဘဲ ဒါတောင်အားမရလို့ ဒက္ခိဏာသာခါလေးတောင် အမျှောင်ထားသေးတယ်ဟု ပြော ခြင်း။

ဖြေရှင်းချက် ချေလွှာ မြတ်စွာဘုရား ပရိနိဗ္ဗာန်ဝင်စံသည့် နောက် ဗုဒ္ဓသာသနာပြန့်ပွားဘို့ ဘုရားပွားများဘို့ သံဃာပွား များဘို့ တရားတော်များပါပြန့်နှံ့စေရန် ရှေးရဟန္တာကြီးများ သာသနာပြုခဲ့ပုံ ဘုရား၏ရုပ်ပုံတော်ကို တဆူမဟုတ်ပါဘဲ အား လုံးကြည်ညိုကိုးကွယ်ကြရန် သက်တော်ထင်ရှား မြတ်ဘုရားကို မြင်ဘူးသူ မမြင်ဘူးသူတို့ ဖူးမြော်ကိုးကွယ်ကြစေရန် ရုပ်ပုံတော် များကို ပွားများအောင်စီမံလို့ ရုပ်ပွားဟု ခေါ်ဆိုသမုတ်နိုင် ကြောင်းကို လူပြိန်းများနားလည်ဘို့ဟောပြပါသည်။ မြန်မာ ပြည်မှာ မြန်မာလူမျိုးတို့၏ ရုပ်သဏ္ဌာန် ထုလုပ်ကိုးကွယ်ကြရ တယ်။

တချို့နိုင်ငံများက ဒက္ခိဏာသာခါပုံတော်ကိုကိုးကွယ်ပူဇော် ကြသည်။မြန်မာလူမျိုးများလဲ ဗေါဓိညောင် တောင်ဘက်ကိုင်း ကိုထုလုပ်ခြင်းပုံတော်ကိုလဲ ကိုးကွယ်ကြသည်ဟု ဟောပြောပါ သည်ဘုရား။

၅။ စွပ်စွဲချက်။ မိန်းကလေးများကိုလိုခြုံသောအခမ်းတွင်း သို့ခေါ်တရားပြသည်။တရားအပ်သည်ဟု ပြုကျင့်သဖြင့် သက်ာမ ကင်းဘွယ်ဖြစ်ခြင်း။

၆။ စွပ်စွဲချက်။ ဦးမြတ်သိန်းထွန်း၏ကျင်ငယ်ရေကိုရောဂါ အမျိုးမျိုးပျောက်သည်ဟု သောက်သုံးပက်ဖြန်းစေခြင်း။

ဖြေရှင်းချက်။ ချေလွှာ နံပါတ်(၅)နှင့် (၆)စွဲချက်မှာ စွဲချက်တင်သူ၏သံသယမကင်းသော ထင်မြင်ချက်ပြောသံကြားဖြစ်လို့ ချေလွှာတင်လျှောက်စရာ မလိုပါဘုရား။

၇။ စွဲဆိုချက် ၎င်းဦးမြတ်သိန်းထွန်းဆံပင်များကို ကိုးကွယ်ပူဇော်စေခြင်း။

ဖြေရှင်းချက် ချေလွှာ။ ဘုရားတပည့်တော်အား အားကိုးလေးစားယုံကြည်ကြသော တပည့်ယောဂီများသည် မရှိမသေမပြုထိုက်ကြောင်း၊ကျေးဇူးရှင်ဆရာကိုအပြစ်မပြောထိုက်ကြောင်းသတိပေးဆုံးမပါသည်။မိမိတို့၏အိမ်သားများက အတ္တဒိဋ္ဌိကွာဘို့၊ အပါယ်မကျဘို့တရားကိုမဟောနိုင်။ဟောနိုင်သူရှား၏။ ထိုကဲ့သို့မြတ်စွာဘုရား၏တရားမှန်ကို ဟောပြသောဆရာအား ဟောဒီခန္ဓာတကိုယ်လုံးဟာ စေတီထိုက်တယ်မှတ်ကြ။ ဥာဏ်တော်ကိုသာ ကိုးကွယ်ရိုသေရမယ်လို့ ရုပ်ခန္ဓာကြီးကိုမရိုသေထိုက်၊ပြောသူ ယူသူများမှားကြောင်း။ဆံပင်ကအစ ခြေသီး- ခြေခုံအထိ တကိုယ်လုံးရုပ်စုရုပ်ခဲတွေကိုပင် ရှိခိုးရိုသေကြရမယ်မှတ်။ ဥာဏ်သက်သက်ရှိခိုးလို့ မဖြစ် မိဘကိုရှိခိုးပူဇော်ဒါလဲ နည်းတူမှတ်ကြဂုဏ်တော်နဲ့ ရုပ်သားတခြားစီမယူရ အတူတူမှတ်။ထိုကဲ့သို့ ရှင်းတမ်းနှင့်တကွ ဟောပြဆုံမပါသည်ဘုရား။

၈။ စွပ်စွဲချက် တရားပွဲအပြီး ၁၃၂၂-ခု၊တပို့တွဲလဆုပ် ၁၂-ရက်နေ့တွင်ငါပြန်တော့မည် သာသနာကွယ်ပြီငါဘုရားဟုဟောပြောခြင်း။

ဖြေရှင်းချက် ချေလွှာ။ နက်ဖြန်ကျလျှင် ဟောဒီမဏ္ဍပ်မှာတရားသံ၊ဘုရားသံ၊သံဃာသံ၊အနိစ္စအသံ၊ဒုက္ခအသံ၊အနတ္တအသံ

အသုဘအသံ၊ဓါတ်သံ၊ပရမတ်သံ၊ဝိပဿနာသံ၊ရတနာသံ၊သာသနာအသံတွေမရှိတော့ဘူး။ ယနေ့နောက်ဆုံးသတ္တမနေ့မှာ မဂ္ဂင်(၈)ပါး ပဏ္ဏာမဓါတ် (၁၈)ပါးတရားသား။မျောက်ဒုက္ခ။နိဂုံးသတ် ၃-၄နာကို ၂-နာရီခန့်ဟောမယ်။ လေးလေးစားစား မှတ်သားနာယူကြလို့ ဟောပြပါသည်ဘုရား။

**ဆရာမြတ်သိန်းထွန်း။**

ရန်ကုန်

(မိတ္တူမှန်)

ဘရွှေဥက္ကဋ္ဌ

ဝိဇ္ဇာစရဏမဂ္ဂသမ္ဘာရအဖွဲ့ သာယာဝတီခရိုင်

အထက်ပါနှစ်ဦးနှစ်ဘက်တို့၏စွဲဆိုချက် ချေပချက်များဖြင့် ဝိဝါဒ အညင်းပွားမှု အခြေခံများ ပြည့်စုံလုံလောက်ပြီဖြစ်၍ စောဒက(တရားလို)ဦးထွန်းလူတင်သွင်းသည့် သက်သေများအနက် ဒုတိယအကြိမ်စစ်ဆေးခဲ့သော ၁၃၂၃-ခုနှစ် ပဋ္ဌမဝါဆိုလွှန်း (၁၃)ရက်(၂၅-၆-၆၁)နေ့တွင် စစ်ဆေးခဲ့သည့် သာယာဝတီခရိုင် သဲဖြူရွာမှ မခင်ရွှေ။လက်ပံတန်းမြို့အပိုင် သဲကုန်းရွာမှ(တရားပွဲကျင်းပရန်လက်ခံသော အိမ်ရှင်)မသိန်းရွှေ။သဲဖြူရွာမှရဟန္တာဖြစ်လိမ့်မှုနှင့် မိန်းမကိုလူသော ကိုမောင်မှင်တို့၏သက်သေထွက်ဆိုချက်များနှင့် တတိယအကြိမ် (၉-၇-၆၁)နေ့တွင် စစ်ဆေးရာ၌ ထွက်ဆိုကြသော သဲဖြူရွာမှ ဦးအောင်ဝင်း။ တရားသူကြီး ဦးကျော်။သဲကုန်းရွာနေ မောင်တင်ဝင်းတို့၏ အစစ်ခံချက်များကို ဆက်လက်ဖော်ပြသွားပါမည်။

ဝ ဝ ဝ



သဲဖြူရွာ မခင်ရွှေ။

သာယာဝတီမြို့နယ် သဲဖြူရွာနေ ဦးသာချို၏ သမီး အသက် (၃၇)နှစ် မခင်ရွှေ၏ ထွက်ဆိုချက်များမှာ ....

နိုင်ငံကျော် ဓမ္မကထိက စာတတ်ဆရာကြီးဦး မြတ်သိန်းထွန်း တရားပွဲကို သဲဖြူရွာမှာနာခဲ့ဘူးပါတယ်....၊ (၅)ရက်မြောက် တရားပွဲမှာ ဦးမြတ်သိန်းထွန်းကဘုရားအလောင်းဟာ ငါဘဲ၊ သာသနာကိုပြုပြင်မည့် ဗုဒ္ဓရာဇာဆိုတာ ငါပင်ဖြစ်ကြောင်းပြောပြီး (စပါးယ်လေးရဲ့လေးရုံ အပွင့်ရယ်ကုန် တငုံကျန်ပါသေးတယ် ပန်ချင်သူမမလေးရယ်ခေါင်းဖီးခဲ့လေး)ဟု ဆိုပြီး အရိမေတ္တယျ ဘုရားဆိုတာ တခြားမတွေးနဲ့ ငါဘဲ ဟုလက်မထောင်ပြပြီး အထက်ပါစာကို ရွတ်ပြပါတယ်....။

ဒါနဟာ သံသရာလည်ကြောင်းပြောပြီး အဝတ်ဝါဝါဝတ်တဲ့ ကတုံးတို အိုးနတိုလည်ပင်းဆွဲတဲ့.... လူတွေကိုမပေါင်းနဲ့၊ ကြောက်ဘိုကောင်းတယ်၊ တခါတောင်းလို့ရမှန်းသိရင် နောက်ကိုအမြဲတမ်းတောင်းရော။ (အိမ်ရှေ့မှာလဲ နန္ဒင်းပင်မစိုက်နဲ့ လူ

ဝါဝါနဲ့ လဲမပေါင်းနဲ့ )စသည့်တရားများကိုဟော၍ ကျွန်မစိတ်မခိုင် စိတ်ကိုထိခိုက်သဖြင့် တရားကိုဆက်မနာတော့ဘဲ အိမ်ကိုပြန်ခဲ့ပါတယ်....။

ကျွန်မအိမ်ပြန်ရောက်တော့ ကျွန်မယောကျ်ားကိုမောင်မှင်က ကျွန်မကိုခေါ်ပြီးမေးပါတယ်၊ တို့ဆရာကြီး ဦးမြတ်သိန်းထွန်းဟောတဲ့တရားနာရတာ သဘောကျရဲ့လားလို့မေးတော့ကျွန်မက နင်တို့ဆရာကြီးတရားက ဘုရား တရား သံဃာတွေကို ပုတ်ခတ်ဟောလို့ ငါမကြိုက်ဘူး၊ ဒို့သံဃာများဟောတဲ့ တရားကတော့ ဖအေနာရင်သမီးကိုပြောနိုင်တယ်၊ သမီးနာရင် ဖအေကိုပြောနိုင်တယ်၊ နင်တို့ဆရာကြီးတရားတော့ ငါမကြိုက်ဘူးလို့ ပြောပြီး နောက်ထပ်သွားမနာတော့ပါ....။

ကျွန်မယောကျ်ား ကိုမောင်မှင်က သူတို့ဆရာကြီး ဦးမြတ်သိန်းထွန်းတရားကို သွားရောက်နာကြားရန် တိုက်တွန်းခေါ်သော်လဲ ကျွန်မက မလိုက်လိုကြောင်း ညင်းသဖြင့် ကိုမောင်မှင်က( ဆံတုံးကိုရောင်အုပ် ဘီးကိုခရိုင်ချုပ်)နင်ဟာ ငါ့မယားဖြစ်တယ်၊ ငါ့အကြိုက်ကိုလိုက်ရမည်ဟု ပြော၍ ခဏခဏစကားများရန်ဖြစ်သဖြင့် အဘ ဦးသာချိုက လိုက်သွားရန်ပြော၍လိုက်သွားပါတယ် တရားပွဲဟာ ညတရားပွဲဖြစ်ပါတယ်၊ လိုက်သွားလို့ ဦးမြတ်သိန်းထွန်းထံ ရောက်တော့ ကိုမောင်မှင်က ဦးမြတ်သိန်းထွန်းကိုရှိခိုးပြီး သူတို့ချင်းတော့ဘာပြောထားသည်မသိ မယားဖြစ်သူကျွန်မ (မခင်ရွှေ)အား ဦးမြတ်သိန်းထွန်းကို လှူပါသည်။ ထိုအခါ ကိုမောင်မှင်အား အောက်ကိုဆင်းသွားဟု အိမ်ပေါ်မှ ဦးမြတ်သိန်းထွန်းကနှင်ပါသည်။ ကိုမောင်မှင်.... ဆင်းသွားပါ

ဘယ်၊ အိမ်ပေါ်မှာ ကျွန်မနဲ့ ယောဂီမ ၂-ယောက် ၃-ယောက်ခန့် ကျန်ခဲ့ပါတယ်၊ ၎င်းတို့အား ကိုမောင်သိန်း အိမ်ပေါ်အပြင်ခန်းမှ ပရမတ်ပညတ်တရားများစစ်ပြီး ယောဂီမတို့အိမ်ပေါ်မှ ဆင်းသွားကြပါတယ်။

အိမ်ပေါ်တွင် ဦးမြတ်သိန်းထွန်းနဲ့ ကျမသာကျန်ခဲ့ပါတယ်၊ ကျမကိုတရားစစ်မယ်ကြံတော့ ယောကျ်ားများအပေါ်မတက်ရဟု ဦးမြတ်သိန်းထွန်းက ပြောပြီး ကျွန်မအား ကန့်လန့်ကာ ခြင်ထောင် ထောင်ထားသည့်အခန်းခေါ်ပြီး စာဘယ်နှောက်သလဲလို့ မေးပါတယ်၊ သင်္ဂြိုဟ် ၉-ပိုင်းကုန်ကြောင်း ပြောပါတယ်၊ ဒီတော့မင်းတို့ဆရာတော်ဟာ စာဘယ်လောက်တတ်သလဲလို့ မေးတယ်၊ ကျမက ပထမငယ်လား ပထမကြီးလားတော့မသိပါ ပြောပါတယ်။

ဆရာကြီး ဦးမြတ်သိန်းထွန်းက နင့်ကို ကိုမောင်မှင်က ငါ့ကိုသူ့ဘယ်။ ကျမက သူလှူလျှင် လှူရတာပေါ့လို့ ပြောတော့ ဦးမြတ်သိန်းထွန်းက မောင်မှင့်တကာမ.... ဆရာကြီးတခုပြောမယ် မောင်မှင့်တကာမတို့အိမ်မှာ ညည့်သည်လာလျှင် သင်ဖြူးခင်းပေးဘယ်၊ ညည့်သည်ဘို့လား အိမ်သည်ဘို့လားလို့ မေးပါတယ်၊ ညည့်သည်ဘို့လို့ ပြောတော့ ညည့်ပြန်သွားသောအခါ မခင်ရွှေက ညည့်သည်ကိုပေးသလား မိမိယူထားသလား မေးတော့.... မိမိယူသွားကြောင်းပြောပါတယ်။

ဆရာကြီးတရားကိုကော လိုချင်သလားမေးရာ ဘုရား တရားတော်ဖြစ်၍ လိုချင်ပါတယ်လို့ ပြန်ပြောတော့ လိုချင်ရင် ငါ့အိမ်မှာ ကျွန်ခံနိုင်ပါ့မလား မခံနိုင်ပါဘူးလို့ ပြောတော့ မခံနိုင်ရင်

တရားမရဘူးလို့ ပြောပါတယ်၊ ၎င်းပြင် ချီးရေတို့ဂျီးတို့ကိုကော တွန်းပေးခတ်ပေးနိုင်ပါ့မလားလို့ ထပ်မေးပါတယ်၊ မပေးနိုင်ဟုကျမက ပြောပါတယ်။

ဦးမြတ်သိန်းထွန်းက နင့်ကိုမောင်မှင်က ငါ့ကိုလှူပြီး၍ ငါ့သဘောလို့ပြောပြီး ဆရာကြီးတရားကိုလိုချင်ရင် ငါ့အနားကိုတိုးခဲ့ဟု ပြော၍ ကျမတိုးသွားတော့ မခင်ရွှေက စာတတ်လို့စာခံနေမယ်၊ သတိထားဟုပြောပြီး လဘက်ရည်ပုဂံ ၂-လုံးကိုယူ ကျမရှေ့မှာချ ပုဂံတလုံးထဲမှာ ယောကျ်ားလက်မောင်းသွေးကို.... ဖေါက်ထည့် နောက်တလုံးထဲမှာ မိန်းမလက်မောင်းသွေးကိုဖေါက်ထည့် ၎င်းသွေး ၂-ခုကို ရောကြည့်တော့ ဘယ်မှာလဲ ယောကျ်ား ဘယ်မှာလဲ မိန်းမ ယောကျ်ား မရှိ မိန်းမမရှိဘူးမဟုတ်လား။

၎င်းအစွဲကိုဖြုတ်မှ တရားရမယ်လို့ပြောပြီး ဦးမြတ်သိန်းထွန်းက မိမ္မပေါင်ကြားထဲကဟာ ဘာခေါ်သလဲလို့မေးပါတယ်၊ ဒီတော့ကျမကရှက်၍.... တော်တော်နဲ့မပြောပါ၊ နင့်ယောကျ်ားက ငါ့ကိုလှူထားတယ်၊ ငါ့သဘောဖြစ်ပြီ ပြောရမယ်ဟုပြောပါတယ်။

ဒီတော့ကျမက (အော်)ပြောရရင် ပြောမယ်လို့ပြောတော့ မိမ္မပေါင်ကြားထဲကဟာ ဘာခေါ်သလဲလို့ ထပ်မေးရာ ကျမက (........)လို့ပြန်ပြောတယ်၊ (ပရိသတ် (ဟာ)ကနဲ ဖြစ်သွားသည်။) အဲဒီလိုပြောလိုက်တော့ ဦးမြတ်သိန်းထွန်းက.... တိုးတိုးပြောပါဟုပြောရာ ကျမက ဆရာကြီးတို့တရားက တိုးတိုးဘဲလားမေးပါတယ်။

နောက်တကြိမ်ဆရာကြီးကသူ့၏ပေါင်ကြားထဲကဟာ ဘာလဲလို့မေးပြန်ပါတယ်၊ ကျမက တော်တော်နှင့် မပြောတော့ ဆရာကြီးက ပြောသာပြော ပြောမှုပညတ်စင်၍ နိဗ္ဗာန်ရမယ် လို့ပြောပြီးသူ၏ပေါင်ကြားထဲကဟာ ဘာလဲလို့ထပ်မေးတော့ ကျမက (....)လို့ခေါ်တယ်လို့ပြောတော့ တိုးတိုးပြောရမယ် လို့ပြောပါတယ်။

ဒီအခါမှာ ဆရာကြီးက မောင်မှင်ကတော် သဘောမာနေပြီ ပြောင်းလိုက်စမ်းပါ ပြောကာ ကျမအား ကိုမောင်သိန်း အိမ် တွင်းမှ ကန့်လန့်ကာ ကာထားသောအခန်းတွင်းသို့ ခေါ်သွား ပါတယ်၊ အခန်းတွင်းရောက်တော့ မောင်မှင်ကငါ့ကို လွှဲထား တယ်၊ နင်ငါ့အလုပ်ကိုခံရမယ်၊ ဒါမှနိဗ္ဗာန်ရောက်မယ်ဟု ပြော သဖြင့် ကျမက တရားမရ၍ အပါယ်သွားလိုက သွားပါစေ၊ သူ များအလုပ်တော့ မခံနိုင်ဟုပြောပါတယ်။

ဒီတော့ ဦးမြတ်သိန်းထွန်းက အလုပ်ခံမှ ပညတ်စင်မယ်ဟု ပြောပြီး ရင်းးတ်ထားတဲ့ပုဆိုးကို ချွတ်ချလိုက်ပါတယ်၊ ကျမ ကအလုပ်မခံဘူးလို့ပြောရာ ဆရာကြီးက ဒီလိုတရားစမ်းသပ် ခြင်းကို ယောကျ်ားနှင့် ဘခင်တို့အား.... မပြောရဟု ပြောပါ တယ်။

ကျမက ပြောရင်ဘာဖြစ်မလဲလို့ပြန်မေးတော့ လယ်လုပ်ရင် ရှုံး၊ ကုန်ရောင်းရင် ကုန်ရှုံး နေအိမ်ကို မီးလောင်ပြီး ဓမ္မန္တရာယ် ထိုက်မယ်၊ သွေးအံသေမယ်လို့ပြောတော့ ကျမက အိမ်ပေါ်မှ ဆင်းပြေးပြီး ကိုမှင်ရေ ကိုမှင်ဟု ခေါ်ကာ အိမ်အောက်တွင် ကို မှင်ကိုတွေ့ရ၍ လာဟုခေါ်ပြီး အိမ်ကိုပြန်ရာ လမ်းခုလပ်ရောက်

တော့ ကိုမှင်ကမေးပါတယ် ဒို့ဆရာကြီးက ဘာတရားပြသေးသလဲမေးတော့ အိမ်ကျမှပြောမယ်လို့ ဆိုကာ ပြန်လာပါတယ်။

အိမ်ရောက်တော့ နင်တို့ဆရာကြီး တရားပြတာက (....)တွေ (...........) တွေအကြောင်းမေးတယ်၊ အစကတဲက ငါမကြိုက်ဘူး မနာချင်ဘူးလို့ ပြောတာ နင်တို့ဆရာကြီး နင်တို့သွားမေးချေလို့ ပြန်ပြောပါတယ်၊ ဒို့ဘုရားတရားက နိဗ္ဗာန်ရောက်ကြောင်းတရားကိုဟောတယ် နင်တို့ဘုရားက (...) (...........) အကြောင်းမေးတယ်လို့ပြောတော့ ကိုမောင်မှင်က ကျမကိုပြန်မေးပါတယ်၊ မေးရှုံတွင်မေးသလား လုပ်များလွှတ်လိုက်သေးသလားလို့မေးပါတယ်၊ ငါ့ကိုလုပ်ရင် ပါးရိုက်မယ်လို့ ပြောပါတယ်။

ဒို့ဘုရားဟာ ဘုရားတခါဟောရင် ဗိုလ်ခြေတသိန်းတသန်းကျွတ်တန်းဝင်တယ်၊ နင်တို့ဆရာကြီးက တရားပြတာက ဟိုကိုင်ဒီကိုင်နဲ့ ငါဒို့ဘုန်းတော်ကြီးကိုတိုင်မယ်လို့ ပြောရာ ကိုမောင်မှင်က မဘိုင်ပါနဲ့ မခင်ရွှေရယ်၊ နင်ဟာစာတတ်လို့ မယားဖြစ်ပေမဲ့ မအေပါဘဲ ဘုဆိုကာ ထိုင်ရှိခိုးပြီး အိမ်ပေါ်မှဆင်းသွားကာ ကိုအောင်ဝင်း ကိုထွန်းမြိုင်တို့နှင့်သွားတွေ့ပါတယ်။

ကိုအောင်ဝင်းနှင့် ကိုထွန်းမြိုင်တို့ကို ခင်ဗျားတို့ဆရာကြီးဟာဘုရားမဟုတ်ဘူး၊ ဖွတ်ကြီးဘဲလို့ပြောကာ ညကအဖြစ်ကိုပြောတော့ မကြိုက်ရင်ကိုးကွယ်ခြင်းမပြုပါ နောင်ကိုလဲ မပင့်ပါဘူးလို့ပြောပါတယ်၊ နောက် ၃-ရက်ခန့်အကြာမှာ ဆရာကြီးနဲ့ ကိုမောင်မှင်တို့ မငွေချင်အိမ်မှာ တွေ့ကြရပါတယ် ကျွန်မလိုက်မသွားပါ၊ ကိုမှင့်ကပြန်ပြောသလို့ သိရပါတယ်။

ဦးမြတ်သိန်းထွန်းက မင်းမယားကို ဝစီကံမနောကံနဲ့တော့ ပြစ်မှားမိပါတယ်၊ ကာယကံနဲ့တော့.... မပြစ်မှားကြောင်းကို မောင်မှင်လည်ပင်းဖက်၍ တောင်းပန်သည်ဟု သိရပါတယ်၊ ကိုအောင်ဝင်းနဲ့ ဆရာကျော်တို့ကလဲ ဒီလူကြီး.... ဒီအကျင့်ရှိရင် နောက်ကို ဒို့မပင့်တော့ဘူးဟု တောင်းပန်ကြပါတယ်။

## ဦးမြတ်သိန်းထွန်းက မေး။

## မခင်ရွှေ ဖြေ။

မေး။ သင်္ဂြိုဟ်ကိုးပိုင်း သင်ဘူးပါသလား။

ဖြေ။ သင်ဘူးပါတယ်။

မေး။ တပိုင်းစီ ရေပြစမ်းပါ။

ဖြေ။ ယခု မရေတတ်တော့ပါဟိုကုံးကရေတွက်နိုင်ပါတယ်၊

မေး။ ယခု ခုံရုံး၌ လာရောက်ဘက်သေခံရသည်မှာ သဲဖြူတရားပွဲအတွက်လား သဲကုန်းတရားပွဲအတွက်လား။

ဖြေ။ သဲဖြူတရားပွဲအတွက် ဖြစ်ပါတယ်၊ ဖြစ်ရပ်များမှာ သဲကုန်း၌ ဖြစ်ရပ်များဖြစ်ပါဘယ်။

မေး။ ဂေါတမဘုရားလောင်းဟု ပြောဘာမှန်သလား၊ ဗုဒ္ဓဘာသာ ဘုရားအကြောင်းသိပါသလား၊ ဘုရားပွင့်ပြီးပလား။

ဖြေ။ သိပါသည် ပွင့်ပြီးပါပြီ။

မေး။ ခလေးမ ခန္ဓာကိုယ်ကို လှူပါလို့ ခေါ်အလှူခံပါသလား။

ဖြေ။ မခေါ်ပါ။

မေး။ စိတ်ပိုင်းအစကို ရွတ်ပြပါ။

ဖြေ။ မေ့နေပြီ မရတော့ပါ။

မေး။ သံကုန်းတရားပွဲမှာ လာရောက်နာဘူးပါသလား။

ဖြေ။ မနာဘူးပါ။

မေး။ ဘာ့ကြောင့် သက်သေခံသလဲ။

ဖြေ။ ယခုသက်သေခံရခြင်းမှာ ဆရာကြီး၏ အကျင့်တွေမကောင်းလို့ အများရှေ့မှာ ပြောရအောင်လို့ သက်သေခံတယ်။ သံကုန်းတရားပွဲမဟုတ်ဘဲသက်သေခံခြင်းမှာ ဘုရား-တရား-သံဃာနှင့် သာသနာကွယ်ပျောက်မည်စိုး၍ သက်သေခံပါတယ်။

မေး။ သံဃာကို ယုံကြည်ပါသလား။

ဖြေ။ ယုံကြည်ပါသည်။

မေး။ သံဃာဂုဏ် ဘယ်နှစ်ပါးရှိသလဲ။

ဖြေ။ ၉-ပါးရှိပါတယ်လို့ သိပါတယ်။

မေး။ ရွတ်ပြစမ်းပါ။

ဖြေ။ ယခုရွတ်မပြတတ်ပါ။

မေး။ သင်္ဂြိုဟ်ကိုးပိုင်းသင်ခဲ့တာ လူလား-သံဃာလား။

ဖြေ။ သံဃာနှင့်သင်ပါသည်။

မေး။ မိန်းခလေးများ သံဃာနှင့်အတူ မနေရဘူးဆိုတာကြားဘူးသလား။

ဖြေ။ အတူနေမဟုတ်ပါ၊ ကျောင်းသားများဖြစ်ပါသည်။ တောရွာဘုန်းကြီးကျောင်းများတွင် မိန်းခလေးများ ဘုန်းကြီးကျောင်း၌ နေသင်ရပါသည်။

၀ ၀ ၀



လက်ပံတန်းမြို့အပိုင် သဲကုန်းရွာနေ ဦးစံကွန်း၏သမီးအသက်(၃၈)နှစ်ရှိ မသိန်းရွှေအား စာဒကာ ဦးထွန်းလူကမေး၍ထွက်ဆိုသည်မှာ....

မေး။ ဦးမြတ်သိန်းထွန်းတရားပွဲ သဲကုန်း မှာ လုပ်စဉ်ကဘယ်မှာတည်းသလဲ။

သဲကုန်းရွာ မသိန်းရွှေ။

ဖြေ။ ကျမတို့အိမ်မှာတည်းပါတယ်။
မေး။ သူဘယောက်ထဲလား၊ အဖေါ်ပါသေးသလား။
ဖြေ။ အဲဒါမပြောဘတ်ပါ၊ ဒွေ့သည်တွေတော့ ပါလာပါပါတယ်။

မေး။ ညရော နေ့ရောတည်းခိုသည့်အထဲမှာ ရပ်ဝေးကညှော်သည်များ ပါသေးသလား။
ဖြေ။ အဲဒါမသိပါ။
မေး။ ဧည့်သည်မိမ္မတွေ ဘယ်မှာအိပ်သလဲ။
ဖြေ။ ဆရာကြီးဦးမြတ်သိန်းထွန်း အိပ်ရာကုဘင်ကို ကန့်လန့်ကာ ကာထားပ ်တယ်။ အဲဒီကန့်လန့်ကာနှင့် ကုတင်ရှေ့ကြားမှာအိပ်ကြပါတယ်။
မေး။ မင်းကိုယ်ကိုအလှူခံသေးသလား။
ဖြေ။ ကျမခန္ဓာကိုယ်ကိုတော့မလှူပါ။ အိမ်ကိုလိုချင်ပါကလှူပါသည်။ကားနှင့်တိုက်ယူပါဆိုခြင်းမှာ မမှန်ပါ။
မေး။ ဦးမြတ်သိန်းထွန်းက တရားအပ်မယ်၊တရားယူမလားဆိုတာ ကျွန်မငယ်သေး၍ တရားမထိန်းနိုင်ဟု ပြောသည်မှာမှန်ပါသလား။
ဖြေ။ မမှန်ပါ။
မေး။ မသိန်းရွှေနှိပ်ပေးရင် ဆရာကြီးအိပ်ပျော်မှာဘဲဆိုတာမှန်ပါသလား။
ဖြေ။ မမှန်ပါ။
မေး။ ဘူးသီးလှီးမှတော်မယ်၊ ညီးကကျော်ကွယ်၊ ဂျော်ဂျက်တွေမများစေနဲ့ မသိန်းရွှေရယ် အလကားနေမယ်ဆိုတာ မှန်သလား။
ဖြေ။ မမှန်ပါ။
မေး။ ဆရာကြီးက တရားဟောပြီးဆင်းကာနီးတွင် ငါလှရဲ့လားဟုမေးတာမှန်သလား။

ဖြေ။ ကျမက စမတ်ကျနေတာဘဲလို့ ပြောတာဘဲ၊ပြောတာ မှန်ပါတယ်။(ဝိုင်းရယ်ကြသည်။)

မေး။ ယခုအမှုတွင် လင်ဖြစ်သူ ကိုထွန်းကြိုင်နဲ့ အခြားသူ များသက်သေမလိုက်ရန်ပြောသည်မှာ မှန်ပါသလား။

ဖြေ။ မမှန်ပါ။

မေး။ ၎င်းတို့၏ဆွေမျိုးအလယ်မှာ ကျမတဦးဘည်းနေရလို့ ကြောက်ပြီး သက်သေထွက်ဆိုခြင်း မပြုသည်မှာ မှန် သလား။

ဖြေ။ မဟုတ်ပါ။ကျမအမှန် မသိလို့ပါ။

ဦးမြတ်သိန်းတွန်းက ဆရာကြီးလှသလားလို့ မေးတာ

မဟုတ်ဘူး မဟုတ်လားဟုမေးရာ

မမေးပါ၊ကျမကနို့စရာပြောတာပါဟုထွက်ဆိုသွားသည်၊၊

၀ ၁ ၀



သာယာဝတီ မြို့နယ်၊ သဲ ဖြူ ရွာနေဦးဘိုးကျန် ၏သား အသက် (၄၀) ရှိ ကိုမှင် အားစောဒကဦး ထွန်းလူမေးမြန်း ချက် များ နှင့် ပတ်သက်၍ထွက် ဆိုသည်မှာ....

သဲဖြူရွာ ကိုမှင်။

မေး။ ဆရာကြီး ဦးမြတ်သိန်းထွန်းတရားကို နာဘူးပါသ လား။

ဖြေ။ ဆရာကြီးဦးမြတ်သိန်းထွန်း၏တရားကိုနာလျှင် သော တာပန်ဖြစ်သည်ဟု ပြောသံကြားဘူးပါသဖြင့် ပဒတ် ကုန်းတရားပွဲတွင် ကျွန်တော်ကိုယ်တိုင် နာခဲ့ဘူးပါ တယ်။ သဲဖြူတရားပွဲဖြစ်မြောက်ရေးကိုလဲ ကျွန်တော် ကိုယ်တိုင်လုံ့လဝီရိယဇွဲဖြင့် ဝင်ရောက်ကူညီဆောင်ရွက် ခဲ့ပါတယ်။

မေး။ ပြီးတော့ဘာဖြစ်သလဲ။

ဖြေ။ ၆-ရက်မြောက်သောတရားပွဲနေ့မှာ ဦးမြတ်သိန်းထွန်းက အနားကိုတိုးရင် တရားကိုကောင်းကောင်းသိမှာဘဲလို့ ပြောပြီးခေါ်သဖြင့်အနားကိုတိုးသွားပါသည်။

အနားကိုရောက်သွားတော့ ဦးမြတ်သိန်းထွန်းက မောင်မှင် ခင်းတို့အိမ်ဘယ်အနားမှာလဲလို့ မေးပါတယ်။ ကျွန်တော်ကသိပ်မဝေးပါ၊အနီးကလေးပါလို့ ပြောပါတယ်။

ဆရာကြီးမင်းတို့အိမ်လာတဲ့အခါမှာ မင်းခင်းပေးတဲ့သင်ဖြူးပေါ်မှာ နေချင်သလိုနေမယ်၊အိပ်ချင်သလိုအိပ်မယ်၊ ထိုင်ချင်သလိုထိုင်မယ်လို့ ပြောပါတယ်။ နောက်ဆရာကြီး ပြန်သွားတော့ အဲဒီသင်ဖြူးကိုလိပ်ပြီး သိမ်းထားမှာဘဲမဟုတ်လားလို့ မေးပါတယ်။ ဒီတော့ ကျွန်တော်က ဟာ—ဆရာကြီး သိမ်းထားမှာပေါ့ ပြောလို့ နောက်လဲ မင်းအသုံးချနိုင်တာပေါ့လို့ ပြောတယ်။

ဆရာကြီးက မောင်မှင် မင်းတွက်စမ်း၊ ကြက်သံ-ဘဲသံ-ဝက်အော်သံ-ဆဲသံ-ဘုရားရှိခိုးသံများကိုမင်းသိသလားလို့ မေးတော့ သိပါတယ်လို့ ပြောပါတယ်၊အဲဒါတွေကိုမင်းသိရင်သောတာပန်လို့ ပြောတယ်။ဆရာကြီးက သောတာပန်ဆိုတော့ ဟုတ်လိမ့်မယ်ထင်ပြီး အထင်ကြီး ဘဝင်မြင့်သွားပါတယ်။

ကျွန်တော် အထင်ကြီးသွားမှန်းကို ဆရာကြီးက သိတော့ မောင်မှင် မင်းတကမကောရှိသလားလို့ မေးပါတယ်။ကျွန်တော်က ရှိကြောင်းပြောပါတယ်။ ဆရာကြီးက စာတတ်သလားမေးတော့စာတတ်ပါတယ်။သင်္ဂြိုဟ်ကိုးပိုင်းသင်ဘူးကြောင်းကို ပြောပါတယ်။ ဆရာကြီးက မောင်မှင်တရားတက်လိုက ရှိပစ္စည်းအား

လုံးကိုလှူမှရမယ်လို့ ပြောပါတယ်။ ဒီတော့ ကျွန်တော်က ငါမိမ္မ ကိုလှူရင်တော့ ရဟန္တာဖြစ်မှာဘဲလို့ ထင်ပြီး ကျွန်တော့မိမ္မ မခင် ရွှေကိုပစ်ပြီး စွန့်လှူလိုက်တယ်။(ပရိသတ်များ ဝါးကနဲရယ်ကြ သည်)

ဒီတွင်ဆရာကြီးက မင်းမိမ္မကို ခေါ်စမ်းဟု ခိုင်းပါတယ်၊ ဆ ရာကြီးက မိမ္မကိုအခေါ်ခိုင်းတော့ ကျွန်တော်အိမ်ပြန်သွားပြီး မယားမခင်ရွှေကို အတင်းနှားချပြီး ဆရာကြီးဦးမြတ်သိန်းထွန်း ထံသို့ ခေါ်သွားပါတယ်၊ မိမ္မရောက်တော့ ဆရာကြီးက မောင် မှင်အောက်ဆင်းသွားဟု ပြောသဖြင့် ကျွန်တော်က မယုံ တယုံ ဖြင့် ချောင်းကြည့်ရင်း အောက်ကို ဆင်းသွားပါတယ်။

ကျွန်တော်ဟာ အိမ်အောက်က စောင့်နေပါတယ်၊ တော် တော်လေးကြာတော့ မခင်ရွှေအိမ်ပေါ်မှဆင်းလာပြီး.... ကျွန် တော့ကိုခေါ်ပါတယ်၊ကျွန်တော်နဲ့တွေ့တော့လာပြန်မယ်ဟုပြော သဖြင့် ကျွန်တော်တို့အိမ်ကို ပြန်သွားကြပါတယ်။ အိမ်ရောက် တော့ ကိုမှင်ရှင်တို့ဘုရားကြီးက ကာမတဏှာရှူးကြီးပါလားပြော တယ်။ကျွန်တော်က ဟဲ့ဘာဖြစ်လို့လဲမေးတော့ ငါ့ဟယ်ပညတ် ပရမတ် စစ်လိုက်ထာ(....တွေ) (........တွေ)ကို မေးတာဘဲလို့ ပြောပါတယ်။

ကျွန်တော်က နင့်ကိုများ ဘဲ့နဲ့ လုပ်လိုက်သေးသလဲလို့ မေး တော့ နင်စောက်သုံးမကျလို့ အခန်းထဲမှာပုဆိုးချွတ်ပြီး ငါ့ကို လုပ်မယ်လို့ မအေရိုးရေ ငါမနဲ့ထွက်ပြေးခဲ့ရတယ်လို့ ပြောပါ တယ်။ ဒီတွင် ကျွန်တော်က ဒီအတိုင်းဟုတ်သလားဆိုပြီး ထွက် သွားတာကသူတို့အဖွဲ့တွင်ဦးစီးနာယကဆရာတော်ဦးအောင်ဝင်း

နဲ့တွေ့ပြီး ခင်ဗျားတို့ဘုရားလုပ်နေသော ဆရာကြီး ဦးမြတ်သိန်းထွန်းကို မကြေနပ်ဘူးပြောရာ ဦးအောင်ဝင်းက ဒီလိုဆိုရင်မဖြစ်ဘူး ဒို့ကျောင်းက ဘုန်းကြီးကလဲ.... မကြိုက်ဘူး၊ ဒို့ခေါင်းဆောင်လူကြီးများ အလကားဖြစ်ကုန်တော့မယ်၊ မင်း ဘုန်းကြီးကို မတိုင်ပါနဲ့ ဟု ထပ်၍တောင်းပန်ပါတယ်။

၎င်းနောက် ဆရာကြီးဦးမြတ်သိန်းထွန်းက သူတရားစမ်းတာကို ကျွန်တော့မိမ္မ (မခင်ရွှေ) မကြေနပ်မှန်းသိတော့ တရားပွဲမှာ လက်ာတခုထည့်ဟောပါတယ်။ (မနက်ခင်းက ရန်ဖြစ်ပြန်၊ ညနေသန်းတုပ်ခံ၊ နင်တုပ်ထာမှန်မှန်ပြော ဒို့ဘုရားက နဇီဝေါ) (မိမ္မကြောက်တဲ့ ယောကျ်ားတွေ ချိုးရေခတ်ရသလေ၊ နင်ခတ်ထာမှန်မှန်ပြော ဒို့ဘုရားက နဇီဝေါ)(ပရိသတ်ဝေါကနဲဝိုင်းရယ်ကြသည်။) အဲဒီလိုလဲဟောရော့ငါ့ကိုစောင်းတာဘဲဆိုပြီး.... ကိုအောင်ဝင်းတို့အား သွားရောက်ဆူပါသေးတယ်။ အဲဒီတရားပွဲမှာဘဲ ဦးမြတ်သိန်းထွန်းက တရားဟောနေရင်းမှ ကျွန်တော့ကိုဘိုးကျန်သားက ကြည့်ပုံကြီးကိုက ဟုပြောကာ ကြည့်ပုံအမူအရာကိုထ၍ ကိုမှင်ကလုပ်ပြရာ (လာရောက်နားထောင်ကြသောပရိသတ်မှာ တဝါးဝါးဖြစ်သွားကြောင်း)

ကိုအောင်ဝင်းတို့ကို သွားဆူတော့ မောင်မှင်ရာ မင်းမကြေနပ်ရင် တရားပွဲကို ခုမဖျက်ပါနဲ့၊ ဆရာကြီးနဲ့မင်းကို နောက်ချိန်းပေးပါမယ်လို့ ကိုအောင်ဝင်းကပြောပါတယ်။ ကျွန်တော်လဲ အဲဒီအချိန်ကစပြီး နောက်တုံးက အလွန်ကြည်ညိုနေတဲ့ ဆရာကြီးဦးမြတ်သိန်းထွန်းကို ဦးမချတော့ပါ။

ဦးစံဖေအိမ်သို့ ဆရာကြီးရောက်လာတော့ ကျွန်တော့ကိုတွေ့ချင်လို့ လာခဲ့ပါအုန်းဟုဆိုကာ လာခေါ်ပါတယ်။ လာခေါ်လို့လိုက်သွားတော့ ဦးစံဖေအိမ်မှာ ဆရာကြီး ဦးမြတ်သိန်းထွန်းကိုတွေ့ရပါတယ်။ ဆရာကြီးက အသံကြွားရင် သောတာပန်လို့ပြောပြီး မောင်မှင်ထစမ်းဆို၍ ကျွန်တော်က 'မတ်တတ်ရပ်လိုက်ပါတယ်။ သောတာပန်ဖြစ်ချင်ရင် ငါ့ဘုရားသားအစစ်ဟုအောင်ပြီး လက်ခမောင်းခတ်ဟုပြော၍ ငါ့ဘုရားသားအစစ်ဟုအောင်ကာ ကျွန်တော်က လက္ခမောင်းခတ်ပါတယ်။

နောက်ဆရာကြီးက ဝိဋ္ဋဋ္ဌုပအဆက် သာကီဝင်မင်းမျိုးတွေတောင် မောင်နှမချင်းတွေယူကြသေးတာဘဲလို့ပြောတော့ ကျွန်တော်က စုက္ကတေးလို မအေကိုပြန်မယူရင် တော်သေးတာပေါ့လို့ ပြန်ပြောပါတယ်။ အဲဒီတော့ ကိုအောင်ဝင်းက မင်းသဘောမကျတာကို ရှင်းပေတော့ အကိုလေးအနားမှာ နေမယ်လို့ပြောပါတယ်။

ဆရာကြီးက ဘာမကြေနပ်သလဲ မေးတော့ ကျွန်တော်ကကိုမောင်သိန်းအိမ်ပေါ် အခန်းထဲမှာလုံချီကိုချွတ်ပြီး ကျွန်တော့မိမ္မ (မခင်ရွှေ)ကို ကျင့်မယ်လုပ်ထာဟာ တိပိဋကတ္တရ ပါမောက္ခဆရာကြီးဆိုတာ သူမျှားမယားစော်ကားရသလားလို့ မေးတော့မောင်မှင်ရာ ဆရာကြီးနားလေးလို့ အနားကပ်ပြောပါဟုပြောရာ ကျွန်တော်ကအနားကပ်၍ ပြောရပါတယ်၊ အဲဒီအခါမှာဆရာကြီးက ဆရာမှားတာလဲရှိမှာဘဲလို့ ပြောပြီး တောင်းပန်ပါတယ်။ တောင်းပန်တဲ့အခါမှာ ကိုအောင်ဝင်း အနားမှာရှိပါ

တယ်။ ထိုနေ့မှစပြီး ဆရာကြီး၏တရား ဟောသမျှ လူတိုင်းနဲ့ ကျွန်တော်မတည့်တော့ပါ။

၁၃၂၀-ခုနှစ်မှာ ကျွန်တော်တို့၏ သာသနာကြီးကို စော်ကား တာမခံနိုင်၍ သာသနာ့သန့်ရှင်းရေးအဖွဲ့ကို ဖွဲ့စည်းထားပါ တယ်ဟု ထွက်ဆိုသည်။

မေး။ ဆင်းတုတော်အကြောင်း ဟောဘယ်ဆိုတာ ဘယ်လို ဟောတာလဲ။

ဖြေ။ သူ(ဦးမြတ်သိန်းထွန်း)က ပညတ် ပရမတ်ခွဲကာ ဒက္ခိဏာသာခါ အမျှောင်ထားပုံကို ပြရုပ်နဲ့ လုပ်ပြ ပါတယ်။

မှတ်ချက်။ (ပြရုပ်လုပ်ပြသည်မှာ ကိုမောင်မှင်က မတ်တတ် ထကာ မျက်နှာသုတ်ပုဝါကိုခေွပြီး ခေါင်းပေါ် မှာတင်ပခုံးကို အထက်သို့မြှင့်လျက် မျက်နှာကို အနည်းငယ်ရှုံ့ပြသည်။)

(ပရိသတ်က ဝိုင်းရယ်ကြသည်။)

နောက်ပြီး ဦးမြတ်သိန်းထွန်းက တိုင်ပေးသည်မှာ သောတာ ပန် သကဒါဂါမ် အနာဂါမ် ခွါသေးသေး အောက်မှလူများက ခွေးသာသာလို့ ဆိုလိုက်ကြပါတယ် ဟု ထွက်ဆို၍ ကိုမောင်မှင် အား ဦးမြတ်သိန်းထွန်းက ဆက်၍မေးရာတွင်။

မေး။ ဆရာကြီးအား ကြည်ညို၍ ရှိခိုးဘူးပါသလား။

ဖြေ။ ရှိခိုးဘူးပါတယ်။

မေး။ သဲဖြူတွင် ဂိဇ္ဈာစရဏ မဂ္ဂသမ္ဘာရ အဖွဲ့နဲ့ ဆိုင်းဘုတ် ရှိဘယ်ဆိုတာကော သိပါသလား။

ဖြေ။ သွားမကြည့်ရှု၍မသိပါ။
မေး။ ယောဂီအဖွဲ့ရှိတာ မှန်သလား။
ဖြေ။ ယောဂီအဖွဲ့သားများရှိသည်မှာ မှန်ပါ၏။
မေး။ မောင်ထွန်းရှင်နဲ့ တူဝရီးဆိုတာမှန်သလား။
ဖြေ။ မှန်ပါတယ်။
မေး။ ဖအေနှင့်ဦးလေးက သက်သေမခံ၊ မောင်ကဘာပြု
လို့ သက်သေခံရသလဲ။
ဖြေ။ ခါတာမဘုရားတရားနှင့် သာသနာပျက်စီးမည်စိုး၍
သက်သေခံပါတယ်။

မေး။ သာသနာကို သိပါသလား။
ဖြေ။ မသိပါ။
မေး။ သက်သေခံခြင်းမှာ သဲဖြူတရားပွဲအတွက်လား....။
သဲကုန်းတရားပွဲအတွက်လား။
ဖြေ။ သဲဖြူတရားပွဲအတွက် သက်သေခံပါတယ်။
မေး။ သဲကုန်းတရားပွဲအတွက် ဆရာကြီးဦးထွန်းလူကဘာရေး
ငှဲထားတယ်ဆိုတာ သိပါသလား။
ဖြေ။ သိပါတယ်။
မေး။ ဆရာကြီးဦးထွန်းလူက သက်သေလိုက်ပါဆိုလို့ သက်
သေခံတာမဟုတ်လား။
ဖြေ။ မဟုတ်ပါ၊ ကျွန်တော်ကပြောတာပါ၊ ကျွန်တော့်ကို
သက်သေသည့်ပါ ကျွန်တော်သိတာကို သက်သေဆွက်
[illegible] ပြောတာပါ။

မေး။ ဆရာကြီးအကျိုးပျက်အောင် သက်သေခံတာမဟုတ်လား။

ဖြေ။ သူတပါးအကျိုးပျက်အောင် သက်သေခံခြင်း မဟုတ်ဘုန်းကြီးတွေ သံဃာတွေကို အကြည်ညိုပျက်အောင်ဟောပြောသည်ကိုမခံနိုင်ပါသဖြင့်သက်သေခံတာပါ။

ခမေး။ ပထမအကြိမ်အပြစ်ခံရသူသည် ဒုတိယအကြိမ်အပြစ်ခံရပါက ပို၍လေးကြောင်း သိပါသလား။

ဖြေ။ သိပါတယ်ဟု ပြောကြား၍ ကျန်သက်သေများ ဆက်လက်စစ်ဆေးရန် ၁၉၆၂-ခု ဇူလိုင်လ ၉-ရက်နေ့ကို ရက်ချိန်းသည်။

o o o

ဇဖါပြပါ ဦးထွန်းလူတင်သွင်းသည့် သက်သေများကို ဒုတိယအကြိမ်စစ်ဆေးစဉ်ကပင် လူထုပရိသတ် ၅၀၀—၁၀၀၀ လာရောက်နားထောင်လျက်ရှိ၍ နှစ်ဦးနှစ်ဘက် လိုလားသူများ၏ တီးတိုးစကားများဖြင့် ကောဠာဟလသတင်းများအမျိုးမျိုးဖြစ်ပေါ်လာခဲ့ရာ မြို့ပေါ်ရှိ သုံခြုံရေးနှင့်အုပ်ချုပ်မှုကို တာဝန်ယူကြရသည့် မီးရထားမှရဲအဖွဲ့ဝင်များ၊ မြို့မရဲဋ္ဌာနမှ ရဲအဖွဲ့ဝင်များမှာ ငြိမ်ဝပ်ပိပြားမှုမထိခိုက်စေရန် မျက်ခြေမပြတ်ထိန်းသိမ်းရသည့်အခြေသို့ ရောက်ရှိလာသည်။

သို့ဖြင့် ဦးထွန်းလူ၏သက်သေများကို တတိယအကြိမ် ဆက်လက်စစ်ဆေးရန် ၁၉၆၂-ခု၊ ဇူလိုင်လ ၉-ရက်နေ့တွင် ဝိနိစ္ဆယရုံးသို့ နံနက် ၈-နာရီအချိန်မှစ၍ အရပ်လေးမျက်နှာမှလူထုပရိသတ်များ တဖွဲဖွဲရောက်ရှိလာသော ကြိတ်ကြိတ်တိုးရှိတော့သည်။



ဦးမြတ်သိန်းထွန်းနှင့် ဦးထွန်းလူတို့၏ ဗိဝါဒအညင်းပွားမှုကို လာရောက်နားထောင်ကြသည့်
လူထုပရိသာတ် တစိပ်တဒေသကိုတွေ့ရပုံ။

စုဒိတက ဦးမြတ်သိန်းထွန်းမှာ ရန်ကုန်မြို့ မကြီးကြီးရပ်ကွက် ဇေယျသုခလမ်း အမှတ် ၁၃-တွင်နေထိုင်သဖြင့် ရန်ကုန် သာရဝေါ အမြန်မီးရထားဖြင့်၎င်း၊ ရန်ကုန်-ပြည် အမြန်မီးရထားဖြင့်၎င်း အမှုဆိုင်ရန်လိုက်ပါလာတတ်ရာ ထိုနေ့က ရန်ကုန်နှင့်ပြည် အမြန်ရထားဖြင့် လိုက်ပါလာသည်။

စုဒိတက ဦးမြတ်သိန်းထွန်း မရောက်လာမီ ရဲအုပ် ဦးခင်သောင်းခေါင်းဆောင်သည့် ရဲအဖွဲ့ဝင်များက ငြိမ်ဝပ်ပိပြားရေးနှင့်ပတ်သက်၍ ပရိသတ်များ၏လွယ်အိတ်များကို စစ်ဆေးသည်ကို တွေ့ရကြောင်း၊ ထူးခြားချက်မှာ အမှုစစ်ဆေးရာသို့ တကြိမ်တခါမှမရောက်လာဘူးသော သာယာဝတီမှ နယ်ပိုင်ဝန်ထောက် ဦးမောင်မောင်ခင် ရောက်ရှိလာသည်ကိုတွေ့ရ၏။

အမှုစတင်မစစ်ဆေးမီ ခရိုင်ဒေသကိုယ်စားလှယ် ဦးဝင်းက ဦးထွန်းလူနှင့်ဦးမြတ်သိန်းထွန်းတို့၏ အမှုအရှုံးအနိုင်မှာ သက်သေထွက်ချက်များအပေါ်တွင်တည်ရှိကြောင်း၊ ကျွန်တော်နှင့် ဘက်တရားသူကြီးမှာ စေတနာ့ဝန်ထမ်းဖြင့် ကူညီဆောင်ရွက်နေခြင်းဖြစ်ကြောင်း။ သို့အတွက် ယခုအမှုစစ်ဆေးရာတွင် လှောင်ခြင်း၊ပြောင်ခြင်း၊ဆဲရေးတိုင်းထွာခြင်းများရှိသည်ဟု ခရိုင်ရဲဝန်နှင့်တကွ ဌာနဆိုင်ရာအသီးသီးသို့ ဦးမြတ်သိန်းထွန်းကတိုင်ကြားမှုရှိ၍ လာရောက်နားထောင်ကြသူများမှာ တရားခံအဖြစ် မရောက်စေလိုကြောင်းနှင့် မြို့ဂုဏ်ကြက်သရေ မဖျက်စေရန်အပြင် စေတနာနှင့် ထိန်းသိမ်းကြသူများ စိတ်မထိခိုက်ရန် ပြောဆိုကြောင်း။



ဂုဏ်နှောက် ရဲ့အုပ်ဦးခင်သောင်းက ယခုအမှုအခင်းတွင် လာရောက် နား ထောင်သူများသည် သိမ်မွေ့စွာ နား ထောင်ကြရန်နှင့်လှောင်ပြောင်ခြင်းကို မပြုလုပ်ကြရန် ပြုလုပ်သူများအား အ ရေးယူမည်ဟု ပြောထား၍ အထူးအာ ဏာရတရားသူကြီး ဦးကံရင်ကလည်း ယခုအမှုတွင် ဆရာတော်များအား ကူ ညီခဲ့ခြင်းဖြစ်ကြောင်း၊ပြီးစီးခဲ့သည့်အ ပါတ်ကဦးမြတ်သိန်းထွန်းအားလှောင် ပြောင်မှုအတွက် တိုင်တန်းချက်ရသည့် အပြင် အရပ်မှ ပြောစကား များကို လည်း ကြားရကြောင်း၊သို့အတွက် ဦး မြတ်သိန်းထွန်း၏အသွားအပြန်တွင်အ နှောင့်အယှက်အမျိုးမျိုး မဖြစ်စေရန် မီးရထားရဲ့ဌာနကိုအကူအညီတောင်း ထားသဖြင့် စောင့်ရှောက်ပေးမည်ဖြစ်

(တရားသူကြီးဦးကံရင်)

ကြောင်း။ ဦးထွန်းလှအားလည်း စေါင့်ကြပ်လျက်ရှိကြောင်း ယခု အမှုဘွင် ကာယကံရှင်ကမဖြစ်ဘဲ ဘေးကဖြစ်မည်စိုး၍ ဒါးခုတ် ရာ လက်မချိုစေလိုကြောင်း။

တရားစီရင်ရာတွင် ဆရာတော်များနှင့် ကာယကံရှင်များမှာ ဥဘောက်ကိုအသုံးချနေရ၍ အလုပ်များလျက်ရှိကြောင်း ဘေးမှ

လက်ခုတ်သံ လက်ခေါက်မှုတ်သံများကြောင့် ကာယကံရှင်များ တွင် ထိခိုက်နိုင်သဖြင့် တရားဥပဒေအရတားမြစ်ထားကြောင်း နားထောင်သူများသည် အမူနှင့်မဆိုင် အမူသွား အမူလာကိုသာ နားထောင်ကြရန်ရှိ၍ ရာဇဝတ်မှုတွင် အကြုံးဝင် မသွားစေရန် မေတ္တာရပ်ခံရကြောင်း နားထောင်သူများက ခြေလွတ်လက်လွတ် ဖြစ်အောင်ပြုလုပ်ပါက ကာယကံရှင်များတွင်ထိခိုက်ကြောင်း။

အမှုစစ်ရာတွင်အားလုံးကရှေ့ကိုသာအာရုံပြုနေကြကြောင်း နောက်ပိုင်းတွင် အဆင့်ဆင့် လူထုပရိသတ်များရှိသည့်ပြင် သ တင်းစာတိုက်အသီးသီးမှ သတင်းထောက်များလည်းရှိနေ၍ တခု ခု ဖြစ်ပွားခဲ့လျှင် မြို့နာမည်ဖြစ်ကြောင်း၊ ရုံးတော်သို့ စော်ကား သလိုပြုလုပ်လျှင် ဖမ်းဆီးရန်အမိန့်ပေးပြီးဖြစ်၍ နားထောင်ကြ ပါ၊ သိမ်မွေ့စွာနားထောင်ကြပါ၊ ငရဲမဖြစ်ရန် စောင်းမြောင်း ခြင်း၊ ဆဲဆိုခြင်း၊ ခြိမ်းခြောက်ခြင်း၊ ရေရွတ်ခြင်းများ၊ မပြော မဆိုမလုပ်ကြရန် လုပ်ပါက ဖမ်းဆီးအရေးယူမည် ဖြစ်ကြောင်း များကို ရှင်းလင်းပြောပြသွားကြောင်း။

၎င်းနောက် နယ်ပိုင်ဝန်ထောက်မင်း ဦးမောင်မောင်ခင်က ယခုအမှုကိစ္စနှင့် ပတ်သက်၍ ပဋ္ဌမအကြိမ်ရောက်ခြင်း ဖြစ်သော် လည်း တနင်္ဂနွေနေ့တိုင်း အမှုစစ်ဆေးမှုကို စုံစမ်းလျက်ရှိ၍ အ ဆက်မပြတ် သိရှိခဲ့ကြောင်း။ လွန်ခဲ့သော ၃-၄- ရက်လောက်က ဦးမြတ်သိန်းထွန်းတို့ဘက်မှ စာတင်ကြပါသည်။ အမှုစစ်ဆေးရာ တွင် နားထောင်သူ လူထုပရိသတ်များ ၌ဘက်လွန်ခြေလွန်များရှိ လာ၍ ခရိုင်ရဲဂန်ထံ မေတ္တာရပ်ခံပြီး ထိန်းသိမ်းရခြင်း ဖြစ်ပါ သည်။ ဘာသာတူအချင်းချင်း ကွဲလွဲချက်များ ရှိခဲ့ရပါမည်။

ဝိဝါဒကွဲပြားမှုကို ဆရာတော်များထံမှောက်တွင် အာရုံစူးစိုက်ပြီး အဆိုအခြေများကို စည်းကမ်းသေဝပ်စွာဖြင့် နားထောင်ကြပါ။ အာမေဋိတ်အသံ (ဟယ်)-(ဟာ)-လောက်သာ ဖြစ်ရန်လိုအပ်ပါသည်။ နားထောင်ကြသူများသည်.... သိပ်သိပ်သည်းသည်း သဘောထားကြီးစွာဖြင့် နားထောင်ကြပါရန် နေရာတကာ၌ စည်းကမ်းရှိဘို့အရေးကြီးပါသည်။ စည်းကမ်းရှိစွာဖြင့် နားထောင်ကြပါရန် မေတ္တာရပ်ခံကြောင်း ဟု သတိပေးစကားပြောကြားကြောင်း။

အမှုကို စတင်စစ်ဆေးခြင်းမပြုမီ ကျွန်းကလေးဆရာတော်ဘုရားက နှစ်ဘက်သော စုဒိတက စောဒကတို့၏ လျှောက်ထားချက်များကို ကြားနာခဲ့ပါသည်။ ယနေ့ဆိုရင် ပြဿနာ ၃-၄-ခု တွေ့နေရပါသည်။ ဦးဘရွှေတို့က သဲကုန်းတရားပွဲမှာ ဟောပြောသည့် စွဲဆိုချက်ဖြစ်၍ အခြားတရားပွဲမှ သက်သေများကို စစ်ဆေးခြင်း မပြုရန်နှင့် သဲကုန်းတရားပွဲမှ သက်သေများကိုသာစစ်ဆေးရန်လျှောက်ထားပါသည်။

အဲဒီအတွက်တရားဥပဒေနှင့် အကြုံးဝင်နေ၍ တရားသူကြီးများထံ စုံစမ်းရာ သက်သေပြချက်ကို ယခုမပယ်နိုင်ကြောင်း လျှောက်လွှဲချက်ပေးသည့်အခါတွင်မလိုအပ်က ပယ်နိုင်ကြောင်း သိရပါသည်။ သို့အတွက် ယခုတင်သွင်းထားသော သက်သေများကို ပယ်၍မဖြစ်နိုင်ကြောင်း မိန့်ကြားပါသည်။

ဆက်လက်၍ ဆရာတော်က နားထောင်သူများနှင့်ပတ်သက်၍ သူတို့မှာ အနှောင့်အယှက် အန္တရာယ်များပါသည်ဟု..... အကြောင်းပြပြီး နားထောင်ခွင့်မပေးရန်ကို.... လျှောက်ထားပါ

သည်။ နားထောင်သူများအတွက် တာဝန်ရှိသူများကလည်း အဘက်ဘက်မှ ထိန်းသိမ်းစောင့်ရှောက်လျက်ရှိပါသည်။ အမှုတစုံတရာ အပြစ်မရှိမိ တားမြစ်ရန်မှာ မဖြစ်နိုင်ကြောင်း ဦးမြတ်သိန်းထွန်းတို့ဘက်မှ စာအုပ်စာတမ်း ရိုက်နှိပ်ရောင်းချခဲ့ပါသည်။ ၎င်းစာအုပ်ကို နှစ်ဘက်ထိခိုက်လျှင်.... သိမ်းဆည်းနိုင်ကြောင်း အရှင်တပတ်က ပြောခဲ့ပါသည်။ ၎င်းစာအုပ်ကိုကြည့်ရာ အပိုအလိုနှင့် ချို့ယွင်းချက်များ ပါရှိနေကြောင်း (ဥပမာ) တရားသူကြီး ဦးကံရင်နှင့် ပတ်သက်လျှင် အထင်မှားစရာ ဖြစ်နေကြောင်းများကို ပြောခဲ့ကြောင်း။ ဦးမြတ်သိန်းထွန်း၏စာအုပ်တွင် (မြန်မာနိုင်ငံတော် ဗုဒ္ဓသာသနအဖွဲ့ဝင် အစိုးရအသိအမှတ် ၁။) ဟု ဖော်ပြထားကြောင်း ဗုဒ္ဓသာသနာ့အဖွဲ့ဝင် ဟုတ်ပါသလား ဟုမေးရာ ဦးမြတ်သိန်းထွန်းနှင့် ဦးဘရွှေတို့က ဟုတ်ပါတယ် ဟု ပြောကြကြောင်း၊

ဆရာတော်။ ဦးဝင်းဗုဒ္ဓသာသနာ့အဖွဲ့မှာ ဆရာကြီးဦးမြတ်သိန်းထွန်းတို့အဖွဲ့ ပါရိုပါသလား။

ဝင်း။ မရှိပါဘုရား။

ရွှေ။ ။ရှိပါတယ် အစည်းအဝေး ဘိတ်စာတွေ ရှိပါသေးတယ်။

ဆရာတော်။ ။အမှုဆောင်အဖွဲ့မှာ ပါသလား။

ရွှေ။ ။မပါပါ။

ဆရာတော်။ ။ဗုဒ္ဓသာသနာ့အဖွဲ့မှ အထောက်အပံ့ကော ရဘူးသလား။

ရွှေ။ ။မရပါ။

ဆရာတော်။ ။တစ်နံပါတ်ဆိုတာ ဘယ်လိုလဲ....ကုန်ပစ္စည်း
အမှတ်တံဆိပ်တွေကို မှတ်ပုံတင်တော့ရသလို
နံပါတ်လား။

ရွှေ။ ။ဦးချန်ထွန်းအောင်တို့ အဖွဲ့တွင်ရှိတုံးကတပည့်တော်
တို့အဖွဲ့ကို အသိအမှတ်ပြု ဘိတ်မှုရှိပါတယ်။

အထက်ပါ ကိစ္စနှင့်ပတ်သက်၍ မပြတ်သားသဖြင့် ခရိုင်ဒေသ ကိုယ်စားလှယ် ဦးဝင်းအား စုံစမ်းရန် ဆရာတော်က မိန့်ကြားပြီး။

ဘကာကြီးတို့လျှောက်တဲ့အချက်များနှင့်ပတ်သက်၍နံပါတ် (၁) လုံခြုံမှုအတွက်ဆိုတာလဲ အားလုံးကပြောပြီးပြီ စိစဉ်ပြီး သား၊နံပါတ်(၂)သက်သေကိုလဲ ပယ်လို့မဖြစ်၊ နံပါတ် (၃) လာရောက်နားထောင်တဲ့သူတွေမှာလဲ အပြစ်မရှိလို့ မတားမြစ်နိုင်ပါလို့ မိန့်ကြားပြီး။

တကာကြီးတို့ထုတ်ခဲ့တဲ့ စာအုပ်ဟာ အပြစ်ရှိနေတယ်၊ စာအုပ်ကိုသိမ်းဆည်းသည်အထိ ပြုလုပ်နိုင်တယ်၊ တကြိမ်တခါမို့ မသိမ်းကြောင်း။ နောက်နှစ်ဘက်စလုံးက သီးခြားပြီး စာအုပ် စာတမ်းများ ရိုက်နှိပ်ထုတ်ဝေခြင်းမပြုရန် တားမြစ်ပိတ်ပင်လိုက် ကြောင်းဟု ပြတ်သားစွာပင် မိန့်ကြားကြောင်း။

ဝ ဝ

စောဒကပြုသူ ဦးထွန်းလူက လျှောက်ထားခွင့် တောင်းပြီး လျှင်တဘက်မှ သက်သေများ ခေါ်ယူစစ်ဆေးခြင်းကိုကန့်ကွက် ပါသည်။ မြတ်စွာဘုရားဟာ နှမှာ ငါးရေ၊ရင့်မှာ တကျပ် အတိတ်ကိုဆောင်ပြီး ဟောကြားခဲ့ပါသည်ဘုရား။ မနေ့ကတော့

ရောင် ပိန်းနဲ့ပင်ထောင်ကာမှ ခေါင်းပြောင်ရသလေး ငိုတာ ကန့်ကွက်သလို ပိန်းနဲ့ပင်ထောင်မှ ခေါင်းပြောင်တာမို့ ပိန်းနဲ့ ပင်မပါဘဲတော့ မဖြစ်နိုင်ပါဘူးရေး ဒါကြောင့် ပိန်းနဲ့ပင်နဲ့တူ တဲ့ ! အဝင်ဝင်နေးကန်းကားဖြစ်တဲ့ တပည့်တော်သက်သေများ စစ်ဆေးချက်လက်ခံရန် လျှောက်ထားရာ ဆရာသော်က ကျုပ် လဲ ပြောပြီးပါပြီ ဟုပြောလျက် တင်ထားသောသက်သေများ ကို စတင်စစ်ဆေးရန်အတွက် သက်သေခံမည့်သူများနှင့် တရား လို တရားခံများအား ငါးပါးသီလ ခံယူဆောက်တည်စေ၍ သဲပြုရွာမှ ဦးအောင်ဝင်းအား စတင်စစ်ဆေးပါကြောင်း။

ဝ ဝ ဝ

သာယာဝတီမြို့နယ် သဲဖြုရွာနေ လယ်လုပ်စားသူ အသက် (၄၆)နှစ်ရှိ ဦးအောင်ဝင်းအား တရားလိုဦးထွန်းလူက မေး၍ ထွက်ဆိုသည်မှာ....

လူ။ ဦးမြတ်သိန်းထွန်းတရားပွဲ သဲဖြုမှာလုပ်တာ သိပါသ လား။

ဝင်း။ ကိုယ်တိုင်လုပ်ခဲ့ပါတယ်။

လူ။ ဆရာကြီးလာတော့ တပည့်-တကာ-တကာမတွေ ပါ လာသလား။

ဝင်း။ ပါပါတယ်။

လူ။ ဘယ်သူတွေပါသလဲ မှတ်မိသလား။

ဝင်း။ ဖိုးခေါင်မှ ဒေါ်စန်း၊ရန်ကုန်မှ ဒေါ်ပို ပါလာပါ တယ်။နောက် ၁-ရက် ၂-ရက်ကြာတော့ ပေါင်းတည် ကမဆွေးပါလာပါတယ်။

လူ။ အဲဒီဘကာမဟာ တပည့်လား။

ဝင်း။ တပည့်လို့ ပြောပါတယ်။

လူ။ ဟောတဲ့တရားမှတ်မိသလောက် သံချပ်တိုင်တာ မှတ်မိသေးသလား။

ဝင်း။ မှတ်မိပါတယ်။

လူ။ ဘယ်လို တိုင်ပေးသလဲ။

ဝင်း။ သောတာပန် ခွါသေးသေးလို့တိုင်ပေးတော့ ယောဂီတွေက လိုက်ဆိုပါတယ်။

လူ။ တရားသားထဲက မှတ်မိသေးလား။

ဝင်း။ မမှတ်မိပါ။

လူ။ ပေါင်းတည်က မထွေးကိစ္စပြောရသေးသလား။

ဝင်း။ မကြားပါ။

လူ။ မထွေးယောကျ်ား ကိုတင်ညွန့်လိုက်လာသလား။

ဝင်း။ လိုက်လာပါသည်။ ဆရာကြီး ထမင်းကျွေးနေစဉ်ရောက်ပါတယ်။ ဆရာကြီးကိုဦးချပြီး ရှေးက နေ့ခင်းတော် နေ့ခင်းတော်ဘုရားတွေဟာ ဒီလိုဘဲလားဟုမျက်ရည်ကျပြီး မေးပါတယ်။ဆရာကြီးက ဘာမှပြန်မပြောပါ။ ကျွန်တော်က ဆရာကြီး ဒီလိုဆို သူ့မိန်းမလိုက်လာလို့ဖြစ်မယ်။ပြန်လွှတ်ရင်ကောင်းမယ်လို့ ပြောလို့ပြန်လွှတ်လိုက်ပါတယ်။

နောက်နှစ်ရက်လောက်ကြာတော့ ကိုတင်ညွန့်တယောက်ထဲပြန်လာပါတယ်။ဆရာကြီးထမင်းစားချိန်ဘဲရောက်ပါတယ်။

လူ။ ဘာပြောသွားသလဲ။

ဝင်း။ ရှပ်ကြိုး-ငွေ-အင်္ကျီတို့ကိုချွတ်ပြီး ကတိရှိတဲ့အတိုင်း အကုန်လုပ်ပါတယ်ဟုပြောပါတယ်။ဆရာကြီးကညင်းပြီး ပြန်စွန့်ပေမဲ့ လက်မခံဘဲပြန်သွားပါတယ်။

လူ။ ကိုတင်ညွန့် ခုရှိသေးသလား။

ဝင်း။ သေပီလို့ကြားပါတယ်။

လူ။ ခု-မထွေးဟာ မုန့်လုပ်ဆောင်းကုန်း အိမ်နံပါတ် ၁၃— ဧယျာသုခလမ်းရောက်နေတယ်ဆိုတာကော သိပါသလား။

ဝင်း။ မသိပါ။

လူ။ ဦးမြတ်သိန်းထွန်း တရားလာဟောမှုအတွက် မောင်မှင်တို့ကိစ္စ တိုင်ဘူးသလား။

ဝင်း။ တိုင်ဘူးပါတယ်။

လူ။ ဘယ်လိုတိုင်ဘူးသလဲ။

ဝင်း။ မောင်မှင်က သူ့မယားကိုလူမိပါတယ်။သူ့မယားကို ပုဆိုးချွတ်ပြပြီး အိပ်ခိုင်းပါတယ်လို့ တိုင်ပါတယ်။

လူ။ ဒီတော့ ခင်ဗျားက ဘာပြောသလဲ။

ဝင်း။ ကာယကံမှ မမြှောက်သေးဘဲကွယ် သည်းခံပါလို့ တောင်းပန်ပြီး ၎င်းအကြောင်းကိုဆရာကြီးနဲ့တွေ့ဆုံပြီး ရှင်းပေးပါမယ်လို့ ပြောလိုက်ပါတယ်။

လူ။ ရှင်းကောပေးရသေးလား။

ဝင်း။ ရှင်းပေးရပါတယ်၊ဆရာကြီးအား ဒေါ်ငွေရှင်၏အိမ်ပေါ်တွင် "ဆရာကြီး မောင်မှင်က သူတို့ကိစ္စတိုင်၍ ကျွန်တော်တို့အုပ်ဆိုင်းထားရပါတယ်။တွေ့ဆုံပြီး ရှင်း

ပေးရင်ကောင်းလိမ့်မယ်”ပြောလို့ ဆရာကြီးက ရှင်းပေးမယ်လို့ ပြောပါတယ်။

လူ။ ဘယ်တော့ ရှင်းပေးသလဲ။

ဝင်း။ ညကျတော့ ကျွန်တော်ရယ်၊ဆရာကြီးရယ် မောင်မှင်ရယ်ဆုံကြပါတယ်။ဆရာကြီးက မောင်မှင်လည်ပင်းဘက်ပြီး တပည့်ရာ စေတနာနဲ့ တရားပြခြင်းသာ ဖြစ်ပါတယ်။ မင်းထင်သလို မဟုတ်ပါဘူးဟု ပြောပါတယ်။

လူ။ ဒီတော့ မောင်မှင်က ဘာပြောသလဲ။

ဝင်း။ မောင်မှင်က ခင်ဗျားညစ်ထာတွေကိုဆရာကျော်တို့လဲ တိုင်ထားတယ်ဟုပြောတော့ဆရာကြီးက“ဒါဖြင့် မှားတဲ့အခါလဲ မှားမယ် သည်းခံပါလို့” တောင်းပန်တယ်။မောင်မှင်က ဘာမှပြန်မပြောဘဲ ဆင်းသွားပါတယ်ဟု ထွက်ဆိုသွားကြောင်း။

ဦးအောင်ဝင်းအား ဆရာကြီးဦးမြတ်သိန်းထွန်းက ဆက်လက်မေးခွန်းထုတ်၍ ဖြေကြားချက်များမှာ....

ထွန်း။ မင်း ဆရာ့တပည့်အရင်းဖြစ်ခဲ့ဘူးတယ်မဟုတ်လား။

ဝင်း။ ဖြစ်ပါတယ်။

ထွန်း။ တရားပွဲ ဘယ်နှစ်နှစ်လုပ်ခဲ့ဘူးသလဲ။

ဝင်း။ ၂-နှစ်လုပ်ခဲ့ဘူးပါတယ်။သဲဖြူတရားပွဲမှာနံပါတ်တစ်ဖြစ်ပါတယ်။

ထွန်း။ တရားကော ညင်းဘူးသလား။

ဝင်း။ မညင်းဘူးပါ။

ထွန်း။ သဲဖြူမှာ တရားဘယ်နှစ်ကြိမ်ဟောသလဲ။
ဝင်း။ နှစ်ကြိမ်။
ထွန်း။ သဲဖြူတရားပွဲမှာ ရန်ကုန်မှ ဒေါ်ပို၊ ပေါင်းတည်မှ မထွေးပါတယ်လို့ မင်းပြောတယ်။ အဲဒီတရားပွဲမှာ ဆရာကတော်ပါတာတော့ ဘာပြုလို့ ထည့်မပြောသလဲ။
ဝင်း။ ဆရာတော်ကလဲ ပါလာပါတယ်။
ထွန်း။ သဲဖြူရွာမှာ ဝိဇ္ဇာစရဏ မဂ္ဂသမ္ဘာရအဖွဲ့ ရှိတယ်ဆိုတာသိတယ်မဟုတ်လား။
ဝင်း။ သိပါတယ်။
ထွန်း။ အဲဒီအဖွဲ့မှ ထွက်တယ်မဟုတ်လား။
ဝင်း။ နံပါတ်တစ်ထွက်ပါတယ်။
ထွန်း။ အဲဒီအဖွဲ့တွင် ကိုထွန်းရှင်ဟာ မောင်ရှင်ရဲ့ဦးလေးမဟုတ်လား။
ဝင်း။ ။ဟုတ်ပါတယ်။
ထွန်း။ ဆရာဟောတဲ့တရားဟာ လူ့ပြည်နတ်ရွာ နိဗ္ဗာန်ရောက်ကြောင်းတရားလို့ မထင်ဘူးလား။
ဝင်း။ မထင်ပါ။
ထွန်း။ ဆရာဟောတဲ့တရားထဲမှာ သဘောကျတာကော မပါဘူးလား။
ဝင်း။ သဘောကျတာလဲပါတယ်။မကျတာလဲပါ့ပါတယ်၊
ထွန်း။ ဘာတရားတွေ ဟောသလဲ။
ဝင်း။ ဝိပဿနာ တရားဟောပါတယ်။

ထွန်း။ ဝိပဿနာတရားဆိုတာ လူ့ပြည် နတ်ပြည်ရောက်ကြောင်း တရားမဟုတ်လား။
ဝင်း။ အရိယာဖြစ်ဘို့တရားလို့ ထင်ပါသည်။
ထွန်း။ မင်းခေါင်းဆောင်ပြီးပင့်လို့ အားလုံးအတွက် လာရောက်တရားဟောတယ် မဟုတ်လား။

ဝင်း။ ဟောပါသည်။
ထွန်း။ သောတာပန်ဟာ အရိယာထဲမှာ ပါတယ်မဟုတ်လား။
ဝင်း။ ပါတယ်လို့ ကြားဘူးပါတယ်။
ထွန်း။ သောတာပန် ခုါသေးသေးလို့ တိုင်ပေးတော့ မင်းလိုက်မဆိုဘူးလား။

ဝင်း။ မဆိုပါ။
ထွန်း။ ပရိသတ်.... ၃-၄၀၀-လောက်ရှိလို့.... ကြားသင့်သလောက်သာ ကြားမှာပေါ့။
ဝင်း။ ဟုတ်ပါသည်။
ထွန်း။ မင်းကိုယ်တိုင် ဆရာကြီးကိုရေချိုးပေးဘူးသလား။
ဝင်း။ ချိုးပေးဘူးပါတယ်။
ထွန်း။ ချိုးပေးတဲ့အခါ မိန်းကလေးတွေကောပါသလား။
ဝင်း။ မပါပါ။
ထွန်း။ သက်သေလိုက်တာဟာ သဲကုန်းတရားပွဲလား၊သဲဖြူတရားပွဲလား။
ဝင်း။ သဲဖြူတရားပွဲပါ။

ထွန်း။ သဲကုန်းတရားပွဲကော နာဘူးသေးလား၊ ဘာသိလဲ။
ဝင်း။ မနာဘူးပါ၊ဘာမှမသိပါ။
ထွန်း။ ဦးထွန်းလူက သက်သေလိုက်ပါခေါ်လို့ သက်သေခံတာလား၊မောင်မှင်ကခေါ်လို့ လိုက်တာလား။
ဝင်း။ မောင်မှင်က ခင်ဗျားသက်သေပါနေသည် ပြောလို့ လိုက်ပါသည်။
ထွန်း။ အရက်သောက်ဘူးသလား။
ဝင်း။ ငယ်စဉ်ကတော့ သောက်ဘူးပါတယ်။
ထွန်း။ ဆရာရေးတဲ့ကျမ်းစာအုပ်တွေ ဖတ်ဘူးသလား။
ဝင်း။ ဖတ်ဘူးပါသည်။
ထွန်း။ ကျမ်းစာအုပ်တွေထဲမှာရတနာသုံးပါးနဲ့ အနန္တငါးပါးကိုရှုခိုးထားတာတွေ့သလား။
ဝင်း။ တွေ့ပါသည်။
ထွန်း။ ဆရာဟော တဲ့ဝိပဿနာတရားဟာ ဘုရားဟောတရားလို့ မထင်ဘူးလား။
ဝင်း။ ဘုရားဟောတရားမဟုတ်ဘူးလို့ ထင်ပါသည်။
ထွန်း။ စာအုပ်ထဲမှာ ဘယ်ဟာမှားတယ်လို့ကော ပြောနိုင်သလား။
ဝင်း။ မပြောနိုင်ပါ။
ထွန်း။ မောင်ထွန်းမြိုင်ကိုသက်သေခံဘို့ ခေါ်သေးလား၊
ဝင်း။ မသိပါ။
ထွန်း။ မောင်ထွန်းမြိုင်ကို မောင်မှင်က သက်သေခေါ်မရ

တော့ မင်းတနေ့သိမယ်လို့ ကြိမ်းတာ မကြားဘူး
လား။
ဝင်း။ မကြားပါ။
ထွန်း။ မင်းနဲ့ မောင်ထွန်းမြိုင် ဘယ်လိုဆွေမျိုးတော်သလဲ။
ဝင်း။ မိန်းမဘက်က တော်ပါတယ်။
ထွန်း။ မောင်ထွန်းမြိုင်မိန်းမ မညိုပုနဲ့ သမုတ်ခံရတယ် မ
ဟုတ်လား။
(၎င်းမေးခွန်းကို ဦးထွန်းလူက ကန့်ကွက်သည်။)
ဝင်း။ သမုတ်ပေမဲ့ .... မဟုတ်ကြောင်းသိလို့ လာရောက်
တောင်းပန်ပါတယ်။
ထွန်း။ အဲဒီလိုသမုတ်ခံရလို့ မောင်ထွန်းမြိုင်နဲ့ မညိုပုတို့
လင်မယား ကွဲသွားတယ် မဟုတ်လား။
ဝင်း။ မဟုတ်ပါဘူး။ မညိုပုလင်ငယ်နေသွားတာပါ ဟုဖြေ
ကြားပြီး ဦးအောင်ဝင်းအား ဦးထွန်းလူက ထပ်မံ
မေးမြန်းရာ....
လူ။ သဲဖြူရွာ မဂ္ဂသမ္ဘာရမှ နံပါတ် ၁-ထွက်ဆိုတယ်ဆိုတာ
ဟုတ်ပါသလား။
ဝင်း။ ဟုတ်ပါတယ်။
လူ။ ဘာ့ကြောင့်ထွက်သလဲ။
ဝင်း။ ရတနာသုံးပါး ထိခိုက်ဟောလို့ မိန်းခလေး ဘွနဲ့
မသက်ာလို့ တွက်ပါဘယ် ဟုဖြေကြား၍ နံနက်ပိုင်းစစ်ဆေးချက်
ကို ခေတ္တနားလိုက်ပါကြောင်း။

○ ○ ○

နေ့လည် ၁၂-နာရီအချိန်တွင် ကျန်သက်သေများ စတင် စစ်ဆေးခြင်းမပြုမီ ဦးမြတ်သိန်းထွန်းတို့က နိုင်ငံတော်ဝိနိစ္ဆယ ရုံးမှ လက်ပံတန်းမြို့နယ် ဝိနိစ္ဆယရုံးသို့ပေးပို့ သောအောက်ဖော် ပြပါစာဘာစောင်ကိုတင်ဆက်သည်ဟုသိရှိရကြောင်း။ ၎င်းစာမှာ

သြဝါဒကထာ မေတ္တာစာ။

၁၁၂၃-ခုနှစ်၊ ပဌမဝါဆိုလဆုတ် ၁၁-ရက်။

ဓမ္မေန သမေနရဇ္ဇံကာရေတိ ပါဠိတော်နှင့်အညီ ညီညွတ် ကြစေရန်၎င်း၊ တရားခက်နေ ရက်ရေတွေး၍ အေးအေးသာ ယာ ကြံစီပါ ဟူသော မန်လည်ဆရာတော်၏ သြဝါဒနှင့် ညီ ညွတ်စေ၍၎င်း၊ အဂတော ဘာရော၊ အဝသာ ဝဟိတဗ္ဗံ ကျမ်း ဂန်အရ စေါဒက စုဒိတက သက်သေတို့ကိုသာ ရုံးတော်သို့ လာရောက်ကြစေလိုကြောင်း ဆင့်ခေါ်ပြီးလျှင်.... တရားမဝင် သောသူများအား ကုသိုလ်မပွါးဘဲ အမှုကြီးထဲ၌ အမှုကလေး မဖြစ်ရအောင် ဥာဏ်မြေကတုပ်ပညာစွမ်းချွန်းကဲ့သို့ အုပ်တော် မူကြပါက နေရာတကျ ဝိနိစ္ဆယတရား ပြီးသွားဘို့ရာ ပဓါနဖြစ် ပါသည်ဘုရား။

အဝေရာ-ဟောန္တု။

သုခိတာ-ဟောထ။

ဒုက္ခာ-မုစ္စထ ဟု ပါရှိပြီး ရုံးတံဆိပ်တော်မပါ ဆရာတော် ဘုရားများ၏ လက်မှတ်မပါသည့်ပြင် နိုင်ငံတော် ပိနိစ္ဆယရုံး၏ စာရေးစက္ကူမဟုတ်ဘဲ အများသုံး စာရွက်တရွက်တွင် လက်နှိပ် စက်ဖြင့် ရိုက်နှိပ်ပေးလိုက်သော စာတစောင်ဖြစ်ကြောင်း။

၎င်းစာကိုပင် ဆရာတော်ဘုရားများ လက်ခံပြီးလျှင် ကျွန်းကလေးဆရာတော်က ဦးမြတ်သိန်းထွန်းတို့ ပေးသောစာအရ လူထုပရိသတ်များအတွက် အနှောင့်အယှက်ဖြစ်မည်ကို စိုးရိမ်ကြောင်း၊ အမှုနှင့်ပတ်သက်၍ စိုးရိမ်စရာ လုံးဝမရှိကြောင်း၊ ဌာနဆိုင်ရာ အသီးသီးမှလည်း အဘက်ဘက်မှ စောင့်ရှောက်လျက်ရှိ၍ ငြိမ်သက်စွာဖြင့် နားထောင်ကြသော ပရိသတ်များအား မတားမြစ်နိုင်ကြောင်းများကို မိန့်ကြားပြီးလျှင်ရန်ကုန်မြို့ ကြည့်မြင်တိုင် ကျွန်းတောလမ်းနေတရားသူကြီး တဦးဖြစ်သူ ဦးကျော်က အောက်ပါအတိုင်း ဆရာတော်များအား လျှောက်ထား ထွက်ဆိုသွားကြောင်း။

လွန်ခဲ့သည့် ၁၉၄၁-၄၂-ခုနှစ်လောက်က အင်းစိန်ခရိုင်တိုက်ကြီးအပိုင် ထန်းတပင်မြို့တွင် ဆူပူသောင်းကျန်းအောင် အနှောင့်အယှက်ဖြစ်ပွါးသည့် အတွက် ဆရာကြီး ဦးမြတ်သိန်းထွန်းအပေါ်မှာ ရာဇသတ်ကြီးပုဒ်မ ၁၀၇-အရ တရားစွဲဆိုခဲ့ပါသည်။ အဲဒီဆူပူမှုအကြောင်းရင်းကတော့ ဆရာကြီး ဦးမြတ်သိန်းထွန်းသည် ထန်းတပင်မြို့၌ တရားပြရာတွင် မိန်းခလေးများကို ကိုင်တွယ်စမ်းသပ်ခြင်းပြုပါသည်။

ဒီလိုပြုသည့်အခါတွင် မိန်းခလေးများက ရှိန်းဖယ်ယင်အတွင်ခံ မပြုတ်သေးဟု ပြောဆိုပါသည်။ ထိုကဲ့သို့ပြုလုပ်သည့် အကြောင်းကို မိဘမောင်ဘွားများသိရှိကြသောအခါ ခဲ (ဂဲ)များနှင့် ပစ်ခတ်ခြင်းကြောင့် ဆူပူမှုများဖြစ်ပွါးခဲ့ပါသည်။

ထို့ကြောင့် မြန်မာနိုင်ငံတော်အစိုးရက ၎င်းဆရာကြီး ဦးမြတ်သိန်းထွန်းအပေါ်တွင်ရာဇသတ်ကြီး ပုဒ်မ ၁၀၇-အရ တရား

ရားစွဲဆိုပြီးလျှင် ပြစ်မှုကျူးလွန်ကြောင်း ထင်ရှားသဖြင့် တနှစ် (တပည့်တော်ကောင်းကောင်း မမှတ်မိတော့ပါဘုရား)သို့မဟုတ် ၂-နှစ်အတွင်း ကောင်းမွန်စွာနေရန် အာမခံချက်ဖြင့် လွှတ်ထား ခြင်းခံရပါသည် ဟု ထွက်ဆိုအစစ်ခံသွား၍ ဦးမြတ်သိန်းထွန်း၏ အမေးကို ဆက်လက်ဖြေကြားသွားကြောင်း။

ဝ ဝ ဝ

ထွန်း ။ဦးကျော် ဆရာ့တရား နာဘူးသလား။

ကျော်။ ။မနာဘူးပါ။

ထွန်း။ ။ဆရာရေးတဲ့ ကျမ်းဂန်တွေကော ကြည့်ဘူးသလား။

ကျော်။ ။ကြည့်ဘူးပါတယ်။

ထွန်း။ ။ဘာကျမ်းတွေလဲ။

ကျော်။ ။မမှတ်မိတော့ပါ။

ထွန်း။ ။ဆရာကျော်ဟာ တရားသူကြီး မြန်မာ ဗုဒ္ဓဘာသာ လူကြီးလူကောင်း မဟုတ်လား။

ကျော်။ ။ဟုတ်ပါတယ်။

ထွန်း။ ။ဆရာဟောတာ ကြားဘူးသလား။

ကျော်။ ။ကြားဘူးပါတယ်။

ထွန်း။ ။ဝိပဿနာတရား အားထုတ်ဘူးသလား။

ကျော်။ ။အားထုတ်ဘူးပါတယ်။

ထွန်း။ ။ဆရာဟာ ဝိပဿနာတရားဟောတယ်ဆိုတာ ကြားဘူးသလား။

ကျော်။ ။ကြားဘူးပါတယ်။

ထွန်း။ ။ဦးကျော် သာယာဝတီမှာ နေဘူးသလား။
ကျော်။ ။နေဘူးပါတယ်။
ထွန်း။ ။ဆရာ့ဆီကို ဦးကျော်နာမည်နဲ့ စာတစောင်ရောက်
ဘူးပါတယ်၊ဦးကျော် ဆရာ့ကို စာပေးဘူးသလား။
ကျော်။ မပေးဘူးပါ။
ထွန်း။ မောင်သန်းမောင်တို့ ဝိပဿနာတရားနဲ့ တူသလား။
ကျော်။ အစကတော့တူပါတယ်။နောက်တော့မတူပါ။
ထွန်း။ ဝိပဿနာတရားဆိုတာ အတိုချုပ်ဘယ်လိုလဲ။
ကျော်။ ရုပ်နာမ်တရားပါဘဲ။
ထွန်း။ ဆရာဟောတဲ့ရုပ်နာမ်တရားဆိုတာ ကြား ဘူးတယ်
မဟုတ်လား။
ကျော်။ ကြားဘူးပါတယ်။
ထွန်း။ ဆရာဟာ ကျမ်းဂန်ပေါင်း ၄၀-ကျော် ကျမ်းပြုဆရာ
ဆိုတာကော ကြားဘူးတယ်မဟုတ်လား။
ကျော်။ ကြားဘူးပါတယ်။
ထွန်း။ အခု ဆရာနဲ့ ဦးထွန်းလူတို့ အမှုဖြစ်တဲ့ သဲကုန်းတရား
ပွဲမှာ တရားနာဘူးသလား။
ကျော်။ မနာဘူးပါ။
ထွန်း။ ရွှေဘိုဘုရားမှာ ဆံတော်-မွေတော်ရှိတာ ကြား
ဘူးသလား။
ကျော်။ ကြားဘူးပါတယ်။
ထွန်း။ ဆရာဟာ ပိဋကတ်သုံးပုံသင်ဘူးတယ်ဆိုတာကော မ
ကြားဘူး ဘူးလား။

ကျော်။ မကြားဘူးပါ။
ထွန်း။ ဗုဒ္ဓဆိုတာ ဘာကိုခေါ်တာလဲ။
ကျော်။ သစ္စာလေးပါးသိတဲ့ ဘုရားကိုခေါ်တာပါ။
ထွန်း။ ဘုရားနဲ့ရဟန္တာ ဘယ်လိုကွာခြားသလဲ။
ကျော်။ သဗ္ဗညုတဉာဏ်ခြားနားပါတယ်။
ထွန်း။ ဗုဒ္ဓဂုဏ်ပုဒ်ကို ဆရာ့အသိဘယ်လိုထင်သလဲ။
ကျော်။ မသိနိုင်ပါ။
ထွန်း။ ဆရာရေးတဲ့သာသနာ့မှုခကျမ်းကိုကြည့်ဘူးသလား၊
ကျော်။ ကြည့်ဘူးပါတယ်။
ထွန်း။ ရတနာသုံးပါး ပြစ်မှားတယ်ဆိုတာ လူမိုက်မဟုတ်လား။
ကျော်။ လူမိုက်ပါ။
ထွန်း။ ဆရာဟာ ပိဋကတ်သုံးပုံကိုသင်ပြီး လူမိုက်ကြီးတယောက် အဖြစ်ခံပါ့မလား။
ကျော်။ ပိဋကတ်သုံးပုံသင်တယ်ဆိုတာ မကြားဘူးပါ။
ထွန်း။ အရက်သောက်ဘူးသလား၊ကံငါးပါးလွတ်သလား။
ကျော်။ မလွတ်ပါ။
ထွန်း။ ဦးထွန်းလူက ဦးကျော်ကိုသက်သေခံရန် လာခေါ်သလား။
ကျော်။ ဘယ်သူမှ မခေါ်ပါ။ ကျွန်တော်ကသက်သေခံမယ်လို့ အကြောင်းကြားထားလို့ပါဟု ဖြေကြားသွား၍ ဦးကျော်အား ဦးထွန်းလူက ဆက်လက် မေးမြန်းကြောင်း။

လူ။ ဘုရားလက်ထက်တော်က ပိဋကတ်သုံးပုံတတ်ကျွမ်းပြီး အကျင့်မဟုတ်လို့ တကိုယ်လုံးရွှေဓရောင်အဆင်းရှိလျက် အာခံတွင်းက အပုတ်နံ့တလှိုင်လှိုင်ဖြစ်နေကာ အဝီစိ သွားရမည့် ကပ္ပိလရဟန်း ငါးကြီးအကြောင်းကို ကြားဘူးဘယ် မဟုတ်လား။

ကျော်။ ကြားဘူးပါတယ်ဟု ဖြေကြားသွားသည်။



(သဲကုန်းရွာ မောင်တင်ဝင်း)

ငှင်းနော်က် သဲကုန်း ရွာနေ ဦး လှ ရွှေ၏ သား အသက် (၁၆) နှစ်ရှိ မောင်တင်ဝင်း အား ဦး ထွန်း လူက မေးမြန်း၍ ထွက် ဆို သည်မှာ....

လူ။ သဲကုန်းရွာ ဆရာကြီးဦးမြတ်သိန်းထွန်း၏ တရားပွဲကို ရောက်ဘူးသလား။

ဝင်း။ ရောက်ဘူးပါသည်။

လူ။ ဦးမြတ်သိန်းထွန်းတည်းခိုတဲ့ ကိုထွန်းကြိုင် မသိန်းရွှေ တို့အိမ်ကိုကော ရောက်ဘူးသလား။

ဝင်း။ ရောက်ဘူးပါသည်။
လူ။ အိမ်ပေါ်ကို ဘယ်အချိန်ရောက်ဘူးသလဲ။
ဝင်း။ ညအချိန်ရောက်ဘူးပါတယ်။
လူ။ ရောက်တော့ ဆရာကြီးတရားဟောနေသလား၊ တရားစစ်နေသလား။
ဝင်း။ တရားစစ်နေတာကို တွေ့ပါတယ်။
လူ။ တရားစစ်တဲ့ နေရာမှာ အကာအရံမနှဲ့ လဟာပြင်လား။
ဝင်း။ မဟုတ်ပါ၊ ကန့်လန့်ကာ ကာထားပါတယ်။
လူ။ တရားစစ်တဲ့အခါ တယောက်ချင်းခေါ်သလား၊မိန်းခလေးတွေလား။
ဝင်း။ တယောက်ချင်းခေါ်စစ်ပါတယ်၊မိန်းခလေးတွေပါ။ (ရှိကြသည်။)
လူ။ ဘယ်နှစ်ယောက်ခေါ်စစ်ကာ မင်းတွေ့သလဲ။
ဝင်း။ ၃-ယောက်ခေါ်စစ်တာတွေ့ရပါတယ်။
လူ။ တရားစစ်တော့ လှေခါး တံခါးပွင့်ထားသလား။ဘယ်သူစောင့်နေသလဲ။
ဝင်း။ ပွင့်ထားပြီး ဦးကြီးဘိုးသင်းစောင့်နေပါတယ်၊ (ရှိကြသည်)။
လူ။ မင်းဘယ်လောက်ကြာမှ ပြန်ဆင်းလာသလဲ။
ဝင်း။ သိပ်မကြာဘူး ပြန်ဆင်းလာပါတယ်။
လူ။ မင်း နေ့တိုင်းတရားပွဲကိုသွားသလား။
ဝင်း။ နေ့တိုင်းသွားပါတယ်၊

လူ။ ကျင်ငယ်ရေဝေတာကော မြင်သေးလား။
ဝင်း။ မြင်ပါတယ်၊ အမည်မသိတဲ့ အဒေါ်ကြီးတယောက် ပုလင်းထဲထည့်ပြီး စည်ပိုင်းပေါ် တင်ထားတာတွေ့ရပါတယ်။
လူ။ ဘာကောင်းတယ်လို့ ပြောသလဲ။
ဝင်း။ ဇဗ-ပါး ဝေဒနာကောင်းတယ်လို့ ပြောပါတယ်။
လူ။ ရေချိုးတဲ့နေရာကော ရောက်ဘူးလား။
ဝင်း။ မရောက်ဘူးပါ။
လူ။ တရားစစ်ဆေးခံရတဲ့ မိန်းခလေးတွေရဲ့ နာမယ်တွေကော မှတ်မိသေးလား။
ဝင်း။ မမှတ်မိပါ ဟုထွက်ဆိုပြီး ဦးမြင့်သိန်းထွန်းက မောင်တင်ဝင်းကို ဆက်လက်မေးမြန်းခြင်း။

ထွန်း။ မင်းနံမယ် ဘာသူလဲဟေ့။
ဝင်း။ မောင်တင်ဝင်းပါ။
ထွန်း။ သက်သေလိုက်ဘို့ မင်းကို ဦးထွန်းလူက သင်ထားသလား။
ဝင်း။ သင်မထားပါ။
ထွန်း။ တရားကော တရက်မှ မနာဘူးဘူးလား။
ဝင်း။ မနာဘူးပါ။
ထွန်း။ ရှုံးဘော်မှာလိမ်ပြောရင် အပြစ်ရှိကြောင်း မင်းနားမလည်ဘူးလား။
ဝင်း။ နားမလည်ပါ။

ထွန်း။ သဲကုန်းတရားပွဲမှာ ဘုန်းကြီးတွေ ဆွမ်းကျွေးတာ မင်းမမြင်ဘူးလား။
ဝင်း။ မမြင်ပါ။
ထွန်း။ မင်းနေတဲ့အိမ်နဲ့ ဆရာတဲတဲ့အိမ် ဘယ်လောက်ဝေး သလဲ။
ဝင်း။ အတော်ဝေးပါတယ်။
ထွန်း။ သဲကုန်းရွာ အိမ်ခြေဘယ်လောက်ရှိသလဲ။
ဝင်း။ ၅၀-လောက်ရှိပါတယ်။
ထွန်း။ တရားပွဲနဲ့မင်းတို့အိမ် ဘယ်နှစ်အိမ်လောက် ဝေး သလဲ။
ဝင်း။ ၁၀-အိမ်လောက်ဝေးပါတယ်။
ထွန်း။ တရားဟောတာ နေ့ပွဲလား။
ဝင်း။ နေ့ပွဲပါ။
ထွန်း။ ညပွဲကော မနာဘူးလား။
ဝင်း။ မနာဘူးပါ။
ထွန်း။ ဆရာတဲအိမ်ကို ဘယ်သူက ချောင်းခိုင်းတာလဲ။
ဝင်း။ ဘယ်သူမှ မခိုင်းပါ။
ထွန်း။ မင်းဘယ်လိုအိမ်ပေါ်ရောက်သလဲ။
ဝင်း။ လူကြီးတွေနဲ့လိုက်လာပြီး အိမ်ပေါ်ရောက်တာပါ။
ထွန်း။ ဦးဘိုးသင်းက မပြောဘူးလား။
ဝင်း။ ဘယ်သူမှမပြောပါ။
ထွန်း။ မင်း ကြက်မသတ်ဘူးလား။
ဝင်း။ မသတ်ဘူးပါ။

ထွန်း။ သူများသတ်ထားတော့ မင်းမမြင်ဘူးလား။
ဝင်း။ မြင်ဘူးပါတယ်။
ထွန်း။ ငါးပါးသီလ မင်းနားမလည်ဘူးလား။
ဝင်း။ နားမလည်ပါ။
ထွန်း။ မင်းဘယ်နှစ်တန်းသင်ဘူးသလဲ။
ဝင်း။ ၇-တန်း သင်ဘူးပါတယ်။
ထွန်း။ ဂေါတမဘုရားဆိုတာကော မကြားဘူးဘူးလား။
ဝင်း။ ကြားဘူးပါတယ်။

ထွန်း။ ဘယ်မှာနေသလဲ မင်းသိလား။
ဝင်း။ မသိပါ။(၎င်းမေးခွန်းကို ဦးထွန်းလူကန့်ကွက်လျက် ခလေးမပြောနဲ့ ခင်ဗျားတောင် ဂေါတမဘုရား ဘယ်မှာနေမှန်း မသိတာ ဟုပြောရာ အားလုံးကဝိုင်း၍ ရီမောကြကြောင်း)။
ထွန်း။ ဂေါတမဘုရားပြောတဲ့တရား နားလည်သလား။
ဝင်း။ နားမလည်ပါ။
ထွန်း။ ဘုရားသားတော် ရဟန်းတော်များကော မသိဘူး လား။
ဝင်း။ မသိပါ။

၎င်းမေးခွန်းကိုလဲ ဦးထွန်းလူက ကန့်ကွက်၍ ဦးမြတ်သိန်းထွန်းက ကန့်လန့်ကာနဲ့ တရားစစ်တာတော့ စိစိပေါက်ပေါက်သိတယ်။ ဘုရား တရားတော့မသိဘူး။ ၇-တန်းနဲ့ မဘန် ဟု ညီးညီး ညူညူပြောကာ ဆက်၍မမေးတော့ချေ။
ဦးထွန်းလူက မောင်တင်ဝင်းအား ထပ်မံမေး၍....

လူ။ ကျောင်းမှာလိမ်ပြောရင် အပြစ်ရှိကြောင်း သိတယ်မဟုတ်လား။

ဝင်း။ သိပါတယ်။

လူ။ ဘုန်းကြီးရှေ့မှာ မှန်တာပြောရမယ်ဆိုတာကော သိလား။

ဝင်း။ သိပါတယ်။

လူ။ သင်ပေးတာ ပြောတာလား။ ကိုယ်တိုင်သိလို့ ပြောတာလား။

ဝင်း။ ကိုယ်တိုင်သိလို့ပြောပါတယ်ဟု မထစ်မငေါ့ ချေချေငံငံ မေးသမျှကိုဖြေကြားသွားရာ နားထောင်ကြသူတိုင်း အံ့ဩနှစ်သိမ့်ကြသည်ကိုတွေ့ရသည်။

o o o

အထက်ပါ စေဒက ဦးထွန်းလူ၏ သက်သေများနှင့် ကျန်သက်သေများကို ဆက်လက်စစ်ဆေးပြီးနောက် စုဒိတက (တရားခံ)ဖြစ်သူ ဦးမြတ်သိန်းထွန်းအား ၁၃၂၃-ခုနှစ် တော်သလင်းလဆန်း (၁)ရက် (၁၀-၉-၆၁)နေ့တွင် စစ်ဆေးရာ၌ ဦးမြတ်သိန်းထွန်း၏ ထွက်ဆိုချက်များကို သတင်းစာတိုက် အသီးသီးသို့ရေးသားပေးပို့ခဲ့သည့်အတိုင်း ဖော်ပြသွားပါမည်။

## ၆ လုံးပြူးနှင့်သက်နိုး

ဦးမြတ်သိန်းထွန်းအား ကျွန်းကလေးဆရာတော်က စောင်စစ်ဆေးရာ ပုသိမ်ခရိုင် ကွင်းယားဇာတိ ဦးရှမ်းကြီး၏သားအသက် ၆၃-နှစ် ရန်ကုန်နေပါသည်။ ဦးထွန်းလူ၏စွဲဆိုချက် (၁)တွင်

သက်န်းနှင့် ခြောက်လုံးပြူး အဘူတ ခြောက်လို့ ရှိခိုးရသည်ဟု ဆိုပါသည်။ သံဃာတော်များအား မလေးမစားပြုခြင်း၊ တရားတော်ဆန့်ကျင်၍ သာသနာတော် ညှိုးနွမ်းစေမည့် အကြောင်းများကို မဟောခဲ့ပါ။ သက်သေတဦး၏ ထွက်ဆိုချက်တွင် ဘုန်းကြီးတွေလဲ သီလ သမာဓိမရှိ သင်္ကန်းကိုသာ ရိုသေရသည်ဟု သဘောရှိပါသည်။ ချေလွှာကို ကိုယ်တိုင်ရေးပါသည်။ ရဲအုပ်တယောက်နှင့် တွေ့ခြင်း.... သေနပ်ကိုင်ကြည့်ခြင်း၊ ပြောခြင်း၊ ၆-လုံးပြူးနှင့် သင်္ကန်းအတူတူ နှိုင်းယှဉ်၍ တရားဟောခဲ့သည် ဆိုသည်မှာ မမှန်ပါ။

## အထောက်အထားမရှိ။

၆-လုံးပြူးမှာသေတတ်သော လက်နက်ဖြစ်၍ သင်္ကန်းမှာ အရဟတ္တဓဇဖြစ်ရာ နှိုင်းယှဉ် ဥပမာပေးခြင်း၊ မလျော်ပါ ဖြေ၍ ပါဠိအထောက်အထားနှင့် မဖြေနိုင်ပါ။ ၆-လုံးပြူးနှင့် သင်္ကန်း ရိုသေရခြင်းအကြောင်းဟောခဲ့သည်မှာ ရိုသေရန်သာ နှိုင်းယှဉ်ဟောခဲ့ခြင်းဖြစ်ပါသည်။ နှိုင်းယှဉ်မှုကို ပါဠိဖြင့်၎င်း၊ ကျမ်းဂန်ကိုးကား၍၎င်း မဖြစ်နိုင်ပါ။ ၆-လုံးပြူးမှာ လောကသမုတိ လက်နက်ဖြစ်၍ သင်္ကန်းမှာ ငသုဒ္ဓနတ်၏ လက်နက်ဖြစ်ပါသည်။ လက်နက်ချင်းသာ နှိုင်းယှဉ်ခြင်းဖြစ်ပါသည်ဟု ဖြေဆိုသွား၏။

## ရဟန်းနှင့် လူ။

အနာဂါမိက ရဟန်းနှင့် လူပျိုကြီး အပျိုးကြီး အတူတူပါဘဲဟု ဟောပြောချက်နှင့်ပတ်သက်၍ ဆက်မေးရာ လူရဟန်းရှိ

ကြောင်း ဝန်ခံပါသည်။ အကိုးအကားနှင့်လည်း ပြနိုင်ပါသည်။ ရုပ်နာမ်သိလျှင် ရဟန်းဖြစ်ပါသည်။ မုနိဆိုတာလဲ ရဟန်းဖြစ်ပါသည်။ မုနိတိ ဉာနာတိ မုနိ-တရားသိကတ်၍... မုနိဖြစ်ပါသည်။ (မုနိနှင့်ရဟန်းကို ကျွန်းကလေးဆရာတော်နှင့် အချီအချပြော၍ ဆရာတော်အား အနာဂါရိကနှင့် အာဂါရိကကို ပြန်မေးနေသေးသည်။) လူရဟန်းတို့ ရှေးပညာရှိများ သုံးစွဲသည် မသုံးစွဲသည် မသိပါ။ ဟပည့်တော်သုံးစွဲပါသည်။ မုန်ဟာ ရဟန်းဖြစ်ကြောင်း ကျမ်းအကိုးအကားနှင့် ထင်ပြပါမည်။ ဒီနေ့သက်န်းဝတ်တဲ့ ကိုယ်ရင်နှင့်တပည့်တော် ကိုယ်ရင်လဲမြတ်တယ်၊ တပည့်တော်လဲမြတ်တယ်၊ လူရဟန်းထက် ကိုယ်ရင်ကလေးက ပိုမြတ်ပါတယ်၊ ပစ္စည်းလှူရင်လဲ ကိုယ်ရင်ကလေးက ပို၍ အကျိုးများပါတယ်ဟု ထွက်ဆို၏။

## အိမ်မှာ ဘုရားနဲ့ပါ။

ကျောက်ဆင်းတု ကြေးဆင်းတုတို့က ရေနစ်လျှင် မကယ်နိုင်ဘူး၊ လက်ကြီးကအသေချည်းဘဲ ဟု စွပ်စွဲချက်နှင့် ပတ်သက်၍ မေးရာ ထိုကဲ့သို့ မဟောရပါဟု ညင်းလျက် အိမ်မှာဘုရားနဲ့ပါဟု ဖြေကြားကြောင်း သမုတိ (ဂ)ပါးအကြောင်းမေးရာ အခုမပြောနိုင်ပါဟု ပြောသဖြင့် (ဦးထွန်းလူက အထောက်အထားယူလာသည့် စာအုပ် ၃၀-ကျော်ကိုပြရာ သူများစာအုပ်တွေပါးလာတာဟု ပြော၍ ရီကြသည်) ကြေးကျောက်ဆင်းတုများကို ရိုက်ချိုးလျှင် ပဥ္စနန္တရိယ ကံထိုက်ပါတယ်၊ ၎င်းမဟောပါ၊ ဟောရင် သာသနာပျက်ဖြစ်မှာပေါ့၊ ဓမ္မကထိက မဟုတ်အဓမ္မက

ထိကဖြစ်မှာပေါ့၊ ကျောက်ဆင်းတုတွေကို ကျောက်တွေ ခဲကြီး တွေဟု ဟောလျှင် အရိယူပဝါဒန္တရာယ်ကံ ထိုက်ပါတယ်ဟု ဖြေကြားသွားကြောင်း။

## ငါဘုရားလို့မဟော။

ရုပ်ပွါးဆင်းတုတော်တွေဟာ မိန်းမများပွါးသလိုဘဲ.... ဒါ တောင် အားမရလို့ ဒက္ခိဏာသာခါကို အမြောင်ထားလိုက် သေးတယ်ဟု စွပ်စွဲချက်နှင့်ပတ်သက်၍ မေးရာ မည်သည့်အခါမှ မဟောပေါ၊ တပည့်တော်သည် ငါဘုရားဘဲဟု.... မဟောခဲ့ပါ၊ ရွှေတိဂုံဘုရားရွှေချသလို ငါ့ကိုရွှေလှူလို့ဟောသည်ဆိုတာ မ မှန်ပါ၊ ဘုရားလှူသလိုအကျိုးရှိမယ်လို့ မဟောခဲ့ပါ။ ရဟန်း သံဃာတွေလှူခြင်းထက် မိမိအားလှူက ပို၍မြတ်သည်ဟုဟော သည်ဆိုသည်မှာ မမှန်ပါ၊ သာသနာတော်အတွင်းရှိ ရဟန်းသံ ဃာတွေကို လှူခြင်းက ၎င်းတို့အဖွဲ့ဝင်အား လှူခြင်းထက်ပို၍ မြတ်ပါသည်ဟု ထွက်ဆိုကြောင်း။

## လက်တွေ့ဖက်ပွေ့။

မိန်းကလေးများကို လုံခြုံသောအခန်းတွင်ခေါ်၍ တရားပြ သည် တရားအပ်သည်ဆိုသော စွပ်စွဲချက်နှင့် ပတ်သက်၍ မေး မြန်းရာ လုံးဝမမှန်ပါ၊ မိန်းကလေးများ၏မဖွယ်မရာ ကိုယ်အင်္ဂါ အစိပ်အပိုင်းကို ကိုင်လျက် ပညတ် ပရမတ် ပြော၍မပြခဲ့ဘူးပါ ပမွာရုံနဲ့ ကာမဂုဏ်ဆိုတာ လက်တွေ့ လက်ပွေ့မှ.... တရားရပါ ဘယ်၊ သဲဖြူက မခင်ရွှေလို ထွက်ပြေးရင် တရားမရပါလို့ ပြော

ဆိုကာဟောခဲ့သည်ဆိုတာ မမှန်ပါ၊ မခင်ရွှေယောကျ်ား မောင်မှင်နဲ့လဲ သံသယ မရှင်းခဲ့ဘူးပါ။ ဥပုသ်စောင့်တာ.... ကျောင်းသွားဘို့မလိုဟု ဟောပြောသည်ဆိုတာ မမှန်ပါ။

## မိန်းမ တထောင်။

ပေါင်းတည်မှ မောင်တင်ညွန့် မထွေးတို့သည် အသက်နှင့်ခန္ဓာကိုယ် လှူထားတာ ၁၅-နှစ်မျှရှိပါသည်။ အဲဒီလိုလှူထားသူ (၁၀၀၀)လောက်ရှိပါသည်။ မထွေး တပည့်တော်နှင့်အတူ မနေပါ ပေါင်းတည်မှာနေပါသည်။ အင်းစိန်ခရိုင် ထန်းတပင်နယ်မှာ မိန်းခလေးတွေကို မဟားတဟားလုပ်မှုနှင့် ရုံးတော်မှ တနှစ်အတွင်း ကောင်းမွန်စွာနေရန် အပြစ်ပေးဘူးပါသည်။ ရန်ဖြစ်လို့ဖြစ်ပါသည်။ မိန်းခလေးတွေနှင့်အရှုပ်အရှင်းကြောင့် မဟုတ်ပါ၊ တိုက်ကြီးနယ်ပိုင် ဦးဘသိန်းရုံးက ဖြစ်ပါတယ်၊ မိန်းခလေးနှင့်ပတ်သက်၍ အခြားတွင် အစွပ်အစွဲမခံရဘူးပါ၊ ဝိဇ္ဇာစရဏ မဂ္ဂသမ္မာရအသင်းဘွင် အရက်သောက်သူ ငါးထောင်သူများရှိပါသည်။ အရက်ကို အရက်မထင် ငါးကို ငါးမထင်လျှင် အပြစ်မရှိဟု မပြောခဲ့ဘူးပါ၊ ဘုန်းကြီးများသည် အနတ္တ ဝိပဿနာကို မဟောပြောကြ ဟောလျှင် ဆွမ်းငတ်တော့မည်ဟု.... ပြောလဲမပြောပါ၊ ရေးလဲမရေးဘူးပါဟု ထွက်ဆိုသွားသည်။

## ဗုဒ္ဓရာဇာလို့ မဟောပါ။

ကျင်ငယ်ရေကို ရောဂါအမျိုးမျိုးပျောက်သည်ဟု သောက်သုံးပက်ဖြန်းစေခြင်းစသည့် စွပ်စွဲချက်နှင့်ပတ်သက်၍ မေးမြန်းရာ

ဆေးအဖြစ်သုံးစွဲရန် မည်သူ့မှမပေးဘူးပါ။ တပည့်များသုံးစွဲတာကိုမသိပါ။ဆံပင်ကိုကိုးကွယ်ရအောင်ယူကြပါသည်။ တပည့်တော်ကမပေးပါ။ ဘုရားအလောင်း ဗုဒ္ဓရာဇာဖြစ်ကြောင်းလဲမပြောဘူးပါ။ မဟာဆီ-မဟာသွေး-ထွဋ်ခေါင်ဆရာတော်၏မြေး-မြစ်ဆိုတာ ဟုတ်ပါတယ်။ ထွဋ်ခေါင်ဆရာတော်၏ ခမည်းတော် မယ်တော်တို့ကိုမသိပါ။ ထွဋ်ခေါင်ဆရာတော်ဘုရားသည်လေးမျက်နှာသားဖြစ်ပါတယ်။နေခဲ့ရာအရပ်များတွင် ဘုန်းကြီးများအား ပုတ်ခတ်မပြောခဲ့ပါ။ မသင့်မတင့်လဲ မဖြစ်ခဲ့ဘူးပါဟု ဖြေကြားလျှောက်ထားကြောင်း။

## သက်သေတော့ မပြနိုင်။

ကျမ်းစာအုပ်များတွင်၎င်း၊ကြော်ငြာများတွင်၎င်း၊ပိဋကတ္တရပါရဂူဟု ဖေါ်ပြရေးသားခြင်းနှင့်ပတ်သက်၍ ဆရာတော်ကမေးမြန်းရာ ပိဋကတ်သုံးပုံကို အာဂုံဆောင်ဘူးပါတယ်။ ပါရဂူဘွဲ့ကို မိုးကောင်းတိုက် ညောင်ရမ်းဆရာတော်က ပေးပါတယ်။ အစိုးရနှင့်စာပြန်ပွဲများက မရဘူးပါ။ ဘယ်စာပြန်ပွဲမှ မဝင်ဘူးပါ ။ ညောင်ရမ်းဆရာတော်လက်မှတ်နှင့်ရေးပေးတာပါ။ ယခုပြစရာမရှိတော့ပါ။ ၁၇-နှစ်သား ကိုယ်ရင်ဘဝက ရခဲ့တာပါ....။ ပိဋကတ်သုံးပုံကို ဟလင်းကြီးရွာ ဆိမ့်ကုန်းဆရာတော် ဦးသာဂရထံတွင်၎င်း၊ ညောင်ရမ်းဆရာတော်ထံတွင်၎င်း၊ ဝဲပြန်ဆရာတော်ထံတွင်၎င်း၊ ဆင်တဲ အနောက်ပြင် ဆရာတော်ထံတွင်၎င်း သင်ကြားခဲ့ဘူးပါသည်။ ကျောင်းနေဘက် ရဟန်းရှင်လူတို့ကို အသောက်အထား သက်သေမပြနိုင်ပါ။

## လက်တွေ့လိုက်တဲ့ ဆရာကြီး။

ပိဋကတ်သုံးပုံ အာဂုံဆောင်အောင် သင်ဘူးကြောင်း အထောက်အထားအဖြစ် ပါဠိဘာသာနှင့် ကျမ်းအဖွင့်များမရေးဘူးပါ၊ သဒ္ဒါကျမ်းအမျိုးမျိုးကိုလည်း.... အဖွင့်မရေးခဲ့ဘူးပါ၊ ကျမ်းဦးပဏာမ ဂါထာ စုဏ္ဏိယ ပါဠိဘာသာနှင့် အတ္တနောမတိရေးဘူးတာရှိပါသည်။ နမောတဿကို နေတ္တိနည်း အလင်္ကာနည်း မလုပ်တတ်ပါ (ကျွန်းကလေးဆရာတော်က ၎င်းကိုယ်တိုင် သင်ကြားတတ်မြောက်သည့်အဆင့်ကို မိန့်ကြားရာ)ဦးမြတ်သိန်းထွန်းက တပည့်တော်က လက်တွေ့လိုက်သည်ဟု လျှောက်သွားရာ ပရိသတ်များ ပွဲကျသွားတော့သည်။

## အထောက်အထားမရှိ။

ခရိုင်ဒေသကိုယ်စားလှယ် ဦးဝင်းက ၎င်းအား တာဝန်ပေးထားသည့် ဦးဘရွှေတို့ဖိုင်တွဲကို စစ်ဆေးပြီးကြောင်း ၎င်းဖိုင်တွဲတွင် နိုင်ငံတော်ဗုဒ္ဓသာသနာ့အဖွဲ့နှင့် သာသနာရေးဌာနမှ အသိအမှတ်ပြု လက်မှတ်များ လုံးဝမပါရှိဘဲ ဒေသဘိုင်းတွင် သာသာရေး သာသနာရေးနှင့်ပတ်သက်၍ ဆောင်ရွက်ရာ၌ ဘိတ်ကြားသော ဘိတ်ကြားစာများသာ ပါရှိကြောင်းကို ရှင်းလင်းပြောကြားကြောင်း။ ကျွန်းကလေးဆရာတော်က ဆက်လက်မေးသဖြင့် နိုင်ငံတော်အစိုးရ၏ အလုပ်တာဝန်ကို မဆောင်ရွက်ခဲ့ဘူးကြောင်း၊ ရဟန်းတဝါသာ ဘတ်ဘူး၍ နောက်ထပ်မဝတ်

ဘူးပါ အခြားဘာသာ အယူဝါဒ မယူခဲ့ဘူးပါဟု လျှောက်ထားရာ ဆရာကြီး-ဘာသာရေ နေ့အေးတွေ အများကြီးရှိတယ်ဆိုတာ.... ကြားဘူးတယ်မဟုတ်လား၊ ဘာသာရေးအရေခြုံပြီးပိုက်ဆံရှာကြတယ်၊ မိန်းမတွေကို ကြာခိုကြတယ်၊ ဂေါ်ကြတယ်၊ သုံးဆယ်နှားက ရေရှင်ကိုယ်ဘော်ကို ကျုပ်တို့ကိုယ်တိုင် ရှင်းခဲ့ရတယ်၊ ဒါ့ကြောင့်ဆရာကြီးအပေါ် သံသယကင်းအောင် မေးပါတယ်ဟု မိန့်ကြားလျက် နှုတ်ပိုင်း စစ်ဆေးမှုကို ခေတ္တရပ်နားရာတွင် လက်ပံတန်းမြို့နှင့် နယ်မှ ဦးမြတ်သိန်းထွန်း၏ဂိုဏ်းဝင်ဟာပည့်များက စားကောင်းသောက်ဖွယ်များဖြင့် တရိုတသေပြုစုကျွေးမွေးကြသည်။



ဦးမြတ်သိန်းထွန်း ထမင်းစားနေပုံ

## မလှူကောင်းတဲ့ ပစ္စည်း။

နေ့လည် ၁၂-နာရီအချိန် ရုံးပြန်ထိုင်လျက် ကျွန်းကလေး ဆရာတော်က ဆက်လက်၍ မေးမြန်းရာ တပည့်တော် ခရစ်ယာန် အယူ မယူဘူးပါ၊ တရားဟောဆရာလဲ မလုပ်ဘူးပါ၊ တပည့် ယောဂီတွေထဲမှာ သောတာပန် သကဒါဂါမ် အနာဂါမ် ဖြစ်ပြီ ဟု မပြောဘူးပါ၊ တပည့်တော်ကို အသက်ခန္ဓာနှင့် ပစ္စည်းများ လှူကြပါသည်။ ၎င်းပစ္စည်းများလက်ခံပြီး အငှါးသုံးရန် ပေး အပ်ခဲ့ပါသည်။ လှူတဲ့ ပစ္စည်းများမှာ သက်ရှိ သက်မဲ့ တကာ တကာမတွေ့ပါ လှူကြပါတယ်။ မလှူကောင်းတဲ့ ပစ္စည်းများ ၅-ပါး သိပါတယ်၊ သေရည်သေရက် လက်နက် မိန်းမနှင့်အဆိပ် စသည်တို့ဖြစ်ပါသည်။ ၎င်းပစ္စည်းများကို ရဟန်းသံဃာတော် များ အလှူခံမထိုက်ပါ။ တပည့်တော်မှာ.... အလှူခံထိုက်ပါ သည်။

## အပြစ်မရှိပါ။

တပည့်တော်လှူသည့် သားပျို သမီးပျို မိန်းမတို့၏ ကာမဂုဏ် ကို အကုန်ပိုင်ပါသည်ဟု ယုံကြည်ပါသည်။ အလှူခံထားသူ များအား သားမယားအဖြစ် ပေါင်းသင်းလျှင် မပြစ်မရှိပါ။ တပည့်များ၏ ထွက်ဆိုချက်အရ ကျမ်းဂန်နှင့်ညီပြီးလျှင် တရား အဆင့်အတန်းအရအပါယ်တံခါးပိတ်ပြီဟု ပြောဘူးပါသည်။ အ ဆုံးအဖြတ်ပြုတဲ့ ကျမ်းဂန်ကို အကိုးအကားနှင့် တင်ပြပါမည်။

## သောတာပန် တထောင်။

တပည့်တော်၏ တပည့်ထဲမှ သောတာပန် သကဒါဂါမ် ၁၀၀၀ ထက်မနည်း ရှိပါသည်။ အနာဂါမ်-ဥပ-ကျော် ၁၀၀ ထက်မ နည်းရှိပါသည်။ အရိယာဖြစ်တဲ့ ပုဂ္ဂိုလ်ဟာ အရက်မသောက်ပါ။ ဝေါဟာရအရ လူသေတယ်၊ ဘုန်းကြီးပျံတော်မူဘယ်၊ ရှင်ဘုရင် နတ်ရွာစံဘယ်လို့ ပြောကြတာမှန်ပါတယ်။ တပည့်တော် ဓမ္မကထိက (ဆရာတော်)လို့ ရေးဘာ တပည့်တော်ဂုဏ်နှင့် သင့်လျော်ပါသည်ဟု ယူဆပါသည်။ (ဆရာတော်)လို့ ခေါ်တာ လူကိုမခေါ်ပါ။ ဘုန်းကြီးများကိုသာ.... ခေါ်ပါသည်။ ဘုန်းကြီးများခေါ်သလို ဆရာတော် ဦးမြတ်သိန်းထွန်းလို့ ခေါ်တာ လျော်ကန်သည်ဟု ထင်ပါသည်။ တပည့်တော်စာအုပ်များတွင် မဆုံးနိုင်သော ဉာဏ်ရှိသောလို့ ရေးခဲ့ပါသည်။ မဆုံးနိုင်သော ဉာဏ်ရှိသောဆိုတာ ဘယ်လိုပုဂ္ဂိုလ်မျိုး သုံးတယ်ဆိုတာ မတွေ့ဘူးပါ။ ဘုရားကိုတု၍သုံးခြင်းမဟုတ်ပါ အဆုံးမရှိသောဉာဏ် တပည့်တော်မှာရှိ၍ သုံးခြင်းဖြစ်ပါသည်ဟု ဖြေကြားသွားသည်။

## ပိဋကတ်ချင်း မတူ။

၎င်းနောက် ဦးထွန်းလူက ဆက်လက်မေး၍ သခင်နု အစိုးရအာသိအမှတ်ပြု (၁)နံပါတ်ဆိုတာ ဟုတ်တယ်။ ချေလွှာတွင် အာနိုင်ငံလုံးရှိ အဖွဲ့ ခွဲတို့၏ သဘောတူချက်အရ ရိုက်နှိပ်ထုတ်ဝေခြင်းဖြစ်တယ်။ ပိဋကတ် ၃-ပုံကို တတ်ကျွမ်းတာ ၈-အုပ်အတ်

တတ်ရုံမဟုတ် အနက်သမ္ဘာန်နှင့် တတ်ကျွမ်းတာဟု ပြောသဖြင့် (ဦးထွန်းလူက အနီးရှိ ရှူဝင္ဂပါဠိဇာတ် စာအုပ်မှ ပါဠိကို အနက်ပြန်ခိုင်းရာ မှားသွား၍ ဝိုင်း၍ရီကြသည်) ၎င်းနောက် ဦးထွန်းလူက ဆင္ဂသံဂါယနာတင် စာအုပ်တအုပ်ယူပြသည်။ ရှေးတုံးက ပိဋကတ် ၃-ပုံနှင့်ခု ပိဋကတ် ၃-ပုံ မတူဘူးနဲနဲကွဲသည်ဟု ပြော၍ ရီကြပြန်သည်။

## တမိုးအောက် တယောက်။

ခြောက်လုံးပြူး ကြောက်တဲ့စိတ်ဟာ ဘာစိတ်လဲ သင်္ကန်းကြောက်တဲ့စိတ်ဟာ ဘာစိတ်လဲဟု ဦးထွန်းလူကမေးရာ တယောံတခွန်း အပြန်အလှန်မေးနေသည့်အတွက် ရှုပ်ထွေးသွားသည်။ (အကုသိုလ်စိတ် ကုသိုလ်စိတ်မှမသိဘဲ မေးရမှာတောင် သနားပါတယ်ဟု ဦးထွန်းလူက ညီးသည်)။နောက်မှ သံဝေဂ ကုသိုလ်စိတ်ဟု ပြောသည်။ သင်္ကန်းကို ရိုသေပါသည်။ ရိုသေတာနဲ့ကြောံတာအတူတူ။ ဆိုင်မှာရောင်းတဲ့သင်္ကန်းနှင့် ဘုန်းကြီးရုံထားတဲ့ သင်္ကန်းဟာ အတူတူပါ။ ကျမ်းစာအုပ်များကို ကိုယ့်အယူဝါဒနှင့် ရေးခြင်းဖြစ်တယ်။ ဟောတဲ့တရားလဲ ပိဋကတ် ၃-ပုံနှင့် ညီပြီး ဟောတယ်၊ ကျင့်တာလဲ ပိဋကတ် ၃-ပုံနှင့် ညီကျင့်တာဘဲ ဟောတာ ရေးတာ ကျင့်တာ ပိဋကတ် ၃-ပုံနှင့် မလွဲပါ၊ အကုန်ညီတယ်၊ တမိုးအောက် တယောက်ပါ ဘုရားရှိရင် ကောတင်တောင်ရမည်ဟု ပြော၍ ရီကြသည်။ ဟောပြောရေး ကျင့်တာတွေ ပိဋကတ်သုံးပုံနှင့် တိုက်ပြမယ် မှားတာရှိရင် ဝန်ခံမလားဟုမေးရာ မှားရင် ပြင်ရေးမယ်ဟု ပြောသဖြင့် ရီကြပြန်သည်။

## ငရဲလွှတ်-ကျွတ်နေပြီ။

မုနိ ၅-ပါးကို ဟောပါတယ်၊ မုနိဘယ်နှစ်ပါးရှိတယ်လို့ မသိပါ။(ငမ်းနှည်းတယ်ဗျာ တာလောက်မှ မသိမှန်း စောစောကသိရင် စော့ဒက မတက်ပါဘူးဟု ဦးထွန်းလူက ညီးပြောပြောပြန်သည်) ဦးထွန်းလူက သုတ္တန်နိပါတ် အဋ္ဌကထာပါဠိ မှ မုနိအကြောင်းပြသည်။ ဦးမြတ်သိန်းထွန်းက ဒါ ပိဋကတ်သုံးပုံထဲ မပါဘူး ဟုပြောသည်။ လူပျိုကြီး အပျိုကြီးဟာ ပဗ္ဗဇ္ဇလို့ မဟောပါ၊ အနာဂါရိကလို့ ဟောတယ်၊ဦးထွန်းလူက တေရသကဏ္ဍ ဋီကာစာအုပ်ကို ယူလျက်.... ထောက်ပြသည်။ (မသင်ဘူးဘူးဟု ပြောသည်) တယောက်တပြန်ညှင်းရင်း ငရဲကြီး မကြီးမေးသည်။ ဆရာ့မှာ အသက် ၂၅-နှစ်ထဲက ငရဲလွှတ်ကျွတ်နေပြီဟု ပြော၍ အားလုံးက ရီကြတော့သည်။

## မိန်းမ ရှုသူ။

သံကုန်းတရားပွဲတွင် လုံခြုံသော အခန်း ကိုယ်တိုင်ကာသည်ဟု ဦးစံထွန်းသက်သေခံတာ မမှန်ပါ။ အခန်းလဲမရှိပါ၊ မောင်တင်ဝင်းက အဲဒီအခန်းထဲမှာ မိန်းကလေးတွေကို တရားပြတယ်ဆိုတာမမှန်၊ သဲဖြူမှာ မိန်းကလေးများကိုသာ တရားပြသည်ဆိုတာမဟုတ်ပါ။ အားလုံးကိုသာတရားဟောခဲ့ပါသည်။ သဲဖြူမှ မောင်မှုင်ကို သိပါသည်။ မောင်မှုင်မိန်းမကို ရှေးကသိဘူးပါသည်။ တရားပွဲတွင်ဖြစ်ပါသည်။ မောင်မှုင်က လုလို့သိပါတယ်။ သံကုန်းတရားပွဲမှာ မယား-သမီး-နှမ-လှူသူ တယောက်မှ

မရှိပါ၊ သဲကုန်းတရားပွဲတွင် မခင်ကြည်အား လှူ၍ ဒွါရကိုး ပေါက်မှ အရည်များကျပြီပြောသဖြင့် ဘုရားရပြီဟု မဟောခဲ့ ပါ၊ မခင်ကြည်ကို မမှတ်မိပါ။ မခင်ကြည်အဖေ ဦးသူဝ သေ တာ သိပါတယ်၊ ဦးသူဝသေခါနီး သား မယား ဂစ္စည်း ဥစ္စာ တို့ကို မလှူခဲ့ပါ။

## မယား မလှူပါ။

ဦးဘာဝါ ဦးဘိုးထွား ဦးဘိုးသင်းတို့ တရားရအောင် မဟောပါ။ အားလုံးကို ဟောပါသည်။ ပေါင်းတည်က မထွေးလို ဦးဘာဝါက သားမယား မလှူဘူးပါ၊ ဦးဘာဝါ သို့း မသန်းကြည်ကို မသိပါ။ မသန်းကြည်နှင့်တွဲ၍ ခါတ်ပုံရိုက်တာ မသိပါ။ ဦးဘိုးထွားသို့းနှင့် တွဲ၍ရိုက်ဘူးပါသည်။ ဦးထွန်းတင် သို့းနှင့် ခါတ်ပုံရိုက်ဘူးသလား မမှတ်မိပါ။ သဲကုန်းတရားပွဲတွင် အလုပ်အကျွေး မိန်းမယောကျ်ား ရှိပါသည်။ သီးခြား မမှတ်မိ ပါ။ သဲကုန်းတရားပွဲတွင် ကိုထွန်းကြိုင် မသိန်းရွှေအိမ် ဘည်း ပါသည်။ လှူတိုင်းအိမ်ပေါ်မတက်အောင်ဦးဘိုးသင်း အစောင့် ထားတာမသိပါ။

## ဆယ်ချသူ ဓမ္မက ထိက။

မောင်မှင်ဘာ့ကြောင့် မိန်းမလှူတာမသိပါ။ သေ့တာပန် ဖြစ်မယ်လို့ မပြောဘူးပါ။ မောင်မှင်နဲ့ မခင်ရွှေ ဘယ်သူ့မှ တရားမဟောခဲ့ဘူးပါ။ သဲဖြူ ကိုမောင်သိန်းအိမ်တွင် တရားပြ ရာ ဂ လေးတွေ ချောင်းကြည့်လို့ ခေါင်မိုးပြိုကျတာ မသိပါ၊

အဖွဲ့ထဲက ဓမ္မကထိကတွေ ဆရာကြီးလို မိန်းမပစ္စည်း အလှူခံသလားမသိပါ။ ဆရာနှင့်မဆိုင် မသိပါဟု ထွက်ဆို၍ ဝိဇ္ဇာစရဏ မဂ္ဂသမ္မာရအဖွဲ့ဝင်များအကြောင်း မေး၍ဖြေကြားပြီး သောတာပန်ဟု ဆုံးဖြတ်ပြီး အရက်သောက်တာ မရှိပါ။ ဓမ္မကထိက ဦးဘိုးသင်း ဆယ်ချတာ မသိပါ၊ ပထမ သောဘာပတ္တိမဂ်ပယ်သော တရားကိုမသိပါဟု ပြောကာ ဦးမြတ်သိန်းထွန်းက ပိဋကတ်သုံးပုံ တတ်သူထက် ၂-နှစ်လီ (၄)နာရီလည်သူက ကျွန်တော်ထက်သာပါတယ်၊ သတင်းစာထဲ ထည့်ရေးကြပါဟု....သတင်းထောက်များဘက်လှည့်၍ ပြောပြီး တော်တလင်းလပြည့်ကျော် ၇-ရက် အောက်တိုဘာလ ၁-ရက်နေ့တွင် ဆက်လက်စစ်ဆေးရန် ချိန်းလျက် နေ့လည် ၂-နာရီအချိန် ရပ်နားလိုက်ကြသည်။

ဝိနိစ္ဆယရုံးမှ ဦးမြတ်သိန်းထွန်းအား ဆက်လက်စစ်ဆေးရန်နှင့် ဦးမြတ်သိန်းထွန်း၏သက်သေများကို ဆက်လက်စစ်ဆေးရန်အတွက် ၁၃၂၃-ခုနှစ်၊တော်သလင်းလပြည့်ကျော် ၇-ရက်(၁-၁၀-၆၁)နေ့သို့ ချိန်းဆိုလိုက်သော်လည်း ၎င်းနေ့တွင်လာရောက်အစစ်ခံခြင်းမရှိဘဲ ဆီးရောဂါဝေဒနာစွဲကပ်၍ ရန်ကုန်ဆေးရုံကြီးတွင် (၂၉-၉-၆၁)ရက်နေ့က တက်ရောက်ကုသနေရပါသည်ဟု ၎င်း၏ဝတ်လုံတော်ရ ဦးအေးမောင်က ရက်ချိန်းပေးရန်နှင့် ရုံးပြောင်းလျက်အမှုကို ပြန်၍စစ်ဆေးပေးရန် လျှောက်ထားချက်များကိုလက်မခံသဖြင့် တရားလွှတ်တော်ချုပ်သို့ လျှောက်ထားမည့်အကြောင်းကို ဆရာတော်များအား လျှောက်ကြားသွားသည်။

ဝိနိစ္ဆယရုံးမှ အမှုကို ဆက်လက်စစ်ဆေးရန် ၁၃၂၃-ခုနှစ်၊ သီတင်းကျွတ်လဆန်း ၆-ရက်(၁၅-၁၀-၆၁)နေ့သို့ ချိန်းဆိုထား သော်လည်း တရားလွှတ်တော်ချုပ်မှဦးမြတ်သိန်းထွန်း၏လျှောက် ထားချက်ကိုလက်ခံကာ အမှုတွဲတောင်းယူသဖြင့် မူလရုံး၌ အမှုကို စစ်ဆေးခြင်းမပြုသေးဘဲ ရက်အသန်အသတ်မရှိ ရပ်စဲ ထားခဲ့ရသည်။

ဦးမြတ်သိန်းထွန်းတို့က ရုံးပြောင်းစစ်ရန်အတွက် လျှောက် ထားချက်ကို တရားလွှတ်တော်ချုပ်မှအကြိမ်ကြိမ်ကြားနာလျက် လက်ပံတန်းမြို့နယ် ဝိနိစ္ဆယရုံးမှပြီးဆုံးသည်အထိ ဆက်လက်စစ် ဆေးရန် အမိန့်ချမှတ်လိုက်သဖြင့် ဦးမြတ်သိန်းထွန်းနှင့် ၎င်းတင် သွင်းမည့်သက်သေများကို ပြန်၍စစ်ဆေးရန် ၁၃၂၄-ခုနှစ်၊နယုန် လဆန်း ၁-ရက်(၃-၆-၆၂)နေ့ကိုချိန်းဆိုလိုက်သော်လည်း ဦးမြတ် သိန်းထွန်းနှင့်သက်သေများသည် (၂၄-၆-၆၂)ရက်နေ့ တကြိမ် (၂၂-၇-၆၂)ရက်နေ့တကြိမ် ထပ်မံဆင့်ဆိုသည့်တိုင်အောင် မ လာမရောက်ကြ၍ ဝိနည်းဓိုရ်ဆရာတော်များက.... ၁၃၂၄-ခုနှစ်၊ ဝါခေါင်လဆန်း ၁၂-ရက်(၁၂-၈-၆၂)နေ့တွင် လာရောက်ခြင်းမ ရှိက တဘက်မှလျှောက်လွှဲချက်ကို ကြားနာလျက် အမိန့်ချမှတ် ဆုံးဖြတ်မည်ဟု မိန့်ကြားတော်မူလေသည်။

နောက်ဆုံးရက်ချိန်းကြောင့် ဦးမြတ်သိန်းထွန်းကိုယ်တိုင်လာ ရောက်ခြင်းမရှိသော်လည်း ၎င်းမှာ အိုမင်းမစွမ်းရှိပါ၍ လက်ပံ တန်းသို့ လာရောက်အစစ်မခံနိုင်တော့ပါ၊ သို့ပါ၍ ၎င်း၏သက် သေ(၁၅)ယောက်ကိုစစ်ဆေးပြီး လျှောက်လွှဲချက် ရက်ချိန်းပေး ပါဟု လျှောက်လွှာနှင့်အတူ သက်သေစာရင်း ပါလာသဖြင့်

၁၃၂၄-ခုနှစ်၊ဝါခေါင်လပြည့်ကျော် ၄-ရက်(၁၉-၈-၆၂)နေ့သို့ ချိန်းဆိုပေးလိုက်သည်။



ဦးမြတ်သိန်းထွန်း၊ သမက် ကိုဟန်ကြည်

စုဒိတက(တရားခံ) ဦး မြတ် သိန်း ထွန်း နှင့် အဖွဲ့ ဝင် များ သည် နောက် ထပ် ရက်ရွှေ့ရန် အခွင့်အရေး မရှိတော့ သဖြင့် ၎င်း၏သမီး မကျင်ငွေနှင့် သ မက် ကို ဟန် ကြည်တို့အား တရား မဝင်သော ကိုယ်စား လှယ် အ ဖြစ် ဖြင့် ရောက် ရှိ လာ ကြ လျက် ၎င်းတို့၏ သက်သေများကိုစစ်ဆေးခဲ့ ရာတွင် ၁၃၂၄-ခုနှစ်၊ တော်သလင်းလဆန်း ၁၁-ရက်



(၉-၉-၆၂)ရက်နေ့၌ စစ်ဆေးခဲ့သည့် လက်ပံတန်းမြို့နယ် ကြို့ပင်စခန်းရွာနေ ဦးသန့်နှင့်တကွ အခြားပေက်သေများ၏ ထွက်ဆိုချက်များကို ဆက်လက်ဖေါ်ပြသွားမည် ဖြစ်ပါကြောင်း။

(ဦးမြတ်သိန်းထွန်းသို့ မကျင်မငွေ။)

၁၉၆၂-ခု၊ စက်တဘ်ာလ ၉-ရက်(တော်သလင်းလွှန်း ၁၁-ရက်) နေ့တွင် လက်ပံတန်းမြို့အပိုင် ကြို့ပင်စခန်းရွာမှ လယ်လုပ်စားသူ အသက် ၆၄-နှစ်ရှိ ဦးသန့်အား စတင်စစ်သည်။ ဦးသန့်က ဦးမြတ်သိန်းထွန်း၏တရားကို ၇-ရက်နာခဲ့၍ မှတ်မိသမျှပြောပါရစေဟုပြောလျက် [လောကချမ်းသာ၊ မဂ်ချမ်းသာ၊ နိဗ္ဗာန်ချမ်းသာ၊ ပဋ္ဌာဂတသေဝနမှစ၍ဖုဋ္ဌဘာအထိ ရိပ်မိကြစေ။ အထွေထွေနားမလက်ခဲစေ့၊ မယောင်ကြနဲ့၊ လူသက် ၅၀-၁၀၀၊ နှတ်ဘက် သိန်းသန်း-ကုဋေယူဆ] စသည်ဖြင့်ရွတ်ဆိုနေ၍ ကျွန်းကလေးဆရာ

တော်ကကျက်စာတွေလားဟုမေးရာ ဟုတ်ပါတယ်။ဦးမြတ်သိန်းထွန်း၏တရားကို သဘောကျလို့ ရေးကျက်ထားတာပါဟုဖြေဆိုသည်။ (ရီကြသည်။)

၎င်းအား ဦးထွန်းလူကမေး၍ ဖြေဆိုသည်မှာ ကြို့ပင်စခန်းတွင်နေပါသည်။ ကြို့ပင်စခန်းတွင် ဦးမြတ်သိန်းထွန်း၏ ဝိဇ္ဇာစရဏ မဂ္ဂသမ္ဘာရအဖွဲ့ ဖွဲ့ပါသည်။ အဖွဲ့တွင်ဥက္ကဋ္ဌဖြစ်ပါသည်။ အဖွဲ့ဝင် ၅၀-ကျော်ရှိ၍ သက်သေခံသူများမှာ အဖွဲ့ဝင်များဖြစ်ကြပါသည်။ သံကုန်းတရားပွဲတွင် ၇-ရက်စလုံးတရားနာ၍ ဆရာ့ကိုငွေ ၁၀၀(တရာ)ပူဇော်ကန်တော့ပါသည်။ တရားဟောခွင့်ပေး၍ ဟောပါသည်။

ဦးမြတ်သိန်းထွန်း တရားဟောတော့ ခန္ဓာကိုယ်ကို ကိုင်ပြပြီး ဟောသလားဟုမေးရာ မေးခွန်းကိုမဖြေဘဲ (လူတိုင်းနားလည်တယ်။ ခင်ဗျားနားမလည်ဘူးလားဟု ပြန်၍မေးသည်။ဟုတ်ရင် ဟုတ်တယ် မဟုတ်ရင် မဟုတ်ဘူးဖြေရန်ပြောမှ)ကိုင်၍မဟောပါ ဟုဖြေသည်။

ဦးမြတ်သိန်းထွန်းက ထွက်သွားတယ်။ လက်တွေ့ဟော-လက်တွေ့ပြတယ်ဆိုတော့ ခင်ဗျားကော လက်တွေ့ဟောဘူးပါသလား (မဟောဘူးပါ)။ ဦးမြတ်သိန်းထွန်း လက်တွေ့-ဖက်ပွေ့ဟောတယ်ဆိုတာ မဟုတ်ပါ။

ဦးမြတ်သိန်းထွန်းက ကျမ်းဂန်အားကိုး ရေးတာမဟုတ်ပါ။ လက်တွေ့လိုက်ပါသည် ထွက်ထားပါသည်။ ဘယ်လိုလက်တွေ့ဟောသလဲ လက်တွေ့ပြသလဲ။ (၎င်းမေးခွန်းကို ဖြေဆိုခြင်းမပြုသည့်အပြင် စကားနိုင်လုပြောနေပြန်သဖြင့် ဦးထွန်းလူက ရုံး

တော်မှ အရေးယူပေးပါဟု လျှောက်ထားသည်။)နောက်မှ မပြုဘူးပါဟုဖြေသည်။

ဦးမြတ်သိန်းထွန်းကို သိတာကြာပါပြီ။ဦးမြတ်သိန်းထွန်းဟာ ရဟန်းလို့ ဆုံးဖြတ်ပါတယ်။ ခန္ဓာကြောက်တဲ့ရဟန်းပါ။ ရဟန်းနှင့်အရိယာ မတူပါ။ အရိယာ ၈-မျိုးရှိပါတယ်။ ပဌမအရိယာ ဘယ်ကိလေသာ ပယ်တယ်လို့ မသိပါ။ဘုရားမှသိမယ်။ ဘယ်သံယောဇဉ်ပယ်တယ်ဆိုတာလဲ ဘုရားမှသိမယ်။ ဘယ်ဥပါဒါန်ပယ်တယ်ဆိုတာလဲ ဘုရားမှသိမယ်။ ဘယ်အကုသိုလ်စိတ္တုပ္ပါဒ် ပယ်တယ်ဆိုတာလဲ ဘုရားမှသိမယ်။ ဘယ်အကုသိုလ်-ဘယ်ဥပါဒါန် ဘယ်သံယောဇဉ် ပယ်-မပယ် ဦးမြတ်သိန်းထွန်းဟာ ဘုရားရှေ့ဉာဏ်တော်ရရင် သိနိုင်တယ်။ မရရင် မသိနိုင်ပါ။

ဦးမြတ်သိန်းထွန်းက သောတာပန်·သကဒါဂါမ် တထောင်ရှိတယ်လို့ ဆုံးဖြတ်ထားတာ မှန်ပါသည်။ အနာဂါမ် ၅၁-၁၀၀-ရှိတယ်လို့ ဆုံးဖြတ်တာ မှန်ပါတယ်။နည်းတောင် နည်းသေးတယ် (ရီကြသည်။) အရိယာဉာဏ်ရရင် အရိယာပါ။ ရဟန္တာဉာဏ်ရရင်လဲ ခေါ်နိုင်ပါတယ်။ ဘုရားဉာဏ်ရရင် ဘုရားခေါ်နိုင်ပါတယ်။

ဒါဖြင့်ရင် ဘုရားလားဟုဆက်မေး၍ ဘုရားပါဟုပြောသဖြင့် ရီကြသည်။

ဘဒ္ဒကမ္ဘာမှာ ဘုရားငါးဆူအပြင် မရှိနိုင်ပါ။ ၃-တဆူပိုနေပြီဟုမေးရာ (ဝိုင်းရီကြသည်)။ ဦးမြတ်သိန်းထွန်းကို မိတေယျဘုရားဟုခေါ်နိုင်ပါသည်။ ဘုရားဟု ယုံကြည်ပါသည်ဟု ဖြေဆိုသည်။

ဘုရားတဆူပွင့်နေတဲ့အတွင်းမှာ ဘုရားတဆူမရှိဘူးဟု သုတ်ပါဠေယျမှာရှိတယ်။ သင်ဘူးသလား မေးရာ (ခင်ဗျားဗုဒ္ဓဘာသာကျောင်းနေဘူးသလား)ဟု ပြန်မေးသဖြင့် ရီကြပြန်သည်။

သဲကုန်းရွာ ဦးမြတ်သိန်းထွန်းတရားနာပါတယ်။ရွာခံပြန်ပါ ဦးထွန်းကြိုင်အိမ်မှာ အိပ်ပါတယ်။ ပဌမနေ့ နာမပညတ်-နာမ်ရောဂါ ရုပ်ဖြစ်တာ-ပျက်တာ ၄-ရက်နေ့ဟောပါတယ်။သန္တတိပညတ် ၃-ရက်နေ့ဟောပါတယ်။(ဥပမာ)ခရမျှားစီးသလို ဟောပါတယ်။

သင်္ကန်းဆိုတာ သိပါတယ်။ နှစ်မျိုးရှိပါတယ်။ ရဟန်းခဆောင်နှင့်ဥာတ်ကြီးသင်္ကန်းဖြစ်ပါတယ်။ (ရီကြသည်)။ ရဟန်းဆောင်ဘယ်နှစ်မျိုးရှိတယ်ဆိုတာ မသိပါ။ (ကိုယ်တော်တို့ကို မေးပါဟု ဘုန်းကြီးများဘက်လှည့်၍ ပြောသည်) သင်္ကန်းဟာအခန်းလား အကွက်လားသင်းပိုင်းမှာ ဘယ်နှစ်ကွက်ရှိတယ်ဆိုတာ မသိပါ။ သင်္ကန်းနှင့်ပိတ် အဝါရောင်ချင်းတူပေမဲ့ အရဟတ္တဇဂုဏ်ကြောင့် သင်္ကန်းကို ရှိသေရပါသည်။ (ဗုဒ္ဓဘာသာပါဟု ပြောသည်။)

သံဃာကိုးကွယ်ရင် ၃·တန်သော ချမ်းသာကို ရ-မရ- မေးရာ သမုတိသံဃာအစ ပရမတ္ထ သံဃာအထိ ကိုးကွယ်ရင် နိဗ္ဗာန်ရပါတယ်ဖြေလျက် (ဗုဒ္ဓဘာသာတွေကို သက်သက် ရိုက်ခွဲနေတာပါဟု ပရိသတ်ဘက် လှည့်ပြော၍ ရီကြသည်)

သံဃာတော်တွေဟာ ဒကာဒကာမတွေ.... သုံးဘန်သော ချမ်းသာ ရရာရကြောင်း ကျင့်ကြံဟောကြား နေတယ်ဆိုတာ

ယုံပါတယ်၊ တကာ တကာမဆိုတာ လူလူချင်း.... ခေါ်တာခ ဟုတ်ပါ- သံဃာတော် များက သုံးသောစကားဖြစ်ပါတယ်။

ဒီဦးမြတ်သိန်းထွန်းရေးတဲ့ မဟာဓမ္မကထိကစာအုပ်.... (စာမျက်နှာ ၂၆—စာကြောင်း ရေ-၆-)မှာ (နိဗ္ဗာန်ကို အသံပြုရုံမျှနှင့် မိမိအား ရှိသေဘို့ လျှုဘို့ ဟောလေ့ရှိ၏။ တပည့်တကာ တကာမတွေသေလျှင်ဘယ်ကိုရောက်ရောက်တာဝန်မယူမှတ်။ပါး ကြတော့ နပ်ကြတော့)ဟု ရေးသားထားတာမှန်ပါတယ်။

ဘယ်သူ့ပြောတာလဲမေးရာ အနွဗါလတွေကို ပြောတာဟု ဖြေသည်။

ပဒတ်ကုန်းက ကိုလှတင်ကို သိပါတယ်၊ ဦးလှတင်မူပိုင် ဦးမြတ်သိန်းထွန်းရေး ဓမ္မသန ဒီပနီ စာမျက်နှာ ၃၂-တွင် (တရားအပိုင်ရလျှင် ယောဂီ၏တကိုယ်လုံး ဓါတုစေတီဟု မှတ်)ပါ ပါတယ်၊ မသိရင် အနွ။သိရင်ထိုက်တယ်၊ စေတီထိုက်တာ ရှိခိုးပူဇော် ဖူးမျှော်ထိုက်လို့ ခေါ်ပါတယ်၊ ဥဒ္ဒိဿဟာ ရည်မှန်းခြင်းပါ၊ ရတနာသုံးပါး သိပါတယ်၊ ဘုရား တရား သံဃာပါ။

မေး။ ။ရတနာမထိုက်တာ ပရိဘောဂ စေတီ တည်ထိုက်သလား။

ဖြေ။ ။ဆရာမိဘ တည်ထိုက်ပါတယ်။

မေး။ ။ဘယ်ကျမ်းဂန်မှာရှိသလဲ။

ဖြေ။ ။ပဋ္ဌာဂုဏ် အဟ ဝန္ဒာမိပေါ့။

မေး ။အဲဒါကျမ်းဂန်လား (ရိုကြသည်။) မှုနိုငါးပါးကို ထိပါဘယ်၊ အိုးအိမ်နဲ့ နေပြီး တရားရှသူရဟန်း ခေါ်ပါတယ်၊ အနာဂါမိကဟာ လူပျိုကြီး အပျိုကြီး တကိုယ်တည်းနေသူများ

တရားရသူလို့ ခေါ်ပါတယ်၊ ဆင်းတုတော် စေတီတော် ပုထိုးတော်များဟာ ရုပ်ပွါးတော်ခေါ်ပါသည်။ ဦးမြတ်သိန်းထွန်း၏ ကျင်ငယ်ရေကို မသုံးဆောင်ဘူးပါ၊ (ဆရာကြီးကို ပြုစုတာယောကျ်ားရော မိန်းမကလေးပါ ပြုစုကြပါသည်။ နေ့ရော ညပါ ပြုစုကြပါသည်။)

ဦးမြတ်သိန်းထွန်း၏ဆံပင်ကို ပူဇော်ဘို့ပေး မပေး မသိပါ။ ဥပါဒါန်ဟာ အစွဲကို ခေါ်ပါသည်။ အစွဲ.... ၅-ချက်ရှိပါသည်။ ပစ္စယာဘဝဆိုတာ နားမလည်ပါ၊ သီလပတ္တပြုန် မသိပါ၊(စာကရေးတာဘဲ ဘာသိမလဲဟု ညီးသည်) သီလဝိသုဒ္ဓိဟာ ဖြူစင်တာကိုခေါ်ပါတယ်။ အဓိသီလဟာ ပညာဦးစီးလို့ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပဦးစီးလို့ ခေါ်ပါတယ်၊ လောကီပညာနှင့် သိသောညာဏ်ကို အဓိသီလလို့ မဖြစ်ပါ၊ လောကုတ္တရာ ပညာနှင့်ဖြစ်မှ အဓိသီလ။ အဓိသီလဟာ ဘယ်တော့မှ မကျိုးပါ၊ အားလုံးမှတ်ထားကြဟု ပရိသတ်ဘက်လှည့်ပြော၍ ရီကြသည်။

အလှူခံထိုက်တဲ့ပုဂ္ဂိုလ် ၁၄-ယောက်ကို သိပါတယ်၊ မလှူအပ်တဲ့ ပစ္စည်းများလဲ သိပါတယ်၊ အဆိပ်လက်နက်၊ မိန်းမနှင့်အခြား ဒုစရိုက်မှုများ မလှူထိုက်ပါ။ အလှူလဲ မခံထိုက်ပါ။ ဦးမြတ်သိန်းထွန်းက မထွေးနှင့် သားမယားတထောင် အလှူခံထားပြီး ပြန်ငှါးထားတယ်ဆိုတာ မသိပါ၊ မထွေးအလှူခံတာလဲမသိပါ၊ သဲဖြူက မခင်ရွှေ အလှူခံတာလဲမသိပါ။

အလှူခံထိုက်သူ ၁၃-ယောက်ကို မလှူအပ်တဲ့ အရက်ပွဲလမ်းနွားသိုး၊ မိန်းမနှင့် ကိလေသာထစေသည့် ဆေးရေ အရုပ်ကားများအနက် မိန်းမတွေကို ဦးမြတ်သိန်းထွန်းက အလှူခံဘာ

ဟာ မှားသလား မှန်သလား။ အပြစ်ရှိသလား မရှိဘူးလားဟု မေးသည်။

ဦးမြတ်သိန်းထွန်းဟာ ပုထုဇန်လူဘဲ (လူ့ရင်ယူဘယ်၊သဒ္ဒါမှတည်တယ်)ဟု ဟန်ပါပါ ပြောသဖြင့် အုတ်အုတ်ကျက်ကျက် ရီမောကြသည်။

၎င်းအား ကျွန်းကလေးဆရာတော်က မေးသဖြင့် ဖြေကြားသည်မှာ.... ဦးမြတ်သိန်းထွန်း၏ ဟောချက်အားလုံးယုံပါသည်။ စာအုပ်တွေလဲ ဖတ်ဘူးသမျှယုံကြည်ပါသည်။ ဦးမြတ်သိန်းထွန်းကို ဘုရားလို့ယုံကြည်ပါသည်။ ဦးမြတ်သိန်းထွန်း လူတာနဲ့ စေတီလူတာ အတူတူပါဘဲ။ တပည့်တော် အရိယာလို့ ယုံကြည်ပါသည်။ ကျောင်းမှာ ဥပုသ်စောင့်သည့်အခါ စောင့်ပါသည်။ ဒါနသီလ မပယ်ပါ။ ပယ်လို့ မရပါ။ လူနတ်ငရဲဆိုတာ ပုထုဇဉ်တုံးက ယုံပါသည်။ အရိယာဖြစ်တော့ မယုံတော့ပါ။

ကုသိုလ်ကံ-အကုသိုလ်ကံ အကျိုးပေးမှုကို ယုံကြည်ပါသည်။ ဦးမြတ်သိန်းထွန်းကို ၎င်း၏အသက်ခန္ဓာလူဘူးရှိသားသမီး-မယားမလှူဘူးပါ။ တခြားသူများလှူတာ ကြားဘူးပါသည်။ ဘယ်သူဘယ်ဝါ မမှတ်မိတော့ပါ။

ရတနာသုံးပါး ပုတ်ခတ်စွပ်စွဲတာကို မကြားဘူးပါ။ ရတနာသုံးပါးပုတ်ခတ်ဟောရင် အပြစ်ရှိပါတယ်။ (ဘုန်းကြီးမပါ သံဃာ့ဆွမ်းကျွေး)ဆိုတာ တပည့်တော် ပြောဘူးပါတယ်။ ဦးမြတ်သိန်းထွန်းတရားနာလို့ အရိယာဖြစ်ပြီးနောက် အခြား

ဘုန်းကြီးများတရားလဲနာပါတယ်။ ဒါဘဲအားကိုးရာဘဲ၊ဦးမြတ်သိန်းထွန်းက ဒါန-သီလပယ်ရှိန် မဟောဘူးပါ။ ဘုရားဟောပိဋကတ်ကျမ်းဂန် သင်ဘူးပါတယ်။

ဦးမြတ်သိန်းထွန်းအဖွဲ့တွင် မေ့ကထိကတော့မဟုတ်ပါ။ဥက္ကဋ္ဌအနေနဲ့ တရားဟောပါတယ်။ ရှင်ပြု-ကထိန်ခင်း-ရဟန်းခံဘာအကျိုးရှိကြောင်း ယုံကြည်ပါတယ်။ အဖွဲ့တွင် ရဟန္တာအမျိုးအစား မည်ရွေ့ရှိ မရှိမသိပါ....။ သောတာပန်-သကဒါဂါမိဘယ်လောက်ရှိသလဲ မပြောနိုင်ပါ၊ ရှိပါသည်။တပည့်တော် သူများသားမယား အလှူမခံဘူးပါဟု ထွက်ဆိုပြီး ဦးထွန်းလှုက မြတ်စွာဘုရားဟာ ကာမဂုဏ်အတွက် အလှူခံဘူးပါသလားဟု မေးရာ ဘုရားကိုတော့ မသိပါဟု ဖြေကြားသွားသည်။

o o o

လက်ပံတန်းမြို့အပိုင် ကြို့ပင်စခန်းရွာနေ လယ်လုပ်စားသူအသက် ၂၆-နှစ်ရှိ ကိုထွန်းကြည်ကို စောဒကဦးထွန်းလှုက မေးသဖြင့် ဦးမြတ်သိန်းထွန်းကို ကျွန်တော်အသက် ၁၇-နှစ်က စသိတော့ ၉-နှစ်ရှိပါပြီ။ငွေးတောက်ကွင်း တရားပွဲက စသိပါသည်။ ကြို့ပင်စခန်းအသင်းတွင် အသင်းသားတယောက် ဖြစ်ပါသည်။ တရားဟော မေ့ကထိကများရှိကြ၍ ဦးသာလှ၊ ဦးသန်းမောင်တို့ဖြစ်ကြပါသည်။ ရောက်ရာအရပ်တွင် ဟောပါသည်။ ကျွန်ဘော်လဲ ဟောဘူးပါသည်။ ဦးသန်းမောင်သက်န်းဆီးပါသည်။ အဖွဲ့မှ ထွက်မထွက်တော့ မသိပါ၊ သက်န်းဆီးမှ တစုံတခုကိုမှ မဆောင်ရွက်ဘော့ပါ။

ကျွန်တော် အဒိယာဖြစ်ပါသည်။ (အရိယာနှင့်အဒိယာ ခွဲခြား
မသိပါ ။ အဒိယာတမျိုးဘဲသိပါသည်။ သစ္စာလေးပါး တပြိုင်
တည်းမသိပါ။ ဒုက္ခသစ္စာ အနည်းငယ်သိပါသည်။ သစ္စာလေး
ပါးကို သစ္စာဉာဏ်ဖြင့်သာ သိပါသည်။ ခန္ဓာနှင့်တကွ ပစ္စည်း
များအလှူမခံဘူးပါ။ ဦးမြတ်သိန်းထွန်းအား ခန္ဓာကိုယ်ကိုပေး
ဘူးပါ။ မယားစွဲ သမီးအစွဲကိုတော့ လှူပါတယ်။
မြေဖြူကိုတတောင့်ထဲလို့ ထင်တာ သန္တတိမှန်ပါတယ်....။
လေးဒေါင့်ကို သဏ္ဌာန်ပညတ်လို့ ခေါ်ပါတယ်။ ရုပ်နာမ် ရှိ
ဇင်းမျှသိပါသည်။ ရုပ်သည် တရုပ်တမျိုးရှိတာသိပါသည်။ တ
ပေါင်းတည်းသံလျှင်သမူဟပညတ်ဖြစ်ပါသည်။ တရားအားထုတ်
၍ကိုယ်တိုင်သိ တရုပ်ထဲသိပါသည်။ ရုပ်ကို တပေါင်းတည်းထင်
လျှင် ပညတ်-ပရမတ် မကွဲသေးပါ....။ တနေ့စိခွဲခြားပြောပါလျှ
ပြောရ(မပြောတတ်)။
ရုပ်ဟာ ရုပ်ဖြစ်ပါတယ်။ ထင်မှုကြောင့် ယောကျ်ား-မိန်းမ
နာမ်ရ.... ဘယ်နေ့ရာဋ္ဌဖြစ်မှန်းမသိပါ။ ဘုရားမှသိပါသည်။
နာမ်ဖြစ်ရာ ခြောက်ဌာနသိပါသည်။ အာရုံခြောက်ပါးပေါ်မှာ
ဖြစ်ပါသည်။ အတွင်းလား အပြင်လား(အဖြေမထွက်)။
မေး။ သင်္ကန်းကိုသိသလား။ သံဃာတော်များရုံထားတာ
သင်္ကန်း ဘယ်နှစ်မျိုးရှိသလဲ။
ဖြေ။ မသိပါ။ သင်ထားတဲ့ အသင်တွေကြောင့် ကန်းသွား
လို့ သင်ကန်းခေါ်တာ။
မေး။ သမုတိအားဖြင့် ဘာ့ကြောင့် သင်္ကန်းခေါ်သလဲ။
(မဖြေ။) သင်္ကန်းဝတ်သူကို ရှိသေရမလား။
ဖြေ။ ရှိသေရမယ်။

မေး။ အနာဂါမိကာ အာဂါမိကကို နားလည်သင့်သလောက် နားလည်သလား။

ဖြေ။ မသိဘူး။ စာသိကိုမသိဘူး။

မေး။ ကျောက်ဆင်းတု ကြေးဆင်းတုကို သိသလား (သိတယ်။)ရုပ်ပွါးဆိုတာကော။

ဖြေ။ ရုပ်ပွားဆိုတာ.... ပရိယတ်အားဖြင့်.... ကြေးဆင်းတု ကျောက်ဆင်းတု။ ပဋိပတ်အားဖြင့် အဒိယာ သူတော်ကောင်း တရားတွေကို ဟောနေသူ သိသူတွေကို ရုပ်ပွားလို့ ခေါ်တယ်။

မေး။ ဦးမြတ်သိန်းထွန်းကို ဘုရားလို့ ထင်သလား။ (ဘုရား ထင်ပါတယ်)။ ရောင်ခြည်တော်ခြောက်ပါးရှိသလား။ (ကျုပ်အသိ ရှိပါတယ်)။ လက္ခဏာကြီးငယ်ရှိသလား။ (မသိဘူး)။

မေး။ ဘုရားကို တိရစ္ဆာန်များသိသလား။

ဖြေ။ မသိဘူး။ အရိယာများသာသိပါတယ်။ အရိယာမဖြစ်သေး ရင်ဘုရားကိုမသိပါ။ (အားလုံးထိတ်လန့်တကြားဟယ် သံ)။

မေး။ နာဠာဂိရိဆင်ဟာ ဘုရားကိုသိသလား မသိဘူးလား။

ဖြေ။ သိမသိ မသိပါ။

ဦးမြတ်သိန်းထွန်း၏ကျင်ငယ်ရေကိုသုံးဆောင်နေတာမသိပါ ဦးမြတ်သိန်းထွန်းကို မိန်းကလေးတွေပွတ်စုတာမမြင်ပါ။ ဦးထွန်း ကြိုင်တခါမှ မအိပ်ဘူးပါ။ ဗုဒ္ဓဘာသာကျမ်းစာကို မသင်ဘူးပါ မင်္ဂလသုတ်- မေတ္တာသုတ်မသင်ဘူးပါ။ (ခင်ဗျား ကျွန်တော် ကို ပရိယတ်နှင့်မပြောပါနဲ့။ ပဋိပတ်တွေပြောမေးပါဟု ကြား ကြားဝါဝါပြောသည်။) (ဘုရားဂုဏ်တော်ကိုမသိပါ။ ဘုရား ဂုဏ် သိဿဂုဏ်သဲမသိပါဟု ဖြေဆိုသွားသည်။)

၎င်းအား ကျွန်းကလေးဆရာတော်က ဆက်လက်မေးမြန်းရာတွင် တပည့်တော်စာမတတ်ပါ။ ဦးမြတ်သိန်းထွန်းတရားကို သဘောကျပါသည်။ မည်သည့်ကျမ်းစာမှ မသင်ဘူးပါ။ ဦးမြတ်သိန်းထွန်းကို ဘုရားဟုယုံကြည်ပါသည်။ ကိုယ့်ကိုယ်ကို အရိယာဟု ယုံကြည်ပါသည်။ အိမ်မှာ ဦးမြတ်သိန်းထွန်းပုံရှိသလို ဘုရားပုံလဲရှိပါသည်။ ကိုးကွယ်ပါသည်။ လူနတ်ငရဲဆိုတယ်ဆိုတာ အရိယာဖြစ်မှ မယုံတော့ပါ။

မေး။ ဦးမြတ်သိန်းထွန်းကိုဘုရားလို့ ယုံကြည်တော့ ဦးမြတ်သိန်းထွန်းလူတာနဲ့ ရုပ်ပွားစေတီလူတာ ဘယ်သူကမြတ်သလဲ။

ဖြေ။ ဆရာ့ကိုလူတာက မြတ်ပါတယ်။ သက်ရှိချင်းအတူတူလူရင်တော့ ကိုယ်ချင်ကလေးကမြတ်ပါတယ်။

မေး။ ကုသိုလ် အကုသိုလ်ရှိသေးသလား၊ ယုံသလား။

ဖြေ။ အရိယာဥာဏ်ရမှမရှိတော့ပါ။ မယုံတော့ပါ။ မဂ်ဖိုလ်ကုသိုလ်ရှိပါသည်။

မေး။ ဥပုသ်စောင့်ဘို့ရာ လိုသေးသလား။

ဖြေ။ ဥပုသ်မှာ သီလရှိသူများစောင့်ဘို့မလိုပါ၊ ကိုယ်ရင်မဝတ်ဘူးပါဟု ထွက်ဆိုသွားသည်။ (မှတ်ချက်။ ကိုထွန်းကြိုင်မှာ စာတတ်သူမဟုတ်၍ "အရိယာ" ဆိုသောစကားကို (အဒိယာ အဒိယာ" ဟု အားရပါးရ ပြောဆိုအစစ်ခံသွားသည်)။

၀ ၀ ၀

၁၉၆၂-ခု စက်တင်ဘာလ ၃၀-ရက်(....)နေ့နံနက် ၁၀-နာရီ ၃၀-မိနစ်တွင် လက်ပံတန်းမြို့အမိုင် ကျွန်းကလေးရွာနေ လယ်လုပ်စားသူ ဦးမြဲ၏သား အသက်(...)နှစ်ရှိ ဦးလှခကျော်အား ကတင်ပမ်းဆေးသည်။

တရားသူကြီး ဦးကံရင်မေး၍ ဖြေကြားသည်မှာ ။ ။ဦးမြတ်သိန်းထွန်းကို သိပါသည်။ လွန်ခဲ့သော ၁၀-နှစ်ကျော်ကစ၍ တရားနာဘူးပါသည်။ ၎င်းကရားကို ပဒတ်ကုန်းရွာ၊.... သဲဖြူရွာ၊ လက်ပံတန်းမြို့ကျေးတောက်ကွင်းနှင့်သုံးဆယ်မြို့များတွင် နာဘူးပါသည်။

၎င်းဟောသော တရားများမှာ ပညတ်(၃)ပါး၊ ပရမတ်(၄)ပါးဟောပါသည်။ ရတနာ(၃)ပါးကို ပို၍ကြည်ညိုစရာ ဟောပါသည်။ ဘယ်ဘုရားဟူ၍ မဟောပါ၊ သီလအမြဲဆောက်တည်ရန် ဟောပါသည်။ ဦးမြတ်သိန်းထွန်းသည် ပညတ်နှင့် ပရမတ်ကို ကွဲအောင်ဟောပါသည်။

၎င်းနောက် ကျွန်းကလေးဆရာတော်ကမေး၍ ဖြေဆိုသည်မှာ။ ။ဦးထွန်းလူ၏ စွဲချက်(၈)ချက်ကို ဦးမြတ်သိန်းထွန်းက ချေလွှာရိုက်၍ ဝေတာ တွေ့ဘူးပါသည်။ စွဲချက်များအရ ဦးမြတ်သိန်းထွန်းအပေါ် အပြစ်မရှိပါ။ စွဲချက်အတိုင်း ဦးမြတ်သိန်းထွန်းက ဟောတာပါ၍ မဟောတာလည်း ပါပါသည်။

ဦးမြတ်သိန်းထွန်း ဟောတာမှာ ခြောက်လုံးပြူးနှင့် သက်န်းအနာဂါရိကနှင့် အာဂါရိကဟောပါသည်။. ရုပ်ပွါးဆင်းတုဟောပါသည်။ ဒက္ခိဏာသာခါကို ကြည်ညိုအောင် ဟောပါသည်။

ရေနစ်က ဘုရားကယ်နိုင်သလားဆိုတာမဟောပါ၊ ကျောက်ဆင်းတု ကြေးဆင်းတုများကို ရွှေချဘာနှင့် ဦးမြတ်သိန်းထွန်းကို ရွှေလှူရန်တို့ကို မဟောပါ၊ ဦးမြတ်သိန်းထွန်းအဖွဲ့တွင် အရိယာများဥာဏ်အဆင့်အတန်းအလိုက် ရှိမည်ကို ယုံပါသည်။

ဦးမြတ်သိန်းထွန်းနှင့်တွေ့တော့ အပါယ်ဘေးလွတ်အောင်

ဘုရားရပါသည်။ အရိယာဖြစ်မဖြစ်တော့ မသိပါ။ ဒါတော့ အရှင်ဘုရားတို့ ဆုံးဖြတ်ပေါ့၊ ဦးမြတ်သိန်းထွန်းဟာ သစ္စာတ ရားလေးပါးကို အမှန်ဟောလို့ ၎င်းအား ဘုရားဟု ကြည်ညို ပါသည်။ ဦးမြတ်သိန်းထွန်း၏ တရားဟောမှုများကို အားလုံး သဘောကျပါသည်။ ဦးမြတ်သိန်းထွန်းရေးသော စာအုပ်များ ကိုလဲ သဘောကျပါသည်ဟု ဖြေဆိုသည်။

ဆက်လက်၍ စေဒကာ ဦးထွန်းလှ၏ အမေးကို ဖြေကြား သည်မှာ ဦးမြတ်သိန်းထွန်း၏အိမ်တွင် သက်သေများကို ရုံးချိန်း အတိုင်းလာရန် သတိပေးဘူးပါသည်။ အခုတွင် ပါဝင်ဆောင် ရွက်ပါ။ စာရေးကြီး ဦးသင်ကို သက်သေများ ဖျားနေ၍ မ လာနိုင်ကြောင်း ကိုတင်အကြောင်းကြားဘူးပါသည်။ နောက် တနေ့ ကျန်တော်လဲ ဖျားနေ၍ လျှောက်လွှာတင်ပါသည်။ ဖျား လဲဖျားပါသည်။ ကျေးရွာတွင် အာဏာမရှိဘဲ အမှုစီရင်မိ၍ အ ပြစ်ခံရဘူးသည်ဆိုသည်မှာ မမှန်ပါ။

ရတနာသုံးပါး။ သရဏဂုံသုံးပါးကို သိပါသည်။ ရတ နာသုံးပါးနှင့် သရဏဂုံသုံးပါးတို့တွင် ဆရာမိဘများ မပါပါ တခြားစီဖြစ်ပါသည်။ ရတနာသုံးပါးနှင့် ဆရာမိဘကျေးဇူးတော အတုလ အတုမရှိ၍မတူပါ၊ဦးမြတ်သိန်းထွန်းကိုဘုရားဟုမှတ်တာ မှန်ပါသည်။ ဦးမြတ်သိန်းထွန်း၏ ချေလွှာအမှတ် ... (၂)တွင် စေတီထိုက်ဘယ်ဆိုတာ ပါတယ် မပါတယ်မသိပါ။ အပါယ် လေးပါးလွတ်အောင်ဟောသူဖြစ်၍ ဘုရားဟု ယုံကြည်ပါသည်။

ဘဒ္ဒကမ္ဘာတွင် ဘုရားငါးဆူရှိတယ်ဆိုတာ မှန်ပါသည်။ ၎င်းဘုရားများက အတုမရှိသော ဘုရားများပါ၊ ဦးမြတ်သိန်း ထွန်းဘုရားကသာဝကသုတဗုဒ္ဓစသည့်အထဲပါပါသည်၊(ဘုရားသူ

ကြီးက ဘုရားငယ်လားဟု ကြားဖြတ်မေး၍ အားလုံးရီကြသည်) ဘုရားကရားတော်ကို ပြန်၍ ဟောသောကြောင့် ဘုရားဟု ယုံကြည်ပါသည်။

သုတဘုရား သာဝကဘုရားတို့မှာ ရောင်ခြည်တော် ခြောက်ပါး ရှိ မရှိမသိပါ။ မျက်မြင်မတွေ့ဘူးပါ၊ ဦးမြတ်သိန်းထွန်း ရောင်ခြည်တော် ထွက်တာ မတွေ့ဘူး၊ ရှေးအထက်ကျော် ကာရီက ဘုရားများ၏ ရောင်ခြည်တော်ကို မဖူးခဲ့ဘူးပါ။ ဘုရားများတွင် ရောင်ခြည်တော် ခြောက်ပါးရှိသည်ဟု ယုံပါသည်။ ဦးဘိုးသင်းက ဦးမြတ်သိန်းထွန်းတွင်ရှိသည်ဟု ထွက်ဆိုတာ ကျွန်တော်မဆုံးဖြတ်တတ်ပါ။

သံကုန်းတရားပွဲတွင် (၇)ရက်စလုံး တရားနာပါသည်။ ဦးမြတ်သိန်းထွန်းက နာမပညတ်.... သဏ္ဍာနပညတ် သန္တတိပညတ်၊ ရုပ်နာမ် ခန္ဓာငါးပါး၊ အာယတန ဓါတ် ၁၈-ပါးတို့ကို ဟောပါသည်။ သက်သေ(၄)ယောက် စစ်သောနေ့က အနားတွင် ရှိပါသည်။ ဦးမြတ်သိန်းထွန်း၏ ဝိဇ္ဇာမဂ္ဂ သမ္ဘာရ အသင်းတွင် အဖွဲ့ဝင်ဖြစ်၍ ကျွန်းကလေးတွင် ဥက္ကဋ္ဌ ဖြစ်ပါသည်ဟု ထွက်ဆိုသွားသည်။

○ ○ ○

သက်ပ'တန်းမြို့အပိုင်ကွဲ့ပင်စခန်းရွာနေ လယ်လုပ်စားသူ အသက် (၆၇)ဦးဘိုးရင်အား ကျွန်းကလေးဆရာတော်က မေးမြန်း၍ ထွက်ဆိုသည်မှာ သံကုန်းဦးမြတ်သိန်းထွန်း၏ တရားပွဲတွင် (၇)ရက်နာပါသည်။ ရုပ်နာမ်(၃)ပါး၊ ခန္ဓာငါးပါး၊ အာယတန (၁၂)ပါး၊ ဓါတ်(၁၈)ပါးဟောပါသည်။

ဦးထွန်းလူက ဦးမြတ်သိန်းထွန်းအပေါ် စွဲဆိုသော စွဲချက်

(၈)ချက် သိပါသည်။ ၎င်းစွဲချက်အရ အပြစ်မရှိပါ၊ စွဲချက် (၈)ချက်လဲမမှန်ပါ၊ ဦးမြတ်သိန်းထွန်းက ၆-လုံးပြူးနှင့် သက်နိုး ဟောပါသည်။ ဦးမြတ်သိန်း တေလစ်လစ် ရေးချိုးဝယ်ဆို တာ မမှန်ပါ၊ ခန္ဓာငါးပါး တရားဟောပါတယ်၊ ဦးမြတ်သိန်း ထွန်းတရားကို ရွှေတောင်ကုန်းတွင် ၆-ရက်၊ သဲကုန်းတွင် ၄-ရက်၊ ပဒတ်ကုန်းတွင် ၂-ရက်နာကြားပါသည်။ ဦးမြတ်သိန်းထွန်း ဟောသောတရား အားလုံး သဘောကျပါသည်။ ဦးမြတ်သိန်း ထွန်း၏ စာအုပ်ထုတ်သမျှ သဘောကျပါသည်။ ဦးမြတ် သိန်းထွန်းကို ဆရာဘုရားအဖြစ် ယုံကြည်ပါသည်။

ဦးမြတ်သိန်းထွန်းကို သုတဗုဒ္ဓဟု ယုံကြည်ပါသည်၊ ဦးမြတ် သိန်းထွန်းတွင် အဆုံးမရှိသော သဗ္ဗညုတဉာဏ်ကို ရသည်ဟု ယုံကြည်ပါသည်။ ဦးမြတ်သိန်းထွန်းသည် သဗ္ဗညုတ ဉာဏ် ရ၍ တရားဟောနိုင်သည်ဟု ယုံကြည်ပါသည်။ ဦးမြတ်သိန်း ထွန်းဟာနိဗ္ဗာန်ရောက် သမာပတ်ကို ဝင်စားနိုင်သည်ဟု အယူရှိပါသည်။ ဦးမြတ်သိန်းထွန်း ဘုရားသည် သားမယား ရှိပါသည်။ (ရှိ ကြသည်။) ဦးမြတ်သိန်းထွန်းဘုရားသည် သင်္ကန်း မဝတ်ပါ၊ ပုဆိုးဝတ်ပါသည်။ ဦးမြတ်သိန်းထွန်းဘုရားတွင် [illegible] လက်ျာ ရှိ၍ ၎င်းကိုကြည်ညိုသူများဖြစ်ပါသည်။ လူ နတ် လောက ကို ယုံပါသည်။ လောကုတ္တရာကိုမယုံပါ၊ ကုသိုလ် အကုသိုလ် [illegible] တာ လောကီအနေရှိ၍ လောကုတ္တရာအနေဖြင့် မရှိပါ။ (မဂ် ဖိုလ်နိဗ္ဗာန်ကို ခံစားရသော ကုသိုလ်တို့မှာ တပည့်တော်တို့တွင် အမြဲရှိပါသည်ဟု ဆက်ပြောသည်)။ တပည့်တော် အရိယာဖြစ် ပါသည်။ ဦးမြတ်သိန်းထွန်းဟာ ဘုရားဖြစ်ပြီဟုထင်ပါသည်။ တ

ပည့်တော်လဲ တရားသဘော တရားဆောင်၍ ဘဝပြတ်ပြီဟု ယုံကြည်ပါသည်။

ဦးမြတ်သိန်းထွန်းလှုတာက ရုပ်ပွားဆင်းတုများကို လှူတာ ထက်မြတ်ပါသည်။ ဦးမြတ်သိန်းထွန်းဘုရားဟာ ရောင်ခြည်တော် ... သွယ်ရှိပါသည်။ (ရှိကြသည်။) ဦးမြတ်သိန်းထွန်းဘုရားဟာ ဘုရားဖြစ်အောင် ဒုက္ကရစရိယာကျင့်ကယ်ဟုယုံကြည်ပါသည်။ (၎င်း၏အသံထွက်မှာ "ဒုက္ကစရိယာ" ဖြစ်ပါသည်။ "ဒုက္ကရ" နှင့် "ဒုက္က" သဲကွဲပုံ မပေါ်)။ ဂေါတမဘုရား ပဋ္ဌာဂင် ဟောသလို တပည့်တော်တို့အား ဦးမြတ်သိန်းထွန်းဘုရားက ဟောသည်ဟုယုံကြည်ပါသည်။

ဦးမြတ်သိန်းထွန်းဘုရားဟာ အိမ်မှာတွင်နေပါသည်။ ဦးမြတ်သိန်းထွန်းဘုရားဖြစ်တာ ၁၀-နှစ် ၁၂-နှစ်ကျော်က ဖြစ်သည် ဟု ယုံကြည်ပါသည်။ ဘုရားဖြစ်ပြီးနောက် ဦးမြတ်သိန်းထွန်းအား မိန်းမ ယောကျ်ားများလှူကြပါသည်။ အလှူခံပြီး (ဆရာပစ္စည်း အနေဖြင့် မင်းတို့သုံးစွဲကြ) ဟုပြောပြီး လွှတ်လိုက်ပါသည်။ ဦးမြတ်သိန်းထွန်း ဘုရားဖြစ်ပြီးနောက် သက်ရှိသားမယားနှင့်အတူ မနေပါ။ ၎င်းတအိမ်နေပါသည်။ ဦးမြတ်သိန်းထွန်း ဘုရားဖြစ်တော့ ဘပည့်ရဟန်းများရှိပါသည်ဟု ထွက်ဆိုသည်။

၎င်းအား.... စေ့ဒကဦးထွန်းလှုဘခမ်း၍ ထွက်ဆိုသည်မှာ ပဒတ်ကုန်းက ဦးလှတင် သုံးဆယ်မှုဦးဘရွှေတို့ဟာ ဦးမြတ်သိန်းထွန်း၏ဘပည့်များဖြစ်ကြပါသည်။ ဦးလှတင် ဦးဘရွှေတို့ဟာ လက်ဝဲရံ လက်ျာရံဆိုတာ ဦးမြတ်သိန်းထွန်း ဘုရားမှ သိပါသည်။ ဦးမြတ်သိန်းထွန်း၏အယူကို တပြည်လုံးဘယ်ရွေ့ ဘယ်လောက်ယူသည်ဟုမသိပါ....။ လက်ပံတန်းနယ်တွင် (၁၀၀၀)

လောက်ရှိ၍ ဦးမြတ်သိန်းထွန်းအယူအတိုင်း ယူကြပါသည်။ ၎င်းအယူမှာမှန်ပါသည်။ ဦးမြတ်သိန်းထွန်းတရား လိုက်စားသူအငး လုံးမှန်သည်ဟု ယူဆပါသည်။

ဦးထွန်းလှက ဦးမြတ်သိန်းထွန်းရေးသည့် စာအုပ်တအုပ်ကို ပြသည်။ ဦးဘိုးရင်က အမြဲတန်းလက်ကိုင်ရှိသည့်ဟု ပြောသည်။ ၎င်းစာအုပ်တွင် လူပျိုကြီး အပျိုကြီးကို အနာဂါမိတ်ဟု ရေးထားတာမှန်ပါသည်။ စာမျက်နှာ ၁၆-တွင် ရေးထားသော မျက်နှာ ဘယ်သူ့ကိုရေးကြောင်းမသိပါ။ (ဦးထွန်းလှအား ပြန်လှန်ပြလျက်မေးသဖြင့်) ဒကာ ဒကာမတော်တာ ဘုန်းကြီးတွေအားဖြစ်ပါသည်ဟုပြောသည်။

၎င်းနောက် ဆက်လက်ဖြေသည်မှာ ဦးလှတင်ရေးသော စာအုပ်သာ ဒီပနီရှိပါသည်။ ၎င်းစာအုပ်၌ လူပျိုကြီး-အပျိုကြီးနှင့်အနာဂါမိကတွေကြောင်း ရေးထားတာ မှန်ပါတယ်။ သုံးဆယ်ဦးဘာရှုရေးသားသောစာအုပ်တွင် ရေးသားတာလဲမှန်ပါသည်။ ဦးမြတ်သိန်းထွန်းရေးတာမှန်ပါသည်။

ကြို့ပင်စခန်းရွာတွင် ဝိဇ္ဇာမဂ္ဂသမ္မာရအဖွဲ့ရှိပါသည်။ အသင်းသား(၂၀)ခန့်ရှိ၍ဥက္ကဋ္ဌဖြစ်ပါသည်။ ဦးမြတ်သိန်းထွန်းကိုကြည်ညို၍ ပူဇော်ပွဲတိုင်းသွားပါသည်။ အခု သက်သေလိုက်ရန် ဘယ်သူကမှ မခေါ်ပါ။ သက်သေလိုက်ချင်လို့ ဦးဘရွှေကညှိလိုက်ခြင်းဖြစ်ပါသည်။ သဲကုန်းတရားပွဲတွင် ဦးဘရွှေကတရားဟော၍ ဦးလှဘင်က ဥဒါန်းရွတ်ပါသည်။ ကြို့ပင်စခန်းမှ ဓာတ်မြှုပ်လဲ တရားဟောပါသည်။ နောက်တပတ်က ပြောနေတာမှန်ပါသည်။ (၄)ယောက်စစ်တဲ့နေ့က မပါ ပါဟု ထွက်ဆိုသွားသည်။

○ ○ ○

သာယာဝတီမြို့နယ် သဲဖြူရွာနေ အသက်(၅၀)ရှိ ဦးထွန်းရှင်အား ကျွန်းကလေးဆရာတော်မေး၍ ထွက်ဆိုသည်မှာ ဦးထွန်းလူ၏စွဲချက်(၈)ချက်ကိုသိပါသည်။ ဦးမြတ်သိန်းထွန်း၏ချွဲချက်ချေလွှာကို ဖတ်ဘူးပါသည်။ စွဲချက်အရ ဦးမြတ်သိန်းထွန်းအပေါ် အပြစ်မရှိပါ။ ဦးထွန်းလူ၏စွဲချက်ဟာ အမှားများသာဖြစ်ပါသည်။ ဦးမြတ်သိန်းထွန်းတရားပွဲကို သာယာဝတီခရိုင်အတွင်း ဟောသမျှ နာဘူးပါသည်။ နာသမျှယုံကြည်ပါသည်။ ဦးမြတ်သိန်းထွန်းရေးသောစာအုပ်ကိုလဲ ဘတ်ဘူးပါသည်....။ သဘောပေါက်သမျှ ယုံကြည်ပါသည်။

ဦးမြတ်သိန်းထွန်းကို မိန်းမတဆောင်လှူတယ်ဆိုတာ မသိပါ (ဦးထွန်းရှင်ကော မိန်းမလှူခဲ့ဘူးသလားမေး၍ မိန်းမထင်လေး အထင်အစွဲကို လှူခဲ့ဘူးပါသည်ဟု လျှောက်ထားသည်။) ဦးမြတ်သိန်းထွန်းဟာ အခန်းထဲမှာတရားစမ်းတယ်ဆိုတာ မမှန်ပါ။ ဦးမြတ်သိန်းထွန်းကို ဘုရားဟုထင်ပါသည်။ (ရီကြသည်။)ဦးမြတ်သိန်းထွန်းဘုရားဟာ သဗ္ဗညုတဉာဏ် ရှိမရှိ၊ရမရ မသိပါ။ ဦးမြတ်သိန်းထွန်းဘုရားဟာ ဂေါတမဘုရားကိုမမြင်ဘူး၍ မသိပါ။ ဦးမြတ်သိန်းထွန်းကိုသာ ဘုရားဟု သိပါသည်။

ဦးမြတ်သိန်းထွန်းဘုရားဟာ ပုဆိုး အင်္ကျီဝတ်ထားသော်လဲ ဘုရားဉာဏ်တော်ရ၍ ပုဆိုးမရှိ-သင်္ကန်းမရှိ သိချင်သိမယ်။ (ဦးမြတ်သိန်းထွန်းဘုရားဟာ အိမ်နှင့်နေသလား-ကျောင်းနှင့်နေသလားအမေးကို ဘုရားအသိဟာ အိမ်-ကျောင်းအသိမရှိပါဟု လျှောက်သည်)။ဦးမြတ်သိန်းထွန်းဘုရားသည် လူနှင့်တိုင်းထားသောအသိအားဖြင့် အိမ်မှာလည်းနေပါသည်....။ သားမယားလည်း ရှိပါသည်။

ပွင့်တော်မူသွားသော ဘုရားများတွင် ရောင်ခြည်တော်ခြောက်ပါးရှိသည်ဆိုသည်မှာ စာသာတွေ့ဘူး၍ မယုံကြည်ပါ။ ဦးမြတ်သိန်းထွန်းဘုရားတွင် ရောင်ခြည်တော်ခြောက်သွယ်ရှိသည်ဟု ယုံကြည်ပါသည်။ ဦးမြတ်သိန်းထွန်းဘုရားတွင် ပွားဘက်တော်များမှာ ဂဲ-ပုလင်း-မိန်းမများသာ ဖြစ်ပါသည်ဟုပြော၍ (အားလုံးက ရီကြသည်)။ (မှတ်ချက်။ ၎င်း၏ဖြေကြားချက်မှာ ဦးမြတ်သိန်းထွန်းသည် မိန်းမများနှင့်ပတ်သက်လျက် အမြဲမပြတ် အနယ်နယ်တွင် ခဲနှင့်ပုလင်းနှင့်ပေါက်လျက် နှင်ထုတ်ခံခဲ့ရသည်ကို ရည်ရွယ်ပြောဟန်တူသည်။)

တပည့်တော်ဟာ တရားအမှန်းရသူ တယောက်ဘဲထင်ပါသည်။ ဦးမြတ်သိန်းထွန်းဘုရားတွင် လကျာ လက်ဝဲ ရှိ-မရှိမသိပါ။ ပွင့်တော်မူသောဘုရားများကိုရည်စူးသည့် ရုပ်ပွားဆင်းတုလူတာနှင့် ဦးမြတ်သိန်းထွန်းလူ့တာ စောဘနာသန်ရာတွင်သာ မြတ်ပါသည်။ လူရဟန်းရှိတယ်ဆိုတာ ယုံကြည်ပါသည်။ လူ-နတ်ငရဲဆိုတာ ပုထုဇဉ်အမြင်သာရှိ၍ အရိယာများအတွက် မရှိပါ။ ကုသိုလ်-အကုသိုလ်ကံသည် ပုထုဇဉ်များအပေါ်တွင်သာ ရှိပါသည်။ တပည့်တော်တွင် သမ္မာဒိဋ္ဌိအမြန်မှန်ရ၍ မရှိတော့ပါ။ (ဘုန်းကြီးမပါ သံဃာဆွမ်းကျွေး)ဆိုဘာ တပည့်တော်တို့ရွာတွင် မပြောခဲ့ဘူးပါဟု ထွက်ဆိုသွားသည်။

ဦးထွန်းရှင်အား ဧစာဒက ဦးထွန်းလှကမေး၍ ဆက်လက်ဖြေကြားသည်မှာ လွန်ခဲ့သောအပတ်က မန္တလေးဘုရားဖူးသွား၍ မလာနိုင်ပါ။ လမ်းတလျှောက်လုံးဖူးသမျှဘုရားတွေထဲတွင် စေတီ-ရုပ်ပွား-ကြေး, ကျောက်ဆင်းတုများပါ ပါသည်။ (ဗမာပြည်မှာ ဘုရားတွေဒီလောက်များပြီး လူတွေတရားမရ

တာ ကျွန်တော်အင်မတန် ဝမ်းနည်းတယ်ဟု ပရိသာတ်ကိုပြော သည်။)ကျွန်တော်ကိုယ်တိုင်ဖူးခဲ့တာပါ။ (ဘုရားဖူးတာ သူများ အငှါးဖူးလို့ ဘယ်ဖြစ်မလဲဟု ရီဖြိဖြိပြောသည်)။ မဟာမြတ်မုနိ ဘုရားတွင် ရွှေချခဲ့ပါတယ်။ မဟာမြတ်မုနိဘုရား ရွှေချတာနဲ့ ဦးမြတ်သိန်းထွန်းကိုရွှေချတာ တူပါသည်။

အလှူခံတကျပ်လေးကို သိပါသည်။ ရေတွက်၍မပုံနိုင်ပါ ပြောသဖြင့် ဦးထွန်းလူက ရေတွက်ပြပြီး အဟိတ်တိရစ္ဆာန် ခွေး ကိုလှူတာနဲ့ သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားကိုလှူတာစေတနာတူရင် တူပါသည်။ ဦးမြတ်သိန်းထွန်းက သကၠိန်းနှင့်ခြောက်လုံးပြူးကို ကျည်ဆံမပါသော်လဲ ကြောက်ရသည်ဟု ဥပမာပေး၍ ဟော ပါသည်။

သဲကုန်းဘုရားပွဲတွင် ဥဒါန်းရွတ်၍ ဟောခဲ့ပါသည်။ ကြိုပင် စခန်းမှ မစိန်မြ တရားဟောမဟော မသိပါ။ (ကျောင်းတကာသီး ဆံတောက်ကြီးနှင့်ကြီးရင်ဘန်းကြီးဘို)ဟု ဥပမာပေး၍ ဟောပါသည်။ (ရီကြသည်) ရုပ်ပွါးဆိုတာ... ကြေးဆင်းတု ကျောက်ဆင်းတုသာ ဖြစ်ပါသည်။ ဦးမြတ်သိန်းထွန်းက မိန်းမ က ရုပ်ပွါးသည်ဟု မဟောပါ။ ၎င်းတို့၏တရားဟောသော ပုဂ္ဂိုလ်များသည် ရုပ်ပွါးများဖြစ်ပါသည်။။

သဲဖြူရွာ၊ ငွေ့ဇာမဂ္ဂသမ္ဘာရအဖွဲ့တွင်.... ပါပါသည်။ ဦးမြတ် သိန်းထွန်းက မမကထိက လက်မှတ်ပေးထားပါသည်။၎င်းအား ငွေအား လူအား ကူညီပါသည်။ ယခု သက်သေလိုက်ခြင်းမှာ ကျွန်တော့်ဘာသာ လိုက်ခြင်းဖြစ်ပါသည်။ ဦးဘရွှေကို ပြော ၍ လိုက်ပါသည်။ ငါးပြားစေ့ တစေ့မှ မကိုက်ရပါဟု ပြော

သဖြင့် ကိုက်ချင်တာရှိရင်ပြော ကိုက်ရမည်ဟု.... ဦးထွန်းလူက ပြော၍ ပရိသတ်က ရီကြသည်။

ဝ ဝ

လက်ပံတန်းမြို့နယ် ပန်းတက်ကန်းရွာနေ လယ်လုပ်သူ အသက် (၄၁)ရှိ ကိုမြမောင်ကို ကျွန်းကလေးဆရာတော်က မေး၍ ထွက်ဆိုသည်မှာ ဦးထွန်းလူ၏ စွဲချက် (၇)ချက်နှင့် ဦးမြတ်သိန်းထွန်း၏ ချေလွှာကို မဘတ်ဘူးပါ၊ စွဲချက် (၇)ချက်ကို သိပါသည်။ စွဲချက်အရ ဦးမြတ်သိန်းထွန်းအပေါ် မပြစ်မရှိပါ။ စွဲချက်လဲ တခုမှ မမှန်ပါ။ ဦးထွန်းလူက ဘယ်လိုသဘောနဲ့ကယ်ဆိုတာ မသိပါ။ ဘုရားမနှစ်ဘူးဘဲနဲ့ သူများပြောစကားနှင့် စွဲခြင်းဖြစ်ပါသည်။

ဦးမြတ်သိန်းထွန်းတရားကို အားလုံးသဘောကျပါသည်။ ဦးမြတ်သိန်းထွန်းရေးသောစာအုပ်များကို အသင့်အတင့် ဖတ်ဘူး၍ ဘတ်ဘူးသမျှ သဘောကျပါသည်။ ဦးမြတ်သိန်းထွန်း တရားကိုနာရ၍ တရားကျပါသည်။ ဦးမြတ်သိန်းထွန်းကို ဘုရားဟု ထင်ပါသည်။ ဦးမြတ်သိန်းထွန်းဘုရားက.... ရောင်ခြည်တော် ခြောက်သွယ်ရှိပါသည်။ သဗ္ဗညုတ ရွှေဉာဏ်တော်လည်း ရရှိပါသည်။

ဦးမြတ်သိန်းထွန်းဘုရားသည် အိမ်မှာဘဲနေပါသည်။ ဦးမြတ်သိန်းထွန်းဘုရားက ပုဆိုးအင်္ကျီဝတ်ထားပါသည်။ ဦးမြတ်သိန်းထွန်းဘုရားတွင် သားမယားလဲရှိပါသည်။ ဦးမြတ်သိန်းထွန်းဘုရားမှာ လက်ဝဲရံ လက်ျာရံ ရှိပါသည်။ ဦးမြတ်သိန်းထွန်းက စေ့ကထိက လက်မှတ်ပေးထားသူများအား လက်ဝဲ လက်ျာဟု ယူကြည်ပါသည်။ ပွင့်တော်မူသော ဘုရားတွင် ...ားသက်တော်

များရှိသလို ဦးမြတ်သိန်းထွန်းဘုရား၌ဖွားဘက်တော်ရှိ မရှိမသိပါ....။ တပည့်တော် ပုထုဇဉ် အရိယာ မဆုံးဖြတ်ပါ၊ တရားလိုက်သူတဦးသာ ဖြစ်ပါသည်။ ဥပုသ်စောင့်သည့်အခါ စောင့်ပါသည်။]

ဘဒ္ဒကမ္ဘာတွင် ဘုရားလေးဆူပွင့်ပြီးကြောင်း တပည့်တော်ယုံပါသည်။ ဦးမြတ်သိန်းထွန်းဘုရားဟာ ၎င်းဘုရားလေးဆူနှင့် တူပါသည်။ ဦးမြတ်သိန်းထွန်းလှူတာနှင့် ဘုရားကိုယ်စား ရုပ်ပွါးဆင်းတုတော် လှူတာ စေတနာအရ အတူတူဖြစ်ပါသည်။ နောက်ဘဝဆိုတာ မယုံကြည်ပါ၊ အတိတ်ဘဝရှိတယ်လို ယုံကြည်ပါသည်။ လူ-နတ်-ငရဲ-ရှိတယ်လို မယုံတော့ပါ၊ ကုသိုလ် အကုသိုလ်ရှိတာ မယုံကြည်ပါ၊ ရှင်ပြု-ရဟန်းခံ ဆွမ်းလောင်းခြင်းသည် အကျိုးရှိပါသည်။

ဦးမြတ်သိန်းထွန်းတရားနာပြီး ရွှေတိဂုံဘုရားနှင့် အခြားဘုရားများ ဖူးဘူးပါသည်။ ဦးမြတ်သိန်းထွန်းဘုရားဖူးရဘာနဲ့ ရုပ်ပွားဆင်းတုတော်ဖူးရတာ စေတနာအားဖြင့် အတူတူဖြစ်ပါသည်။ ဦးမြတ်သိန်းထွန်းဟာ အာသဝေါကင်းသူ ဟုယုံကြည်ပါသည်။ တပည့်တော်ကိုယ်ကို မဆုံးဖြတ်နိုင်ပါ ဟု ဖြေကြားသွားသည်။

၎င်းအား စာဒက ဦးထွန်းလူက မေးသဖြင့် ဖြေကြားသည်မှာ သဲကုန်းဘုရားပွဲတွင် ၆-ရက်နာပါသည်။ မောင်ထွန်းကြိုင်အိမ်ပေါ် အခြားသူများ မတက်ရအောင် မစောင့်ရပါ။ ဦးဘိုးသင်းစောင့်နေတာ မတွေ့ပါ၊ ဦးမြတ်သိန်းထွန်းက မြဲ့

မယောကျ်ား တရားဟောပါသည်။ မိန်းမများလဲအလှူခံပါသည်။ မိန်းမများကိုလည်း တရားဟောပါသည်။ တရားပြတာနဲ့ တရားဟောတာအတူတူပါဟု ထွက်ဆိုသွားသည်။

သာယာဝတီမြို့နယ် ဖိုးခေါင်ရွာမှ အသက် (၁၉)နှစ်ရှိ ဦးအောင်ပုက ကျွန်းကလေးဆရာတော်၏အမေးကို ဖြေဆိုသည်မှာ ဦးထွန်းလူ စွဲချက်(၇)ချက်အားလုံးမသိပါ။ ဦးမြတ်သိန်းထွန်းအပေါ် အပြစ်မရှိဟုထင်ပါသည်။ ဦးထွန်းလူ၏ စွဲချက်ဟာ အားလုံးမှားနေသည်ဟုထင်ပါသည်။ ဦးမြတ်သိန်းထွန်း တရားကို(၃)ခါမျှနာဘူးပါ၍ သဘောကျပါသည်။ ဦးမြတ်သိန်း ရေးသောစာအုပ်မဖတ်ဘူးပါ။ သက်သေခံရန် ဦးဘရွှေတသည့် ရှိလိုက်ခဲ့ရပါသည်။တရားနာ၍ တရားမရပါ။ဦးမြတ်သိန်းထွန်းကို ဘုရားဟုမထင်ပါ။ တရားဟောသူဟုထင်ပါသည်ဟု ထွက်ဆိုသည်။

ငင်းအား စောဒကဦးထွန်းလူကမေး၍ ဖြေကြားသည်မှာ အချက်သာနာခဲ့၍ ကျန် ၆-ရက်ဟောချက်များ အပြစ်ရှိ-မရှိမသိပါ။ ဝိဇ္ဇာမဂ္ဂသင်္ဂါရအဖွဲ့တွင် ဦးဘရွှေဟာ ဥက္ကဋ္ဌလား-သာမန်လားမသိပါ။ တရားဟောသူသာသိသည်။ဦးမြတ်သိန်းထွန်းဟာ လယ်ဝေးမှ မအုန်းမြင့်နှင့် အရှုပ်အရှင်းမသိပါ။ငါးသိုင်းချောင်းကိစ္စလဲမသိပါ။ ဦးမြတ်သိန်းထွန်း၏ဗွားဘက်တော်ဟာ ခဲ့ပုလင်း မိန်းမများသာ ဖြစ်တယ်ဟုမကြားဘူးပါ။ ဦးဘရွှေက ငွေပေးလို့ သက်သေလိုက်တာမဟုတ်ပါဟု ဖြေကြားသွားသည်။

လက်ပံတန်းမြို့အဝိုင် ကျွန်းကလေးရွာမှ အသက် ၇၂-နှစ်ရှိ

လယ်လုပ်စားသူ ဦးရွှေလွန်းအား ကျွန်းကလေးဆရာတော်က မေးသဖြင့် ထွက်ဆိုသည်မှာ ဦးထွန်းလူ၏ စွဲချက်(၇)ချက်ကိုသိပါသည်။ စွဲချက်များအရ ဦးမြတ်သိန်းထွန်းအပေါ် အပြစ်မရှိပါ။ စွဲချက်များလည်း လုံးဝမမှန်ပါ။ ဦးမြတ်သိန်းထွန်းတရားကို အားလုံးသဘောကျပါသည်။ ဦးမြတ်သိန်းထွန်းရေးသော စာအုပ်များဖတ်ဘူးသမျှ အကုန်သဘောကျပါသည်။

ဦးမြတ်သိန်းထွန်းကို အစိုး ဉာဏ်တော်နှင့်နှိုင်းယှဉ်၍ တပည့်တော်၏ဘုရားဖြစ်ပါသည်။ ဦးမြတ်သိန်းထွန်းက အဆုံးမရှိတဲ့ဉာဏ်တော်ရှိပါသည်။ ဦးမြတ်သိန်းထွန်းဘုရားဟာ အိမ်မှာမိန်းမနှင့်နေပါသည်။ ဦးမြတ်သိန်းထွန်းဘုရားတွင် ဖွားဘက်တော်များရှိပါသည်။ ဦးမြတ်သိန်းထွန်းဘုရားက ပုဆိုးနှင့်နေပါသည်။ သင်္ကန်းနှင့်မနေပါ။ ဦးမြတ်သိန်းထွန်းဘုရားက ဒုက္ခစရိယာကျင့်ပါသည်။ ကျင့်လို့သာဘုရားဖြစ်ပါတယ်။ ဦးမြတ်သိန်းထွန်းဘုရားက ဘုရားဖြစ်ပြီး ဓမ္မစကြာတရားဦး ဟောပါသည်။ သဗ္ဗညုတဉာဏ် ရ-မရမသိပါ။

တပည့်တော်တရားသိသာဖြစ်လို့ အရိယာ ပုထုဇဉ်မပြောလိုပါ။ နောင်ဘဝ မရှိတော့ပါ။ လူနတ်ငရဲရှိတယ်ဆိုတာ ယုံပါတယ်၊ အကုသိုလ်-ကုသိုလ်ကိုလဲယုံပါတယ်။ ရုပ်ပွားနဲ့ ဆင်းတုဟာ တခြားစီပါ။ အရုပ်ကပွားလာတာ ရုပ်ပွားဟုခေါ်သည်။ (ရှိကြသည်။)ဆင်းတုကတော့ မြတ်စွာဘုရား အဆင်းတော်ကို တုထားသော ကြေးဆင်းတု-ကျောက်ဆင်းတုများဖြစ်ပါသည်။ ဦးမြတ်သိန်းထွန်းနှင့်ဆင်းတူလူတာ ဦးမြတ်သိန်းထွန်းလူတာက မြတ်ပါသည်ဟု ထွက်ဆိုသည်၊

၎င်းအား စာဒကဦးထွန်းလူကမေးသဖြင့် တရားဟောသော သူများမှန်သမျှ မိန်းမဖြစ်ပါစေ ရုပ်ပွားဖြစ်ပါသည်။ ကြူပင် စခန်းရှာ၊က မစ်န်မြဲဟာ မမှစေတီထိုက်ပါသည်။ စွဲချက်ကိုဖြေ ထားသော်လည်း ဦးထွန်းလူစွဲချက်ဟာ ပြောသံကြားစွဲချက်ဖြစ် လို့ မမှန်ပါ။ ဦးမြတ်သိန်းထွန်းက လက်တွေ့ ဖက်ပွေ့ဟော တယ်ဆိုတာ ကျောက်သင်ပုန်းမှာ လက်နဲ့ စာရေးတာ လက်တွေ့ ဖြစ်ပါတယ်။

ဦးမြတ်သိန်းထွန်းရေးသည့် ပဋ္ဌာန်းစွေဒီပနီ စာမျက်နှာ ၃၆ တွင်(ယောဂီ၏ခန္ဓာကိုယ် အလယ်ပဟိုရ်အတွက်)ဟု ရေးသားထား ခြင်းဟာ မှန်ပါသည်။ ပရမတ်ဆိုတာ တခုထဲသာ ဖြစ်ပါသည်။ ပညတ်ဆိုတာလဲ တခုထဲသာဖြစ်ပါတယ်။ သဗ္ဗညုတဉာဏ်ဘူးပါ။ ပရမတ္ထ(၄)ပါးဆိုတာ မမှားပါ။တရားအခြေအရာပါးသာဖြစ် ပါသည်။ သင်္ကေတ အသင်္ခါတပရမတ်ဥာဏ်ပိုင်းမှာ အတူတူဖြစ် ပါသည်။အသင်္ခါတမှာ အနိစ္စ-ဒုက္ခအနတ္တရှိပါသည်။ အသင်္ခတ ပရမတ် သင်္ခတပရမတ် မသိပါ။ ပရမတ်မသိဘဲနဲ့ အရိယာလုံးဝ မဖြစ်နိုင်ပါ။ သန္တတိနှင့်နာမပညတ်သည် ပုဒ်ကွဲသော်လည်း အ တူတူပါဟုဖြေသည်။ (ဦးထွန်းလူက သဘာဝတရား ပြောပြီး ထပ်မေးတော့ မတူပါဟု ဖြေသည်။)

အာဂါရိကနှင့် အနာဂါရိက အကျင့်သိက္ခာခြင်း မတူပါ။ ၇-နှစ်သို့ပိသာခါသည် အာဂါရ မုနိဖြစ်သည်။ ပညာဝုဓ်နှင့် ညားတော့ အာဂါရမုနိဟုဖြေသည်။ ဘဝဘယ်နှစ်မျိုးရှိသလဲအ မေးကို(အများကြီးဘဲဟု ဖြေသည်။) ဘဝကြီး ၉-ပါး မကြား ဘူးပါ။ အတိတ်-အနာဂါတ်-ပစ္စုပ္ပန် ဘဝ ၃-ပါးရှိပါသည်။ ဉပဋ္ဌာန်ကို ပဋ္ဌာန်းသန္တေကို နားမလည်ပါ။

ဦးမြတ်သိန်းထွန်း ရောင်ခြည်တော် ထွက်တယ်ဆိုတော့ နီလ ပီတ သြဒါတ မဉ္ဇတ စသော ရောင်ခြည်တော်မျိုးလားဟု မေးရာ မဖြေတတ်သဖြင့် နီလရောင်ခြည်တော်ဟာ ဘယ်လိုအရောင်လဲဟုမေးတော့ ရဲသောရောင်ခြည်တော်၊ ရွှေသောရောင်ခြည်တော်က (မပူ-မပင်)ဟုဖြေ၍ ရီကြသည်။

ဦးမြတ်သိန်းထွန်းဘုရားဖြစ်ရန် ဒုက္ခစရိယကျင့်တယ်လို့ ပြောတယ်။ သရက်ပင်အောက်မှာကျင့်သလား၊ ဘယ်မှာကျင့်သလဲဟု မေးရာ အိမ်မှာကျင့်တယ်ဖြေ၍ (ရီကြသည်)။ (အကျင့်အကြံ ပေါ်၍ ဓမ္မခံဆောင်ထားတာ ခင်ဗျားမသိဘူးလားဟု ဦးထွန်းလူ အား မေးပြော ပြောသည်။) အိမ်မှာကျင့်တော့ အခန်းထဲမှာလား၊ခြင်ထောင်ထဲမှာလား....၊ ဘယ်မှာကျင့်သလဲအမေးကို အခန်းထဲကျင့်ချင်ကျင့်မယ်၊ တန်းလျားပေါ်ကျင့်ချင်ကျင့်မယ်ဟု ဖြေ၍ (ရီကြပြန်သည်)။ ဘုရားဖြစ်ပြီး တရားဦးဟောဘာ မသိပါဟု ထွက်ဆိုသွားသည်။

စုဒိဘက (တရားခံ)ဦးမြတ်သိန်းထွန်း၏ သက်သေများကိုစစ်ဆေးပြီး၍ နှစ်ဦးနှစ်ဘက်လျှောက်လွှဲချက်ပေးရန် ၁၉၆၂—ခုနှစ် အောက်တိုဘာလ ၇-ရက်နေ့ကို ရက်ချိန်းပေးခဲ့သည်။

၎င်းရက်ချိန်းတွင် ဦးမြတ်သိန်းထွန်းလျှောက်ထားချက်အရ၊ စောဒက (တရားလို)ဦးထွန်းလူ၏ လျှောက်လွှဲချက်ကို ဦးမြတ်သိန်းထွန်းကိုယ်တိုင် လာရောက်နားထောင်လျက် အချက်အလက် ကျမ်းကိုးကျမ်း ကား အထောက်အထားများဖြင့် ချေပလိမ့်မည်ဟု ယုံကြည်မျှော်လင့်ခဲ့ကြသော်လည်း ချိန်းဆိုထားသည့်နေ့ရက်တွင် လာရောက်ခြင်းမရှိဘဲ ဦးမြတ်သိန်းထွန်း၏ သခက်ကိုဟန်ကြည်နှင့် ၎င်းတို့၏အဖွဲ့ဝင်များသာ လာရောက်

နွားထောင်ကြလျက် ဦးမြတ်သိန်းထွန်း၏ လျှောက်လွှဲချက်ကို ကျွန်းကလေးရွာနေ ဦးလှကျော်က တင်သွင်းသည်။

စောဒက ဦးထွန်းလူကမူ လျှောက်လွှဲချက်ပေးရန် ကြိုတင်စီမံခဲ့ခြင်းကြောင့် လျှောက်လွှာစက္ကူနှင့်စာမျက်နှာ(၂၀)ကျော်ခန့်ရှိသော လျှောက်လွှဲချက်ကို ဝိနည်းဓိုရ်ဆရာတော်များအား ခြေတော်ဦးခိုက်ရှိခိုးလျက် စကားပလ္လင်ခံကာ အောက်ပါအတိုင်း လျှောက်ထားသွားသည်။

## စောဒက ဦးထွန်းလူက လျှောက်လွှဲချက်ပေးရာတွင် စောဒက၏ သက်သေထွက်ချက်များမှ ကောက်နှုတ်ချက်များ။

စွဲချက်(၁) စုံဒိတကချေလွှာတွင် ဝန်ခံထားပါသည်။

နံပါတ်(၁)သက်သေ ကိုလှရွှေ။ ခြောက်လုံးပြူးနှင့်သက်နိုင်းအတူတူဖြစ်သည်ကြောက်လို့ ရှိခိုးရကြောင်း။

နံပါတ်(၂)သက်သေ ဦးစံထွား။ ရတနာသုံးပါး မရှိသေးပုံအထောက်အထား သံဖြူတရားပွဲတွင်သောတာပန်ခွါသေးသေး သကဒါဂါမ်ခွါသေးသေး အနာဂါမ်ခွါသေးသေး ခွေးသာသာ ဟုတရားနာ ပရိသတ်များကလိုက်ဆိုရန် ဟောကြားကြောင်း၊ စိတ်ပုတီးများအသုံးမကျ၍စွန့်ပစ်ရန်ရင်း ရှေ့သို့ပို့ရခြင်း၊ မဲဇလီကုန်းကျောင်းဘုန်းကြီးသည် တဏှာမရှိဘူးလားဟု ကိုသိန်းမောင်အားမေး၍ တဏှာရှိကြောင်းဖြေဆိုရာ တဏှာဘဏှာချင်းပေး ခွေးဘဲဖြစ်မည်ဟုဟောပြောပါသည်။ ရန်ကုန်မြို့ လမ်းဖြ

ပုလိပ်ကို ဥပမာပေး၍ ပုတီးစိပ်သူ-ဘုရားရှိခိုးသူ လူဘွယ်များနှင့် ဆွမ်းအုပ်တောင်းများဖြင့် လာသူများတွေ့ပါက ဘေးကို-ဘေးကိုဟု လက်ခုတ်တီးလွှတ်ပါသည်ဟု ဟောပြောပါသည်။(လိုရင်းမှာ ဒါန-သီလ-သမထများကိုပယ်ရန် တိုက်ရိုက်ဟောပြောခြင်းဖြစ်ပါသည်ဘုရား)။

နံပါတ်(၅)သက်သေ ဦးသာဒင်။ ဦးမြတ်သိန်းထွန်း၏လက်မှတ်ရ ဓမ္မကထိကများက (သံဃာ)များကို သူတို့လဲနှစ်ထပ်စားတယ်။ဒို့လည်းနှစ်ထပ်စားတယ်။ ယိုတော့ချီးဘဲယိုတယ်။ သူတို့ကျွေးမွေးနေတာ ဘာကူးသလဲဟုဟောပါသည်။

နံပါတ်(၆)သက်သေဦးချစ်ရေး။ သဲကုန်းတရားပွဲမဏ္ဍပ်တွင် တရားမဟောမီ ကြိုတင်၍ဦးမြတ်သိန်းထွန်း လာမည့်နေ့တွင် သံဃာတော်များဆွမ်းကျွေးရာ ဆရာတော်များက ဘာအလိုရှိသလဲဟုမေးမြန်းရာ တာဝန်ခံလူများ(ဦးဟာဝါ)က ဘာမှအလိုမရှိကြောင်းပြော၍ သံဃာတော်များ၏ ပရိတ်တရား ဆွမ်းတရား ငါးပါးသီလမျှ ခံယူဆောက်တည်မှုမပြုဘဲ ဆရာတော်များ ပြန်ကြွကြရပါသည်။

နံပါတ်(၁၇) သက်သေ ကိုမောင်ကြွယ်။ သဲကုန်းတရားပွဲမဏ္ဍပ်တွင် သံဃာတော်များဆွမ်းဘုန်းပေးပြီးအပြန်နှင့် ဦးမြတ်သိန်းထွန်းဂျစ်ကားနှင့်အလာ ရွာမနီးမဝေးတွင်မြင်ရသဖြင့် ဦးမြတ်သိန်းထွန်းက သံဃာတော်များကို (ငနဲတွေပြန်သွားပြီဟုပြောသံကြားကြောင်းထွက်ဆိုပါသည်)။

နံပါတ်(၁၄)။ ။သက်သေ၊ ဦးမောင်သက်၊ စာတွေ့မမှန်ကြောင်း (ကျောင်းဒကာသမီး ဆံတောက်ကြီးနှင့်ကြီးလျှင်ဘုန်းကြီးဟိုဟု) ဥပမာပေးဟောကြောင်း။

နံပါတ်(၁၆)။ သက်သေကိုမောင်ဟန်။ ဦးမြတ်သိန်းထွန်း ထိုင်ဝိုင်းတရားပွဲတွင် ခလေးမကလေး၄-ယော် ကိုမေးပါသည်။ နင့်တို့အမေများက ပိုက်ဆံပေးဘူးပါသလား ဟုမေးရာ ပေးဘူး ကြောင်းဖြေပါသည်။ နင့်တို့ကို လှူဘို့ပေးတာလားဟု ထပ် မေးပါသည်။ မဟုတ်ပါဘူး ဖြေသဖြင့် အလှူမခိုင်းဒါကိုသင် သားတာမဟုတ်(ခလေးပါးစပ်နတ်စောင့်သည်ဟု ဟောပြောပါ သည်၊နောက် နင့်တို့မိဘများက ဥပုသ်စောင့်ခိုင်းသလားမေးရာ မခိုင်းပါဟု ဖြေသဖြင့် (ခလေး ပါးစပ် ... နတ်စောင့်သည်ဟု ဟောပြောပါသည်။ (ဒါနသီလ-ပါယ်ပုံ။)

နံပါတ် (၁၈) သက်သေမောင်လှကြိုင်။ဦးမြတ်သိန်းထွန်းဟာ ငါတရားဟောထွက်တဲ့အခါမှာ ရဲအုပ်တဦး ခြောက်လုံးပြူး နှင့်တွေ့ရာ ခြောက်လုံးပြူးမှာအဆန်မပါကြောင်း တွေ့ရသဖြင့် အဆန်မပါဘဲ ဘာပြုလို့ချိတ်ထားရသလဲဟုမေးရာ ချိတ်ထား တာက လူရိုသေအောင် ပြောပြီး ဘုန်းကြီးများဟာ မင်းတို့ဘိုး ဘွား ဘီဘင်လက်ထက်က ဦးချခိုင်း၍ ဦးချရကြောင်း အမှန်မှာ ဘာမျှအားကိုးမရှိကြောင်း ဟောပြောပါသည်ဟု ထွက်ဆိုပါ သည်။

နံပါတ်(၁၀) သက်သေဦးစိန်ထွန်း၊၎င်းသက်သေသည် ငါး ပါးသီလခံ ဆောက်တည်ယုံမျှမက မိမိသည် မဟုတ်မမှန်ထွက် လျှင်အပါယ်ကျ၍ဟုတ်မှန်တာထွက်လျှင် နိဗ္ဗာန်ကို မျက်မှောက် ပြုရပါလို၏ဟု ဗုဒ္ဓရှိသတ်ရှေ့မှောက်တွင် ကျိန်စာဆို၍ ထွက်ဆို သောသက်သေဖြစ်ပါသည်ဦးမြတ်သိန်းထွန်သည်ဗုဒ္ဓတရားတော် ကို ရိုရိုသေသေ ဟောတာမဟုတ်ပါ မလေးမစားဟောကြောင်း ယုံကြည်ပါသည် ဟု ထွက်ဆိုပါသည်။ ဦးမြတ်သိန်းထွန်းဟော

ကြားချက်များတွင် ဘုရားတရား ဂုဏ်များမပါကြောင်း ထွက်ဆိုပါသည်။ ဘုန်းကြီးများဟာ သူများလာပို့သော ဆွမ်းကို စားကာနီးတော့ကြေးစည်သွားထုတယ်၊ ဤတွင်ကြေးစည်က (အမယ်လေး မအေရိုး-နှစ်မရိုး) သူကတော့ မိန်းမနှင့်စကားပြောပြီး ငါ့ကိုထုကြောင်းပြောရာ (ပရိသတ်က ရယ်မောကြသဖြင့်) နောက်တကြိမ်ထပ်ပြောပါသည် ဟု ထွက်ဆိုပါသည်။ ဦးမြတ်သိန်းထွန်းသည် သမဏနတ်သား ဟောရာတွင်(ရဟန်းအပုတ်တော့) နတ်သမီးတွေနှင့်တွေ့တယ် နတ်သမီးတွေကလည်း နတ်သားဆာနေတဲ့ နတ်သမီးတွေ နတ်သားဆာမှာပေါ့ ပိန်းရွက်ဖင်ခုနေတဲ့နတ်သမီးတွေဘဲ၊ နတ်သားကလဲ ပိန်းရွက်ဖင်ခုတာဘဲဟု ဟောကြားပါကြောင်း။

စာအုပ်သက်သေခံ-ဓမ္မကထိကဒီပနီစာမျက်နှာ၂၆-ကြောင်းရေ ၅ မှ ဂအထိ (ပုထုဇဉ်အန္ဓဗါလတို့၏ ဟောပြောချက်ကား နိဗ္ဗာန်ကို အသံပြုရုံမျှနှင့် မိမိအား ရှိသေဘို့လှူဘို့ဟောလေ့ရှိ၏။ တပည့်တကာ ကကာမတွေ့သေလျှင် ဘယ်ကိုရောက်ရောက်တာ ငန်မယူမှတ်ပါးကြတော့-နပ်ကြတော့)ဟု ရေးသားဖြန့်ချိ ထုတ်ဝေရောင်းချ ဟောပြောစေပါသည်။

နံပါတ်-၂-စွဲချက်။ ။စုတိဒက၏ ချေလွှာတွင် တာဝန်ခံချေပထားပါသည်။

နံပါတ်-၁-သက်သေ။ ။ကိုလှရွှေ အနာဂါရိကသည် လူပျိုကြီး၊ အပျိုကြီးများဖြစ်ကြောင်း ဟောပြောပါသည်ဟု ထွက်ဆိုပါသည်။ စာအုပ်သက်သေခံများမှာ

(၁) မဟာဓမ္မကထိကဒီပနီ ဖမောင်ထွန်းမြင့်မူပိုင် စာအုပ်မျက်နှာ ၆-စာကြောင်းရေ ၂၅-၂၆တွင် (၁)အာဂါရဓမ္မ အိမ်

ထောင်ပြုလျက် သိမြင်သောတရား အနာဂါရိမှာကိုယ်ဘည်း သိမြင်သောတရားဟု ပါရှိပါသည်။

(၁) ပဒစ္စေဒဒီပနီ မဒ္ဒေးသိန်းမှုပိုင် စာအုပ်စာမျက်နှာ ၁၂၇ စာကြောင်းရေ ဂတွင်အိမ်ထောင်မပြုဘဲတကိုယ်တည် တယောက်ထည်း လူပျိုကြီးအပျိုကြီး ရသေ့မယ်သီလစသော လောကီတို့သည် ဝိပဿနာဉာဏ်ကိုရပါက ကလျာဏ ပုထုဇဉ် စုဋ္ဌသောတာပန်အခြေသို့ ဆိုက်ရောက်ခဲ့သော(အနာဂါရိမှုနို) အိမ်ထောင်မရှိ ရဟန်းဟု ဆုံးဖြတ်ပြီးပြီဟု ပါရှိပါသည်။

(၃)။ ။မဟာမင်္ဂလာဝိပဿနာဒီပနီ သုံးဆယ်မြို့ သူကြီးဦးဘဆွေ၊ ဒေါ်ပန်းငွေမှုပိုင်စာအုပ်စာမျက်နှာ ဂ၉-စာကြောင်းရေ ၁၇-၁ဂတွင် အိမ်ထောင်ရှိသဲအာဂါရိမှုနိုရဟန်းမှတ် အိမ်ထောင်မရှိရင်လဲ အာနာဂရမှုနိုရဟန်းမှတ်ဟု ပါရှိပါသည်။

စွဲချက်-၃-စုတိဒက ချေလွှာတင် ငြင်းဆိုထားပါသည်။

နံပါတ်-၁-သက်သေ၊ကိုလှရွှေ ရေနစ်က ငါ့ဆရာကကယ်နိုင်သည်။ မင်းတို့ကိုးကွယ်ထားသော ကျောက်ဆင်းတု ကြေးဆင်းတုများက မကယ်နိုင် လက်ကြီးအသေဘဲဟု ဟောပြောကြောင်း ထွက်ဆိုပါသည်။

နံပါတ်-၁၆- သက်သေ၊ ကိုမောင်ဟန်၊ ဦးမြတ်သိန်းထွန်း ဟောပြောပုံမှာ ခန္ဓာတခုသုံးမှာ ရှ ဘုယ်များသာ ရှိကြောင်း ၎င်းတရားများမှာ ပညတ်တရားစေတီ ၄—ပါးဟာလည်း ပညတ်တရား ၎င်းစေတီများလည်းချိုးတုံး၊ သေးတုံး မက်စရာမရှိပါဟု ဟောပြောကြောင်း ထွက်ဆိုပါသည်။

နံပါတ်-၂၀- သက်သေ၊ ဦးစံထွန်း ဦးမြတ်သိန်းထွန်းက ပရိသတ်များကို မေးပုံမှာ ကျောက်ဆင်းတု ကြေးဆင်းတု အ

နားမှာ လူတယောက် ရေနစ်နေလျှင် ကယ်နိုင်ပါမလားဟော့ဟုမေးရာ ပရိသတ်များက မကယ်နိုင်ကြောင်း ဖြေပါသည်။ ပရိသတ်ကို ဘာပြုလို့ မကယ်နိုင်သလဲဟု ဆရာကိုမေးဟု ခိုင်းရာ ပရိသတ်ကမေးသဖြင့် ဦးမြတ်သိန်းထွန်းက အသေကြီးဖြစ်လို့ဟု ဖြေပါသည်။ ကြေးဆင်းတု ကျောက်ဆင်းတုကသစ္စာ ၄-ပါးတရားဟော နိုင်သလားဟော့ မေးရာ ပရိသတ်မှာ မဟောနိုင်ပါဟု ဖြေ၏။ ဘာပြုလို့ မဟောနိုင်သလဲမေးစမ်းဟော့ ပရိသတ်မှမေးရာ အသေကြီးမို့လို့ ပြောပါသည်ဟု ထွက်ဆိုပါသည်။

နံပါတ်—၂၁—သက်သေ၊ ကိုသာအိဒိန္နေဟာ တိုက်ပွဲဟုပြော၍ (ပဋ္ဌမဟောစ တပို့တွဲလဆုပ် ၆-ရက်နေ့) ကျောက်ဆင်းတု ကြေးဆင်းတုများအား ဘာလုပ်နိုင်သလဲ ရေထဲတွန်းချ ကန်ချဆွဲနိုင်သလား မဆွဲနိုင်ဘူး ဟု ပြောပါသည်။ ဒါဟာအရုပ်ညာတွေဟု ဟောပြောပါသည် ဟု ထွက်ဆိုပါသည်။

စွဲချက် ၄—။စုတိဒက၊ ချေလွှာတွင် ချေဆိုထားပါသည်။

နံပါတ်-၁-သက်သေ၊ကိုလှရွှေ၊ ရုပ်ပွားဆင်းတုတော်ဆိုသည်မှာ မိန်းမများက လူတွေပွားသွားသလိုဘဲ ဒါတွေအားမရလို့ ဒက္ခိဏာသာခါတောင် အမြောင်ထားကြသေးသည် ။ကိုးကွယ်ကြသေးသည်။ ဟောပြောကြောင်းထွက်ဆိုပါသည်။

နံပါတ်-၂-သက်သေ- ဦးစံထွား၊ကြေးဆင်းတု ကျောက်ဆင်းတုချားသည် အရုပ်။ရင်းဆင်းတုများကမပွားနိုင်၊ မိန်းကလေးမျက်နှာမြင်တာကသာ တယောက်ပြီးတယောက် ပွားလို့ ရုပ်ပွားဟု ဟောပြောကြောင်း ထွက်ဆိုပါသည်။

နံပါတ်-၂၁-သက်သေဦးသာအိ တအိမ်တခုကျအရုပ်ကလေး

တော့ထုလုပ်ထားကြတယ် တချို့က ဒီတွင်မက ဒက္ခိဏာသာခါ လေးတောင် အမြှောင်ထားကြပါသေးသည်ဟု.... ဟောပြော ကြောင်းထွက်ဆိုပါသည်။

နံပါတ်-၂၂—သက်သေ၊ ဦးပု၊ ကြေးရုပ်၊ ကျောက်ရုပ်များ ဟာ ရုပ်ပွားမဟုတ် မိန်းမများသာ ရုပ်ပွားဖြစ်ပါသည်။

စွဲချက်-၅-စုတိဒက၏ ချေလွှာတွင် စွဲချက်တင်သူ၏ သံသယမကင်းသော ထင်မြင်ချက်ပြောသံကြားဖြစ်လို့ ချေလွှာတင် လျှောက်စရာမလိုပါဟု ငြင်းကွယ်ထားပါသည်။

နံပါတ်—၂—သက်သေ၊ ဦးစံထွား၊ ဦးမြတ်သိန်းထွန်းကိုယ် တိုင် အခန်းကာကြောင်း ယောဂီမကလေးကို ဆရာအား.... မ ကြောက်နှင့် ဆရာကြီးအသားနှင့်ထိလျှင် တရားသိမည်ဟုသိ လားဟုပြောဆိုကြောင်းထွက်ဆိုပါသည်။တရားပြသောနေရာအ ရေးကြီးကြောင်း........ ဦးမြတ်သိန်းထွန်းက ပြောကြောင်း.... ထွက်ဆိုပါသည်။ ဆရာကြီးကိုယ်တိုင် ကိုထွန်းကြိုင် မသိန်းရွှေ တို့အိမ်ပေါ်တွင် အခန်းကာကြောင်းထွက်ဆိုပါသည်။ ရေချိုး ခန်းတွင် အဖစိတ်-အပေါက်စိတ်ဟုဟော၍ မှန်လျှင် သာဓု ခေါ်ဟုပြော၍သာဓုခေါ်သံကြားရကြောင်း ထွက်ဆိုပါသည်။

နံပါတ်(၉)သက်သေ မသိန်းရွှေ။ မိမိအိမ်တွင်ဆရာကြီးအိပ် ရန် ကန့်လန့်ကာ ကာ၍ ခြင်ထောင်‘ထောင်ထားပါသည်။ဆရာ ကြီးကုတင်ရှေ့တွင် တပြားတည်း ညှော့သည်မိန်းမများ အိပ်ကြ ကြောင်းထွက်ဆိုပါသည်။ ဆရာကြီးဘုရားဟောဆင်းကာနီး ငါ လှသလားလို့ မေးသည်ဆိုခြင်းမှာ မဟုတ်ပါ။ကျမကသာ စမတ် ကျနေတာဘဲဟုရယ်ကာ ပြောခြင်းဖြစ်ကြောင်း ထွက်ဆိုပါ သည်။

နံပါသ်(၆)သက်သေဦးချစ်ရေး။ ဆရာကြီးတည်းခိုသော အိမ်ပေါ် တရားဆွေးနွေးရန်ရောက်သွားရာ ဆရာကြီးနှင့်တရားမဆွေးနွေးရဘဲ ဦးဘိုးသင်းကပြန်ဆင်းရန်လက်ပြ၍ပြန်ဆင်းလာခဲ့ရကြောင်း။

နံပါတ်(၁၃)သက်သေမောင်တင်ဝင်း။ ဦးထွန်းကြိုင် မသိန်းရွှေတို့အိမ်ပေါ် ညအချိန်ရောက်ဘူးပါသည်။ အိမ်ပေါ်တွင်ဘုရားစင်နေတာတွေ့ပါသည်။ တရားစစ်သောနေရာတွင် ကန့်လန့်ကာများကာထားပါသည်။ အခန်းတွင်းသို့မိန်းခလေးများကိုတယောက်ချင်းခေါ်သွားပါသည်။ သုံးယောက်ခေါ်စစ်ပါသည်။ ခလုခါးတံခါးဝတွင် ဦးဘိုးသင်းစောင့်နေပါသည်ဟု မျက်မြင်ဒိဋ္ဌထွက်ဆိုပါကြောင်း။

နံပါတ်(၂၃)သက်သေမောင်စောမြင့်၊ရေချိုးခန်းထဲတွင်ကိုယ်လုံးတည်းနှင့် (ဆရာကြီးဦးမြတ်သိန်းထွန်း) ခလေးခလေး ၂-ယောက် တွေ့ရကြောင်း မျက်မြင်ထွက်ဆိုပါသည်။

နံပါတ်(၇)မောင်လှငွေ။ မောင်စောမြင့်ပြော၍ ဆရာကြီးကိုယ်လုံးတည်း ရေချိုးနေကြောင်း တွေ့ရပါကြောင်းထွက်ဆိုပါသည်။

နံပါတ်(၁) သက်သေ ကိုမောင်သွယ်။ ဆရာကြီးကိုယ်လုံးတည်းရေချိုးနေကြောင်း မောင်လှငွေအိမ်မှာမေးရာ ဦးဘိုးရှင်း ဦးအောင်စိန်၊ ကိုအောင်သိန်း၊ ဒေါ်ဖွားသီ၊မောင်သိန်းချစ်၊ရွှေကျီး စသောလူများရှေ့တွင်မေး၍ မောင်စောမြင့်က ဆရာကြီးကိုယ်လုံးတည်းရေချိုးနေကြောင်း တွေ့ရသည်ဟု ပြောပါသည် ထွက်ဆိုပါကြောင်း။ တရားဟောရာ ယောကျ်ားကလေးများကိုအခေါ်ခိုင်းပါသည်။ မဟောပါ။မိန်းကလေးများထိုသာတရား

ပြနေပါသည်။ ယောကျ်ားကလေးများကို မပြပါ။ (မြတ်စွာဘုရားအား အငွေ့နှင့်အတွေ့ကို ဘယ်ဒင်းကြေနပ်သလဲဟု မေးရာ မိန်းကိုလေးများက မဖြေပါ။) နင်တို့အိမ်ထောင်ကျသောအခါ အရုပ်ကလေးများနှင့် ခါတ်ပုံပေးရင် ကြေနပ်ပါမလား။မကြေနပ်၊ လူကိုယ်တိုင်ရမှကြေနပ်မယ်မဟုတ်လား။ ဒါဖြင့် ငါဘုရားပေါ့၊ ငါနှင့်ကိုယ်တိုင်တွေ့ပြီ မဟုတ်ဘူးလားဟုပြောပါသည်။ မထွေးနှင့် အခြားယောဂီ ၃-၄ ယောက်ပါလာပါသည်။ မထွေးနှင့်ကျွန်တော် ရေတွင်းမှာတွေ့ပါတယ်။ နက်ဖြန်ပြန်တော့မည် တရားအကုန်သိကုန်ပါပြီဟုပြောကြောင်း ထွက်ဆိုပါသည်။

နံပါတ်(၁၄)ဦးမောင်သက်။ နတ်ပြည်ရောက်တော့ နတ်သမီးက ဖင်ယား-နတ်သားက ဆာတယ်။ဖင်ယားမှာပေါ့ ပိန်းရွက်ဖင်ခုထိုင်ထားတာဘဲ၊နတ်သားကလဲ ပိန်းရွက်ဖင်ခုထိုင်ထားတာဘဲ၊ နောက်ယောကျ်ားစိတ်ဆိုးတော့ ခြင်ထောင် ၄-ဘက် ကြိုးပြတ်သည်မိန်းမကစိတ်ဆိုးတော့ ငရုပ်ဆုံကိုထောင်းတယ်ဟုဟောပြောကြောင်း ထွက်ဆိုပါသည်။

နံပါတ်(၁၀)သက်သေ ကိုမောင်မှင်။ ဆရာကြီးကမယားလှူမှ တရားရမည်ဆို၍ ကျွန်တော်၏မယား မခင်ရွှေကိုလှူရကြောင်း နောက်မတရားလိမ်လည်၍အလှူခံသဖြင့် ကျွန်တော်မကျေနပ်၍ ဆရာကြီးက ငါမကျူးလွန်သေးပါ။ ဆရာမှားတာသီးခံပါဟု ဦးအောင်ဝင်းရှေ့တွင် တောင်းပါကြောင်း။

နံပါတ်(၈) သက်သေ မခင်ရွှေ။ ဆရာကြီးအား ကျမယောကျ်ားများက တရားပြရန်လှူသဖြင့် ညအချိန်အခန်းထဲလိုက်သွားရာ ကာမကိုရယူရန် ဆရာကြီးကပြုကျင့်သဖြင့် ရုန်းကန်၍ ပြန်လာပြီး ကျမယောကျ်ားကိုတိုင်ကြောင်း။

နံပါတ်(၁၁)သက်သေ ဦးအောင်ဝင်း။ ဆရာကြီးက ကိုမောင်မှင်သူမှားတဲ့အကြောင်း ကျွန်တော့ရှေ့ တင်တောင်းပန်ကြောင်း ကြားသိရကြောင်းထွက်ဆိုပါသည်။

နံပါတ်(၂၅)သက်သေ ဆရာကျော်။ ဆရာကြီး မတရားကြံစည်ကြောင်း မောင်မှင်နှင့် မခင်ရွှေတို့က တိုင်ကြား၍ တရားပွဲ တာဝန်ခံဖြစ်သည့်အတိုင်း.... ၎င်းတို့အား.... တောင်းပန်ထားရကြောင်း။ ပေါင်းတည်မှမောင်တင်ညွန့်မိန်းမ ဆရာကြီးနောက်လိုက်လာ၍ မောင်တင်ညွန့်သဲဖြူလိုက်လာပြီး ရွေးနောင်တော်ဘုရားများ သည်လိုဘဲထားဆို၍ ငိုပိုသောကြောင့် ဆရာကြီးက ကျွန်တော့အားတောင်းပန်ခိုင်း၍ တောင်းပန်ပြီးပြန်လွှတ်ရသည်

နံပါတ်(၁၂)တရားသူကြီးဦးကျော်။ ဦးမြတ်သိန်းထွန်းသည် ၁၉၄၁-၄၂-ခုနှစ်လောက်က ရာဇသတ်ကြီးပုဒ်မ ၁၀၇-နှင့်အပြစ်ခံရဘူးကြောင်း၊ ၎င်းပုဒ်မမှာ တရားစမ်းရာ မှမိန်းကလေးများကို ကိုင်တွယ်စမ်းသပ်ခြင်း၊ မဖွယ်မရာပြုသဖြင့် မိဘမောင်ဘွားများ က ခဲ-ပုလင်းစသည်တို့ဖြင့် ပစ်ခတ်ခြင်း စသည့်ဆူပူမှုများဖြစ်ပွားပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံတော်အစိုးရက ၎င်းအပေါ်တွင် ရာဇသတ်ကြီးပုဒ်မ ၁၀၇-အရတရားစွဲဆိုရာ ပြစ်မှုထင်ရှား၍ အပြစ်ခံရကြောင်း။

၁။ သတင်းစာအထောက်သက်သေ။ လှယ်ဝေးမြို့တွင် မအုံးမြင့်တရားပြကိစ္စ ရုံးတော်တွင် သတင်းစာ တင်ပြထားပါသည်။

၂။ ယခုမကြာမီ ငါးသိုင်းချောင်းတွင် တရားဟောမှုကိစ္စ ခဲပေါက်ခံရကြောင်း သတင်းစာရုံးတော်တွင် သက်သေခံတင်ပြထားပါသည်။ ၎င်းသတင်းစာ၏ နောက်တနေ့ဖြေကြားချက်

မှာ ရဲဌာနာက သူတို့ကိုမတိုင်ကြားကြောင်း၊ တိုင်ကြားသည်ဆိုသည်မှာ မဟုတ်ကြောင်း ဖြေဆိုထားကြောင်း။ သို့သော် သူ၏သမီးမကျင်ငွေက သူနှင့်အတူ ငါးသိုင်းချောင်းကိုရောက်ကြောင်း ၎င်းအိမ်မှမိန်းမခိုးမှုကြောင့် ခဲပေါက်ကြောင်း ဖြေရှင်းထားပါသည်။

စဒိတက၏ထွက်ချက်တွင် သူများသားမယား တထောင်ခန့်အလုပ်ခံထားကြောင်း၊ သားမယားအဖြစ် သုံးစွဲလျှင်အပြစ်မရှိကြောင်း ထွက်ဆိုထားပါသည်။

စွဲချက်နံပါတ်(၆)စဒိတကချေလွှာတွင် ငြင်းပါယ်ထားပါသည်။

နံပါတ်(၁)သက်သေ ကိုလှရွှေ။ သဲကုန်းတရားပွဲတပို့တွဲလဆုတ် ၁၂-ရက်နေ့တွင် သူ၏ကျင်ငယ်ရေသည် ရောဂါအမျိုးမျိုးပျောက်ကြောင်း ဟောပြောကြောင်း ထွက်ဆိုပါသည်။

နံပါတ်(၃)သက်သေ ဦးဘိုးလှိုက်။မကြည်ကို ပုလင်းငါးရကြောင်း၊ ပုလင်းပြန်ရသောအခါ ကျင်ငယ်ရေအနံ့နံကြောင်း ထွက်ဆိုပါသည်။

နံပါတ်-၄-သက်သေ မကြည် ကျွဲသတ်ရွာမှ မမြရွှေက ပုလင်းအငါးခိုင်း ဦးဘိုးလှိုင်အိမ်တွင် ပုလင်းတလုံးငါးပေးရပါသည်။ လူမမာ မသန်းလှ ၀င်ဗိုက်ကို လိမ်းပေးရပါသည်။၎င်းသေးသည် ဆရာကြီးဦးမြတ်သိန်းထွန်း သေးဟု ပုလင်းငှားသူမမြရွှေကပြော၍ သိရကြောင်းထွက်ဆိုပါသည်။

နံပါတ်—၁၃—သက်သေမောင်တင်ဝင်း နေ့တိုင်း နေ့တိုင်းတရားပွဲကို ရောက်ကြောင်း အပျော်မသိ အခေါ်ကြီးဘယောက်

ဆရာကြီးဦးမြတ်သိန်းထွန်း၏ ကျင်ငယ်ရည်ကို ပုလင်းနှင့်ထည့်၍ စီပိုင်းပေါ်တွင် တင်ထားတာမြင်ကြောင်း ထွက်ဆိုပါသည်။

နံပါတ်-၁၉-သက်သေ မမြခင် လက်ပံတန်းမြို့ ဦးဘိုးထွား ထံ ပဲရောင်းသွားရာ ၎င်း၏မယားမစောတင်က သေးပုလင်း သုံး ပုလင်းအနက် တပုလင်းကိုပြပါသည်။ ၎င်းသေးရည်မှာ ဆရာ ကြီး ဦးမြတ်သိန်းထွန်း၏ သေးဖြစ်၍မျက်စင်းခတ်က ရောဂါ ပျောက်ကင်းကြောင်း ပြောပါသည်။ ၎င်းနေ့မှာ ဆရာကြီး၏ သဲကုန်းတရားပွဲပြီး၍ပြန်သောနေ့ဖြစ်ကြောင်း ထွက်ဆိုပါသည်။ စုဒိတက၏ အစစ်ခံချက်တွင် ၎င်းကျင်ငယ်ရည်ကို သုံးချင်သုံး ပေလိမ့်မည်ဟု ထွက်ဆိုထားကြောင်း။

စွဲချက်နံပါတ်-၇-စုဒိတက၏ ချေလွှာမှာပင် တဝန်ခံထား ပါသည်ဘုရား။

နံပါတ်-၅-သက်သေဦးသာဒင် စောဘ ိလေးဆူရုပ်ကို ဟော ပါသည်။ ကြေးဆင်းတု ကျောက်ဆင်းတုများမှာ အဋ္ဌိဟာအဋ္ဌိ ဘဲ ကြေးဟာကြေးဘဲဟု ဟောပြောကြောင်း။

နံပါတ်—၆—သက်သေဦးချစ်ရေး ဆရာကြီး၏ဆံပင်များကို မောင်လှမောင်က ရိပ်ပေးတာကို မြင်ပါသည်။ ၎င်းဆံပင်များ ကို ဦးဘိုးသင်းက လက်နှင့်ခံယူပြီး လှမောင်တို့ကို ကိုးကွယ်ရန် ယူထားကြဟု ဦးမြတ်သိန်းထွန်းက ၉၆-ပါးကင်းမည်ဟု ပြော ကြောင်း၊ မျက်မြင်နားကြားထွက်ဆိုပါသည်။ ဦးဘိုးသင်းက လည်း သူကိုယ်တိုင်ကိုးကွယ်ထားကြောင်း ထွက်ဆိုပါသည်။

စာအုပ်သက်သေ—ဓမ္မေသန—ဓမ္မကထိက ဦးလှတင်—ဒေါ် သန်းမေ ပဒတ်ကုံး မူပိုင်စာအုပ်စာမျက်နှာ ၃၂-ကြောင်း ၁၇ မှ ၂၀-တွင် ယောဂီ၏တကိုယ်လုံး ဓမ္မစေတ ီမှုဟု ပါရှိပါသည်။

စဲ့ချက် ဂ- စုတိတက၏ ခေါ်လှာတွင် ငါပြန်တော့မည်ရ တနာသံ သာသနာသံတွေ မရှိတော့ဘူးဟု ချေပထားပါသည်။

နံပါတ်-၂-သက်သေဦးစံထွား ကြေးတိုး ကျောက်တိုးများကို ဘုရားဟုထင်နေတာဟာ အနွ အဲဒါဘုရား မဟုတ် အရုပ် ဆရာကြီး ဦးမြတ်သိန်းထွန်းက ငါသာဘုရား ကြေးတိုးကျောက်တိုးများ ဘုရားထင်၍ ရှေခိုတာ အကျိုးမရှိ ငါ့ကိုရှေခိုမှ အကျိုးရှိသည်ဟု ရင်ပါတ်ကဆဲ့ကြိုးကို.... ဆွဲ၍ထုတ်ပြပါသည်ဟု ထွက်ဆိုပါကြောင်း။

နံပါတ်-၁၄-သက်သေ ဦးမောင်သက် ဦးမြတ်သိန်းထွန်း၏ သံကုန်းတရားပွဲ အစတရက် နောက်ဆုံးတရက် သွားရောက်တရားနာပါသည်။ အစနေ့မှာ.... တပည့်ရေ.... ဒီနေ့ဘုရားဖြစ်တဲ့ နေ့သစ္စာလေးပါးတရားတော် ဟောမည်။ ၎င်းကို....ဦးလည်းချ ထိုက်ပါတယ်၊ ဘုရားလဲထူးထိုက်ပါတယ်ဟု ဟောပြောကြောင်း နောက်ဆုံးနေ့တွင် ၄-နာရီထိုးချိန်တွင် ဘုရားပရိတ်နိဗ္ဗာန် စံမယ် သာသနာကွယ် ပါလိမ့်မည်ဟု ဟောပြောကြောင်း။

နံပါတ်-၂၂-သက်သေဦးပု မနက်ဖန်တော့ ငါပြန်တော့မည် သံကုန်း၌ ၁နတွင်သာသနာကွယ်တော့မည်ဟုဟောပြောကြောင်း ထွက်ဆိုပါသည်။

နံပါတ် ၂၁—သက်သေဦးစိန်ထွန်း [ဆရာကြီးမဟော မီ သုံးဆယ်မြို့ မမ္မကထိက ဦးဘရွှေက ဘုရားပွင့်နေတာ ၆-ရက်တိုင်တိုင်ရှိနေပါသည်။ ယနေ့ဟာ ၇-ရက်မနက်ဖြန်တော့ ဘုရားပရိတ်နိဗ္ဗာန်ပြုတော့မယ်၊ အဲဒါကြောင့် လာရောက်နာကြားကြသော ပရိသတ်များ လေးလေးစားစား နာယူရန် တိုက်တွန်း ထွက်ဆိုပါသည်။ ]

စာအုပ်သက်သေခံရင်း ရေးသောမဟာ [ ဓမ္မကထိက ဒီပနီစာအုပ် စာမျက်နှာ ၃ဝ-စာကြောင်းရေ၂၄-တွင် ထိုကဲ့သို့ ဘုရားရှင်၏တရား ကိုဟောနေသူ။ ဆုံးမပြသနေသူကိုဘုရားအစစ်ဟူ၍ မှတ်ရမည်ဟု ရေးသား ပါရှိပါသည်ဘုရား။ ]

## စုဒိတက၏ သက်သေထွက်ချက်များမှ ကောက်နုတ်ချက်။

စွဲချက်-၁- စုဒိဒက၏ချေလွှာတွင် ငြင်းခံထားပါသည်ဘုရား။

နံပါတ်-၁-သက်သေဦးကံထွန်းက အဆန်မပါသော ခြောက်လုံးပြူးကိုလည်း ကြောက်ရကြောင်း.... သဲကုန်းရွာမဏ္ဍပ်တွင် ၂-ရက်ကျော် တရားမဟောမိ ဘုန်းကြီးရော သီလမခံယူဆွမ်းတရားမနာ ပရိတ်ဟရေး မနာပါကြောင်း။

နံပါတ်-၃-သက်သေမောင်ထွန်းကြိုင်ထွက်ချက်မှာ ရိုသေတာနှင့် ကြောက်တာ မတူကြောင်းထွက်ဆိုပါသည်။

နံပါတ်-၅။သက်သေဦးပန်း ရဟန်းတော်များ ဆဲရေးတိုင်းထွာလျှင် အပြစ်ရှိ မရှိ မသိကြောင်းထွက်ဆိုပါသည်။

နံပတ်-၆-သက်သေဦးသန့် ဘုန်းကြီးမပါ သံဃာဆွမ်းကျွေးဆိုသည်မှာ မိမိကိုယ်တိုင်ပြောဘူးကြောင်း သင်္ကန်း၏အမျိုးအစားမသိကြောင်း သင်္ကန်းတွင် အခေါ်းမည်မျှရှိသည် မသိပါဟု ထွက်ဆိုပ ကြောင်း။

နံပါတ်-၇-သက်သေဦးထွန်းကြည်သင်ထားတဲ့ အသင်တွေ ကန်းသွားလို့ သင်္ကန်းခေါ်ကြောင်း ပဉ္စပအားဖြင့် ဘုရားဂုဏ် တရားဂုဏ် သံဃာဂုဏ် မသိပါကြောင်း ထွက်ဆိုပါသည်။

နံပါတ်—၉—သက်သေကိုဆိုးမေ။ သက်နှင့် ခြောက်လုံးပြူး ဥပမာပေးခြင်းမှာ ပိုရှိရှိသေအောင်ပေးခြင်းဖြစ်ပါသည်။

နံပါတ်-၁၁-သက်သေ ကိုသာလှ။ သက်န်းကြောက်တာနှင့် ခြောက်လုံးပြူးကြောက်တာ တမျိုးစီဘဲဟု ထွက်ဆိုပါသည်။ ကြောက်တာ အကုသိုလ်စိတ်ဟု မသိပါကြောင်း ထွက်ဆိုပါသည်။,

နံပါတ်-၁၃-သက်သေဦးဘိုးရင်။ ခြောက်လုံးပြူးနှင့်သက်န်း ဥပမာပေးဟောကြောင်း မှန်ပါသည်။

နံပါတ်—၁၄—သက်သေဦးထွန်းရှင် ဦးမြတ်သိန်းထွန်းဘုရားသည် ပုဆိုးအင်္ကျီဝတ်ထားသော်လည်း ဘုရားဖြစ်၍ သင်္ကန်းနှင့် ပုဆိုးအင်္ကျီ မထူးခြားကြောင်း သင်္ကန်း၏ဂုဏ်မြောက်နေကြောင်း ထွက်ဆိုပါသည်။

နံပါတ်-၁၇- သက်သေဦးရွှေလွန်း။ ဦးမြတ်သိန်းထွန်းဘုရားသည် သင်္ကန်းမ တ် ပုဆိုးအင်္ကျီဝတ်ကြောင်း ထွက်ဆိုပါသည်။

စွဲချက်နံပါတ်-၂-စုဒိဒက၏ချေလွှာတွင် ဝန်ခံထားပါသည်။လူပျိုကြီး အပျိုကြီးသည် (အနာဂါရိက)ဖြစ်ကြောင်း ချေလွှာတွင်ပင် တာဝန်ခံထားပါသည်။

နံပါတ်-၁-ဦးကံထွန်းကလည်း ဟောပြောကြောင်း အနာဂါရိကကို အသေအချာ မသိကြောင်း ထွက်ဆိုပါသည်။

နံပါတ်-၂-သက်သေဦးဘိုးသင်း။ လူပျိုကြီး အပျိုကြီး တယောက်တည်း တရားရလျှင် အနာဂါရိကဟု ထွက်ဆိုပါသည်။

**နံပါတ်-၆-သက်သေဦးသန့်။** လူပျိုကြီးအပျိုကြီး.... တကိုယ် **တည်း** နေလို့ အနာဂါရိကဟု ထွက်ဆိုပါသည်။

နံပါတ်-၁၀-သက်သေ ဦးစံရင် လူ့အကျင့် ရဟန်းအကျင့်မ

တူပါ)အနာဂါရိက အာဂါရိက အကျင့်တူပါသည်ဟု ထွက်ဆိုပါသည်။

နံပါတ်-၁၁-သက်သေမောင်သာလှ။ အနာဂါရိကသည် လူ့ကျင့် ကျင့်ပါသည်ဟု ထွက်ဆိုပါကြောင်း။

နံပါတ်-၁၃-ဦးဘိုးရင်။ ၁-ဓမ္မကထိကစာအုပ် ၂-ဓမ္မသဏ စာအုပ်။၃-မဟာ မင်္ဂလာဒီပနီ စာအုပ်-၄—ပဒစ္ဆေဒစာအုပ်များတွင် ပါသောအနာဂါရိကသည် လူပျိုကြီး အပျိုကြီးများဖြစ်သည် ရေးသားချက်မှာ မှန်ကန်ကြောင်း ဝန်ခံပါသည့်ပြင် ဓမ္မကထိက စာအုပ် စာမျက်နှာ ၂၆-ကိုလည်း သံဃာတော်များကိုဆိုကြောင်း တာဝန်ခံပါသည်ဟု ထွက်ဆိုကြောင်း၊ ၎င်းတို့ဘုရား ဦးမြတ်သိန်းထွန်းပင် အိမ်မှာနေကြောင်း။

နံပါတ်-၁၇-သက်သေ ဦးရွှေလွန်း။ ဝိသာခါ ဒါယကာမသည် လင်မရှိလည်း အာဂါရိ လင်ရှိလဲ အာဂါရိဟု ထွက်ဆိုပါသည်။

စုံချက်-၃-ဦးမြတ်သိန်းထွန်းလှူခြင်းနှင့် ကြေးဆင်းတုစသည့် လူ့အသအဘူတူဟု မောင်ထွန်းကြိုင် မောင်ဆိုးပေတို့မှအပ အခြား သက်သေများ ထွက်ဆိုကြပါသည်။

စွဲချက် ၄-ချေလွှာတွင် ဘုရား၏ ရုပ်ပုံတော်ကို တဆူမဟုတ်ပါဘဲ အားလုံးကြည်ညို ကိုးကွယ်ကြရန် သက်တော်ထင်ရှားမြတ်ဘုရားကို မြင်ဘူးသူ မမြင်ဘူးသူတို့ ဖူးမြင်ကိုးကွယ်ခစရန် ရုပ်ပုံတော်များကို ပွားများအောင်.... စိမ့်လို့ ရုပ်ပွားဟု ခေါ်ဆိုနိုင်ကြောင်း မြန်မာပြည်မှာ မြန်မာလူမျိုးတို့၏ ရုပ်ပုံသဏ္ဍာန်တ ပုံ ကိုးကွယ်ကြရတယ်၊ တချို့နိုင်ငံက ဒက္ခိဏသာခါပုံတော်ကို ကိုးကွယ်ပူဇော်ကြသည်။ မြန်မာလူမျိုးများသည်

ဗောဓိပင်တောင်ဘက်ကိုင်းကို ထုလုပ်ခြင်း ပုံတော်ကိုလည်း ကိုးကွယ်ကြတယ်လို့ ဟောပြောကြောင်း ချေပထားပါသည် ဘုရား။

နံပါတ်-၁-သက်သေဦးကံထွန်း။ ရုပ်ပွါးကို ရိုသေထိုက် မရိုသေထိုက် မသိပါဘုရားဟု ထွက်ဆိုကြောင်း။

နံပါတ်-၇-သက်သေကိုထွန်းကြည်။ အရိယာသောတာပန်ဖြစ်အောင် ဟောသူတွေဟာ ရုပ်ပွားဖြစ်ပါသည်။ ဦးမြတ်သိန်းထွန်းလှူတာရုပ်ပွားလှူတာထက်မြတ်ကြောင်း ထွက်ဆိုပါသည်။

နံပါတ် ၁၀-သက်သေမောင်စံရင်။ ဘုရားဟောသော တရားများကို ဟောနိုင်သောပုဂ္ဂိုလ်များကို ရုပ်ပွားဟု ခေါ်ပါသည်။ ရုပ်ပွားများသည် လောကသစ္စာအနေနှင့် မိန်းမက မွေးပါသည်ဟု ထွက်ဆိုကြောင်း။

နံပါတ်-၁၂-သက်သေကိုလှကျော်။ ရုပ်ပွားဆင်းတုတွင် ဒက္ခိဏသာခါကို ရုပ်ပွားထုပြီး ပိုကြည်ညိုရန် ဟောပြောကြောင်း ထွက်ဆိုပါသည်။

နံပါတ်-၁၄-သက်သေဦးထွန်းရှင်။ ရုပ်ပွားဆိုတာ ယခုမြင်သော ရုပ်တွေပွားပွားထားလို့ ရုပ်ပွားဟုခေါ်ကြောင်း၊ ရုပ်ပွားလှူတာနှင့် ဦးမြတ်သိန်းထွန်းဘုရားလှူတာ စေတနာသန့်ရာ မြတ်ကြောင်း၊ ဦးမြတ်သိန်းထွန်းရွှေချတာနှင့် မဟာမြတ်မုနိ ရွှေချတာဟာ အတူတူပါဘဲဟု ထွက်ဆိုခြင်း၊ အဟိတ်ဖြစ်သော ခွေးနှင့် သမ္မာသမ္ဗုဒ္ဓဘုရားလှူဟာ စေတနာတူလျှင် အတူတူပါဘဲဟု ထွက်ဆိုကြောင်း တရားဟောပုဂ္ဂိုလ်များသည် ရုပ်ပွားတော့ဖြစ်ကြောင်း ထွက်ဆိုပါသည်။

နံပါတ်-၁၇-သက်သေဦးရွှေသွန်း၊ ဘုရားတရားတော်ကိုဟော

သောပုဂ္ဂိုလ်မှန်သမျှ ကလေးမကလေးများမကျန် ရုပ်ပွားစေတီထိုက်ပါသည်ဟု တက်ဆိုပါသည်။

စာအုပ်သက်သေ- ပဒ္ခစ္ဆဒီပဏီ စာအုပ်စာမျက်နှာ ၂၁၂- တွင်ပါရှိသော(ယောဂီ၏ခန္ဓာကိုယ် မဇ္ဈိမဗဟိုရ်လယ်အက္ခဒ္ဒ) ဟုရေးသားခြင်းကို မှန်ကြောင်း ထောက်ခံထွက်ဆိုပါသည်။

စွဲချက်-၅-၆-စုဒိတကသည် စွဲချက် ၅-နှင့် ၆-ကို စောဒကသည် ပြောသံကြားဖြစ်၍ ချေပရန်မလိုဟု ချေပခြင်းမပြုပါ။

နံပါတ် ၁-သက်သေ ဦးကံထွန်း၊ သဲကုန်းတရားပွဲတွင် နေ့ရောညပါ ဦးမြတ်သိန်းထွန်းအား မိန်းခလေး ယောကျ်ားကလေးများ ပြုစုလုပ်ကြွေးကြောင်း ထွက်ဆိုပါသည်။

နံပါတ်-၂-သက်သေ ဦးဘိုးသင်း၊ဦးမြတ်သိန်းထွန်း တရားပြတရားစစ်၍ တည်းခိုနေသောအိမ်တွင် အစောင့်အားဖြင့် နေရကြောင်း ထွက်ဆိုပါသည်။

နံပါတ်-၃-သက်သေ ဦးထွန်းကြိုင်။ ဦးမြတ်သိန်းထွန်းအား မိန်းခလေးနှင့် ယောကျ်ားကလေးများ ပြုစု၍ညတွင်လည်း အတူကျွန်တော့အိမ် အိပ်ကြကြောင်း ကျွန်တော့အိမ်တွင် သစ်သားဝါးထရံ စသည်အခန်းစီးမရှိ၍ ဦးမြတ်သိန်းထွန်းအတွက် သီးသန့်အခန်းကန့်လန့်ကာ ခြင်ထောင်၊ ထောင်ထားသောအခန်းပြုလုပ်ပေးရကြောင်း အခက်းရှိကြောင်း ထွက်ဆိုပါသည်။

နံပါတ်-၆-သက်သေဦးသန့်၊ ဦးမြတ်သိန်းထွန်းသည် မိန်းမများကို ကာမဂုဏ်အတွက် အလှုခံထိုက်သည်။ လှုလျှင်ယူတယ် သန္ဓါမူတည်သည် ဟုထွက်ဆိုပါသည်။

နံပါတ်-၇- သက်သေ ကိုထွန်းကြည်၊ ဦးမြတ်သိန်းထွန်းအား ခန္ဓာမယား သမီးသားစွဲများကိုလှူပါသည်။ လှူမလှူပါ

ဟုထွက်ဆိုပါသည်။ မိန်းခလေး ယောကျ်ားကလေးများ ဦးမြတ်သိန်းထွန်း ပြုစုနေကြောင်း ထွက်ဆိုပါသည်။

နံပါတ်(၈)သက်သေ ဦးဘိုးရင်။ သူများမယားသားသမီးများကိုအလှူခံ၍ သားမယားအဖြစ်ပေါင်းသင်းလျှင် အပြစ်ရှိမရှိ မသိကြောင်း ထွက်ဆိုပါသည်။

နံပါတ်(၉)သက်သေ ကိုဆိုးပေ။ ဦးမြတ်သိန်းထွန်းကို ပြုစုတာ ဘုရားနာတာ သံကုန်းရွာမှ ကလေးမကလေးများ ဖြစ်ကြောင်းထွက်ဆိုပါသည်။

နံပါတ်(၁၀)သက်သေ မောင်စံရင်။ ဦးမြတ်သိန်းထွန်းအား ယောကျ်ားကလေး မိန်းကလေးများ ဝိုင်း၍ပြုစုကြောင်း ထွက်ဆိုပါသည်။

နံပါတ်(၁၁)သက်သေ မောင်သာလှ။ ဦးမြတ်သိန်းထွန်း တည်းခိုသော ကိုထွန်းကြိုင်အိမ်ပေါ်တက်၍ ဦးမြတ်သိန်းထွန်းကို ဦးချရာ မိန်းခလေးများနှင့်တွေ့ကြောင်း ထွက်ဆိုပါသည်။

နံပါတ်(၁၅)သက်သေ ကိုမြမောင်။ ဦးမြတ်သိန်းထွန်းသည် မိန်းခလေးများကိုအလှူခံပါသည်။ ဘုရားဟောသည် တရားပြသည်မှာ အတူတူပါဘဲဟုထွက်ဆိုပါသည်။ အိမ်ပေါ်မှာ တရားဟောစဉ် မိန်းမယောကျ်ားဟောပါသည်။ (ရေချိုးခန်းတွင်တရားပြရာ ဒိဋ္ဌသက်သေများကို မတင်ပြပါ။)

နံပါတ်(၁၄)သက်သေ ဦးထွန်းရှင်။ ဦးမြတ်သိန်းထွန်း၏ဖွားဘက်တော်မှာ ခဲ-ပုလင်း-မိန်းမများဖြစ်ကြောင်း ထွက်ဆိုပါသည်။

စွဲချက်(၆) စုဒိတကချေပခြင်းမပြုနိုင်ပါ။ မျက်မြင်သက်သေက မစောတင် ကျင်ငယ်အကြောင်းညွှန်ကြားခြင်း၊ မလှရွှေ

ကိုလိမ်းကျံ ကြခြင်းကိုထွက်ဆိုပါသော်လည်း ၎င်းသက်သေများကို တင်ပြခြင်းမပြုပါဘုရား။

စွဲချက်(၇) စုဒိတက၏ချေလွှာတွင် မြတ်စွာဘုရား၏တရားမှန်ကို ဟောသူအား ဟောဒိခန္ဓာကိုယ်လုံးဟာ စေတီထိုက်တယ် မှတ်ကြဟု ချေပထားပါသည်။

နံပါတ်(၁)သက်သေ ဦးကံထွန်း။ စေတီသည် စုစပ်လုပ်ထားလို့ စေတီခေါ်ကြောင်း ထွက်ဆိုပါသည်။

နံပါတ်(၆)သက်သေ ဦးသန့်။ ရှိခိုးပူဇော်ထိုက်လို့ စေတီခေါ်ကြောင်း ထွက်ဆိုပါသည်။

နံပါတ်(၁၀)သက်သေ မောင်စံရင်။ ဦးမြတ်သိန်းထွန်းဆံပင်ကို စေတီထိုက်သဖြင့် ကိုးကွယ်ထိုက်သည်ဟု ထွက်ဆိုပါသည်။

နံပါတ်(၁၁)သက်သေ မောင်သာလှ။ သွေးခန္ဓာကိုယ်ကြီးသည် စေတီထိုက်ဆိုသည်မှာ စေတီထိုက်ပါသည်ဟု ထွက်ဆိုပါသည်။(ဦးမြတ်သိန်းထွန်း၏ခန္ဓာကိုယ်ကို ဆိုလိုသည်)

နံပါတ်(၁၇)သက်သေ ဦးရွှေလွန်း။ ဘုရားတရားတော်ဟောသောပုဂ္ဂိုလ်မှန်သမျှ ကလေးမကလေးက မကျန်ရှိပ်ပွားစေတီထိုက်ပါသည်။

စွဲချက်(၈)စုဒိတကချေလွှာတွင် သာသနာ့အသံတွေမရှိတော့ဘူး၊ ယနေ့နောက်ဆုံးသတ္တမနေ့ဟု ချေပထားပါသည်။

နံပါတ်(၂)သက်သေ ဦးဘိုးသင်း။ ဦးမြတ်သိန်းထွန်းအားဘုရားဟုမှတ်ထင်ယုံကြည်ပြီး ကိုးကွယ်ပါသည်။(ဆံပင်ကို ကိုးကွယ်ပါသည်။)သမ္မာသမ္ဗုဒ္ဓဘုရားတွင် ရောင်ခြည်တော်ခြောက်ပါးရှိသကဲ့သို့ ဦးမြတ်သိန်းထွန်းတွင် ရောင်ခြည်တော် ခြောက်ပါးရှိပါသည်။ ဦးမြတ်သိန်းထွန်းသည် ဘုရားအစစ်ဖြစ်၍ ရုပ်

ဘုရားတော်မှာအတူဖြစ်သဖြင့် ရုပ်ပွားတော် ရွှေချသည်ထက် ဦးမြတ်သိန်းထွန်းရွှေချတာက မြတ်ပါသည်ဟု ထွက်ဆိုကြောင်း။ ဂေါတမဘုရားနှင့်ဦးမြတ်သိန်းထွန်းဘုရားအဘူတူဖြစ်ပါသည်ဟု ထွက်ဆိုပါသည်။

နံပါတ်(၆)သက်သေဦးသန့်။ "ဦးမြတ်သိန်းထွန်းသည်ဘုရားဖြစ်ပါသည်။ အရိမေတ္တယျဘုရားဟုခေါ်နိုင်ပါသည်။

နံပါတ်(၇)သက်သေ မောင်ထွန်းကြည်။ ဆရာကြီးဦးမြတ်သိန်းထွန်းကို ဘုရားဟုထင်သည်။ ရောင်ခြည်တော်ခြောက်ပါးရှိသည်။ ဘုရားလို့ယုံကြည်ပါသည်။"

နံပါတ်(၁၀)သက်သေ မောင်စံရင်။ ဦးမြတ်သိန်းထွန်း၏ဂုဏ်အဆုံးမရှိပါ။ ဦးမြတ်သိန်းထွန်းသည် ဘုရားဉာဏ်တော်ရသောပုဂ္ဂိုလ်ဟုထင်ပါသည် ဟုထွက်ဆိုကြောင်း။

နံပါတ်(၁၁) သက်သေ မောင်သာလှ။ ဦးမြတ်သိန်းထွန်းဘုရားဉာဏ်တော်ရသည်ဟု ယုံကြည်ပါသည်ဟုထွက် ဆိုကြောင်း

နံပါတ်(၁၂)သက်သေ ဦးလှကျော်။ ဦးမြတ်သိန်းထွန်းအားဘုရားဟုထင်သည်။ ရတနာသုံးပါးဆိုတာ အတုလ အတုမရှိသောဘုရားဖြစ်၍ မသိနိုင်ပါ။ ဦးမြတ်သိန်းထွန်း ဘုရားဆိုတာမှန်ပါသည်ဟု ထွက်ဆိုကြောင်း။

နံပါတ်(၁၃)သက်သေ ဦးဘိုးရင်။ ဦးမြတ်သိန်းထွန်းကို တပည့်တော်ဘုရားဟုယုံကြည်ပါသည်။ အဆုံးမရှိသောသဗ္ဗညုတရွှေဉာဏ်တော်ရသည်ဟု တပည့်တော်ယုံကြည်ပါသည်။ သဗ္ဗညုတ ရွှေဉာဏ်တော်ရ၍ တရားဟောနိုင်သည်ဟု ယုံကြည်ပါသည်။ အခြားဘုရားများလည်း သဗ္ဗညုတရွှေဉာဏ်တော်ရ၍ တရားဟောနိုင်ပါသည်။ နိရောဓ သမာပါတ်ကိုခံစားနိုင်သည်ဟု တ

ပည့်တော်ယုံကြည်ပါသည်....။ ဦးမြတ်သိန်းထွန်း ဘုရားသည် သင်္ကန်းမဝတ် ပုဆိုးဝတ်ပါသည်။ သားမယားရှိပါသည်။ လက်ျာ ရ` လက်ဝဲရ` များရှိပါသည်။ လူဒါန်းရာတွင် ရုပ်ပွားဆင်းတုကို လူဒါန်း၊ကသာထက် ဦးမြတ်သိန်းထွန်းကိုလူတာက ပိုမြတ်ပါသည်။ ဦးမြတ်သိန်းထွန်းဘုရားမှာ ရောင်ခြည်တော် ခြောက်ပါးရှိပါ သည်။ ဦးမြတ်သိန်းထွန်းငယ်စဉ်ကပင် ဒုက္ခစရိယာကျင့်သည်ဟု ယုံကြည်ပါသည်။ ပဥ္စဝဂ္ဂီငါးပါးကို ဘုရားဟောသလို တပည့် တော်တို့ကို တရားဦးဟောသဖြင့် ယုံကြည်သည်။

ဦးမြတ်သိန်းထွန်းသည် လွန်ခဲ့သော ၁၂-နှစ်ကစ၍ ဘုရားဖြစ် သည်ဟု တပည့်တော်သိပါသည်။ မိန်းမ-ယောကျ်ားများကို အ လှူခံပြီး ဆရာ့ပစ္စည်းအနေနှင့်သုံးစွဲကြဟု ပြောပါသည်။

နံပါတ်(၁၃)သက်သေ ဦးထွန်းရှင်။ ဦးမြတ်သိန်းထွန်းသည် သစ္စာလေးပါး ဟောပြောသောကြောင့် ဘုရားဟုထင်ပါသည်။ သဗ္ဗညုတဉာဏ်တော် ရ-မရတော့ တပည့်တော်မသိပါ။ဦးမြတ် သိန်းထွန်းဘုရားသည် ရှေးဘုရားမဟုတ်ပါ။ ယခုဘုရားသာသိ ပါသည်။ ဦးမြတ်သိန်းထွန်းဘုရားသည် ဘုရားဉာဏ်တော်ရ၍ ပုဆိုး အင်္ကျီဝတ်ထားမှန်းမသိပါ။ သားမယားများရှိသည်။ အိမ် မှာနေသည်။ ပွင့်ပြီးသောဘုရားများ ရောင်ခြည်တော် ခြောက် ပါးရှိတာ စာတွင်တွေ့၍ ကိုယ်တိုင်မတွေ့သဖြင့် မယုံကြည်ပါ။ ဦးမြတ်သိန်းထွန်းဘုရားမှ ရောင်ခြည်တော် ခြောက်သွယ်ရှိသည် ဟုယုံကြည်ပါသည်။ ဖွားဘက်တော်များမှာ ခဲ-ပုလင်း-မိန်းမ များသာဖြစ်ပါသည်။ (သမ္မာသမ္ဗုဒ္ဓလူတာနှင့် အဟိတ်ခွေးလူ တာ စေဘနာဖြူလျှင် အတူတူ ဖြစ်ပါသည်)ဟု ထွက်ဆို ကြောင်း။

နံပါတ်(၁၅)သက်သေ မောင်မြမောင်။ ဦးမြတ်သိန်းထွန်းကို တပည့်တော်အနေနှင့် ဘုရားဟုယုံကြည်ပါသည်။ ရောင်ခြည်တော်ခြောက်သွယ်ရှိပါသည်။ သဗ္ဗညုတ ရွှေဉာဏ်တော်လည်းရှိပါသည်။ အိမ်မှာနေပါသည် ပုဆိုးအင်္ကျီ ဝတ်ထားပါသည်။ သားမယားရှိပါသည်။ လက်ျာရံ လက်ဝဲရံ ရှိပါသည်။ ၎င်းတို့မှာ ဓမ္မကထိက လက်မှတ်ရထားသူများဖြစ်ပါသည်။ ဖွားဘက်တော် ရှိ-မရှိမသိပါ။ ဦးမြတ်သိန်းထွန်းဘုရားသည် ရှေးဘုရား ၄-ဆူနှင့်အတူတူဖြစ်ပါသည်။ (ရုပ်ပွားဆင်းတုလူဒါနှင့် ဦးမြတ်သိန်းထွန်းဘုရားလူဒါ အတူတူဖြစ်ပါသည်)ဟု ထွက်ဆိုသွားသည်။

နံပါတ်-၁၆-သက်သေ၊ ဦးအောင်ပု၊ ဦးမြတ်သိန်းထွန်းအား ဘုရားဟု မထင်ကြောင်း ဦးထွန်းကြိုင်၊ ဦးဘာဝ၊ ဦးဘိုးရင်၊ ဦးပန်းတို့ကလည်း ဘုရားမဟုတ်ကြောင်း ထွက်ဆိုကြပါသည်။

နံပါတ်—၁၇—သက်သေ၊ ဦးရွှေလွန်း၊ ဦးမြတ်သိန်းထွန်းသည် အစိန္တေယျဂုဏ်နှင့် နှိုင်းယှဉ်၍ တပည့်တော်ဘုရား ဖြစ်ပါသည်။ အဆုံးမရှိသော ရွှေဉာဏ်တော်ရှိပါသည်။ အိမ်မှာမိန်းမနှင့်နေပါသည်။ ဘွားဘက်တော်များကိုတော့မသိပါ။ ဒုက္ကရစရိယာကျင့်ပါသည်။ ဓမ္မစကြာဟောပါသည်။ ဒုက္ကရစရိယာ အိမ်မှာကျင့်ပါသည်။ အိမ်တွင်းအခန်းထဲမှာ ဘန်းလျှားမှာကျင့်ပါသည်။ ဆင်းတုတော်လူဒါနှင့် ဦးမြတ်သိန်းထွန်းဘုရားလူဒါ ဦးမြတ်သိန်းထွန်းဘုရားလူတာက မြတ်ကြောင်းထွက်ဆိုပါသည်။

၀ ၀ ၀

# စုဒိတက သက်သေများကို ဝေဖန်ချက်များ။

(က) အားလုံးကိုပေါင်းရုံး၍ ဝေဖန်ပိုင်းခြားစီစစ်လိုက်လျှင် စုဒိတကသက်သေများသည် ဝိဇ္ဇာစရဏမဂ္ဂသမ္ဘာရအဖွဲ့၏ ဥက္ကဋ္ဌ အကျိုးဆောင်အဖွဲ့သား ငွေကုန်ခံ၍ သဲကုန်းတရားပွဲကိုပြုလုပ်သူ ဆရာကြီးဦးမြတ်သိန်းထွန်းကို ကြည်ညိုကိုးကွယ် ပူဇော်နေသော ၎င်း၏အဖွဲ့ဝင်တပည့်များ ဖြစ်နေပါသည်ဘုရား။

(ခ) ၎င်းတို့၏ထွက်ချက်များသည် တပည့်တော်၏ (စောဒက)ထွက်ချက်(ဂ)ချက်ကို ကြေပအောင်ချေဆိုထွက်ချက်များ မဟုတ်ပါဘုရား။

(ဂ) ၎င်းစုဒိတက၏သက်သေ ထွက်ဆိုချက်များမှာ ရတနာသုံးပါးကိုပုတ်ခတ်ထွက်ဆို၍ အယူလွဲ-အကျင့်လွဲများသာဖြစ်၍ တပည့်တော်၏(စောဒက)စွဲချက်(ဂ)ချက်ကို ထောက်ခံထွက်ဆိုနေခြင်းများသာဖြစ်ပါသည်ဘုရား။

(ဃ) စုဒိတက၏သက်သေများသည် တပည့်တော်၏(စောဒက)စွဲချက် ဂ-နံပါတ်ကို ထောက်ခံ၍ အတိအလင်းထွက်ဆိုနေသဖြင့်(အတ္တုက္ကံသန)ဖြင့်မိမိကိုယ်ကိုပလွှားနေသောလူသာမာန်တယောက်ကိုပင် ဘုရားဟု ရှင်ကြီးဂေါတမနှင့်အတူတူ ရှင်ကြီးဂေါတမကဲ့သို့ ရောင်ခြည်တော်ခြောက်ပါးရှိကြောင်းကို ထွက်ဆိုနေသော သက်သေများဖြစ်နေ၍ ဘယ်လိုအသိထူးများသိ၍ ဖေါက်ပြန်စဉ်းလဲနေကြောင်း မတွေးတတ်အောင် ရှိနေသောသူများဖြစ်နေကြောင်း၊ ဆရာတော်တို့၏ ရှေ့မှောက်တွင်ထွက်ဆိုနေ၍ အထူးလျှောက်ထားစရာလိုမည် မထင်ပါဘုရား။

(င) တပည့်တော်၏(စောဒက)မူလစွဲချက်များ၏ အဓိက

ဗုဒ္ဓဘာသာများ၏ကျမ်းဂန်များနှင့် ဆန့်ကျင်ချို့တဲ့မှားယွင်း အယူတိမ်းပါးစေခြင်း၊ ဗုဒ္ဓဘာသာတို့၏စိတ်ကို ထိခိုက်နာကျင်စေခြင်း....၊ အကျင့်ဖေါက်ပြန် သီလချို့ယွင်းစေခြင်းများကို ထောက်ခံ၍ အထင်အရှားထွက်ဆိုထားကြပါကြောင်း။

## ဘုရားဟောကျမ်းဂန်တွင်-

ဘုရားတဆူ ပဋိသန္ဓေနေသည်မှအစ ပရိနိဗ္ဗာန်စံသည်အတွင်း နောက်ဘုရားမပွင့်နိုင်ကြောင်း ကျမ်းဂန်မှာ သုတ်ပါထေယျ စာမျက်နှာ ၇၃၊ကြောင်းရေ ၁၆-ကြောင်းမှာ....

အဋ္ဌာနမေတံ အနဝကာသော ယံ ဧကိဿာ၊
လောကဓါတုယာ ဒွေအရဟန္တော သမ္မာသမ္ဗုဒ္ဓါ၊
အပုဗ္ဗံ အစရိမံ ဥပေဇ္ဇယျုံ နေတံဌါနံဝိဇ္ဇတိ။

ဧကိဿာ။ တခုသော လောကဓါတ်၌ ဒွေနှစ်ဆူကုန်သော အရဟန္တော၊ ပူဇော်အထူးကို ခံထိုက်ကုန်သော။ သမ္မာသမ္ဗုဒ္ဓါ၊ ဘုရားရှင်သည်။ ယံ နေနကရနေန၊ အကြင်အကြောင်းကြောင့်။ အပုဗ္ဗံ အစရိမံ၊ မရှေးမနှောင်းတပြိုင်နက်၊ ဥပေဇ္ဇယျုံ ပွင့်ကုန်ရာတော့၊ဤပွင့်ရသောအကြောင်းသည်။အဋ္ဌါနံ၊အကြောင်းမဟုတ်၊ အနဝကာသော၊ အရာမဟုတ်၊ ဧတံဌါနံ၊ ထိုပွင့်ရာအကြောင်းသည်။ နဝိဇ္ဇတိ၊ မရှိနိုင်။

ပဋိသန္ဓေနေတော်မူသည်မှစ၍ ဓါတုပရိနိဗ္ဗာန်စံသည့်တိုင်အောင် ဤအတွင်းမှာ ဘုရားတဆူ နောက်ထပ်မပွင့်စကောင်း ပဋိသန္ဓေနေတော်မူသည်မှ ရှေ့ဓါတုပရိနိဗ္ဗာန်စံသည်မှ နောက် ဘုရားပွင့်ခြင်းကိုမတားမြစ်။

ထို့ကြောင့် ဦးမြတ်သိန်းထွန်းသည် ဘုရားမဟုတ်၊ ဘုရားဂုဏ်တော်များမရှိ၊ ၎င်းအား ဘုရား၏ဂုဏ်တော်များ တင်စား၍ (ပရမတ်ဖြစ်စေ၊ ပညတ်ဖြစ်စေ) ဘုရားကဲ့သို့ ကိုးကွယ်ပူဇော်ချီးမြှောက်သော်လည်း ပူဇော်သူနှင့်တကွခံယူသူပါ အပြစ်မလွတ် အန္တရာယ်သာဖြစ်နေကြောင်းပါဘုရား။

တပည့်တော် စောဒက၏စွဲချက်—ဂ—ချက်အရ၊

ဦးမြတ်သိန်းထွန်းအပေါ်၌ အားလုံးခြုံ၍ လျှောက်ထားပါသည်ဘုရား၊ ဘုရားဟောကျမ်းကန် ပိဋကတ်တို့အရ။

၁- ကာကကံ-၂-ဝစီကံ-၃-မနောကံ၊ အားဖြင့် အားလုံးကြူးလွန်ဖြစ်မှား၊ အဓမ္မဖြစ်နေကြောင်းကို၊ ၎င်းဦးမြတ်သိန်းထွန်း၏ ကျင့်ကြံရေးသားပုံ၊ ဟောပြောပုံ၊ မနောကံ-စေတနာအားဖြင့်လဲ၊ ရတနာသုံးပါးကို မရိုသေ မလေးစားကြောင်း ထင်ရှားနေပါသည်ဘုရား။

ထိုကဲ့သို့ ထင်ရှားကြောင်းမှာ။

က- ကာယကံဖြစ်တဲ့ကိုယ်ကျင့်တရား၊ စါရိတ္တ-သီလပင်ချို့ယွင်းနေကြောင်းလွန်ခဲ့သောအချိန်ကလဲရာဇဝတ်မှုပုဒ်မ (၁၀၇) ဖြင့်လဲအပြစ်ခံခဲ့ရဘူးပါသည်ဘုရား။

ခ- သူတော်ကောင်းတို့ ကျင့်ကြံအပ်တဲ့ ဟိရိ-ဩတ္တပ္ပပင်မရှိကြောင်း သက်သေများ မျက်မြင် ဒိဋ္ဌထွက်ဆိုချက်များလဲရှိပါသည်ဘုရား အဲဒီလောကပါလဓမ္မ ဝါ-ဒေဝဓမ္မဖြစ်တဲ့တရားနှစ်ပါးကို (မြတ်စွာဘုရား-ဒုအင်္ဂုတ္တရပါဠိတော်မှာ)ဟောထားတော်မူသည်မှာ— နှဒွေမေ-ဘိက္ခဝေ- သုက္ကာဓမ္မာ-လောကပါလေန္တိ-ကတမေဒွေး-ဟိရိစ-ဩတ္တပ္ပဉ္စ—ဟု ဟောတော်မူပါသည်ဘုရား။

(အနက်မြန်မာပြန်) ဘိက္ခဝေ၊ ချစ်သားတို့။ သုက္ကာ၊ ဖြူစင် သန့်ရှင်းကုန်သော။ ဒွေ၊ နှစ်ပါးကုန်သော၊ ဓမ္မာ၊ ဤတရား တို့သည်။ လောကံ၊ လောကကြီးကို။ ဝါ၊ သတ္တဝါအပေါင်းကို။ ပါလေန္တိ၊ စောင့်ရှောင့်ကုန်၏။ ကတမေ ဒွေ၊ အဘယ်တရား နှစ် ပါးတို့နည်း ဟူမူကား၊ ဟိရိစ၊ ကောင်းမှုမှ ရှက်တတ်စက်ဆုပ် တတ်သော ဟိရိတရားရင်း- ဩတ္တပ္ပဉ္စ၊ မကောင်းမှုမှ လန့်တတ် ကြောက်တတ်သော ဩတ္တပ္ပတရားရင်း ဣမေ ဒွေ— ဤတရား နှစ် ပါးတို့တည်း။

(လောကသမုတိသစ္စာကို ဟောရခြင်းအကြောင်းရှစ်ပါးမှာ) လဇ္ဇာ။ ဟိရောတ္တပ္ပ၊ ကမ္မသကာ၊ ပဋ္ဌိကာရ ။ ပဉ္စန္နံ့နွတ္တိ။ ပုဗ္ဗေနိ ဉာဏ်၊ လူ့ခံယုတ်မြတ်၊ ပညတ်မပါယ်၊ မေတ္တာဝယ်ကျိုး၊ ဤရှစ်မျိုး ကြောင့်၊ ခေါ်ရိုးသမုတ၊ သစ္စာရှိကို၊ မုနိရှင်ချစ်၊ ဟောဖေါ် လှစ်သည်။ စစ်စစ်နှောင်လာ မှတ်ရန်တည်း။

ဤသို့ပါသောကြောင့် လောကသတ္တဝါတို့ကို ကိလေသာဖြူ စင်၍လောကီ လောကုတ္တရာအကျိုးရှိစေရန်—စောင့်ရှောက်ထိန်း သိမ်း ရှောင်ကြဉ်ရမည်။ ဟိရိဩတ္တပတရား နှစ်ပါးကင်းမဲ့နေ သူဟာ အဘယ်ကောင်းမဆို မပြုဝံ့ဘဲရှိတော့မည်လဲ ဘုရား။

၈- ရှင်းဦးမြတ်သိန်းထွန်း ကာယကံမြောက်ရေးသာ ရောင်း ချထုတ်ဝေသော(ဝိဇ္ဇာစရဏသမ္ဘာရ) အဖွဲ့၏ အဂ္ဂိကဖြစ်တဲ့။

၁။ မဟာဓမ္မကထိက၊ ၂။ ပဒစ္ဆေဒ ဒီပနီ၊ စာအုပ်များမှာ သဲကုန်းတရားပွဲတွင် ဟောပြောသော မူရင်းအတိုင်းရေးသားပါ ရှိ၍ မိမိကိုယ်ကို(အတ္တုက္ကံသန)အနေနှင့်ဖြေလှာတွင်စေတီတိုက် တယ်၊ စာအုပ်တွင် ဘုရားအစဟုမှတ် ရေးသားချက် မိမိကိုယ်ကို ပိဋကတ္တရ ပါရဂူ ဟု စာအုပ်မျက်နှာဖုံးကြော်ငြာမျာအွင် ရေး

သွားခြင်း ဓမ္မကထိက ပါရဂူ မဟာဓမ္မကထိက နိုင်ငံကျော် ဗုဒ္ဓဘာသာ မဟာသွေးထွန်းခေါင် ဆရာတော်ရဲ့ မြေး စသည်ဖြင့် မိမိတွင်မရှိသော ဂုဏ်ကိုတင်စား၍ မသိမလိမ္မာသော ရှိသေလာအောင်၊ တနည်း အပူဇော်ခံလိုသောမာန စိတ်ပစ္စည်း ဥစ္စာ လာဘ်လာဘရလိုသော ဝိသမလောဘ စိတ်တို့ဖြင့် ရဟန်းသုံးပါးတို့အား (ပရဝမ္ဘဏ)နှိမ်ချ၍ ပတ္တကုဇ္ဇံကံထိုက်အောင် ရေးသားဂုဏ်ကို ခိုးယူပလွှားခြင်းကြောင့် အချက်အလက် အရေးအသားများကို မိဋ္ဌတွေ့ရှိရ၍ မိမိတွင်မရှိသည့်ဘုရား ဟောဒေသနာအရ မဟာစောဒ ဝသလဖြစ်နေပါသည်ဘုရား။

ဃ- ၎င်းချေလွှာတွင် စာအုပ်အမျိုး ၃၃-မျိုး အရေအတွက် ၄—သိန်း ရေးသားထုတ်ဝေကြောင်း ပါရှိသည်တွင် ယခုရုံးတော်တွင် တင်ပြထားသော သက်သေခံစာအုပ် ၂-အုပ်မှာပင် ဤမျှအမှားအယွင်း ပါရှိနေပါ၍ ၎င်းထုတ်ဝေသော စာအုပ်ရေ ၄-သိန်းတွင် အမှားပေါင်းသိန်း-၄-ရာလောက် မှားမည်ဆိုတာ ၎င်းစာအုပ်များကို စစ်ဆေးကြည့်လျှင် တွေ့ရှိနိုင်ပါသည်ဘုရား။

ဘာကြောင့်လဲဆိုလျှင် ဘယ်ပရိယတ္တိစာမေးပွဲမှာလဲ ဝင်ရောက်ဖြေဆိုဘူးခြင်းလည်းမရှိ၊ ဘယ်အဆင့်အတန်းအောင် စသည်ဖြင့်အစိုးရ စာစစ်ပွဲကဖြစ်စေ၊ သို့မဟုတ် ဗုဒ္ဓဘာသာ ပရိယတ္တိစာစစ်ပွဲ တဦးတဖွဲ့ကဖြစ်စေ ချီးမြှင့်တဲ့ အောင်လက်မှတ် ဂုဏ်ထူးလဲ တခေါင်မှမရှိလည်းမရှိ တင်လည်းမပြနိုင်ဘဲနှင့် ဤကဲ့သို့ ဒိပနီစသည့် ကျမ်းစာအုပ်များကို ရေးရာ အလွဲလွဲအချော်ချော် ပိဋကတ်တော်နှင့် မကိုက်ညီသော စာအုပ်များဖြစ်၍ စေတနာပါ သက်ရောက်ပြီး ဗုဒ္ဓဘာသာကို သာသနာပြုကျမ်း

များ မဟုတ်ဘဲ သာသနာဖျက်ကျမ်းများဖြစ်နေပါ၍ ရေးသား သူနှင့်တကွ မူပိုင်ရောင်းစားသူ ပုံနှိပ်ထုတ်ဝေသူ စာတည်းဖြစ် သူများပါ အပြစ်မကင်းဖြစ်နေပါသည်ဘုရား။

င- ၎င်းသဲကုန်းတရားပွဲ ရက်များတွင်လည်း နေ့ပွဲ ညပွဲတ ရား စစ်ဆေးခြင်း တရားပြခြင်းမှာလည်း (သုဘာသိတယာဝါ စါ)ဖြစ်တဲ့သုဘာသိဘ ပီယ- ဓမ္မ-သစ္စ—ဝါစာတို့နှင့် ဆန့်ကျင် ဘက်ဖြစ်တဲ့ အရိယာသူတော်ကောင်းနှင့်တကွ လူအပေါင်း၊ တို့ကြားမှ မတင့်တယ် မလျှော်ကန်သော ဖရုဿဝါစါရေချွတ် ခြင်းဝစီဒုစရိုက်လေးပါးလုံး ပြည့်စုံ၍ ဝစီကံအားဖြင့် ပတ္တာကုဇ္ဇ ကံထိုက်အောင် ဟောပြောချက်များ ဖြစ်၍ သံဃာတော်များ မှအစ စေတီ—ပုထိုး ဗုဒ္ဓဘာသာတို့၏အထွဋ်အမြတ် ရတနာသုံး ပါးကိုပါ ဂုဏ်တော်ကျေးဇူးတော်တို့ကို ချေဖျက်သော (မဂ္ဂ) တရားဖြင့်သာရှုံ့ချ၍ ဗုဒ္ဓဘာသာလူထုတို့၏စိတ် နာကျင်ထိခိုက် အောင် ဟောပြောခြင်းများသာဖြစ်ပါသည်ဘုရား။

စ- ၎င်း၏ကျင့်ငယ် စသည်တို့ကို ၉၆-ပါး ရောဂါပျောက် သည်ဟု သူ၏တပည့်များ၏ညွှန်ကြားချက်အရ မသိမလိမ္မာသူတို့ ကသုံးစွဲသဖြင့် အလွန်ညစ်ငြမ်းသော အမူအကျင့်ကို ကျင့်ကြံနေ ပါသဖြင့်လူအများတို့၏ကျန်းမာရေးကိုလည်း ထိခိုက်စေပါသည် ဘုရား။

ဆ- ၎င်းသည် အလှူမခံထိုက်သော ကုန်ငါးမျိုး အပါအ ဝင်ဖြစ်တဲ့ မိန်းမကိုအလှူခံပြီး သားပယားအဖြစ် ပေါင်းကျင့်သည် ပင် အပြစ်မရှိဟု သူ၏ထွက်ချက်တွင် ထွက်ဆိုထားပါ၍ ဗုဒ္ဓမြတ် စွာဘုရားပြတော်မူသော ကျင့်ဝတ်ကိုကျူးလွန်သည့်ပြင် မသိမ

လိမ္မာသူမိန်းခလေးများကို မာယာနှင့်လှည့်ပတ်၍ မိန်းမတို့၏ ကာအိန္ဒြေကိုလည်း ဖျက်ဆီးကျူးလွန်ပါသည်ဘုရား။

၉- လွန်ခဲ့တဲ့အချိန်တုံးက ဗိုလ်ချုပ်ကြီးအစိုးရတိုင်းပြည်ကို အိမ်စောင့်အစိုးရအနေနှင့် အုပ်ချုပ်စဉ်က တိုင်းပြည်၌ တော်လှန်ရေးသမားများ နိုင်ငံခြားဝါဒဘာသာမဲ့အယူရှိသူ သူပုန်သောင်းကျန်းများက မတ္တရာနယ်တွင် ဗုဒ္ဓဘာသာတို့၏ဥဒ္ဒိဿ စေတီရုပ်ပွားတော် ကျောက်ဆင်းတုကြီးကို ကာယကံမြောက် ကျူးလွန်ဖျက်ဆီးချိုးဖဲ့ပါသဖြင့် ပြည်ထောင်စုနိုင်ငံတဝှမ်းလုံး ဗုဒ္ဓဘာသာလူထုတို့မခံမရပ်နိုင်ကြပါ၍ (ဓမ္မအန္တရာယ်)ရှုံ့ချပွဲများ အများအပြားပြုလုပ်ကြခြင်းကို တိုင်းပြည်ရှိလူ-ရှင်-ရဟန်း အသိဖြစ်ပါသည်ဘုရား။ ယခုဦးမြတ်သိန်းထွန်းနှင့်တကွ ၎င်း၏ အဖွဲ့တို့သည် ဝစီကံဖြင့်ကျူးလွန်ကြောင်း ထင်ရှားနေပါ၍ ဓမ္မအန္တရာယ်ရှုံ့ချပွဲပြုသင့်သော ဦးမြတ်သိန်းထွန်းနှင့်ဝိဇ္ဇာစရဏ မဂ္ဂသမ္ဘာရအဖွဲ့ဖြစ်နေကြောင်းပါဘုရား....။ ထို့ကြောင့် ဘာသာမဲ့နိုင်ငံခြားအယူရှိသော သောင်းကျန်းသူတို့က အစိုးရအား တော်လှန်ပုန်ကန်သူများသည် ပြည်ထောင်စုအစိုးရကိုသာလျှင် တော်လှန်နေခြင်းမဟုတ်၊ လူအများကိုးကွယ်နေသောဗုဒ္ဓဘာသာအထဲဝင်၍ အတွင်းကနေ တော်လှန်နေသော ဗုဒ္ဓအား တော်လှန်နေသောဘာသာ တော်လှန်ရေးသောင်းကျန်းသူများ ဗုဒ္ဓဘာအာအတွင်း ရောက်နေပြီဖြစ်နေကြောင်း ထင်ရှားပါသည်ဘုရား။

သို့ပါ၍ သောက်ပါအချက်များအရ၊ အပြစ်ကျူးလွန်နေကြောင်းပါဘုရား။

၁။ မိမိတွင်မရှိသောဂုဏ်ရာထူးကို အယောင်ဆောင်မှု။

၂။ ဟီရိဩတ္တပ္ပကင်းမဲ့သော အကျင့်စာရိတ္တပျက်ပြားမှု။

၃။ ရေးသားသောစာအုပ်များ ကျမ်းဂန်နှင့် မကိုက်ညီ၍ ဗုဒ္ဓဘာသာကျမ်းစာများကို အယူလွဲတိမ်းပါး သာသနာဖျက်၊ သာသနာကိုအကြည်ညိုကင်းမဲ့စေသော စာအုပ်များဖြစ်ခြင်း။

၄။ ၎င်း၏ဟောပြောချက်သည် ဗုဒ္ဓဘာသာလူထုကို မခံမရပ်နိုင်အောင် စိတ်နာကျင်ထိခိုက်စေသော ကြမ်းတမ်းသည့် အဟောအပြောများကို ဟောပြောခြင်း။

၅။ မိန်းခလေးများ၏ကာအိန္ဒြေကိုဖျက်ဆီးခြင်း။

၆။ ညစ်ငြမ်းသောပစ္စည်းများကို သုံးစွဲစေခြင်း။

၇။ ဗုဒ္ဓ၏ဝါဒမဟုတ်ဘဲ ဆန့်ကျင်ဘက်ဗုဒ္ဓကို စော်ကားသော တော်လှန်ရေးသမားနှင့် အဖွဲ့ဖြစ်နေခြင်းများ။

၈။ ဘာသာရေး အဓိကရုဏ်းဖြစ်အောင် လှုံ့ဆော်ခြင်းများဖြစ်ပါသည်ဘုရား။

မြတ်စွာဘုရား၏သာသနာ ဆုံးမချက်လိုရင်းအဓိကမှာ....

(က) သဗ္ဗပါပဿ အကာရဏံ
ကုသလဿ ဥပသမ္ပဒါ
သစိတ္တ ပရိယောဒပနံ
ဧတံ ဗုဒ္ဓါနသာသနံ။

(ခ) သတ္တာနံ၊သာသတိ။ ဧတေနာတိ၊သာသနာ။ ဧတေန ထိုသီလ သမာဓိ-ပညာဟူသော သိက္ခာသုံးရပ် အကျင့်မြတ်ဖြင့် သတ္တာနံ၊ သတ္တဝါတို့အား သာသတိ၊ မယဉ်ကျေးသည်ကို ယဉ်ကျေးအောင် ဆုံးမတတ်၏။ ဣတိသ္မာ ထိုကြောင့် သာသနာ သာသနာမည်၏ဟုဆိုပါသည်ဘုရား။

ထို့ကြောင့်(၁)သီလသာသနာ၊ (၂)သမာဓိသာသနာ(၃-

ပညာသာသနာဟု ဆိုအပ်သော ဤသစ္စာ ၄-ပါး ဒုက္ခငြိမ်းရာ ချုပ်ရာ ကင်းရာဖြစ်တဲ့ နိရောဓသစ္စာ ဆိုက်ရောက်မျက်မှောက်ပြုနိုင်တဲ့ မဂ္ဂသစ္စာ၏ဆန့်ကျင်ဘက်ဖြစ်သော(၁)မိစ္ဆာဒိဋ္ဌိ (၂) မိစ္ဆာသင်္ကပ္ပ(၃)မိစ္ဆာဝါစာ(၄)မိစ္ဆာသာကမ္မန္တ(၅)မိစ္ဆာအာဇီဝ(၆)မိစ္ဆာဝါယာမ(၇)မိစ္ဆာသတိ(၈)မိစ္ဆာသမာဓိ(၉) မိစ္ဆာဉာဏ (၁၀)မိစ္ဆာဝိမုတ္တိတို့ဖြစ်ကြောင်း ထင်ရှားနေပါသည်။

သို့ပါသောကြောင့် စုဒိတက ဦးမြတ်သိန်းထွန်း(ဝိဇ္ဇာစရဏ မဂ္ဂသမ္မာရအဖွဲ့၏ နာယက)နှင့်တကွ ၎င်းအဖွဲ့ ဦးမြတ်သိန်းထွန်းက ခန့်ထားသောဓမ္မကထိကများ၊ ၎င်းရေးသောစာအုပ်များပါ (အဓမ္မ)မတရားအသင်းအဖွဲ့ ခေါင်းဆောင်နာယကဖြစ်ကြောင်း ထင်ရှားနေပါသည်ဘုရား။

သို့ပါသောကြောင့်....

ဖော်ပြခဲ့သောအပြစ်များ ကျူးလွန်နေ၍ဘာသာရေးအဓိကရဏ်းမဖြစ်စေရန် ပြည်ထောင်စုအစိုးရအား ၎င်းအားအရေးယူ၍ ရေးသားသော စာအုပ်များပါသိမ်းဆည်းစေရန်ညွှန်ကြား၍၎င်းဦးမြတ်သိန်းထွန်းနှင့်တကွ၎င်းသြဇာခံ ၎င်းအာဘောဂအရ တည်ထောင်ထားသော (ဝိဇ္ဇာစရဏ မဂ္ဂသမ္မာရအဖွဲ့ချုပ်အဖွဲ့ခွဲ) ၎င်းအဖွဲ့၏ ဓမ္မကထိကမှစ၍ အဖွဲ့ဝင်တို့ပါ ပတ္တကုဇ္ဇ်ကံဖြင့် ဗုဒ္ဓဘာသာမှပယ်၍ အဓမ္မဝါဒီ အဓမ္မသမားဖြစ်ကြောင်း စီရင်ဆုံးဖြတ်သင့်ပါကြောင်းကို ရိုသေစွာခြေတော်ဦးခိုက် ရှိခိုးလျှောက်ထားပါသည်။ ဝိနိစ္ဆယရုံးတော် ဆရာသခင် အရှင်သူမြတ်တို့ဘုရား။

၁။ (ဦးထွန်းလူ) စောဒက။
လျှောက်လဲချက်ပေးသူ။

## ၂။ (ကိုလှရွှေ)စာဒကာ ဒုတိယ။
## လျှောက်လဲချက်ပေးသူ။

စာဒက ဦးထွန်းလူက အထက်၂ါလျှောက်လွဲချက်ကို စိတ်ပါ-လက်ပါနှင့် လျှောက်လွှဲချက်ပေးပြီးနောက် ကျွန်းကလေးရွာနေ.... ဦးလှကျော်တင်သွင်းထားသည့် ဦးမြတ်သိန်းထွန်း၏ လျှောက်လွှဲချက်ကို ကြိုပင်စခန်းရွာနေ ကိုသာလှက အောက်ပါအတိုင်း ဘတ်ကြားလျှောက်ထားသွားလေသည်။

## စုဒိတက ဦးမြတ်သိန်းထွန်း၏ လျှောက်လွှဲချက်။

ဦးထွန်းလူ၏စွဲချက်များကို အောက်ပါ အကြောင်းပြချက်များဖြင့် ချေပလျှောက်လွှဲချက်တင်သွင်းပါသည်။

၁။ တပည့်တော် သင်ကြားမှတ်သားခဲ့ဘူးသော "ဝိနည်းကျမ်းဂန်"အရဆိုလျှင် (အဓိကရဏ်း)ဟု မှည့်ခေါ်သော အဓိကရဏ်း ၄-ဌာနသည် လူပုဂ္ဂိုလ်များနှင့် လုံးလုံးမသက်ဆိုင်ပါ ဤခုံရုံးသည် ဝိနိစ္ဆယရုံးတော်ဖြစ်ပါသည်။ ။ ဝိနိစ္ဆယခုံရုံးတော် ဆရာတော်များစောင့်ထိန်းတော်မူကြတဲ့ ဝိနည်းဒေသနာတော်က ညွှန်ကြားဆုံးမတော်မူချက်ကို ထောက်ထားခြင်းအားဖြင့် လူနှင့်မဆိုင်တဲ့ အဓိကရဏ်းကိစ္စ အဓိကရဏ်းအင်္ဂါလက္ခဏာနှင့် မညီညွတ်ခြင်းကြောင့် ဦးထွန်းလူစွဲဆိုချက်ကို အလျဉ်းလက်မခံသင့်ပါ။

၂။ ပဌမစွဲချက်ဆိုစဉ်က"ဝိဝါဒါဓိကရဏ်း"ဟု အမည်တပ်ခဲ့ပါတယ်။ တဖန်ရုံးပြောင်းလျှောက်ထားခဲ့သဖြင့် တရားလွှတ်တော်ချုပ်ရောက်သောအခါ"အနုဝါဒါဓိကရဏ်းဟု"ဟုပြောင်းလဲ အမည်မှည့်ခဲ့ပြန်သဖြင့် တပည့်တော်အခေါ် တခုနှင့်အပြားမ

ရှိလျှင် တခုနှင့်အပြစ်ပြုနိုင်အောင် ဖန်တည်းနေခြင်းမှာ အလွန် ထင်ရှားပေါ်လွင်နေပါသည်။

၃။ ဤအမှုစစ်ဆေးရာ၌ ဥာနဘုရားကြီးကျောင်းတိုက်တွင်သာ ယာဝတီခရိုင်ဝိနိစ္ဆယတာဝန်ခံဆရာတော်ဦးဝိလာသ(လှည်းလမ်းကူး)က ဒါန-သီလအရေး ဒို့အရေး၊ သာသနာ့အရေး ဒို့အရေး၊ ဘိုးထွန်းလူကြီးက ဒို့အတွက် ဆောင်ရွက်နေရ၍ လာရောက်ကြသော တကာ-တကာမများနှင့် ရဟန်းတော်များက ဘိုးထွန်းလူအား ကူညီထောက်ပံ့ကြရန် တိုက်တွန်းသြဝါဒမိန့်ခွန်းပြောခဲ့ပါသည်။

ဤကဲ့သို့ တာဝန်ရှိသော ခရိုင်ဝိနိစ္ဆယ တာဝန်ခံပုဂ္ဂိုလ် ရဟန်းတော်ကြီးတဦးကပင် တပည့်တော်အပေါ် မတရားသဖြင့် ဖိနှိပ်ရန် ၎င်း၏ရည်ရွယ်ချက်ကို ပရိသတ်အား ထုတ်ဖော်မိန့်ကြားခြင်းဖြင့်ပင်လျှင် ဤအမှုမှာ တဘက်သတ်မတရားပြုမှုနေပုံ ထင်ရှားသောကြောင့် တပည့်တော်သည် သက်သေ(၁)ဦးသန့်ကြွယ်ပင်စခန်းရွာ၊ (၂)ဦးလှကျော် ကျွန်းကလေး ကိုင်းတန်းကျေးရွာ ဥက္ကဋ္ဌ၊ (၃)မောင်ရွှေလွန်း ကိုင်းတန်းကျေးရွာတို့နှင့်တကွ သာယာဝတီမြို့နယ်ပိုင် ရာဇဝတ်တရားသူကြီးရုံးတော်တွင် ကျမ်းကြိမ်အစစ်ခံချက်ယူ၍ ရုံးပြောင်းရန် လျှောက်ထားခဲ့ရဘူးပါသည်။

၄။ ထို့ပြင် ဝိနည်းတော်ဥပဒေ(ကခ်ါဝိတရဏ် အရွကထာ) သို့မဟုတ်(ဘိက္ခုပါတိမောက်) ပါဠိတော်အရ (အဓိကရုဏ်း) ၄-ချက်သည် လူပုဂ္ဂိုလ်နှင့်မဆိုင်၊ ရဟန်းပုဂ္ဂိုလ်များနှင့်သာ သက်ဆိုင်သဖြင့် ဦးထွန်းလူစွဲချက်ကို ဤခုံရုံးတော်က လက်မခံ

ထိုက် လက်မခံ အပ်ကြောင်းကိုလည်း အထူးလျှောက်ထားပါ သည်။

၅။ တပည့်တော်သည် တရားခံအဖြစ်နှင့်အစစ်ခံရာဝယ်တပည့် တော်၏သဘောအရ လွတ်လပ်စွာ ထုချေအစစ်ခံခွင့်မရခဲ့ပါဘဲ တရားလိုနှင့်ခုံရုံးတော်က မေးခွန်းထုတ်သည်ကိုသာဖြေလျက် အ စစ်ခံချက်ပေးခဲ့ရပါသည်။

၆။ ခရိုင်သာသနာရေးအရာရှိ ဦးစိန်လှိုင်ကလည်း ၁၃၂၁-ခု တပို့တွဲလဆုတ်(၆)ရက်နေ့ သဲကုန်းကျေးရွာတရားပွဲဖြစ်ပါသည်။ တရားပွဲဖြစ်ပြီးနောက် တနှစ်ကျော်ခန့်ကြာရှိပြီးမှ ၎င်းစုံစမ်းစစ် ဆေးခဲ့ရာတွင် ဦးထွန်းလူခေါ်ပေးသောသူ၊ ညွှန်ပြသောသူများ ကိုသာ စုံစမ်းစစ်ဆေးခဲ့ရကြောင်း၊ အခြားပုဂ္ဂိုလ်များအပြည့် အစုံ မစုံစမ်းခဲ့ရကြောင်း၊ အစစ်ခံထွက်ဆိုခဲ့ပါသည်။

၇။ ဦးထွန်းလူအား ပဌမအမှု စတင်စစ်ဆေးစဉ်က တပည့် တော်၏မေးခွန်းကို ဖြေဆိုသည်မှာ ကျွန်တော် ၇-ရက် ဆရာ၏ တရားကိုနာဘူးပါသည်။ ငွေ၁-ကျပ်တန် ၅-ရွက်လှူဘူးပါသည်။ တရားမှန်ပါဘယ်။ ဆရာရေးတဲ့ကျမ်းစာမျိုးစုံလဲ ရှိပါတယ်ဟု ဖြေကြားထွက်ဆိုသဖြင့် ဦးထွန်းလူဟာ သူ၏ပင်ကိုယ်သဘောနှင့် တရားစွဲဟန်မတူပါ။

၈။ နောက်တပါတ် ရုံးချိန်းရက်တွင် ဦးထွန်းလူက မဟ် တတ်ရပ်ပြီးတော့ ဆရာဟော်များနှင့်ဆရာတော်ကြီးကိုအားနာ ပါတယ်။ ဟောဟို-ဦးဘိုးသင်းကြီးကြောင့် မခံချင်သဖြင့် ဒီလို တရားစွဲခဲ့ရပါတယ်ဟု ပြောခဲ့ခြင်း။

၉။ ဦးထွန်းလူသည် ပဒတ်ကုန်းတရားပွဲမှာ တပည့်တော်၏ တရားမှန်ကြောင်း ဝန်ခံထွက်ဆိုခဲ့ပါသည်။ သဲကုန်းရွာတရားပွဲ

မှာ ၎င်းကိုယ်တိုင် မကြားရ-မနာရကြောင်း ထွက်ဆိုခဲ့ပါသည်။ ဆရာနှင့်ဦးထွန်းလူအခြေအတင်တရားငြင်းခုံဘူးခြင်းမရှိကြောင်း ဦးထွန်းလူ ထွက်ဆိုဝန်ခံခဲ့ပါသည်။

၁၀။ ဦးထွန်းလူက သူကိုယ်တိုင်မရောက်မကြားခဲ့ပါဟု ဝန်ခံခဲ့သော သဲကုန်းတရားပွဲတွင် တပည့်တော်က ဘုန်းကြီးများကို မရိုသေပုံ၊သီလကိုပါယ်ပါသည်ဟု စွဲဆိုခြင်းမှာ သက်သက်လုပ်ကြံထွက်ဆိုခြင်းမျှသာဖြစ်ပါတယ်။ ဤအခါက သဲကုန်းမဏ္ဍပ်တွင်း တရားဟောမည့်နေ့ မဟောမီ နံနက်ဆွမ်းကိုဘုန်းကြီးများအား ကပ်လှူခဲ့ပါသည်။ ဤဆွမ်းကပ်လှူပွဲတွင် ထိုခုံရုံးတော်ရဟန်းအချို့ပင် ပါဝင်ခဲ့တယ်။ ဤအချက်ကို ထောက်ဆခြင်းအားဖြင့် ဦးထွန်းလူ၏ မတရားလုပ်ဇာတ်ခင်းမှုမှာ အလွန်ထင်ရှားပါတယ်။

(ဆက်လက်၍ လျှောက်ထားပါရစေ) ခုံရုံးတရားသူကြီးများအပါအဝင် ဆရာတော် ဦးပဏ္ဍိတက (မုနိကို ရဟန်းဟု အနက်မပေးရဟု မိန့်တော်မူသဖြင့် တပည့်တော်က မုနိကို ရဟန်းဟု ပြန်ဆိုခဲ့ပါတယ်၊ ဤအခါ ဆရာတော် ဦးပဏ္ဍိတက ကျမ်းပြပါဟု မိန့်တော်မူခဲ့သဖြင့် အဘိဓါန်နှင့်၊ ဓမ္မပဒ၊ အဋ္ဌကထာမှာ ကြည့်တော်မူရန်နှင့် အလွယ်သိလိုက လယ်တီ ဦးပဏ္ဍိတ ရေးသော ပါဠိအဘိဓါန်ချုပ်မှာ ပါကြောင်း တင်ပြပါသည်။

၁၁။ တပည့်တော်အထူး လျှောက်ထားလိုသည်မှာ တပည့်တော်ရေးခဲ့သော ကျမ်းစာအုပ်တိုင်းတွင် ရတနာ(၃) ပါးကို ပဏာမရှိခိုးခြင်း၊မိဘဆရာနှင့်တကွ အနန္တဂုဏ်ငါးပါးကိုအလေးဂရုပြုခဲ့ခြင်း၊ ၇-ရက် ဟောစဉ်တွင်.... ဟောသည့်အခါတိုင်း နောက်ဆုံးရက်တွင် မင်္ဂလာ(၈)ပါးကို အထူးအလေးပြု ဟောခြင်း၊

ငင်းမဂ္ဂင်(ဂ)ပါးသည်ပင် သီလ၊ သမာဓိ၊ ပညာ၊ ပါငင်၊ အာမိက ဖြစ်နေခြင်း၊ တပည့်တော်ကိုယ်တိုင် သက်နိုး(၁၀)ဝါခန့် ဝတ်၍ (၁)ပါဠိတော်-၃ ပုံ။ (၂)အဋ္ဌကထာ(၃)ပုံ၊ (၃) ဋီကာအပြည့်အစုံ၊ နေ့ဝါ၊ ညဝါအကုန် သင်ရိုးကျော်အပြိမ်း သင်ကြားခဲ့ဘူးခြင်း။ တပည့်တော်ကိုယ်တိုင်က အတ္တဒိဋ္ဌိကင်း လွတ်သော ငံပဿနာ စါစေါင်(၃၅) စောင် ရေးသားဖြန့်ချီခဲ့ ခြင်း၊ ဦးထွန်းလူသည် ကရင်လူမျိုးဖြစ်တယ်။ ငင်း၌လောကုတ္တရာ ပညာ ဗဟုသုတ မပြည့်စုံခြင်း၊ ငင်း၏ပညာမှာ လောကီမူလ တန်းကျောင်းဆရာမျှသာ ဖြစ်သဖြင့် ငင်းဦးထွန်းလူမှာ သက်နိုး ၏ အဓိပ္ပါယ်ကို နားလည်မည်ဟု မယူဆနိုင်ပါ၊ ယူဆနိုင်ရန် မဖြစ်နိုင်ပါ၊ တပည့်တော်သင်ကြားလေ့လာသော ပိဋကတ် ပညာကို ထောက်ထားခြင်းအားဖြင့် သီလကိုပယ်သည်။ အစရှိ သော စွပ်စွဲချက်များမှာ သက်သက်မတရား လုပ်ဇာတ်ခင်းခြင်း မျှသာ ဖြစ်ကြောင်း အလွန်ထင်ရှားနေပါသည်။

၁၂။ နိဂုံးချုပ်လျှောက်ထားပါသည်။ လွန်ခဲ့သော-၁၃၂၁ ခုနှစ်၊ တပို့တွဲလဆုပ်(၆)ရက်နေ့က သံကုန်းတွင် တရားပွဲပြု လုပ်သည်ကို အကြောင်းပြု၍ ဤခုံရုံးတော်တွင် တရားစွဲခဲ့သော အမှုဖြစ်ပါသည်။ ဤအမှုတွင် အချင်းဖြစ်ကိစ္စကို စွပ်စွဲသူက ကိုယ်တိုင်မသိ မရောက်ခဲ့ခြင်း၊ တဖန်သဲဖြူရွာသက်သေ မောင် မှင်၊ မခင်ရွှေတို့သည် ငင်းတို့၏ ထွက်ဆိုချက်မှာ မိဘကောင်း ဘခင်သားသမီးတို့၏ ပြောဆို သုံးစွဲသော စကားမျိုးမဟုတ်၊ အလွန်ကြမ်းတမ်းရိုင်းပြတဲ့ အသုံးအနှုန်းတို့ဖြင့် ထည့်သွင်းစွပ် စွဲထွက်ဆိုကြပါသည်။

ငင်းတို့ထွက်ဆိုသော စကားတွင် လွန်ခဲ့သော နှစ်အတော်

ကြာက သဲဖြူရွာတရားပွဲတွင် ဖြစ်ပွားသည်ဟု ထွက်ဆိုခဲ့ပါသည်။ ဤအကြောင်းကို ရှင်းရသော် မောင်မှင်၊ မခင်ရွှေတို့ ထွက်ဆိုချက်မှာ မှုဒိမ်းမှုနီးပါး ပြောဆိုစွပ်စွဲခဲ့ပါသည်။ ဤအမှု ရှန့်ရှင်း ကြမ်းတန်းစွာ အပြုအမူကို အကယ်မှန်လျှင် ထိုအချိန်ကပင်လျှင် ဆူဆူညံညံ မခံမရပ်နိုင်ဖြစ်လောက်သော ကိစ္စဖြစ်ပါလျက် မဖွင့်ဟကြဘဲ ယခုဦးထွန်းလူနှင့်ပေါင်းမိမှ ဤကဲ့သို့ ပေါ်လာရခြင်းမှာ မရိုးသားကြောင်း ထင်ရှားနေပါသည်။

အကယ်၍ မောင်မှင်၊ မခင်ရွှေတို့ ထွက်ဆိုချက်အတိုင်း မှန်ခဲ့ပါလျှင် သဘောထားကြီးစွာနှင့် သည်းခံနေနိုင်သော ကိစ္စဟုတ်၊ မဟုတ်၊ စဉ်းစားရန်အကြောင်းရှိပါသည်။ မောင်မှင်အခနနှင့်ဆိုလျှင်လည်း မခင်ရွှေ၏ထွက်ဆိုချက်အရ (မျက်စပ်မိုးဝင် ဆံတပင်တင်း ချစ်ခြင်းမယား)ဆိုဘဲ ရှေးစကားအရပင် သည်းခံနေနိုင်မည် အကြောင်းမဟုတ်ပါ၊ တရားလို ဦးထွန်းလူသည် ၎င်းကိုယ်တိုင် မကြားသာဘဲလျက် စွဲဆိုခဲ့သော အခိုပ္ပါယ်မရှိသည့် စွဲဆိုမှု ချို့ယွင်းချက်တရားလိုပြု သက်သေ၊ မောင်မှင်၊ မခင်ရွှေတို့သည် လွန်ခဲ့သောနှစ်အတော်ကြာက ၎င်းရွာတွင် ဖြစ်ခဲ့သော၊ ကိစ္စဟုကင်ပွန်းတပ်လျက် အလွန်အရေးကြီး မခံနိုင်လောက်အောင် ဖြစ်ခဲ့သော ကိစ္စကို သည်းခံခဲ့ဟန်သရုပ်ဆောင်၍ ဦးထွန်းလူနှင့် ပူးပေါင်းလုပ်ကြံခဲ့သော မတရားပြင်ဆင်မှု ချို့ယွင်းချက် ထင်ရှားပေါ်လွင်နေပါတယ်။

၁။ ဥပဒေရ အပိုဒ်(၁-၂-၃-၄-နှင်-၅-)တို့တွင် ဖော်ပြခြင်း ဆိုခဲ့သည့်အချက်များအရ လက်ပံတန်းမြို့နယ် ဝိနိစ္ဆယဌာနရုံးတော်သည် ဤအမှုကို လက်ခံစစ်ဆေးခြင်းလုံးလုံးမှားခဲ့ကြောင်း

ၑင်းရိုးသည် ဤအမှုကို စစ်ဆေးဆုံးဖြတ်ရန် အာဏာအရှင်းမရှိဘဲ အတင်းအဓမ္မ စစ်ဆေးခဲ့ကြောင်း။

၂။ အဖြစ်အပျက်၊ အကြောင်းအရာမှာ အမှုကို မစတင်မစစ်ဆေးမီ၌ၑင်း စစ်ဆေးနေဆဲအချိန်များ၌ၑင်း၊ ဆရာတော်ဦးဝိလာသကိုယ်တော်က ဝင်ရောက်လျက် တရားလို ဦးထွန်းလူဘက်မှ မတရား ပြောဆိုကြောင်း။

၃။ တရားလိုတရားခံနှင့် သက်သေထွက်ချက်များကိုထောက်ထားလို့လျှင် မဖြစ်နိုင်၊ မဟုတ်နိုင်သော အကြောင်းများကို တရားလိုဘက်မှ ထွက်ဆိုထုချေကြသဖြင့် ဤအမှုကို-ပ-လပ်ထိုက်ကြောင်း။

ဆရာဦးမြတ်သိန်းထွန်း
၇-၁၀-၆၂။

စောဒက(တရားလို)ဦးထွန်းလူနှင့် စုဒိတက(တရားခံ) ဦးမြတ်သိန်းထွန်းတို့၏ နှစ်ဦးနှစ်ဘက်လျှောက်လွှဲချက်များကို ဝိနိစ္ဆယ ဝိနည်းဓိုရ်ဆရာတော်များက ကြားနာကြပြီးလျှင် ၑင်းအမှုကို စီရင်ဆုံးဖြတ် အမိန့်ချမှတ်ရန်(.... -၁၁-၆၂)ရက်နေ့သို့ ချိန်းဆိုလိုက်သော်လည်း ဖြစ်ပွားခဲ့သောအငြင်းပွားမှုမှာ တတိုင်းတနိုင်ငံလုံးက စိတ်ဝင်စားခဲ့သည့်အမှုဖြစ်၍တကြောင်း၊ ဘာသာရေးအဆုံးအဖြတ်အနေဖြင့် အရေးကြီးမှုကြောင့်တကြောင်း၊ ၁၉၆၂ ခု၊ ဒီဇင်ဘာလ ၁၆-ရက်နေ့သို့ ထပ်မံရက်ချိန်းပေးလျက် ဖော်ပြပါအမိန့်ကို ၄-နာရီကြာမျှ ဘတ်ကြားလျက် ဆုံးဖြတ်အမိန့်ချမှတ်လိုက်လေသည်။

o o o

(မှတ်ချက်။ ။စေ၀ဒက ဦးထွန်းလူ၏ သက်သေများကိုဓါတ်ပုံနှင့်ဖေါ်ပြသကဲ့သို့ စုဒိတက ဦးမြတ်သိန်းထွန်း၏ သက်သေများဓါတ်ပုံကို ဖေါ်ပြနိုင်ရန် ကြိုးစားခဲ့သော်လည်း ကာယကံရှင်များ၏ သဘောတူညီမှု မရ၍ ၎င်းတို့၏ အစစ်ခံချက်များကိုသာ ဖေါ်ပြရပါသည်။ ထုတ်ဝေသူ)။

# ဆုံးဖြတ်ချက်။

## လက်ပံတန်းမြို့နယ် ဝိနိစ္ဆယဌာန။

၁၃၂၄-ခုနှစ်၊ နတ်တော်လဆုတ် ၅-ရက်နေ့။
၁၃၂၂-ခုနှစ်၊ အဓိကရုဏ်းမှု အမှတ် ၁။
ဦးထွန်းလူနှင့် ဦးလှကျော် (ကိုယ်စားလည်) ကိုင်းတန်းကျွန်းကလေးရောက်ရှိသည့် အမှုသည်များ။
စောဒက ဦးထွန်းလူ ခြသေ့်ကုန်းရွာ လက်ပံတန်းမြို့။
စုဒိတက ဦးမြတ်သိန်းထွန်း(အိမ်နံပါတ် ၁၁)မုန့်လုပ်ဆောင်းကုန်း ဇေယျသုခလမ်း၊ ကြည့်မြင်တိုင်။

## ဆုံးဖြတ်ချက်။

"နမောတဿ၊ဘဂဝတော၊အရဟတော၊သမ္မာသမ္ဗုဒ္ဓဿ။

## နိဒါန်း။

ဤ ဦးထွန်းလူနှင့် ဦးမြတ်သိန်းထွန်းတို့၏ ဝိဝါဒါဓိကရုဏ်းမှု ဖြစ်ပေါ်လာရခြင်း၏အကြောင်းကို ဖော်ပြရသည်ရှိသော်....

ရန်ကုန်မြို့ ကြည့်မြင်တိုင် မုန့်လုပ်ဆောင်းကုန်းရပ်၊ဇေယျသုခလမ်းနေ ဦးမြတ်သိန်းထွန်းသည် အနယ်နယ်-အရပ်ရပ်တွင်(ဝိဇ္ဇာစရဏ မဂ္ဂသမ္ဘာရ)ဟူသောအမည်ဖြင့် အဖွဲ့အစည်းများ ဖွဲ့စည်းတည်ထောင်ကာ ဝိပဿနာတရားဟူသောအသံပေးလျက် ဓါတ်သံ၊ပရမတ်သံ အတန်ငယ်ဟောပြီး ကျမ်းဂန်နှင့်မညီ မိမိထင်

တိုင်းဟောပြောပြီး ရတနာသုံးပါးကိုထိပါးပုတ်ခတ်ခြင်း၊တရား ပြ-တရားစမ်းသည်ဟု လှည့်ပတ်သွေးဆောင်ကာ မာတုဂါမများ ကို ကျူးလွန်ဖျက်ဆီးခြင်းများ ပြုလုပ်လျက်နေခဲ့ရာ ရောက်လေ ရာအရပ်များတွင် ဆူဆူပူပူဖြစ်ခဲသည့်အပြင် သာသနာရေးကို အလေးပြုသည့် ပုဂ္ဂိုလ်တို့၏စိတ်နှလုံးကို ကြိမ်မီးအုံးသကဲ့သို့ဖြစ် ခဲ့ပေသည်။

ထိုသို့ ဆူဆူပူပူဖြစ်သော အမှုအကျင့်နှင့် ရတနာသုံးပါးကို ထိပါးပုတ်ခတ်ဟောပြောနေရာ ၁၃၂၁-ခုနှစ်။ တပို့တွဲလဆုတ် ၆-ရက်နေ့မှအစပြု၍ ၎င်းလဆုတ် ၁၂-ရက်နေ့တိုင်အောင် ၇-ရက်တိုင် တိုင် လက်ပံတန်းမြို့နယ် သဲကုန်းရွာတွင်ဟောပြောခိုက် ဦးထွန်း လူနှင့်မောင်လှရွှေတို့၏ ၎င်းဦးမြတ်သိန်းထွန်း၏ ဟောပြောချက် ကိုလေ့လာပြီး ၎င်းရေးသည့်စာအုပ်များကို ကြည့်ရှုသောအခါ ရတနာသုံးပါးကို ထိပါးပုတ်ခတ်သောအချက်အမြောက်အများ ကိုတွေ့သဖြင့် ရတနာသုံးပါးနှင့်တကွ သာသနာတော်ရေးအ ဟုက် တွေးမိတိုင်း ရင်လေးလှသောကြောင့် အခြားသောပုဂ္ဂိုလ် တို့သည် သူ့ထိုက်နှင့်သူ့ကံ သူ့အပြစ်ဒါဏ်သူခံ ကြောင့်ကြမ စိုက် လစ်လျူသဘောဖြင့် နေကြသော်လည်း ငါမနေနိုင်။ ၎င်း ဟောပြောချက်နှင့် ၎င်း၏အမူအကျင့်တို့ကို ရှင်းလင်းပပျောက် အောင် ပြုမှသင့်လျော်မည်ဟုကြံဆပြီးလျှင် ဉာဏ်ဝိနိစ္ဆယဌာနသို့ ၎င်းဟောပြောချက်များနှင့် အမူအကျင့်တို့ကို ဝေဘန်စစ်ဆေး ဆုံးဖြတ်ပေးတော်မူပါရန် လျှောက်ထားသဖြင့် ထိုအမှုဖြစ်ပေါ် လာရပေသည်။

## လက်ခံစစ်ဆေးခြင်း၏အကြောင်း။

ဤအမှုကို လက်ခံစစ်ဆေး ဆုံးဖြတ်ရာတွင် လက်မခံမီက လက်ခံရန် သင့်မသင့် အကြိမ်ကြိမ်ညှိနှိုင်းတိုင်ပင်ကြရာ ယင်းအမှုမှာ....

၁။ ရတနာသုံးပါးနှင့်တကွသာသနာတော် ထိပါးပုတ်ခတ်သောအမှုဖြစ်သည်။

၂။ ဗုဒ္ဓဘာသာဝင် တရပ်လုံးနှင့်သက်ဆိုင်၍ အလွန်အရေးကြီးသောအမှုဖြစ်သည်။

၃။ ဗုဒ္ဓဘာသာဝင်တရပ်လုံးစိတ်ဝင်စားသောအမှုဖြစ်သည်။

သို့ဖြစ်၍ ဤအမှုကိုငြင်းပယ်ရန်မသင့်။ ငြင်းပယ်ခဲ့သော် သာသနာတော်အရေးကို အလေးပြုကြသည့် သာသနာစောင့် သာသနာပြုပုဂ္ဂိုလ်တို့၏ တာဝန်ဝတ္တရားပျက်ကွက်ရာ ရောက်နိုင်သည့်အပြင် စွဲဆိုချက်အတိုင်းမှန်ပါက မသိနားမလည်သော သူတို့သည် စုဒိတက ဘုရားခံ၏သွေးဆောင်ဖျားယောင်းရာသို့ ပါသဖြင့် ပစ္စက္ခသံသရာ နှစ်ဖြာသောဘေးအမျိုးမျိုးတို့ ကျရောက်နိုင်သည့်အပြင် အချို့ သူတို့သည် စုဒိတက ဘုရားခံဟောပြောချက်များ မှန်ကန်သောကြောင့် တာဝန်ရှိသည့် ဆရာတော်များက အဆုံးအဖြတ်မပေးဘဲ ငြင်းပယ်လေသလောဟု တွေးတောခါ မလိုအပ်ရာသို့ ရောက်ရှိနိုင်သည့်အပြစ်။ ဘာသာ သာသနာကို အလေးပြုသောပုဂ္ဂိုလ်တို့ကလည်း ယင်းအမှုမှာ အလွန်အရေးကြီးသောအမှုဖြစ်ပါလျက် အရေးမကြီးသကဲ့သို့ မသက်ဆိုင်သကဲ့သို့ နေခြင်းသည် သာသနာအရေးအတွက်ကြောင့်ကြမှုနေနိုင်လွန်းလှသည်ဟု ထင်မြင်နိုင်စေသောအပြစ် စသောအပြစ်တို့မှ ကင်း

လွတ်စေရေးအတွက် လေးလေးနက်နက် စဉ်းစားကြပြီးလျှင် စစ်ဆေးဆုံးဖြတ်ရန် တာဝန်ရှိသည့်အလျောက် ကျနမှန်ကန်စွာ စစ်ဆေးဆုံးဖြတ်ချက်ပေးကြရန် ရည်သန်ကာဖြင့် လက်ခံကြခဲ့ခြင်းဖြစ်ပေသည်။

ဤအမှုမှာ လူအချင်းချင်း စောဒက-စုဒိတက—တရားလိုတရားခံ ပြုလုပ်စွဲဆိုသောအမှုဖြစ်သောကြောင့် ဝိနိစ္ဆယဋ္ဌာနအနေနှင့် လက်ခံသင့်-လက်မခံသင့် စဉ်းစားကြရာတွင် ဝိနိစ္ဆယဋ္ဌာန အက်ဥပဒေပုဒ်မ(၁၅) ပုဒ်မခွဲ(၂)တွင်တားမြစ်ထားသည့်အမှုမျိုးမဟုတ်သောကြောင့်၎င်း။ ၎င်းပုဒ်မ ပုဒ်မခွဲ(၂)တွင် သတ်မှတ်ထားသည့် လက်ခံရမည့် အမိကရဏ်းမှုများတွင် သက်ဝင်သောကြောင့်၎င်း။ ထိုဥပဒေတွင် ရဟန်းများကိုသာ လက်ခံရမည်။ လူများကိုလက်မခံရဟု တားမြစ်ချက်မရှိသောကြောင့်၎င်း ဝတ္ထကမြေမှုများတွင် ဂေါပကဖြစ်သူ လူအချင်းချင်း စွဲဆိုကြသည့်အမှုများကို လက်ခံဆုံးဖြတ်သည့်ထုံးများ ရှိသောကြောင့်၎င်း။ ထိုထို-အကြောင်း အမှုကိစ္စများ ထင်ရှားစွာပင်ရှိစေကာမူ၍ ခိုင်လုံသည်ထက် ခိုင်လုံစေရန် သံသယမရှိ တိတိကျကျလက်ခံစစ်ဆေးလိုကြပါသောကြောင့် သာသနာ့ ညွှန်ကြားရေးဝန်ထမ်းဦးစိန်မှတဆင့် နိုင်ငံတော်ဝိနည်းဓိုရ် ဆရာတော်များအထံ လျှောက်ထားမေးမြန်း အဆုံးအဖြတ်ခံယူရာ နိုင်ငံတော်ဝိနည်းဓိုရ်ဆရာတော်များထံမှ လူအချင်းချင်းပင် ဖြစ်ကြသော်လည်း ဝိနိစ္ဆယဋ္ဌာန ဥပဒေပုဒ်မ(၁၅)တွင်ပြဆိုအပ်သော အဓိကရဏ်းလေးပါးတို့တွင် အပါအဝင်ဖြစ်နေ၍ အမှုသည်တို့သည် လူအချင်းချင်းပင်ဖြစ်ကြသော်လည်း လက်ပံတန်းမြို့နယ်ဝိနိစ္ဆယဋ္ဌာနက ဝိနိစ္ဆယဥပဒေပုဒ်မ(၁၅)အရ လက်ခံစစ်ဆေးသင့်ကြောင်း

ညွှန်ကြားချက်အမိန့်ကို ၁၃၂၂-ပြာသိုလပြည့် ၆-ရက်နေ့ကပေးပို့သဖြင့်ရင်း။ ထိုအကြောင်းများကြောင့်လည်း ဤအမှုကိုလက်ခံစစ်ဆေးခြင်းဖြစ်ပေသည်။

ဝိနိစ္ဆယဋ္ဌာန အက်ဥပဒေပုဒ်မ(၁၆)ပုဒ်ခွဲ(၁)တွင် မြို့နယ်ဝိနိစ္ဆယဋ္ဌာနမှ စုဒိတကအားသုံးဖြစ်စေ၊ အများစုဖြစ်စေ နေထိုင်လျှင် စသည်ဖြင့် စုဒိတက တရားခံများရှိရာ ဝိနိစ္ဆယဋ္ဌာနကသာ စီရင်ဆုံးဖြတ်ခွင့်ရှိသည်။ အခြားဝိနိစ္ဆယဋ္ဌာနက စီရင်ဆုံးဖြတ်ခွင့်မရှိဟူသောအဓိပ္ပါယ် သက်ရောက်သကဲ့သို့သော ဥပဒေပုဒ်ပါစကားရပ်ကို စဉ်းစားကြရာ ထိုပုဒ်မှာ ထိုအဓိပ္ပါယ်သက်ရောက်သည်ဟုမယူဆ၊ အခြားမြို့နယ်အတွင်းဖြစ်ပွား၍ အခြားဝိနိစ္ဆယဋ္ဌာနနှင့်သက်ဆိုင်သော အမှုအခင်းများကို တပါးသောဝိနိစ္ဆယဋ္ဌာနက လက်ခံစီရင်ခြင်းမပြုရအောင် စီရင်ခွင့်နယ်နိမိတ်ကို သတ်မှတ်ပိုင်းခြားသော စကားဖြစ်သည်ဟု ယူဆကြသည်။

အကယ်၍ အထက်ပါအတိုင်း သက်ရောက်သကဲ့သို့သော အဓိပ္ပါယ်ကိုယူဆပါလျှင် ဝိနိစ္ဆယဋ္ဌာနမရှိသည့်အရပ်တွင် နေထိုင်သောပုဂ္ဂိုလ်သည် ဝိနိစ္ဆယဋ္ဌာနရှိသည့်အရပ်တွင် အမှုအခင်းဖြစ်ပြီး မိမိအရပ်ဒေသသို့ ပြန်နေလျှင်သော် ၎င်းပုဂ္ဂိုလ်တို့သည် မြို့တခုတွင် အမှုအခင်းဖြစ်ပြီး အခြားဝေးကွာသော မြို့နယ်သို့ပြောင်းရွှေ့နေထိုင်သဖြင့် စောဒကသည် ထိုအရပ်သို့ မလိုက်မသွားနိုင်လျှင်သော်၎င်း၊ အဘယ်သို့ပြုရမည်နည်း။ အရေးမယူရတော့ပြီလော။ ထိုပုဂ္ဂိုလ်ကိုအမှုမှ လွတ်ရတော့မည်လောဟု ဆိုဘွယ်ရှိသည်။

ထိုသို့ပင် မရှင်းမလင်းသော်လည်း မြို့နယ်တခုတွင် နေထိုင်သောသူတဦးသည် အခြားမြို့နယ်တခုတွင် ရာဇဝတ်မှုကျူးလွန်

ပြီး မိမိနေရပ်မြို့နယ်သို့ဖြစ်စေ၊ဟာပါးသောမြို့နယ်သို့ဖြစ်စေသွား ရောက်နေရာ ထိုသူ့ကို ထိုသူ့နေရာတရားရုံးမှမစီရင်ရဘဲ အမှု အခင်းဖြစ်သည့်မြို့နယ်သို့ ဘမ်းဆီးခေါ်ဆောင်၍ အမှုအခင်း ဖြစ်သည့်တရားရုံးမှ စီရင်ဆုံးဖြတ်သည့် ထုံးသာဓကများကို ထောက်၍ ယခုအမှုတွင် စုဒိတက တရားခံသည် အခြားမြို့နယ် တွင်နေသော်လည်း ဤလက်ပံတန်းမြို့နယ်အတွင်း အမှုအခင်း ဖြစ်သောကြောင့် ဤအမှုကို ဤလက်ပံတန်းမြို့နယ် ဝိနိစ္ဆယဌာ နက စီရင်ပိုင်ခွင့်ရှိသည်ဟု အခိုင်အမာယူဆကြကာ လက်ခံခဲ့ခြင်း ဖြစ်ပေကြောင်း။

ဝ ၀ ဝ

## အဓိကရုဏ်း အကျဉ်းချုပ်အမှုသွား။

၁။ သာယာဝတီခရိုင် လက်ပံတန်းမြို့နယ် သဲကုန်းရွာ၌ (၁၃၂၁)ခုနှစ်၊ တပို့တွဲလဆုပ် ၆-ရက်နေ့မှ ၎င်းလဆုပ် ၁၂-ရက် နေ့အထိ၊ ၇-ရက်တိုင်တိုင် ဦးမြတ်သိန်းထွန်းနှင့် ၎င်း၏တပည့် ဦးဘရွှေ၊ ဦးလှဘင်၊ ဦးထွန်းရှင်း၊ မစိန်မြတို့ တရားဟောကြပါ သည်။

၂ ၎င်းတရားပွဲ၌ရတနာသုံးပါးကို ပုတ်ခတ်ဟောပါသည်ဟု အကြောင်း ၈-ချက်ပြ၍ ကျောင်းဆရာကြီး ဦးထွန်းလူ၊ သဲကုန်း ကျေးရွာ ကြံ့ခိုင်ရေးဥက္ကဋ္ဌ ဦးလှရွှေနှင့် အတွင်းရေးမှူး ဦးလှရွှေ တို့ကိုယ်တိုင်လက်မှတ်ရေးထိုး၍ သာယာဝတီခရိုင် ဒေသကိုယ် စားလည်ဦးဝင်းမှတဆင့် သာသနာ့ညွှန်ကြားရေးဌာနရုံးသို့(၆-၄- ၆၀)နေ့စွဲဖြင့် တိုင်တန်းစာပို့သည်။

၃။ ၂၆-၃-၆၀ နေ့စွဲဖြင့် သာသနာ့ညွှန်ကြားရေးဝန်ရုံးမှ ဦးမြတ်သိန်းထွန်းဟောပြောချက်များကို စုံစမ်း၍ အစီရင်ခံရန် ခရိုင်သာသနာရေးအရာရှိ ဦးစိန်လှိုင်ထံ ညွှန်ကြားသည်။

၄။ ၂၇-၇-၆၀-နေ့စွဲဖြင့် ခရိုင်သာသနာရေး အရာရှိ၊ ဦးစိန်လှိုင် ထံမှ၊ မှန်ကန်ကြောင်း၊ အချက်ကြီး(၁၃) ချက်ပြပြီး သာသနာ့ညွှန်ကြားရေးဝန်ရုံးသို့ အစီရင်ခံစာပို့သည်။ (အစီရင်ခံစာ အကျဉ်းချုပ်အတွင်းမှာကြည့်ပါ)

၅။ ၁၁-၉-၆၀-နေ့စွဲဖြင့် သာသနာ့ညွှန်ကြားရေး ဝန်ရုံးမှ ဦးမြတ်သိန်းထွန်းအား သက်ဆိုင်ရာ ဝိနိစ္ဆယဌာနတွင် တရားစွဲဆိုရန် ခရိုင်ဒေသကိုယ်စားလှယ်၊ ဦးဝင်းထံ ညွှန်ကြားသည်။

၆။ ၂၁-၁၁-၆၀-နေ့စွဲဖြင့် ဦးထွန်းလူ က-တရားလိုပြုလုပ်၍ သက်ဆိုင်ရာ လက်ပံတန်းမြို့နယ် ဝိနိစ္ဆယဌာနရုံးတော်တွင် စွဲဆိုရာ သံဃာမပါဘဲ လူအချင်းချင်းဖြစ်၍ လက်မခံနိုင်ကြောင်း ဝိနည်းဓိုရ်ဆရာတော်များက ပယ်ချသည်။

၇။ ၄-၁၂-၆၀-နေ့စွဲဖြင့်-လက်ပံတန်းရုံးတော်ကပယ်ချသဖြင့် မည်သို့ဆောင်ရွက်ရမည်ကို ခရိုင်ဒေသကိုယ်စားလှယ် ဦးဝင်းက သာသနာ့ညွှန်ကြားရေးဝန်ရုံးသို့ စာတင်သည်။

၈။ ၂၈-၁၂-၆၀-နေ့စွဲဖြင့် ဤကိစ္စနှင့်ပတ်သက်၍ သာသနာ့ညွှန်ကြားရေး ဗန္ဓုလ ဦးစိန်က နိုင်ငံတော် ဝိနိစ္ဆယဌာနသို့ စာတင်သည်။

၉။ ၆-၁-၆၁-နေ့စွဲဖြင့် လူအချင်းချင်း ဖြစ်သော်လည်း သက်ဆိုင်ရာမြို့နယ် ဝိနိစ္ဆယရုံးတော်က.... လက်ခံစစ်ဆေးနိုင်ကြောင်း နိုင်ငံတော်ဝိနိစ္ဆယဌာနမှ လက်ပံတန်းမြို့နယ်ဝိနိစ္ဆယဌာနသို့ ညွှန်ကြားသည်။

၁၀။ ၉-၂-၆၁-နေ့စွဲဖြင့် အထက်ပါသွန်ကြွေးချက်အား လက်ပံတန်းမြို့နယ် ဝိနည်းဓိုလ်ဌာနက ဦးထွန်းလူ စွဲဆိုသော ဝိဝါဒဒီပနီကျမ်း အမှု အမှတ်(၁) ကိုလက်ခံစစ်ဆေးသည်။

○ ○ ○

## သာယာဝတီခရိုင် သာသနာရေးအရာရှိ ဦးစိန်လှိုင်အစီရင်ခံစာ။

၁။ ဆင်းတုတော်များကို ရွှေချတာအလကားပေါ့ ကိုယ့်ရွှေနဲ့ ပေါ်မှဘုရား သစ္စာလေးပါးကို သိသောဘုရား နောက်ဘုရားမရှိ ဘူး ဟုဟောခြင်း။

၂။ ဗုဒ္ဓဟောစေတီလေးမျိုးသည် ပရိယတ်စေတီမှားသာ ဖြစ်ကြောင်း။ အင်္ဂွဲခဲဟာ အင်္ဂွဲခဲဘဲ ကျောက်ဟာ ကျောက်ဘဲ ကြေးဟာကြေးဘဲဟု ရတနာသုံးပါး၏ဂုဏ်ကို မှန်းဆ၍အာ ရုံမပြုနိုင်အောင် လှည့်စား၍ဟောခြင်း။

၃။ မိမ္မတယောက်က ယောကျ်ားတယောက်ဖွားသလို က အိမ်ရှေ့ပွားတဆူကိုးကွယ်ခြင်းကို ရုပ်ပွားဟု အယူဘ်အမြင် ဥပမာဟတ်၍ဟောခြင်း။

၄။ ငှင်းပြင်-အားမရလို့ ဒက္ခိဏာသာခါ အခြောင်ကိုး ကွယ်ကြသည်ဟု ဟောခြင်း။

၅။ ရွှေတိဂုံမှာ ရွှေလှူသလိုပေါ့အား ရွှေကြွယ်သီးလှူခြင်း သည်၊ ဘုရားလှူတာနှင့်အတူတူဘဲဟု ဘုရားနှင့် တန်းတူအောင် ဟောခြင်း။

၆။ ၎င်း၏ကျင်ငယ်ရေကို(၉၆)ပါးသော ဝေဒနာပျောက်ကင်းသည်ဟု ကျေညာ၍ဆေးအဖြစ် သုံးစွဲစေခြင်း။

၇။ တရားပြသောအခါ ယောကျ်ားများနှင့် မိမ္မများ ပင်ဖြစ်စေကာမူ တတိယအရွယ်အသက် မိမ္မကြီးများကိုတရား မပြဘဲ အရွယ်ကောင်းသော အမျိုးသမီးများကိုသာ တရားပြခြင်း။

၈။ တရားပြသောအခါ လုံခြုံသောအခန်း၊ လုံခြုံသောခြင်ဆောင်၊ လုံခြုံသောကန့်လန့်ကာကို ကာ၍ပြခြင်း။

၉။ တရားပြသောအခါ၌လည်း ခန္ဓာကိုယ်နှင့်တကွ ရှိပစ္စည်းအားလုံးလှူမှ တရားပြခြင်း။

၁၀။ တရားစစ်သောအခါတွင် မိန်းမအင်္ဂါ ကြီးငယ်အားလုံးကိုသုံးသပ်၍ ဒါဘာလဲဟုမေးခြင်း၊ အမျိုးသမီးများကမဲါတ်ဟုဖြေရပါသည်။

၁၁။ တရားစစ်ချိန်တွင် မည်သူမျှမလာရခြင်း(တံခါးစောင့်ထားပါသည်)။

၁၂။ ရေချိုးသောအခါ ဖုံးလွှမ်းမှုကင်းကွာလျက် ရေချိုးခြင်း။

၁၃။ အမျိုးသမီးများက ချေးဘွန်းပေးရခြင်း၊ ဘုရားထူးရခြင်း။

အထက်ပါ စုံစမ်းသိရှိရသောအချက်များကို ထောက်ထားလျှင် ဗုဒ္ဓအပေါ် အထင်သေး အမြင်သေးဖြစ်စေခဲ့သာမက ဗုဒ္ဓ၏သာသနာတော်ကို ညှိုးမှိန်အောင် ပြုလုပ်ခဲ့ကြောင်း ထင်ရှားပါသည်။

သို့ပါ၍ ဦးမြတ်သိန်းထွန်းအား သက်ဆိုင်ရာ ခရိုင်မှုနယ် အာ

ကြီးအကဲများထံမှဖြစ်စေ၊ ဂိုဏ်းအကြီးအကဲ ဆရာတော်များထံ မှဖြစ်စေ ခွင့်ပြုချက်တစုံတရာမရဘဲ တရားမဟောရန် ကျေညာ ချက်တရပ်ထုတ်ပြန်သင့်ပါကြောင်း အစီရင်ခံအပ်ပါသည်။

စိန်လှိုင်။

ခရိုင်သာသနာရေးအရာရှိ၊ သာယာဝတီမြို့။

ဝ ဝ ဝ

(မှတ်ချက်။ ၎င်းနောက် ဦးထွန်းလူ၏ စွဲဆိုချက်(၈) ချက် ကို ဖေါ်ပြထားရာ ၎င်း (၈)ချက်မှာ စာချက်နှာ (၆-၇)တို့တွင် ဖေါ်ပြပြီးဖြစ်၍ မဖေါ်ပြတော့ပါ။ ထုတ်ဝေသူ)။

အချက်ကြီး ၈-ချက်ကိုဖေါ်ပြ၍ အဓမ္မနည်းအမျိုးမျိုးဖြင့် ဟောပြောခြင်းကြောင့် သာသနာတော်အရှေတည်တန့် အဓွန့် ရှည်စေရန် ရည်ရွယ်၍ တရားစွဲဆို လျှောက်ထားရခြင်း ဖြစ် ကြောင်းဖေါ်ပြတရားစွဲဆိုခဲ့ပေသည်။

ဝ ဝ ဝ

## ဦးထွန်းလူ၏ အကျိုးအကြောင်း ဖေါ်ပြချက် အကျဉ်းချုပ်။

( ၁-နံပါတ် ဟောပြောချက်အရ။ )

(က) ဗုဒ္ဓဘာသာဝင်တို့၏ စိတ်နှလုံး ထိခိုက်ကြေကွဲ ဝမ်း နည်း နာကျည်းဘွယ်ရာဖြစ်စေခြင်း။

(ခ) အရဟတ္တဖဇအား မထေမဲ့မြင် ပြုရာရောက်သည့်ပြင် ရဟန်းတော်များအား လာဘ်လာဘ ဆုတ်ယုတ်အောင် ပြုရာ ရောက်သဖြင့် သပိတ်မှောက် ကံဆိုက်ခြင်း။

( ၂-နံပါတ်ဟောပြောချက်အရ။ )

(က) အာဂါရိက၊ အနာဂါရိကကို အမှားမှားအယွင်းယွင်း ဘုရားဟောနှင့်ဆန့်ကျင်စေလျက် ဓမ္မကို အဓမ္မ၊ ဤအဓမ္မကို ဓမ္မ ဖြစ်စေခြင်း။

(ခ) ဦးမြတ်သိန်းထွန်းရေးသော ပဒစ္ဆေဒဒီပနီ စာအုပ်၌ ပင် သဏ္ဍာယဒိဋ္ဌိရှိက ဘယ်ကုသိုလ်ပြုပြု သေလျှင်အပါယ်ကျ မည်ဟု ကျမ်းဂန်နှင့်ဆန့်ကျင်၍ အချင်းချင်း အဓိကရုဏ်းဖြစ် ရန်ဟောပြောခြင်း။

( ၃-၄ နံပါတ်ဟောပြောချက်အရ။ )

(က) ရုပ်ပွားတော်များကို မရိုမသေ မလေးမစား ဓမ္မအန္တ ရာယ်မှုပြုခြင်း။

(ခ) ဒက္ခိဏာသာခါလေးတောင်အမြောင်ထားသေးသည် ဆိုသော စကားသည် လင်ကြီးရှိလျက် လင်ငယ်အမြောင်ထား သည်နှင့်နှိုင်း၍ ရိုင်းပြစွာပြောခြင်းကြောင့် ဗုဒ္ဓဘာသာအတွင်း ရန်သူဖြစ်ခြင်း။

( ၅-နံပါတ်ပြုမှုချက်။ )

(က) လုံခြုံသောအခန်း၌ အပျိုအရွယ်မိန်းကလေးများကို တရားပြသည်ဟု မဖွယ်မရာပြုမှုခြင်း။

(ခ) ကိုယ်တိုးလုံးနှောချီး၍ သူ့ကိုအပိုင်လုလာရသောမိန်း ကလေးများကို နေရာအနှံ့အပြား ချေးတွန်းခိုင်းခြင်း။

(ဂ) ဂ-၄-၆၀ နေ့ထုတ် ထွန်းနေ့စဉ်သတင်းစာပါလယ်ခဝေး ကိစ္စကဲ့သို့ မဖွယ်မရာတရားပြခြင်း၊ တရားအပ်ခြင်းတို့သည် ဘာ သာ-သာသနာနှင့်တကွ အမျိုးကိုပါဖျက်ဆီးနေခြင်း။

( ၆-နံပါတ် ပြုမူချက်အရ။ )

(က) ဦးမြတ်သိန်းထွန်းသည် မသိမလိမ်မာသူတို့အား လှည့်ဖျားရှ် အလွန်ညစ်ညမ်းသော ၎င်း၏ကျင်ငယ်ရေကို သောက်သုံးစေခြင်း။

(ခ) မီးမဖွားနိုင်သူက် ၎င်း၏ကျင်ငယ်ရေကို လိမ်းကျံပေးလျှင် အမြန်ဖွားနိုင်သည်ဟု မဖွယ်မရာလိမ်းကျံပက်ဖြန်းစေခြင်းတို့သည် မြန်မာတမျိုးလုံး၏ဂုဏ်ကိုထိခိုက်စေခြင်း။

( ၇-နံပါတ် ပြုမူပြောဆိုချက်အရ။ )

(က) ၎င်း၏ဆံပင်များကို ကိုးကွယ်ပူဇော်စေသည့်အပြင် ၎င်း၏ခန္ဓာကိုယ်ဟာ စေတီထိုက်သည်ဟု ပြောဟောခြင်းသည် လိမ်လည်လှည့်ဖျား ညာဝါးစားသောက်ခြင်း။

( ၈-နံပါတ် ပြောဆိုချက်အရ။ )

(က) ငါပြန်လျှင် သာသနာကွယ်ပြီ၊ ငါဘုရားဟုပြောဆိုခြင်း။

(ခ) ဦးမြတ်သိန်းထွန်း၏တပည့် ဦးစိန်ရှင် ဦးဘရွှေတို့ကလည်း ဦးမြတ်သိန်းထွန်းဟာ ဘုရားဖြစ်သည်။ဦးမြတ်သိန်းထွန်းမရှိက သာသနာကွယ်ပြီဆိုသည်များကို ဟောပြောသည့်အပြင် ဓမ္မကထိကဦးလှဒင်၊ ဦးထွန်းရှင်တို့ကလည်း ဥဒါန်းကျူးရင့်ကြခြင်း။မရှိသောဂုဏ်ဖြင့် ပလွှားခြင်းကြောင့် ဝိဝါဒများဖြစ်ပွါးနိုင်ခြင်း။

ဤဆိုအပ်ခဲ့ပြီး သောအချက်ကြီး(၈)ချက်ကိုဖေါ်ပြ၍....

၁။ ကျမ်းဂန်နှင့် ဆန့်ကျင်၍ဟောခြင်း။

၂။ ကြမ်းတန်းသောစကားတို့ကို သုံးစွဲပြောဆိုခြင်း။

၃။ သာသနာနှင့် ရတနာသုံးပါးတို့၏ ဂုဏ်ကို ချေဖျက်ထိခိုက်ညှိုးမှိန် အထင်သေး အယူတိမ်း အကြည်ညိုပျက်စေခြင်း။

၄။ ဗုဒ္ဓဘာသာဝင်တို့၏ နာကြည်းထိခိုက်စေသော မလေးမစား ဟောပြော ရေးသားမှုတို့ကို ပြုမူခြင်း။

စသည်တို့ကြောင့် ဦးမြတ်သိန်းထွန်းနှင့်တကွ တရားပွဲဖြစ်မြောက်အောင် အားပေးကူညီ ဟောပြောသူများပါ အပြစ်ရှိပါသဖြင့် ဓမ္မအဓမ္မ စိစစ်တော်မူပြီးလျှင် ဒေသနာတော်အတိုင်း မည်သို့မည်ပုံ ဆောင်ရွက်ဟန့်တားသင့်ကြောင်း၊ အဆုံးအဖြတ်ပေးသနားတော်မူပါရန် လျှောက်ထားရပါသည်ဘုရား ဟူသည့်အတိုင်းပင် ဖြစ်ပါသည်။

○ ○ ○

## တရားလိုဦးထွန်းလူ၏ ထွက်ချက်လိုရင်းများ။

လက်ပံတန်းမြို့နယ် သဲကုန်းရွာကျောင်း၌ (၁၃၂၁)ခုနှစ် တပို့တွဲလဆုတ် (၆)ရက်နေ့မှ ၎င်းလဆုတ်(၁၂)ရက်နေ့တိုင် (၇)ရက် တရားပွဲကျင်းပရာ၌။

၁။ ခြောက်လုံးပြူးကြောင့် အရာရှိကို ကြောက်ရသလို သင်္ကန်းကြောင့် ဘုန်းကြီးများကိုကြောက်ရသဖြင့် ခြောက်လုံးပြူးနှင့် သင်္ကန်းအတူတူဖြစ်ကြောင်း။

၂။ ကျောက်ဆင်းတု ကြေးဆင်းတု ဘုရားများသည် မင်းတို့ရေနစ်က ကယ်နိုင်သလား မကယ်နိုင် လက်ကြီးက အသေကြီးဘဲ။

၃။ ကျောက်ဆင်းတု ကြေးဆင်းတု ဘုရားများ သဘောကောင်းပါသည်။ ခြေတောက်နှင့်ကန်ပေမဲ့ ပြန်မကန်။

၄။ မိမ္မများက လူတွေဖွါးပွါးသွားသလို တအိမ်ဘုရားတဆူ ပွါးပွါးသွားလို့ ရုပ်ပွါးခေါ်တာ တအိမ်တဆူနှင့်တောင်အားမရလို့ ဒက္ခိဏသာခါတောင် အမြှောင် ထားကြသေးသည်။

၅။ မိန်းကလေးများကို လုံခြုံသောအခန်းတွင်းသို့ ခေါ်၍ တရားပြသည်ဟု မတော် မလျော်ပြုမူပါသည်။

၆။ အပြခံရသော မိန်းမပျိုကလေးများမှာ သဲကုန်းရွာ မသန်းကြည်၊လက်ပံတန်းမြို့(၃)လမ်း ဦးဘိုးထွားသမီး မလှတင်လှ၊ သဲကုန်းရွာ မသန်းခင်-မအုံးတင်စသည်တို့ဖြစ်ပါသည်။ ဦးမြတ်သိန်းထွန်းက ကိုယ်တုံးလုံးအဝတ်ချွတ် ရေချိုးသောအခါ မိမ္မကြီးများကို မခိုင်းဘဲ အထက်ပါအပျိုကလေးများကို တကိုယ်လုံးအနှံ့အပြား ချေးတွန်းခိုင်းပါသည်။

၇။ ဦးမြတ်သိန်းထွန်းက မိမိကျင်ငယ်ရေသည် ရောဂါအမျိုးမျိုး ကင်းပျောက်သည်ဟု ဟောသဖြင့် မသိနားမလည်သော တရားနာအချို့တို့သည် ကျင်ငယ်ရေကို သောက်ခြင်း၊ သုံးခြင်း၊ လူးခြင်း၊ ဆောင်ခြင်း စသည်တို့ ပြုလုပ်ကြရပါသည်။

၈။ ဦးမြတ်သိန်းထွန်းက ခေါင်းမှစ၍ ခြေဖျားအဆုံး တကိုယ်လုံး စေတီထိုက်၍ ရှိခိုးထိုက်သည်။ မိမိ၏ဆံပင်ကို ကိုးကွယ်က (၉၆)ပါး အနာရောဂါများ ပျောက်ကင်းသည်ဟုဟောပါသည်။

၉။ (၁၃၂၁) ခုနှစ်-တပို့တွဲလဆုတ် (၁၂)ရက်နေ့ တရားပွဲအ

ဆုံးသတ်သောနေ့၌ ငါပြန်တော့မည်။ ငါပြန်က သာသနာကွယ်ရစ်ပြီဟု ဟောပြောပါသည်။

ဤကဲ့သို့ ဦးမြတ်သိန်းထွန်းအား တရားစွဲဆို ထွက်ဆိုရာ၌ တပည့်တော် ဦးထွန်းလူသည် ငါးပါးသီလကို ဆောက်တည်သည့်အပြင် ကျမ်းရွက်ထွက်ဆိုလိုကြောင်း လျှောက်ထားရခြင်းမှာ။

၁။ တိုင်းပြည်အတွက် ပိုမိုယုံကြည်လေးနက်စေခြင်ငှါရင်း

၂။ ဦးမြတ်သိန်းထွန်းအတွက် ဘဝအဆက်ဆက်၌ မနစ်မွန်းစေခြင်းငှါရင်း။

၃။ တိုင်းသူပြည်သားတို့ မိစ္ဆာတရားများကို မလိုက်မှားစေခြင်းငှါရင်း။

၄။ ပညာနုနယ် ငယ်ရွယ်သောမိန်းကလေးများ မပျက်ပြားစေခြင်းရင်း။

၅။ တရားကိုအယောင်ပြ၍ တဏှာဘီလူး ကာမသိုက်တူးနေသော ဦးမြတ်သိန်းထွန်း၏ ယုတ်မာညစ်ညမ်း ဟောရမ်းပုံကို တိုင်းပြည်က သိရှိပြီးအထူးရှောင်ရှား စေခြင်းငှါရင်း။ တရားစွဲ ထွက်ဆိုရခြင်းဖြစ်ပါသည်။

၀ ၀ ၀

သာယာဝတီခရိုင် သာသနာရေးအရာရှိ ဦးစိန်လှိုင် ထွက်ချက် အစီရင်ခံစာအတိုင်းပင် ထွက်ဆိုသွားသည်။

၀ ၀ ၀

## ဘာ ရား လို ဘ ကိ သေ များ။

(၁-နံပါတ်သက်သေ မောင်လှရွှေထွက်ချက်။)



သက်သေ-ဦးလှရွှေ။

၁။ ခရိုင်သာသနာရေးအရာရှိ ထွက်ဆိုချက် အတိုင်းလိုလို ထွက်ဆိုပြီးလျှင် ဘုန်းကြီးကျောင်းထဲ၌ ဘိနပ်ကို သူတို့တော့စီးသည် သူများတော့-မစီးစေဘူး၊ လူတော့မစီးတော့ ဘာဖြစ်မှာလဲ၊ ဤလိုနက်နဲသော တရားများကို ငါသာ ဟောမည် မင်းတို့မဟောရ။

၂။ တရားမဟောမီ အိမ်ပေါ်က သာဓုခေါ်သံကြား၍ မေးကြည့်ရာ ခန္ဓာကိုယ်နှင့် ရုပ်ပစ္စည်းကို ဦးမြတ်သိန်းထွန်းအား လှူဒါန်းအပ်နှံနေကြောင်း ပြောကြပါသည်။

၃။ တရားပြီးဆုံးခါနီး၌ ဦးမြတ်သိန်းထွန်းက ငါ့သမီး မြသက်မူကို မောင်လှဝေလက်သို့ ဝ-ကွက်အပ်လိုက်ရလေတော့သဘည်း ဟု တရားချ၏။ ပရိသတ်က သာဓုသုံးကြိမ် ခေါ်ရပါရပါသည်။

ဝ ဝ ဝ

(၂-နံပါတ်သက်သေ ဦးစံထွား ထွက်ချက်)

၁။ ဦးမြတ်သိန်းထွန်းက ဦးကိုးထွား သမီးယောဂီမလေး တွေ မလာဘူးလားဟု မေးရာ လာကြောင်း ပြောရပါသည်။ လာလျှင်ခေါ်လိုက်ပါဟုခိုင်း၍ ခေါ်ပေးရပါသည်။



သက်သေ-ဦးစံထွား။

၂။ ဦးမြတ်သိန်းထွန်းကမကြောက်ပါနှင့် ဆရာ့အသားနှင့်ကလေးမထိလျှင် တရား သိလိမ့်မယ် ဟု ပြော၍ ဦးမြတ်သိန်းထွန်းက မသိန်းရွှေ၏ အိမ်ပေါ်မှာကန့်လန့်ကာကို ကိုယ်တိုင်ကာ ရန်ထရာ မိမိကပင် တပည့်တွေ ကာပါလိမ့်မည်ဟု ပေါင်ကို နှိပ်ထားသော်လည်း မဟုတ်ဘူးအရေးကြီးတယ်၊ကိုယ်တိုင်ကာမှဟုဆို၍ ကိုယ်တိုင်ထကာပါသည်။

၃။ ခင်ဗျားတို့ရွာက ယောဂီမလေးတွေကောရောက်ပြီလား ရောက်လာရင် ခင်ဗျားကအောက်ကနေပြီး သေသေချာချာပြောပါ။ သို့မဟုတ် အပေါ်တက်လာလျှင် ကိုးရိုးကားရားဖြစ်နေပါဦးမယ်ဟုဆိုပြီး အောက်အဆင်းခိုင်းပါသည်။

၄။ ဦးမြတ်သိန်းထွန်းက ယနေ့ဟောမှာ တရားပွဲမဟုတ်ဘူး တိုက်ပွဲဖြစ်တယ်....။ သက်န်းပရိက္ခရာ ရှစ်ပါးနှင့်တကွ ကြေး-ကျောက်-သစ်တုံး-သစ်သား စသည်တို့ကိုပါ အားလုံးတိုက်ပစ်မည်။

၅။ ကြေးတုံး-ကျောက်တုံးများကိုဘုရားဟုထင်နေတာ အန္ဓ။ ဘယ်ဒါဘုရားဟုတ်မလဲ အရုပ်ကြီးတွေဘဲ ငါသာဘုရား။

၆။ ကြေးတုံး-ကျောက်တုံးများကို ဘုရားထင် ရှေ့ချတာ ဘာမျှအကျိုးမရှိဘူး။ ငါ့ကိုရှေ့ချမှ အကျိုးရှိသည်ဟုဆိုပြီး ရင်ဘယ်မှ ရွှေကြိုးထုတ်ပြပါသည်။

၇။ ကြေးဆင်းတု—ကျောက်ဆင်းတုများသည် ရုပ်ပွားမဟုတ် အရုပ်များသာဖြစ်သည်။ မိန်းကလေးမျက်နှာမြင်တာသာ တယောက်ပြီးတယောက်ပွားလို့ ရုပ်ပွားဖြစ်တယ်။

၈။ လူများက ရုပ်ပွားမှန်း အရုပ်မှန်းမသိကြလို့ ဒက္ခိဏာ သာခါကို အမြှောင်ထားတာ။

၉။ ကြေးဆင်းတု-ကျောက်ဆင်းတုများကို ရေထဲတွန်းချ ကြည့် ၎င်းဆင်းတုများက လက်ပစ်ကူးပြီး ဟိုဘက်ကမ်းသွားနိုင် သလား။

၁၀။ မင်းတို့ရေနစ်က ဆင်းတုများကမကယ်နိုင်၊လက်ကအ. သေဖြစ်နေတာ၊ငါကမှ မင်းတို့ကို ကယ်နိုင်သည်။

၁၁။ ရေချိုးခန်းထဲမှာ ဦးမြတ်သိန်းထွန်းက ယောဂီမလေး များကို ပ‌ေ့မတ်-ပညတ်ခွဲပြနေဒါကို ရေချိုးခန်းနှင့်သုံးတောင် ခန့်ကကြားရပါသည်။ ဒီစိတ်ဟာ အဖုပေါ်မှာရောက်နေတော့ အဖုစိတ်ခေါ်တယ်....။ နို့-မဟုတ်ဘူး....။ အဲဒါမှန်က သာဓု ခေါ်ကြစမ်း။(သာဓုခေါ်ကြပါသည်။) ဒီစိတ်ဟာ အပေါက်

ပေါ်ရောက်နေတော့ အပေါက်စိတ်ခေါ်တယ်။ ဝေါက်၊ပေါက် မဟုတ်ဘူး။ အဲဒါမှန်က သာဓုခေါ်လိုက်(သာဓုခေါ်ကြသည်)။

၁၂။ မင်းတို့မဲဇလီကုန်းကျောင်းဘုန်းကြီးမှာ တဏှာမရှိဘူးလား။ မင်းတို့မှာကော တဏှာမရှိဘူးလား။ တဏှာ တဏှာချင်း ပေးက ခွေးဘဲဖြစ်မယ်။ဤသို့ဟောခြင်းဖြင့် တပည့်ချင်းပဋိပက္ခ ဖြစ်နိုင်ပါသည်။

၁၃။ ဦးမြတ်သိန်းထွန်းက တရားပလ္လင်ပေါ်မှသောတာပန် ခွါသေးသေးတိုင်ပေးရာ ခွေးသာသာဟု ပရိသတ်များက တိုး တိုးလိုက်ဆိုရာ မင်းတို့ဘာကြောက်သလဲ ကျယ်ကျယ်လိုက်ဟု ငေါက်သဖြင့် အားလုံးကျယ်ကျယ်လိုက်ကြရပါသည်....။ ထို့တူ သကဒါဂါမိခွါသေးသေး၊ အနာဂါမိခွါသေးသေးဟု တိုင်ပေး ရာ(ခွေးသာသာ-ခွေးသာသာ)ဟု ကျယ်ကျယ် လိုက်ကြရပါ သည်။

၁၄။ ရန်ကုန်လက်ပြပုလိပ်များ၊ တားမရသော ကားများ ကို ဗဘားကိုဟုဆိုပြီး အရပ်ခိုင်းသလိုပုတီးစိတ်တတ်တဲ့သူတွေလျှင် လူကြီးရော ကလေးပါ လက်ခုတ်တီး၍ ဘေးကိုဟုဟောပါသည်။ အော်ကြရန်ဟောပါသည်။

၁၅။ အိမ်ပေါ်မှ ဘုရားရှိခိုးသံကြားလျှင်လည်း ဘေးကိုဟု အော်ရန်ဟောပါသည်။

၁၆။ ဆွမ်းအုပ်-ဆွမ်းတောင်း-ငှက်ပြောသီးစသည့် ကန်တော့ ပွဲများခေါင်းပေါ်တင်လာသည်ကိုတွေ့လျှင် ဘေးကိုဟုအော်ရန် ဟောသဖြင့် အချို့ပုတီးပါလာသူများက ပုတီးများအသုံးမကျ တော့ဟုဆိုပြီး ဦးမြတ်သိန်းထွန်းရှေ့လာပို့ကြပါသည်။

၁၇။ ဦးမြတ်သိန်းထွန်းက တရားပေးပေါ့မေ့ကသိကလက်မှတ်

ပေးထားသော ဦးထွန်းရှင်၊ ဦးဘိုးသင်း၊ ဦးလှဒင်တို့အနက် ဦးထွန်းရှင်က မင်းတိုကိုးကွယ်နေတဲ့ ကြေးဆင်းတုတွေဟာ တနေ့ကျ ကြေးဇွန်းဖြစ်ကြမယ်ဟု ဟောပါသည်။

၁၈။ ဘယ်လိုဖြစ်မလဲဟု မိမိကမေးရာ သိချင်ရင် လယ်ခတော ထဲလိုက်ခဲ့ဟုခေါ်ပါသည်။ ဤအမှုတွင် အရေးကြီးသောတရားလိုပြသက်သေ ဦးရွှေခန့်အသတ်ခံရဘူးသဖြင့် တောထဲမလိုက်ဝန့်ပါဟု ပြောလိုက်ရပါသည်။

၁၉။ ဦးဘိုးသင်းကလဲ ကိစ္စပြီးနေပြီ။ လုပ်သံဃာများထံ ဥပုသ်စောင့်ဘို့မလိုတော့ဘူးဟုပြောပါသည်။

ဝ ၀ ဝ

( နံပါတ် ၃-သက်သေ မောင်ဘိုးလှိုက် ထွက်ချက်။ )

၁။ ခြသေ့်ကုန်းရွာ မအေးကြည် ပုလင်းငှါးသွားသောကိစ္စကိုမေးရာ မဖွားသီက ဦးမြတ်သိန်းထွန်းသေးထည့်ဘို့ဟု ပြောပါသည်။ ပုလင်းပြန်ပို့၍ အဝကိုနမ်းကြည့်ရာ သေးစော်နံနေပါသည်။

၂။ ဆရာကြီးက တရားနံ့မနံ သေးနံ့သာနံသည်ဟု ပြောပါသည်။

ဝ ၁ ဝ

( ၄-နံပါတ်သက်သေ မအေးကြည်ထွက်ချက်။ )

၁။ ကျွဲသတ်ရွာ မမြရွှေက ပုလင်းငှါးခိုင်းလို့ မောင်ဘိုးလှိုက်အိမ်မှာ ပုလင်းငှါးပေးရပါသည်။ ၎င်းပုလင်းဖြင့် ဆရာကြီးသေးကိုယူ၍ ကျွဲသတ်ရွာလူမမာ မသိန်းလှိုင်၏ဗိုက်ကို လိမ်းပေး ါသည်။

၂။ ပုလင်းကိုပြန်ပေးသောအခါ မောင်ဘိုးလှ ိုက်မိန်းမ မလှကျင်က သေးစော်နံ၍ ပုလင်းအစားလဲပေးရန် ပြောပါသည်။

ဝ ဝ ဝ

( ၇-နံပါတ် သက်သေ မောင်လှငွေထွက်ချက်။ )

၁။ ဦးမြတ်သိန်းထွန်းသည် ဦးဘာဝါအိမ်ဘေးတွင်ဝတ်လစ်စလစ်နှင့် ရေချိုးနေပါသည်ဟု လူငယ်များပြောပါသည်။

ဝ ဝ ဝ

(၅-နံပါတ် သက်သေ မောင်သာဒင်ထွက်ချက်။



သက်သေ-ဦးသာဒင်။

၁။ ဦးမြတ်သိန်းထွန်းက သိမ်ထဲမှာ ကလေးမွေးကော ဘာဖြစ်သလဲဟု ပြောပါသည်။

၂။ ဦးဘိုးသင်း၊ ဦးထွန်းရှင်တို့က ဘုန်းကြီးများကို သူတို့လဲ တနေ့ နှစ်ထပ်ထမင်းစားတယ်၊ ဒို့လဲနှစ်ထပ်စားဘယ်။ ယိုတော့ ချီးဘဲ ဘာဖြစ်သေးသလဲဟု ပြောပါသည်။

၃။ ဇွန်လ ၈-ရက်နေ့ည ၁၁-နာရီအချိန် ဦးထွန်းလူရှိသော ဧဝါလှခမတိုက်ကျောင်း ခဲနှင့်ပေါက်ပါသည်။

ဝ ဝ ဝ

( ၆-နံပါတ် သက်သေ ဦးချစ်ရေးထွက်ချက် )

၁။ ဦးမြတ်သိန်းထွန်းဆံပင်ကို လှမောင်ကရိတ်ပေးရာစေတီ ထိုက်သည်။ ကိုးကွယ်ဘို့ခံထားကြဟု ဦးမြတ်သိန်းထွန်းကပြော၍ ယူထားကြပါသည်။

○ ○ ○

( ၈-နံပါတ် သက်သေ မခင်ရွှေထွက်ချက်။ )

၁။ ဦးမြတ်သိန်းထွန်းက အရိမေတ္တယျ ဆိုသည်မှာ တခြားမတွေးနှင့် ၎င်းပင်ဖြစ်ကြောင်းပြောပြီး လက်မထောင်ပြပါသည်။

၂။ အဝတ်ဝါဝါ ဝတ်၍ အိုးနှားတို လည်ပင်းဆွဲပြီးလာတဲ့ ကတုံးတိုကိုမပေါင်းနှင့် ကြောက်စရာကောင်းသည်....။ တခါ တောင်းလို့ပေးက အမြဲတောင်းလေ့ရှိသည်။

၃။ အိမ်ရှေ့မှာ နန္ဒင်းပင်မစိုက်နှင့် လူဝါဝါလဲမပေါင်းနှင့်။

၄။ ကျမယောကျ်ားကိုမောင်မှင်က ဦးမြတ်သိန်းထွန်းကို ရှိခိုး၍ မယားလှူပါသည်။

၅။ လှူပြီးလျှင် မောင်မှင်အောက်ကိုသွားဟု နှင်ပါသည်။

၆။ ဦးမြတ်သိန်းထွန်းက မောင်မှင်ကတော် လာခဲ့ဟုခေါ်လို့ အိမ်ပေါ်တယောက်ထဲကျန်ရစ်ခဲ့ရာ ဦးမြတ်သိန်းထွန်းက ယောကျ်ားများ အိမ်ပေါ်မတက်ရဟု ပြောပါသည်။

၇။ မင်းကို မောင်မှင်ကလှူသွားပြီဟု ပြောသဖြင့် သူလှူလဲ လှူရတာပေါ့ဟု ပြောပါသည်။

၈။ ညှော်ရောက်လို့ သင်ဖြူးခင်းပေးတာ ညှော်သည့်အိပ်ဘို့ မဟုတ်လား။ ညှော်သည်ပြန်တော့ သင်ဖြူးကိုပြန်သိမ်းထားတယ် မဟုတ်လား။

၉။ တရားရအောင် အိမ်သို့လိုက်ပြီး ကျွန်ခံနိုင်ပါမလား။မခံနိုင် တရားမရဘူး။ ချီးရေခပ်ပေးနိုင်ပါမလား။ ချေးတွန်းပေးနိုင်ပါမလား။ မတွန်းနိုင်တရားမရဘူး။ မောင်မှင်က ငါ့ကိုလှူသွားပြီ ငါ့သဘော အနားကိုတိုးခဲ့ဆို၍ တိုးရပါသည်။

၁၀။ မောင်မှင်ကတော့ သင်္ဂြိုဟ်၉-ပိုင်းသင်ဘူးလို့ တရားခံနေတယ်။ လဘက်ရည်ပုဂံ ရှေ့မှာနှစ်လုံးချ၍ ယောကျ်ားလက်မောင်းသွေးမိန်းမလက်မောင်းသွေးများဖေါက်ထည့်ပြီးရောလျှင် အသီးအခြားမရှိကြောင်း။

၁၁။ ယောကျ်ားလက်မောင်း-မိန်းမလက်မောင်းဟူ၍ အသီးအခြားမရှိ ထိုအစွဲပြုတ်မှ တရားရမည်ဖြစ်ကြောင်း။

၁၂။ မင့်ပေါင်ကြားထဲကဟာ ဘာခေါ်သလဲဟုမေးရာ၊ မဖြေပါ။ နင့်ယောကျ်ားကငါ့ကိုလှူထားတယ် ဖြေရမည်ဟုပြောသဖြင့်(....)ဟုပြောရာ ဆရာကြီးကတိုးတိုးပြောဟု ဆိုပါသည်။

၁၃။ ငါ့ပေါင်ကြားထဲကဟာ ဘာခေါ်သလဲဟုမေးရာ မဖြေပါ။ ဆရာကြီးကပြောရမည်။ ဒါမှနိဗ္ဗာန်ရမည်။ ပညတ်စင်မည်ဟုပြောသဖြင့်(........)ဟုဖြေဆိုရပါသည်။

၁၄။ မခင်ရွှေသဘော မာနေသေးသည်။ ပြောင်းလိုက်စမ်းပါ။ နဲနဲလိုနေသေးသည်ဟုပြောပြီး ကိုမောင်သိန်းအိမ်က ကန့်လန့်ကာတွင်းသို့ခေါ်ပြီး မောင်မှင်က ငါ့ကိုလှူထားတယ်။ငါ့သဘော နင့်ငါလုပ်ခံရမယ်။ ဒါမှနိဗ္ဗာန်ရောက်မယ်။ အလုပ်ခံမှပညတ်စင်မယ်ဟုပြောပြီး ပုဆိုးကိုချွတ်ချလိုက်ပါသည်။ မခံလိုကြောင်း အတင်းငြင်းပယ်သောအခါ ဤသို့တရားစမ်းခြင်းကို နင့်ယောကျ်ားနှင့် နင့်ဖအေကိုမပြောနှင့် ပြောလျှင် လယ်လုပ်လယ်ရှုံး အိမ်မီးလောင် မမွန္တရာယ်ထိုက်မည်ဟု ပြောပါသည်။

၁၅။ အိမ်ပေါ်မှအတင်းဆင်းပြေးခဲ့ပြီး အောက်မှာစောင့်နေသော ကိုမောင်မှင်ကိုခေါ်၍ အိမ်ရောက်မှအကျိုးအကြောင်းအကုန်ပြောပြပါသည်။

၁၆။ ကိုမောင်မှင်က ဦးမြတ်သိန်းထွန်းတပည့်များဖြစ်သော ဆရာကျော်တို့နှင့်တွေ့၍ပြောပြရာ၌သို့ဖြစ်ပျက်သည်ကို မသိရကြောင်း နေ့ခင်းတရားကြိုက်၍ ပင့်ခဲ့ကြောင်း နောင်ကိုမပင့်တော့ပါဘူးဟု ပြောလိုက်ပါသည်။

၁၇။ နောက်ကိုမောင်မှင်က ဦးမြတ်သိန်းထွန်းကို မငွေရှင်တို့အိမ်ပေါ်သို့သွား၍ မခင်ရွှေကို မဘော်မလျော် ပြုမူလိုက်ပုံကိုမေးရာ ဦးမြတ်သိန်းထွန်းက စိတ်နှုတ်ဖြင့် ပြစ်မှားမိပါသည်။ ကိုယ်ဖြင့်မပြစ်မှားမိပါ ဟုဝေါင်းပန်ပြောဆိုသည့်အပြင် ဦးအောင်ဝင်းနှင့် ဆရာကျော်တို့ကလဲ ထပ်မံတောင်းပန်ကြပါသည်။

၁၈။ ဦးမြတ်သိန်းထွန်းက မခင်ရွှေအား မေးရာ သဲဖြူရွာကျောင်း ဆရာကြီးပုံတာများ ညစ်ပတ်သဖြင့် ယခုသာဆောက်အစစ်ခံရပါသည်။ အရှက်တကွဲ အကျိုးနဲဖြစ်စေလိုသော ဆန္ဒမရှိပါဟု ပြန်ပြောခဲ့ပါသည်။

o o o

(၁၀-နံပါတ်သက်သေ ကိုမောင်မှင် ထွက်ချက်)

၁။ ကြက်သံ၊ ဘဲသံ၊ ငက်အော်သံများ၊ ရှိခိုးသံ စသည်ကိုမင်းသိသလား ဟုမေး၍ သိကြောင်းပြန်ပြောရာ သိလျှင်ခင်းသေသာတာပန်ဟု ပြောပါသည်။

၂။ မိန်းမကိုလှုလျှင် ရဟန္တာဖြစ်တယ်ဆို၍ မယားမခင်ရွှေကို ဦးမြတ်သိန်းထွန်းအား လှူရပါသည်။

၃။ ဦးမြတ်သိန်းထွန်းက မခင်ရွှေကိုအခေါ်ခိုင်း၍ မခင်ရွှေကို အဘင်းနားချခေါ်ပြီးနောက် ဆရာကြီးအား လူ့ရပါသည်။

၄။ လူ့ပြီးနောက် ဆရာကြီးက မောင်မှင်အောက်ဆင်းဟု ခိုင်းရာ ဆရာကြီးကို မယုံ့တယုံနှင့်ကြည့်ရင်း အောက်သို့ဆင်းခဲ့ပါသည်။

၅။ အင်တော်ကြာ မခင်ရွှေ အိမ်ပေါ်မှ ဆင်းလာပြီး အိမ်ပြန်ရောက်သောအခါ မယားဖြစ်သူ မခင်ရွှေက (နင့်ဆရာကြီးက တဏှာရူးကြီးပါလား) ဟု ပြောပါသည်။

၆။ နင့်ကိုဘယ့်နှယ်လုပ်လိုက်သေးသလဲဟု မေးရာ၊နင့်ဆရာကြီးက ပညတ် ပရမတ် ကွဲအောင်ဆိုပြီး(....)တွေ (.......) တွေကိုစစ်တယ်၊ နင်စောက်သုံးမကြလို့ အခန်းထဲခေါ်ပြီး ငါ့ကိုလုပ်မလို့ ပုဆိုးချွတ်ပြီးလာလို့ ပြန်ပြေးခဲ့ရဘယ်ဟု ပြောပြပါသည်။

၇။ တရားပွဲ ဦးစီးနာယက ဆရာကျော် ကိုအောင်ဝင်းတို့ကို ဘုရားလုပ်နေသော ဆရာကြီးဦးမြတ်သိန်းထွန်း ယခုလိုပြုကျင့်သည်ကို ကျွန်တော်မကျေနပ်ကြောင်း ပြောရာ သည်းခံပါဟု တောင်းပန်ကြပါသည်။

မိမိနှင့်မယားက မကျေနပ်မှန်းသိ၍ ဦးမြတ်သိန်းထွန်းက။

(က) မနက်ခင်းက ရန်ဖြစ်ပြန် ညနေသန်းတုပ်ခံ။

(ခ) နင်လုပ်တာ မှန်မှန်ပြော ဘုရား နဗ္ဗဝေါ။

(ဂ) မိန်းမကြောက်တဲ့ ယောကျ်ားတွေ ချီးရေခပ်သလေ။

(ဃ) နင်ခပ်တာမှန်မှန်ပြော ဘုရား နဗ္ဗဝေါ ဟု စောင်းမြောင်း ပြောသဖြင့် ဆူဆူပူပူဖြစ်ရပါသေးသည်။

၈။ နောက်ဦးစိန်ဖေအိမ်တွင် ဆရာကြီး ...ချိန်းပေးရာ အသံ

ဆိုတာသိလား။ သိရင် မင်းသောတာပန်၊ ငါဘုရားသား အစစ်ဟု လက်ပန်းမောင်းခပ်လိုက်စမ်း သာကီဝင်မင်းမျိုးဆိုတာ နှစ်မစသည်ကို ယူကြတာဘဲဟုဆရာကြီးကပြောသဖြင့် စက္ကူတေး လို့ မအေယူရင် ခက်ကုန်လိမ့်မယ်ဟု ပြန်ပြောလိုက်ပါသည်။

၉။ မင်းဘာမကျေနပ်လို့လဲဟု ဦးမြတ်သိန်းထွန်းကမေး ရာ ကိုမောင်သိန်းအိမ်မှာ ဆရာကြီး လုံချည်ချွတ်ပြီး ကျွန်တော့ မိန်းမအားလုပ်မည်ပြုသဖြင့် တိပိဋကပါမောက္ခကြီးဆိုတာ သူ့ များ စော်ကားရသလား ဟုမေးရာ မှားတာလဲရှိမှာပေါ့ကွာ နောက် ငါဒီလိုမလုပ်တော့ပါဘူးဟု တောင်းပန်ပါသည်။ (ကို အောင်ဝင်းလဲကြားပါသည်)။

၁၀။ ၎င်းတရားပွဲမှာ ဦးမြတ်သိန်းထွန်းက အဝတ်ငယ်တ ခုကိုလိပ်၍ ၎င်း၏ကိုယ်ပေါ်မှာတင်ပြီး ရှူ့မဲ့လျက် ဒက္ခိဏာ သာခါဆင်းတုတော်ဟု အော်လျှင် လူအများက အမြှောင်ထား ကြသည်ဟု အော်ကြရပါသည်။

၁၁။ သောတာပန် ခွါသေးသေးဟု တိုင်ပေးရာ ခွေးသာ သာဟု လိုက်အော်ကြသော အဖွဲ့များယခုအထိရှိသည်ဆိုတာ မှန် ပါသည်စသည်ဖြင့် ကိုမောင်မှင်ထွက်ဆိုသည်။

o o o

(၎င်းနောက် သက်သေ ဦးအောင်ဝင်း၊ တရားသူကြီး ဦး ကျော်။ မောင်တင်ဝင်း၊ မောင်သွယ်၊ မောင်စောမြင့်၊ မမြခင် မောင်လှကြိုင်တို့၏ ထွက်ဆိုချက်များကို ကောက်နုတ်ဖော်ပြ ထားရာ ၎င်းထွက်ဆိုချက်များမှာ သီးခြားဖော်ပြထားခြင်းနှင့် ...ဒက ဦးထွန်းလူ၏ လျှောက်လွှဲချက်များတွင် ပါဝင်ပြီးဖြစ် ...ကျမ်းမလေးရန် ချန်ထားခဲ့ရပါသည်။ ။ ထုတ်ဝေသူ)

(၂-သက်သေ ဦးစိန်ထွန်း ထွက်ချက်)

၁။ ဦးမြတ်သိန်းထွန်း တပည့် ဦးဘရွှေက ဘုရားပွင့်နေတာ (၆)ရက်တိုင်တိုင် ရှိခဲ့ပြီ။ ယနေ့(၇)ရက်ဖြစ်ပြီ။ နက်ဖြန်တော့ ဘုရား ပရိနိဗ္ဗာန်ပြုတော့မည် သာသနာကွယ်တော့မည် အဲတာ ကြောင့် လာကြသောပရိသတ်များ ဘုရား၏တရားတော်ကို လေးလေးစားစား လိုက်ကြရန် တိုက်တွန်းပါကြောင်းဟု ပြော ပါသည်။

၂။ နောက်ဦးမြတ်သိန်းထွန်းက ကျောက်ဆင်းတု ကြေး ဆင်းတုများ ရေနစ်လျှင်မကယ်နိုင်ပုံ သစ္စာလေးပါးမဟောနိုင် ပုံ အသေကြီးဖြစ်ပုံများ ဟောပါသည်။

၃။ ဘုန်းကြီးများ သူများလာပို့တဲ့ဆွမ်း စားကာနီး ကြေးစည်ကြီးကိုထုတယ်၊ကြေးစည်ကြီးက (အမယ်လေး-အောင် မယ်လေး- မအေပေး-နှမပေး-မအေရိုး နှမရိုး သူကတော့မိန်းမ နှင့် စကားပြောပြီး ငါ့သက်သက်မဲ့သားထုတယ်) ဟု ကြေးစည် ကြီးက အော်ပုံဟောရာ ပရိသတ်များက ရယ်ကြသည်။

၄။ ဦးမြတ်သိန်းထွန်းက ငါသစ္စာလေးပါးတရားကိုမဟော ဘူးလား။ သစ္စာလေးပါးဟောတတ်မှ ဘုရားဟု ပြောပါသည်။

၅။ တရားချသောအခါ မြသက်မူအား မောင်လှဝေလက် သို့ အပ်လိုက်ရတော့သတည်း ဟု တရားချပြီး မြသက်မူဆိုသော ဓါတ်ပြားကို ဖွင့်ပါသည်။

၆။ ဆရာကြီးတရားသည် ဘုရားဟောမဟုတ်ဟု ထင်ပါသည်။ ကြားရသည်မှာ စိတ်မချမ်းသာပါ။ မလေးမစားဟောပါသည်။

၀ ၀ ၀

( ၂၂-နံပါတ် သင်္ကသေဦးပုထွက်ချက်။ )

၁။ ဦးမြတ်သိန်းထွန်းက ကလေးမလေးနှစ်ယောက်ကိုခေါ်ပြီး မင်းတို့မိဘများက ကြေးရုပ်-ကျောက်ရုပ်ဆင်းတုများကို ရှိုခိုးလို့ ရှိခိုးရတယ် မဟုတ်လား။

၂။ ယောကျ်ားလေးဓါတ်ပုံနှင့်ပေးစားလျှင် နင်တို့ကျေနပ်ပါမလား။ လူအစစ်မှကျေနပ်မယ် မဟုတ်လား....။ ကြေးရုပ်-ကျောက်ရုပ်များ ရုပ်ပွားမဟုတ်၊ . မိန်းမများသာ ရုပ်ပွားဖြစ်ကြောင်း ဟောပါသည်။

၃။ ဦးမြတ်သိန်းထွန်းက တရားဟောရင်း မိန်းကလေးတယောက်က သူ့ထံလာပြီး ကျမအပေါက်က အပုတ်ရေများယိုစီးကျကြောင်းပြောသဖြင့် ၎င်းကလေးမလေးတဦးသာ တရားရသည်ဟု ပြောပါသည်။

ဝ ဝ ဝ

(၁၆-နံပါတ်သက်သေ ကိုမောင်ဟန်ထွက်ချက်)

၁။ ဦးမြတ်သိန်းထွန်းနှင့်ကလေးမလေးယောက်တို့ အောက်ပါအတိုင်းမေးမြန်းကြပါသည်။

မေး။ နင်တို့မိဘက ပိုက်ဆံမပေးလိုက်ဘူးလား။ ဖြေ။ ပေးလိုက်ပါသည်။

မေး။ ဒီပိုက်ဆံကို အလှူခိုင်းသလား၊ ဖြေ။ မခိုင်းပါ။
ဦးမြတ်သိန်းထွန်းက ကလေးပါးစပ်နတ်စောင့်တယ်။

မေး။ နင်တို့ကိုကျောင်းသွားခိုင်းသလား။ ဖြေ။ မခိုင်းပါ

မေး။ ဥပုသ်စောင့်ခိုင်းသလား။ ဖြေ။ မခိုင်းပါ။
ဦးမြတ်သိန်းထွန်းက ကလေးပါးစပ်နတ်စောင့်တယ်။

၂။ ဓါတုစေတီ ဓမ္မစေတီတို့မှ ပညတ်တရားရှင်းစေတီများသည် ချေးတုံး သေးတုံး ဘာမက်စရာရှိသလဲ။

၃၊ ပစ္စည်းဥစ္စာအားလုံးသားမယား အခြေအရ သင်းပင်းပါမကျန် လှူမှ တရားဟောနိုင်မည်။

၄။ ဦးသုဝဏ္ဏသမီး မခင်ကြည်က ဒွါရကိုးပေါက်မှ အပုတ်များယိုကျနေကြောင်း ဆရာကြီးအား ပြောရာ တရားရပြီဟု ဆရာကြီးက ပြောပါသည်။

(မှတ်ချက်။ တရားလို စောဒက ဦးထွန်းလူ၏သက်သေများ ထွက်ဆိုချက်များကို ဖေါ်ပြလျက် တရားခံ စုဒိတက ဦးမြတ်သိန်းထွန်း၏ ချေပချက်ကို ဖေါ်ပြထားရာ ရှင်းချေပချက်မှာလည်း စာမျက်နှာ နံပါတ်(ဂ-မှ-၁၂-)အထိ ဖေါ်ပြီးဖြစ်၍ ဖေါ်ပြခြင်း မပြုတော့ပါ။ ။ထုတ်ဝေသူ)

○ ○ ○

## ဦးမြတ်သိန်းထွန်း ထွက်ချက်အကျဉ်းချုပ်။

၁။ သက်နှင့် ခြောက်လုံးပြူး အယုတ်အမြတ် (ဥပမာ) ပေးခြင်းကို ကျမ်းဂန်ကိုးကား၍ မဖြေလိုပါ၊ အယုတ်အမြတ်ပိန်မခံပါ စသည်ဖြင့် ထွက်ဆိုကာ စွဲချက်အချို့ကို ငြင်းဆိုပြီး။

၂။ မောင်တင်ညွန့်နှင့် မထွေးတို့သည် ခန္ဓာလှူသည်မှာ (၁၅)နှစ်မျှကြာပါပြီ။

၃။ တပည့်တော်အား တနှစ်အတွင်း ကောင်းမွန်စွာနေရန် ဝန်ခံချုပ်နှင့် အပြစ်ရဘူးသည်မှာ မှန်ပါသည်။

၄။ ကျင်ငယ်ရေကို သုံးစွဲရန် မည်သူ့ကိုမျှ မပေးဘူးပါ၊ တပည့်တော် သုံးမသုံး မသိပါ။

၅။ ဆံပင်ကိုတပည့်များကကိုးကွယ်ရန်ယူထားကြပါသည်။ တိုက်တွန်း၍ မပေးပါ။

၆။ ပိဋကတ်သုံးပုံကို တပည့်တော် အာဂုံဆောင်ဘူးပါ သည်။

၇။ ပိဋကတ္တယပါရဂူဘွဲ့ကို မိုးကောင်းတိုက် (အဘိဓဇမ ဟာရဋ္ဌဂုရု) ညောင်ရမ်းဆရာတော်ဘုရားကြီးက ပေးဘူးပါ သည်။

၈။ လှူသောပစ္စည်းများကို လှူသောသူများအား အငှါး သုံးရန်ပြန်၍ ပေးအပ်ပါသည်။

၉။ သက်ရှိသက်မဲ့ လှူကြပါသည်။

၁၀။ သောရည်-ဒါး- လက်နက်-မိန်းမ- အဆိပ်စသည်တို့မှာ သံဃာများ အလှူမခံထိုက်ပါ တပည့်တော်မှာ လူဖြစ်၍ အလှူ ခံထိုက်ပါသည်။

၁၁။ သားပျို သမီးပျို မယားများကိုလှူရာ၌ အလှူခံသူ သည် ကာမကိုပိုင်ပါသည်။ အလှူခံထားသောမိန်းမပျိုများနှင့် တကာမများကို တပည့်တော်သားမယားအဖြစ် ပေါင်းသင်းပါ က အပြစ်မရှိပါ---၁၀၀၀—ကျော်ရှိပါသည်။

၁၂။ တပည့်တော်၏ တပည့်များထဲ၌ သောတာပန်ပုဂ္ဂိုလ် များမှာ ၁၀၀၀·ထက်မနဲ ရှိပါသည်။ အနာဂါမ်ပုဂ္ဂိုလ်များမှာ လည်း-၅၀-ကျော်ခန့်ရှိပါသည်။

၁၃။ တပည့်တော်အား တပည့်များက ဆရာတော်ဟုသုံး ခြင်းသည် တပည့်တော်၏ ဂုဏ်နှင့် သင့်လျော်သည်ဟု ယူဆပါ သည်။

၁၄။ အဆုံးမရှိသော ဥာဏ်ရှိတော်မူသော ဦးမြတ်သိန်း

ထွန်းဟု သုံးခြင်းသည် အဆုံးမရှိသောဥာဏ် တပည့်တော်မှာရှိ၍ သုံးပါသည်။

၁၅ ။တပည့်တော်၏အဖွဲ့ကို (၁)နံပါတ်အဖွဲ့ဟု အစိုးရက အသိအမှတ်ပြုခဲ့တာ မှန်ပါသည်။

၁၆။ ပုံရိုက်၍ချေသော ချေလွှာမှာ တနိုင်ငံလုံး အဖွဲ့တို့၏ သဘောတူညီချက်အရ ရိုက်နှိပ်ထုတ်ဝေခဲ့ခြင်း ဖြစ်ပါသည်။

၁၇။ ခြောက်လုံးပြူးကိုကြောက်တာ (သံဝေဂ) ကုသိုလ်စိတ်ဖြစ်ပါသည်။

၁၈။ ကျမ်းဂန်များကို ကိုယ့်အယူနှင့် ကိုယ်ရေးပါသည် မိမိသဘောနှင့် လျော်စွာ ရေးပါသည်။

၁၉။ မိမိကျင့်ကြံ ဟောပြောတာ ပိဋကတ်သုံးပုံနှင့်ညီပါသည်။ တမိုးအောက် တယောက်ရှိပါသည်။

၂၀။ လူပျိုကြီး အပျိုကြီး အိမ်ထောင်မရှိသောသူများသည် အနာဂါမ်ရိုကများ ဖြစ်ပါသည်။

၂၁။ ဆရာမှာငရဲ-အာပတ်မရှိ အားလုံးကျွတ်လွတ်နေပါပြီ။

၂၂။ သဲဖြူတရားပွဲတွင် မောင်မှင်က သူ၏မယားကို ဆရာ အားလာလှူ၍ လှူဘူးသဖြင့် မောင်မှင်ကိုသိပါသည်။

၂၃။ ဦးဘိုးထွန်းသိမ်းနှင့် ဓါတ်ပုံရိုက်ဘူးပါသည်။

၂၄။ ဓမ္မကထိကများကို အဖွဲ့နှင့် ဆရာကတပြည်လုံးတွင်ခန့်ပါသည်။ ဟောကိန်းနှင့်စည်းမျဉ်းအတိုင်း တရားဟောနိုင်လျှင် ဓမ္မကထိက ခန့်ပါသည်။

၂၅။ မစိန်မြကို ဓမ္မကထိကခန့်ပါသည်။

၂၆။ သက်တော်ထင်ရှား ဘုရားမတွေ့၍ သက်နိုးဝတ်မှထွက်ပါသည်။

၂၇။ ဓမ္မကထိက ဦးဘိုးသင်း ဆယ်ချသည့်ဆိုတာမသိပါ။
၂၈။ ပဋ္ဌမဧဂ် သောတာပန်ပယ်သော တရားကိုမသိပါ။

ဝ ဝ ဝ

( ၁-နံပါတ် တရားခံသက်သေ ဦးကံထွန်းထွက်ချက်။ )

၁။ စုဆောင်းပြီး လုပ်သွား၍ ခစတီခေါ်ပါသည်။
၂။စုဆောင်းပြီးပွားထား၍ ရုပ်ပွားဟုခေါ်ပါသည်။
၃။ ရုပ်ပွားကို ရှိသေထိုက်-မရှိသေထိုက် မသိပါ။
၄။ ဦးမြတ်သိန်းထွန်းရေးသောစာအုပ်များကို သဘောကျပါသည်။ မှန်-မမှန် မသိပါ။

၅။ စေတီ၌ ဘာများဌာပနာထားသည်ကိုမူ ဘုရားလူကြီးဖြစ်သော်လည်းမသိပါ။
၆။ သိဒ္ဓတ္ထမင်းသား၏ ကျင်ကြီး-ကျင်ငယ်တို့ကို ကိုးကွယ်အပ်-မအပ်မဖြေလိုပါ။

၇။ ဒါနနှင့်သီလပြုခြင်းသည် သံသရာ၌ ရှည်သည်ဟု ယုံကြည်ပါသည်။
၈။ ဦးမြတ်သိန်းထွန်း ဦးဝါသဝတ္တိကျမ်းစာအရ အားထုတ်ပါသည်။

၉။ သံဃာမပါ အရိယာဆွမ်းကျွေးပွဲဟူ၍ လုပ်သည်ကို ကြားဘူးပါသည်။

ဝ ဝ ဝ

( ၂-နံပါတ်သက်သေ ဦးဘိုးသင်းထွက်ချက်။ )

၁။ ဦးမြတ်သိန်းထွန်းကို ကြည်ညိုပါသည်။ ရှိခိုးပါသည်....။ ၎င်း၏ဆံပင်ကိုလည်းညတိုင်းရှိခိုးပြီးအိပ်ပါသည်။ ပုလင်းထဲထည့်ပြီး ပူဇော်ထားပါသည်။

၂။ ဦးမြတ်သိန်းထွန်းအား ဘုရားဟု မှတ်ထင်ယုံကြည်ပြီး ကိုးကွယ်ပါသည်။

၃။ ဘုရားတွင် ရောင်ခြည်တော် ခြောက်ပါးရှိသကဲ့သို့ ဦးမြတ်သိန်းထွန်းတွင်လည်း ရောင်ခြည်တော်ခြောက်ပါးရှိပါသည်။

၄။ ဦးမြတ်သိန်းထွန်းကတော့ မပြောပါ၊မိမိက ဘုရားဟု ထင်ပါသည်။

၅။ မိမိ ယခု အင်းလုပ်နေသည်ဆိုတာ မမှန်ပါ။ သားများသာ အင်းလုပ်ပါသည်။

၆။ ဝါဆိုလဆုတ် ၈-ရက်နေ့ကမိမိကိုယ်တိုင် ဝက်ကိုပေါ်သည်ဆိုတာ မမှန်ပါ။

၇။ ဦးမြတ်သိန်းထွန်း ဟောသော ဘုရားအားလုံးကို ယုံကြည်ပါသည်။

၈။ ၎င်း၏စာအုပ်များကိုလည်း အားလုံးယုံကြည်ပါသည်။

၉။ ဦးမြတ်သိန်းထွန်းအား ဘုရားဟု ယုံကြည်ပါသည်။

၁၀။ တပည့်တော်လည်း အရိယာအစစ်ဟု ယုံကြည်ပါသည်။

၁၁။ ဦးမြတ်သိန်းထွန်းဂိုဏ်းဝင်ပြီးနောက် အလှူဒါနမလုပ်တော့ပါ ။

၁၂။ အခြားဘုန်းကြီးများဟောသောတရားကို မနာတော့ပါ။

၁၃။ အခြားပုဂ္ဂိုလ်များရေးသော စာများကိုလည်း မဘတ်တော့ပါ။

၁၄။ ဦးမြတ်သိန်းထွန်းသည် ဘုရားအစစ်ဖြစ်၍ ရုပ်ပွားတော်မှာ အတုသာဖြစ်သဖြင့် ရွှေချရာတွင်မမြတ်ဘဲ ဦးမြတ်သိန်းထွန်းအား ရွှေလှူခြင်းသည် ပို၍မြတ်ပါသည်။

၁၅။ ဦးမြတ်သိန်းထွန်းတရားကိုသိ၍ ဘုန်းကြီးကျောင်းသို့ သီလယူမသွားတော့ပါ။

၁၆။ တပည့်တော်အိမ်တွင် ဘုရားကားမရှိပါ။

၁၇။ ငရဲပြည်-နတ်ပြည်ရှိသည်ဆိုတာ မယုံပါ။

၁၈။ ဦးမြတ်သိန်းထွန်းဘုရားနှင့် ဂေါတမဘုရား အတူတူပင်ဖြစ်ပါသည်။

ဝ ဝ ဝ

( ၄-နံပါတ်သက်သေ ဦးဘာဝါထွက်ချက်။ )

၁။ ဦးမြတ်သိန်းထွန်းဟောသော တရားများကို ရသင့်သလောက်တော့ ရပါသည်။

၂။ ပုထုဇဉ်ကလွတ်ပြီး အရိယာအဆင့်ရောက်သည်ဟု ထင်ပါသည်။

၃။ ပဌမအဆင့်ဖြစ်သော သောတာပန်အဆင့်သို့ ရောက်သည်ဟု ထင်ပါသည်။

၄။ ၁၃၂၄-ခုနှစ်တွင် မည်သည့်ဘုန်းကြီးကျောင်းမှသွားပြီး ဥပုသ်မစောင့်တော့ပါ။

၅။ ဦးမြတ်သိန်းထွန်း တရားစာအုပ်များကို အားလုံးယုံကြည်ပါသည်။

၆။ ဦးမြတ်သိန်းထွန်းအဖွဲ့သို့ဝင်ပြီးနောက်ရှင်လည်းမပြု-ဉပုသ်လည်း မစောင့်တော့ပါ။

၇။ ဦးမြတ်သိန်းထွန်းအားရှင်း၊မိမိအားရှင်းအရိယာဟုထင်ပါသည်။

၈။ ဦးမြတ်သိန်းထွန်း၏တရားကို ကျင့်ခြင်းအားဖြင့် အရိယာအဆင့်သို့ ရောက်သည်ဟု ထင်ပါသည်။

ဝ ဝ ဝ

(၅-နံပါတ် သက်သေ ဦးပန်းထွက်ချက်။ )

၁။ ဘုရားသည် ဒုစရိုက်လုပ်မလုပ်၊ အိမ်ရှေ့ နန္ဒင်းပင်စိုက်ကတရားရ-မရတို့ကို မသိပါ။ မမှတ်မိပါ။

၂။ ရဟန်း သံဃာများအား ဆဲရေးတိုင်းထွာ ရေးသားပြောဆိုခြင်းကို အပြစ်ရှိ-မရှိ မဆုံးဖြတ်တတ်ပါ။ မသိပါ။

၃။ ဦးမြတ်သိန်းထွန်းသည် အရိယာဉာဏ်ကို တစိတ်တဒေသ ရသူဟု ပြောဘူးပါသည်။

(၁၁-နံပါတ်သက်သေ မောင်မြမောင် ထွက်ချက်)

ဦးမြတ်သိန်းထွန်းအားဘုရားဟုယုံကြည်ပါသည်၊ ရောင်ခြည်တော်(၆)သွယ်နှင့် သဗ္ဗညုတ ရွှေဉာဏ်တော်လည်း ရှိပါသည်။ ဦးမြတ်သိန်းထွန်းဘုရားသည်အိမ်မှာနေပါသည်။ပုဆိုးအင်္ကျီဝတ်ထားပါသည်။သားမယားလည်းရှိပါသည်။ဓမ္မကထိကလက်မှတ်ပေးထားသောသူများသည် လက်ဝဲရံလက်ျာရံများဖြစ်ပါသည် ဦးမြတ်သိန်းထွန်းဘုရားသည် ဘုရားလေးဆူနှင့်တူသည်ဟု ထင်ပါသည်။ ရုပ်ပွားတော်နှင့် ဦးမြတ်သိန်းထွန်းအား လျှုရာတွင်စေတနာအားဖြင့် အတူတူဖြစ်ပါသည်။ ဦးမြတ်သိန်းထွန်းတရားနာပြီးနောက် နေ့ခင်းဘာ လူ့ပြည် နတ်ပြည် ငရဲပြည်ရှိသည်ဟု

တပည့်တော်မယုံတော့ပါ။ ကုသိုလ်အကုသိုလ်အယူရှိသည်ဟု တပည့်တော် အယူမရှိပါ၊ ဦးမြတ်သိန်းထွန်း တရား နာပြီးနောက် ဦးမြတ်သိန်းထွန်းဘုရားဖူးရတာနှင့် ရွှေတိဂုံစသော အခြား ဘုရားများ ဖူးရတာအတူတူဖြစ်ပါသည်။ လူရဟန်းရှိသည်ဟု ယုံကြည်ပါသည်။ ဦးမြတ်သိန်းထွန်း အာသဝေါ ကင်းပြီဟု ယုံကြည်ပါသည်။ ဦးမြတ်သိန်းထွန်းက မိန်းမများအလှူခံပါသည်။ အလှူခံပြီးသော မိန်းကလေးများကို တရားဟောပါသည်။

ဝ ဝ ဝ

(၁၄-နံပါတ်သက်သေ ဦးထွန်းရှင် ထွက်ချက်)

တပည့်များက ဦးမြတ်သိန်းထွန်းအား မိန်းမ(၁၀၀၀)လှူ မလှူ မသိပါ၊ မိန်းမဟု အထင်အစွဲမရှိ၍ တပည့်တော်လည်းလှူခဲ့ဘူးပါသည်။ ဦးမြတ်သိန်းထွန်းအား တပည့်တော် ဘုရားဟု ယုံကြည်ပါသည်။ ဦးမြတ်သိန်းထွန်းသည် ပုဆိုးအင်္ကျီဝတ်ထားသော်လည်း ဘုရားဉာဏ်တော်ကိုရ၍ ပုဆိုးအင်္ကျီရှိမှန်း သိလိုမှ သိပါသည်။ ဦးမြတ်သိန်းထွန်း၏တရားသည် အိမ် ကျောင်း ရှိသည့်အနေဖြင့် သိပြီး နေခြင်းမဟုတ်ပါ၊ ဘုရားလေးဆူမှာ ကိုယ်တိုင်မတွေ့ရဘဲ စာတွင်သာ တပည့်တော်တွေ့၍ ၎င်းဘုရားများတွင် ရောင်ခြည်တော် (၆)သွယ်ရှိတာ မယုံပါ၊ ဘုရားအကြည်ခါတ်မှာ ဦးမြတ်သိန်းထွန်းတွင် ရှိနေ၍၊၎င်းတွင် ရောင်ခြည်တော်(၆)သွယ်ရှိသည်ဟု တပည့်တော်ယုံကြည်ပါသည်။ ဦးမြတ်သိန်းထွန်း၏ ဘွားဘက်တော်များမှာ ဂါ-ပုလင်း- မိန်းမများဖြစ်ပါသည်။ ရုပ်ပွားဆင်းထုနှင့် ဦးမြတ်သိန်းထွန်းကို လှူချဘွဲ့ စေတနာသန်ရာက ပိုမြတ်ပါသည်။လူရဟန်းရှိတာ တပည့်တော်

ယုံကြည်ပါသည်၊ (ဘုရားလှူတာနှင့် ခွေးကျွေးတာ စေတနာတူလျှင် အတူတူဖြစ်ပါသည်)။ တပည့်တော် သမ္မာဒိဋ္ဌိဉာဏ်ရ၍ ကုသိုလ် အကုသိုလ်မရှိတော့ပါ။ ဦးမြတ်သိန်းထွန်းကို ရွှေလှူတာနှင့် မဟာမြတ်မုနိဘုရားကို ရွှေချတာအတူတူဖြစ်ပါသည်။

ဝ ဝ ဝ

( ၁၃-နံပါတ် သက်သေ ဦးဘိုးရင်ထွက်ချက်။ )

ဦးမြတ်သိန်းထွန်းသည် သစ္စာလေးပါးတရားကို မှန်ကန်စွာ ပြနိုင်၍ ဆရာဟုယုံကြည်ပါသည်။ ဆရာလည်းဘုရားနှင့်တဂိုဏ်းထဲဖြစ်၍ ဘုရားဟုယုံကြည်ပါသည်။ ဦးမြတ်သိန်းထွန်းသည် သဗ္ဗညုတဉာဏ်တော်ကိုရ၍ သဗ္ဗညုတဉာဏ်တော်ရလို့ တရားကိုဟောပါသည်။ အခြားဘုရားများလည်း သဗ္ဗညုတဉာဏ်တော်ရလို့ တရားကိုဟောနိုင်ပါသည်။ ဦးမြတ်သိန်းထွန်းသည် နိရောဓသမာပတ်ကို ဝင်စားနိုင်သည်ဟု ယုံကြည်ပါသည်။ ဦးမြတ်သိန်းထွန်းဘုရားသည် လောကအနေ သားမယားရှိ၍ သင်္ကန်းမဝတ်ဘဲ ပုဆိုးဝတ်ပါသည်။ ဦးမြတ်သိန်းထွန်းတွင် သူ့ကိုကြည်ညိုသောသူများရှိ၍ ၎င်းတို့ပင် လက်ဝဲရံ လက်ျာရံများ ဖြစ်ကြပါသည်။ လူ့ပြည်-နတ်ပြည်-ငရဲပြည်တို့ကို လောကုတ္တရာအနေဖြင့် မယုံကြည်ပါ။ ကုသိုလ် အကုသိုလ်ကံတို့မှာ လောကုတ္တရာအနေဖြင့် မယုံကြည်ပါ။ မဂ်ကုသိုလ်-ဖိုလ်ကုသိုလ် နိဗ္ဗာန်ကိုခံစားရသည့် ကုသိုလ်တို့မှာ တပည့်တော်တွင် အမြဲမရှိပါ။ တပည့်တော်သည် မိမိကိုယ်ကိုအရိယာဟူ၍၎င်း၊ ဦးမြတ်သိန်းထွန်းကို ယခုဘဝတွင် ဘဝမြတ်သည်ဟူ၍၎င်း ထင်ပါသည်။

သဘောတရားကို ဆောင်၍ယူခြင်းကြောင့် တပည့်တော်လည်း ဘဝမြတ်ပါပြီ။ ဆင်းတုတော်-ရုပ်ပွားတော်လှူရတာသက်

ဦးမြတ်သိန်းထွန်းလှူရတာ ပိုမြတ်ပါသည်။ ဦးမြတ်သိန်းထွန်းတွင် ရောင်ခြည်တော် (၆)သွယ်ရှိပါသည်။ ဦးမြတ်သိန်းထွန်းသည် ငယ်စဉ်ကပင် ဒုက္ကရစရိယာကျင့်လာကြောင်း စာအုပ်တွင်တွေ့ရ၍ ယုံပါသည်။ ဦးမြတ်သိန်းထွန်းက တပည့်တော်တို့အား တရားဦး ဟောခြင်းသည် ပဉ္စဝဂ္ဂီ ၅-ဦးတို့ကို ဟောသကဲ့သို့ ဟောသည်ဟု ယုံကြည်ပါသည်။ ဦးမြတ်သိန်းထွန်းသည် အိမ်တွင်ပင်နေ၍ လွန်ခဲ့သော ၁၀-နှစ်မတိုင်မီကပင် ဘုရားဖြစ်နေသည်ကို တပည့်တော်သိပါသည်။ မိန်းမ-ယောကျ်ားများကို ဦးမြတ်သိန်းထွန်းက အလှူခံပြီး ဆရာ့ပစ္စည်းအနေနှင့် မင်းတို့သုံးစွဲကြတော့ဟု ဆိုပြီး ပြန်လှူအပ်ပေးပါသည်။ ဦးမြတ်သိန်းထွန်းဘုရား၏လက်ဝဲရံ-လက်ျာရံများကို မည်သူမည်ဝါဟုဦးမြတ်သိန်းထွန်းဘုရားက သိပါသည်။ တပည့်တော်တို့နယ်တွင် ဦးမြတ်သိန်းထွန်းဘုရား၏ဝါဒမှန်သည်ဟု ၎င်းအယူအဆအတိုင်း ယူနေကြ ကိုးကွယ်နေသောသူများ(၁၀၀၀)ခန့်ရှိပါသည်။ ဓမ္မေသနစာအုပ်၊ ဦးဘဆွေစာအုပ်၊ မထေးသိန်းစာအုပ်တို့၌ လူပျိုကြီး-အပျိုကြီးကို အနာဂါမိကဟု ပြထားပါသည်။ ၂၀၆။ ယခုအမှုတွင် သက်သေလိုက်ချင်လွန်းလို့ ဦးဘဆွေအားတောင်းပန်ရာ ၎င်း၏ခွင့်ပြုချက်အရလာရောက်သက်သေခံရခြင်းဖြစ်ပါသည်။

၀ ၀ ၀

( ၁၁-နံပါတ်သက်သေ ကိုသာလှထွက်ချက်။ )

သဲကုန်းတရားပွဲတွင် မစိန်မြတရားဟောသည်ဟု ကြားပါသည်။ ၎င်းတရားပွဲတွင် ဦးထွန်းရှင်က ဥဒါန်းကျူးရင့်၍ ဦးမြတ်သိန်းထွန်းက ဓါတ်(၁၈)ပါးကိုဟောပြီး သွီးမြသက်မှုကို မောင်လှဝေလက်သို့(၀)ကွက်အပ်လိုက်ရတော့သတည်းဟု အဆုံးသတ်

ပါသည်။ဦးမြတ်သိန်းထွန်းအား တရားအစစ်သိတဲ့သူဟု ထင်ပါသည်။ဘုရား၏အဆုံးမရှိသောဉာဏ်နှင့် ဦးမြတ်သိန်းထွန်း၏ အဆုံးမရှိသောဉာဏ်မှာ တူ-မတူမသိပါ။ ဦးမြတ်သိန်းထွန်းအား လူတာနှင့် ရုပ်ပွားတော်များလူတာ အကျိုးအတူတူဖြစ်ပါသည်။ တပည့်တော် နိဗ္ဗာန်ကိုမြင်နေပါသည်။ လူရဟန်းရှိသည်ဆိုတာ ဦးမြတ်သိန်းထွန်းဟောရှဲယုံကြည်ပါသည်။ ဦးမြတ်သိန်းထွန်းသည် ဘုရားဉာဏ်တော်ကိုရသည်ဟု ယုံကြည်ပါသည်။

○ ○ ○

( ၎-နံပါတ်သက်သေ မောင်ထွန်းကြည်ထွက်ချက်။ )

မိမိသည် အရိယာဖြစ်နေပါသည်။ ဦးမြတ်သိန်းထွန်းအား မယား-သွီးအစွဲလှူထားပါသည်။ ပရိယတ်အားဖြင့် သက်န်း၊ပဋိပတ်အားဖြင့် သင်ထားတဲ့အသိတွေ ကန်းသွားသည်ကို သက်န်းလို့ခေါ်ပါသည်။ ပရိယတ်အားဖြင့် ကြေးဆင်းတု-ကျောက်ဆင်းတုကို ရုပ်ပွား။ ပဋိပတ်အားဖြင့် သောတာပန်စသောပုဂ္ဂိုလ်များကို ရုပ်ပွားလို့ခေါ်ပါသည်။ဦးမြတ်သိန်းထွန်းအားဘုရားဟု ထင်ပါသည်။ ၎င်းတွင် ရောင်ခြည်တော် (၆)ပါးရှိပါသည်။ ဘုရားကို တိရစ္ဆာန်များ၊အရိယာမဖြစ်သောသူများမပါ။ အရိယာပုဂ္ဂိုလ်များသိပါသည်။ ဦးမြတ်သိန်းထွန်းကျင်ငယ်ရေကို သုံး-မသုံး မသိပါ။ ဦးမြတ်သိန်းတွန်းကိုဘုရားတပည့်ကောင်းကိုယ်တိုင် အရိယာဟု ယုံကြည်ပါသည်။ဦးမြတ်သိန်းထွန်း၏ဓါတ်ပုံကို အမြဲကိုးကွယ်ထားပါသည်။ လူ့ပြည်-နတ်ပြည်-ငရဲပြည်ရှိသည်ဆိုတာ အရိယာဉာဏ်ရသည့်နေ့ကစ၍ မယုံတော့ပါ။ ဘုရားရုပ်ပွားဆင်းတု လှူတာထက် ဦးမြတ်သိန်းထွန်းအားလှူရတာ ပိုမြတ်ပါသည်၊ တပည့်တော်မှာ အရိယာဉာဏ် ရသည်မှာ

၍ ကုသိုလ် အကုသိုလ် မရှိတော့ပါ၊ ဥပုသ်ဆိုတာ သီလရှိသူ မစောင့်ပါ သီလမရှိသူများသာ စောင့်ပါသည်။ တပည့်တော် ကိုရင် သာမဏေ မဝတ်ဘူးပါ၊ စာလဲမဘတ်ပါ ဘုရားတရား သံဃာဂုဏ်သဲမသိပါ။

ဝ ဝ ဝ

(၁၀-နံပါတ်သက်သေ ကိုစံရင် ထွက်ချက်)

ဆရာကြီးကိုယ်တိုင်က မိန်းကလေးများ အလှူခံသည်ဟု ဆို သည်မှာ အမှန်ဖြစ်ပါသည်။ ဦးမြတ်သိန်းထွန်း ဆံပင် စော ထိုက် ါသည် ဦးမြတ်သိန်းထွန်းသည် ဘုရားရဲ့ကိုယ်တော်ဖြစ်ပါ သည်။ ဘုရားဂုဏ်အဆုံးမရှိ ဦးမြတ်သိန်းထွန်းဂုဏ်လည်း အဆုံးမ ရှိပါကြောင်းဟုနှင့် ရုပ်ပွားမတူပါ ဘုရားအဆင်းတော်အား ကုသား ၍ဆင်းဘုဘုရား တရားများကို ဟောနိုင်သူကို ရုပ်ပွားဟု ခေါ် ပါသည်။ ဆံဘပရမတ်သည် အချိုးမည်အားဖြင့် (၅၀၀၀) ကျေ က်၍ မရေတွက်နိုင်ပါ၊ ဦးမြတ်သိန်းထွန်းကို ဘုရားဉာဏ် ရသ ဟု ပည့်တော်ထင်ပါသည်။ လူရဟန်းရှိသည်ကို တပည့် တော်ယုံ ကြည်ပါသည်၊ဒီခန္ဓာမျိုးကို ခလိုချင်ဘူး တရားရှာသူမျိုး ကို (လူရဟန်း)ခေါ်ပါသည်။ ဦးမြတ်သိန်းထွန်းတရားနာမြီး နေ ဥပုသ်စောင့်ရန်မလိုတော့ပါ၊ ဦးမြတ်သိန်းထွန်းသူဘာ နှင့် အားတုတော်လူတာ အတူတူဘဲဆိုတာ ယုံကြည်ပါသည်။

ဝ ဝ ဝ

(၆-နံပါတ်သက်သေ ဦးသန့် ထွက်ချက်)

မိ သ်ကို မိမိရဟန်းဟု ဆုံးဖြတ်ထားပါသည်။ ဦးမြတ် သိန်း ည် သောတာပန် သကဒါဂါမိ(၁၁၁၀) အနာဂါမိ (၅၁) (၁၁၀)အထိ ရှိသည်ဟု ဆုံးဖြတ်သည်ဆို ကာမှန်ပါသည်

ဦးမြတ်သိန်းထွန်းသည် မိမိယုံကြည်သော ဘုရားဖြစ်ပါသည်။ ဦးမြတ်သိန်းထွန်းသည် ခန္ဓာကိုယ်ကို စည်မျက်နှာပြင်ကဲ့သို့ ညီညွတ်အောင် ဆွဲပြနိုင်သောကြောင့် အရိခမတ္တေယျဘုရားဟု ယုံကြည်ပါသည်။ ဓမ္မကထိကကျမ်း၌ ဦးမြတ်သိန်းထွန်းက ပုထုဇဉ်အန္ဓဗာလတို့၏ ဟောပြောချက်ကား နိဗ္ဗာန်ကို အသံပြရုံမျှ ပြုပြီး မိမိအားရိုသေဘို့ လှူဘို့ဟောလေ့ရှိ၏၊ တပည့်တကာ တကာမတွေ သေလျှင် ဘယ်ကိုရောက်ရောက် တာဝန်မယူဟုမှတ်ပါးကြတော့ နပ်ကြတော့ ဆိုသည်မှာ အန္ဓဗာလများဆိုလိုပါသည်။ လူပျိုကြီး အပျိုကြီး တရားရလျှင် ရဟန်းဖြစ်ပါသည်။ ဦးမြတ်သိန်းထွန်းသည် ကာမဂုဏ်ကိုလူလျှင် သဒ္ဓါကို မူတည်၍ယူပါသည်။

ဦးမြတ်သိန်းထွန်းအား ဘုရား မိမိအားအရိယာဟု ယုံကြည်ပါသည်။ ယခုအရိယာအနေအားဖြင့် လူ့ပြည် နတ်ပြည် ငရဲပြည် ရှိသည်ဟု မယုံကြည်တော့ပါ၊ ပုထုဇဉ်ဘဝက ယုံကြည်ခဲ့ပါသည်။ ဦးမြတ်သိန်းထွန်းလူတာနှင့် ဘုရားလူတာ အတူတူဘဲဖြစ်ပါသည်။ ဦးမြတ်သိန်းထွန်းအား တပည့်တော်၏ ကိုယ်ကိုလှူဒါန်းထားပါသည်။ တခြားပုဂ္ဂိုလ်များသည် သားမယားသမီးများကို ဆရာကြီးဦးမြတ်သိန်းထွန်းအား လှူဘာကြားပါသည်။ ဘုန်းကြီးမပါ သံဃာဆွမ်းကျွေးဆိုတာ တပည့်တော်ကိုယ်တိုင်ပြောပါသည်။ တပည့်တော်တို့အဖွဲ့တွင် သောတာပန်သကဒါဂါမ် အနာဂါမ် ရဟန္တာရှိသည်ဆိုတာ ယုံပါသည်။ မည်သူမည်ဝါဟု မပြောနိုင်ပါ၊ မြတ်စွာဘုရားသည် ကာမဂုဏ်ကို အသုံးခံသည် မခံသည်ကို မသိပါ။

( ၁၇-နံပါတ်သက်သေ ဦးရွှေလွန်း ထွက်ချက်။ )

ဦးမြတ်သိန်းထွန်းသည် တပည့်တော်၏ အစိန္တေယျ ဂုဏ်နှင့် ယှဉ်သောဘုရားဖြစ်ပါသည်။ ဦးမြတ်သိန်းထွန်းဘုရားသည် ပုဆိုး အင်္ကျီဝတ်၍ အိမ်တွင် မိန်းမနှင့် နေပါသည်။ ဦးမြတ်သိန်းထွန်း ဘုရားတွင် ဘွားဖက်တော်များရှိ၍ ဒုက္ခရစရိယာလည်းကျင့် ဓမ္မစကြာတရားဦးလည်း ဟောပါသည်၊ တပည့်တော်တွင် နောင်ဘဝမရှိတော့ပါ၊ ရုပ်ပွားဆိုသည်မှာ မရုပ်ပွားလာ၍ ရုပ် ပွားဟုခေါ်ဆိုပြီး မြတ်စွာဘုရားအဆင်းတော်သည် အဆင်းတု ဖြစ်၍ ရုပ်ပွားနှင့် ဆင်းတုတခြားစီဖြစ်ပါသည်။ ရုပ်ပွားဆင်း တုလှူရတာထက် ဦးမြတ်သိန်းထွန်းလှူရတာက ပိုမြတ်ပါသည်၊ မစိန်မြသည် စောဓိထိုက်၍ ဓမ္မစေတီဖြစ်ပါသည်။ ယောဂီ ခန္ဓာကိုယ်၏ အလယ်ဗဟိုကို အတ္တဆိုတာမှန်ပါသည်။ အသခ်တ ဓါတ်မှာ အနိစ္စ ဒုက္ခ အနတ္တ ရှိပါသည်။ ဦးမြတ်သိန်းထွန်းသည် ဒုက္ခရစရိယာကျင့်သည်မှာ အိမ်ထဲ၌ ကျင့်လျှင်လည်း ကျင့်မည် အလွတ်တန်းလျှားပေါ်တွင် ကျင့်လည်းကျင့်မည်ဖြစ်ပါသည်။

o o o

( ၁၂-နံပါတ်သက်သေ ဦးလှကျော် ထွက်ချက်။ )

ဦးမြတ်သိန်းထွန်း၏အဖွဲ့တွင် ဥာဏ်အဆင့်အတန်းနှင့် အရိ ယာများရှိမည်ကို ယုံကြည်ပါသည်။ ဦးမြတ်သိန်းထွန်းသည် သစ္စာတရားလေးပါးကိုဟော၍ အနန္တော အနန္တငါးပါးတွင် ပါဝင်၍ ၎င်းအား ဘုရားဟု ယုံကြည်ပါသည်။ ဦးမြတ်သိန်း ထွန်းကို ဘုရားဟုမှတ်ထာ မှန်ပါသည်။ ယခုထွက်ဆိုသမျှအား လုံးအမှန်ချည်းဖြစ်ပါသည်။ ဦးမြတ်သိန်းထွန်းသည် အပါယ် လေးပါးမှ လွတ်မြောက်အောင်ဟော၍ ဘုရားဟုယုံကြည်ပါ

သည်။ ဦးမြတ်သိန်းထွန်း ရောင်ခြည်တော်ထွက်တာ ရောရေးဘုရားများ ရောင်ခြည်တော် ထွက်တာရော မမြင်ဘူးပါ။

(တရားခံ သက်သေများထွက်ချက်ပြီး၏။)

○ ○ ○

## စောဒက တင်ပြသော စုဒိတကရေးသားသည့် စာအုပ်များမှ ကောက်နုတ်ချက်များ။

ခမ္မကထိကဒီပနီစာအုပ်များမှ တွေ့ရသောအချက်များကား....

သင်္ဂြာယဒိဌ္ဌိတန်းလမ်းနှင့်သေသေသော်ကော် ငရဲကျမှယ်(၃၀) တရားကိုဟောနေသူ ဆုံးမပြသနေသူကို ဘုရားအစစ်ဟူ၍ မှတ်ရမယ်။(၃၀) အရိယာနှင့်နိဗ္ဗာန် အတူတူမှတ်(၄၃)။ ဝိပဿနာစာရေးနေစဉ်ပင် ဆရာ့ရိုးစား ရှမ်းမကလေးစောသိန်းသန်းမျက်နှာကိုမြင်ယောင်တယ်(ယောဂီတို့ အဲ့တာဆရာ့ရောဂါ။) (၉၀) သေသူကိုရှင်သူတကြတော့အဟော-အပြော-အပြ-လမ်းကြတော့ ထွေး ရှမ်းမကလေးဆိုတာ ကျောကျိန်းချမ်းလောက်ပါတဲ့ (ဥပမာ)ကျောကျိန်းချမ်းပေမဲ့ ဟောကိန်းအဆန်းဆိုတာ စောသိန်းသန်း-စောသိန်းသန်းကွဲလို့ ဥပမာရှုပြီး ကိုင်း-ယခု သာဓု (၃)ကြိမ်ကျယ်ကျယ်ခေါ်ကြစေကုန်သတည်း။ (၉၄)

ယုံကြည်တာအမှန်ကို နိုရောခသစ္စာမှတ်ကြ(၁၁၀)။ဘာဘာခုကမှ မျက်စိထဲမှာမရှိပါကလားလို့ ပိုင်ပိုင်သခဘာကျလျှင်သောတာပန်မှတ်ပါ(၁၄၃)။တရားပွဲကြီးသိမ်းတာနဲ့ ဘုရားပရိရိဗ္ဗာန်ခံဘာနဲ့ အတူတူဘဲလို့ ယုံကြည်ခဲ့လေစွ (၁၉၂)။ စစ်ဗိုလ် စစ်

သွားကိုဖျက်၊ သေနပ်ခလုပ်ပျက်၊ ရှင်ဘုရင်ကိုဖျက်၊ မိဘုရားနှင့်သူပုန်၊ သမာဓိဖြေ့ဖျက်၊ မော်ကားလမ်းဆုံ (၁၅၇)။

အစိုးရအသိအမှတ်ပြု ဆရာတော်ဦးမြတ်သိန်းထွန်း။

ဝ ဝ ဝ

(ဓမ္မသနဒီပနီမှ တွေ့ရသောအချက်များ။)

နိဗ္ဗာန်လမ်းပြ၊ သပ္ပုရိသဆရာထံ၊ အသက်ခန္ဓာစွန့်လှူ၍ တရားအမှန်ကို ရှိသေစွာသောင်းကြပါကုန် (၂၅)။ အမည်တွေ ပညတ်မှတ်လေ (လိုရင်းမှာ) ခန္ဓာကိုယ်သာရှာ ရှာနည်းမှာ မျက်မြင်လက်တွေ့ ကြည့်ရှုသိရှာ မိန်းမခေါ်တဲ့နာမည်ကို မျက်စိနဲ့ မမြင်ရ... လည်နဲ့ ထိလို့ မရမှတ်။ ဆရာ၏တကိုယ်လုံး ဓမ္မစေတီမှတ်၊ တရားအပိုင်ရလျှင် ယောဂီ၏တကိုယ်လုံးကို ဓါတုစေတီမှတ် (၃၂)။ ပဌမအာထစ်မှာ အပါယ်လေးဘုံ ဟုမရှိတော့ပါ၊ ဆင့်ဝေဘန်လျှင် ဒုတိယဉာဏ်သို့ရောက်တဲ့ယောဂီများမှာ ကာမဘုံ ရူပဘုံ-အရူပဘုံ ဟူ၍သုံးဆယ့် တဘုံ ရှာမတွေ့တော့ပါ....။ဘုံပျောက်ဖြစ်ပါသည်။ (၅၄) ကာမဂုဏ်ငါးပါးကိုစွန့်ပြီးမှ တရားရှာရမှာလား၊ စွန့်ချင်စွန့် မစွန့်ချင်နေ ဝိပဿနာဉာဏ်ကို ရနိုင်ပါတယ်။ (၅၆) ကာမဂုဏ်လွတ်၍ ဝိပဿနာတရားကိုရှာလို့ အရင်းမဖြစ်။ အိုးအိမ်ထောင်နဲ့မှ ဝိပဿနာဉာဏ်-မဂ်ဉာဏ်-ဖိုလ်ဉာဏ်ကိုရှာလို့ တွေ့တယ်၊ ရလွယ်တယ်၊ (၅၇) တရားနာပြီးနောက် ကိုယ်ပိုင်ဉာဏ်ဖြင့်ထိုးထွင်း၍ သဘောကျခြင်းကိုပင် သောတာပန် အရိယာဖြစ်ဘယ်မှတ်ကြ။ (၆၁)

(လောကဓံ ဒီပနီကျမ်းမှတွေ့ရသောအချက်များ။)

ရသေ့-ရဟန်း-အဝတ်အထည်၊ ဣန္ဒြေပြယုဂ်ဂုဏ်ကိုပူဇော်ကြ၏။(နိဒါန်း) နိဒါန်းဆုံးကာနီး၌ သံဃာကိုရိပ်၍ ခပ်နိုနိုင်ရေးထားသည်။(နိဒါန်း) အရဟတ္တမဂ်-အရဟတ္တဖိုလ် ကိုယ်တိုင်မသိ၊ သူများလဲမသိ။(၄၆) ဝင်ပေါက်လဲပိတ် ထွက်ပေါက်ပိတ်ကမ္ဗဋ္ဌါန်းထိုင်ဘိုလိုမသွား(၈၃) မခံစားမီ မင်္ဂလာဆုံသမျှခံစားဆဲမှာ ပျက်ပျက်ကုန်ကြ၊ခံစားပြီးတော့သက်သက်သည်၊မခံစားမီကတဏှာမပြတ်မီခံစားဆဲမှာအကျိအချုပ်မရှိ၊ခံစားပြီးတော့ဗလာနတ္ထိ မခံစားမီကစည်းလုံးလုပ်သမျှ၊ခံစားဆဲမှာအကြီးဆုံးဒုက္ခ၊ခံစားပြီးတော့ညီလုံးဒုက္ခ၊မခံစားမီက အချစ်ဆုံးလောဘစားဆဲမှာအချစ်ဆုံး မောဟ၊ခံစားပြီးတော့ အပြစ်မုန်းဒေါသ။(၉၁)

ο ο ο

(ပဒစ္ဆေဒဒီပနီကျမ်းမှ တွေ့ရသောအချက်များ။)

အိမ်ထောင်မပြုဘဲ တကိုယ်ထည်း—တယောက်ထည်း--လူပျိုကြီး-အပျိုကြီး-ရသေ့-မယ်သီလ-စသောယောဂီတို့သည် ဝိပဿနာဉာဏ်ကိုရပေါက ကလျာဏပုထုဇဉ်-စူဠသောတာပန်အခြေသို့ဆိုက်ရောက်ခဲ့သော် အနာဂါမိရုပ်နိ အိမ်ထောင်မရှိရဟန်းဟု ဆိုဖြတ်ပြီးပြီ။သင်္ကန်းဝတ်သော သမုတိရဟန်းကိုလဲ အနာဂါမိရုပ်နိဟုမှတ်။(၁၂၇)

ο ο ο

(မဟာမင်္ဂလာ ဝိပဿနာဒီပနီကျမ်းမှ တွေ့ရသောအချက်များ။)

မဂ္ဂသမ္ဘာရအဖွဲ့-သာသနမုခအဖွဲ့ ဒီနှစ်ဖွဲ့ဝင်သောယောဂီတို့ အယူလျော့လျှင်-အယူလွန်လျှင်— အယူမှားလျှင်-အသိမှားလျှင် ဆရာဦးမြတ်သိန်းထွန်းခေါင်း၊ သားသမီးမကောင်းလျှင် မိဘတို့

ခေါင်း၊ တကာ-တကာမမ်ကောင်းလျှင် ဆရာရှင်တို့၏ခေါင်း၊ တိုင်းသူပြည်သားတို့မကောင်းလျှင် ရှင်ဘုရင်-အုပ်ချုပ်သူတို့၏ ခေါင်း(၂၂၆)

ဝ ဝ ဝ

(ဒု-ဗုဒ္ဓဘာသာဒီပနီကျမ်းမှ တွေ့ရသောအချက်များ။)

ရတနာသုံးပါးတို့တွင် နံပါတ် (၃)သံဃာဘွဲ့ထူး၊ တနည်း သက်န်းဝတ်နှင့်ရှင်ကြီး—ခင်ကြီး-ဘုန်းကြီး။(၇၃) ဘုရားထူးခံ နှင့်ညီမှဘုရားထူးကြ၊ သံဃာရတနာဂုဏ်ရှိမှကြည်ညိုကြ။(၈၃) ဆရာယုတ်နှင့် တကာစုတ်(၈၆)သာသနာဖျက်တာဘယ်သူလဲသာသနာ့အယောင်ဆောင်သူတွေဖျက်တယ်။ သံဃာစစ်ကိုဘာဖုံးနေကြပါသလဲဒုဿီလသံဃာအခေါ်ခံရဲသူတွေဖုံးနေတယ်။(၈၆) ဗုဒ္ဓရဲ့သား စစ်အယောင်ဆောင်။(၈၇) သင်္ကန်းဝတ် ဒုဿီလကို တရားစစ်ဟောလို့မရဘူး။(၆၀)

ဝ ဝ ဝ

(ဗုဒ္ဓဘာသာဒီပနီကျမ်းမှ တွေ့ရသောအချက်များ။)

မိရိုးဘာသာ မိဘရိုးရာအစဉ်မပျက် ဆီးကပ်အားထားရာပုဂ္ဂိုလ်များကို တကယ်အဟုတ်ဘုရားထူးပြီး လက်အုပ်ချီကာ ဖူးမျှော်ပြီး (စဉ်းစားပါပေါ့ပေါ့မဟုတ်ဘူး) ပေးခြင်း-အောက်ကျခံခြင်း(ပေ)-ပေးကမ်းလှူဒါန်းရခြင်းတို့မှာ ကောင်းကျိုးကို (ဝါ)ကုသိုလ်ကောင်းမှု ခုဘဝမှာလဲဆုံးရှုံး၊ နောင်ဘဝမှာလဲ လူ့ကျောက်တုံးဖြစ်ကြရမယ်။ ဒါ့ကြောင့် အားမထားထိုက် မကိုးကွယ်ဘိုက်၊ဦးမချထိုက်၊မဆီးကပ်ထိုက်သော ပုဂ္ဂိုလ်များ ဖြစ်လို့ အကျိုးယုတ်သည်ဟု သတိပေးလိုက်သည်။(၇၃)

သူတို့ကို အင်္ဂတေဂုဏ်ကြောင့် ရှိခိုးရတာအောက်ကျ၏။ ပေး

လူရတာထင်သလောက်မပေါက်ဘုရားထူးရတာလဲမဟုတ်၊(၇၄) သူများပစ္စည်းကို မသိအောင်ယူတတ်တာ လူပါးဘဲ။ သူများကို လိမ်ညာလှည့်စား မြှောက်တတ်တာ လူနပ်ဆိုတော့ ကိုယ့်ဆီက ပိုက်ဆံရွှေငွေတွေကို ခြောင်ညာယူနေတာ သိဘို့ကြပ်တယ်။ သူများကိုမွဲအောင် ဆင်းရဲအောင် လိမ်ညာတတ်တာ လူလယ်ခေါ် ပါ။မိမိမှာ စားဘို့—ဝတ်ဘို့—မွဲစုတ်ပြတ်နေတာ မှိုင်းဆေးမိနေကြသလား။(၇၅)

စာပုံနှိပ်တိုက်ထောင်၍ လူများကဲ့သို့စီးပွားရှာခြင်း၊ကျောင်းဝယ်၍ တိုက်ဝယ်၍ အိမ်ဝယ်၍ ငှါးရမ်းထားခြင်း၊ဆွမ်းကောင်းဟင်းကောင်း-ကျောင်းကောင်း-ချိုချဉ်ကောင်း- အဝတ်အထည်ကောင်း-အနေအထိုင်ကောင်းစသည်ဖြင့် လူဝတ်အိမ်ထောင်သည်တို့သို့ တဏှာပေမဖြင့် အာရုံ-ကာမဂုဏ်၌ စည်းစိမ်ယူ၍ လူပေါ် လူညွန့်ခူးလျက် တသက်တခါဘာဘဲဖြစ်ဖြစ် ဘုရားသက်တော်ထင်ရှားမှမရှိဘဲ ငါထင်သလိုနေမယ်။ငါ့ငွေနှင့်မကင်းဘဲ့သူတို့ကကိုးကွယ်လျှင်တော်ပြီလို့ နေရဲကြသောသက်န်းဝတ်တွေ သံဃာရတနာမဟုတ်ဘူး။(၇၆) သံဃာမဟုတ်မှန်းသိကြပေမဲ့ ဘုရားထူးမှု ကြည်ညိုမှုမဖျက်နိုင်။ ဘာ့ကြောင့် သင်္ကန်း-သင်္ကန်း-လောကကြီးမှာသင်္ကန်းဂုဏ်ကြီးကျယ်ပုံကို ပါးနပ်ဘို့-ဗုဒ္ဓဘာသာဖြစ်ဘို့ ဆိန့်ရေကူသလို ကောင်းကင်နှင့်မြေကြီး ကွာဝေးသကဲ့သို့။

၁။ ရင်တွင်းပူလဲ-မီးမသတ်

၂။ လိမ္မာဘို့လဲ-မနိုးစပ်

၃။ မွေးသေကိစ္စလဲ-မပြီးပြတ်။(ခဲလေသမျှ သဲရေကျ)

နိဗ္ဗာန်ရဘို့ပေးရကြရဲ့လား။ကိုယ့်ဟာကိုမေးကြ (နိဗ္ဗာန်နပစ္စယောတို့) (၇၄)

ဘုရားထူးခံ-ရတနာအခေါ်ခံ--သံဃာအခေါ်ခံ-—မင်းဆရာ စိုးဆရာ-သူဌေးဆရာ-ရဟန်းဆရာ-ရှင်သာမဏေတို့ရဲ့ ဆရာ- မြို့ဆရာ-ပြည်ဆရာ-တိုင်းဆရာ-နိုင်ငံတော်ဆရာ-ရွာဆရာ- ရပ်ဆရာ-လူဝတ်ကြောင်-ကျောမွဲ နေပူခံတို့ရဲ့ ဆရာ-လုပ်ဆရာ အခေါ်ခံရုံကြသော သင်္ကန်းဝတ်ဒုဿီလဟူသမျှတို့သည် လူပေါ်လူညွှန့်ခူးစားအိပ်စားလျက် အဦးစား အဖျားစား-အဆီစား-အအိမ့်စား အမိန့်စား-အဆိမ့်စား ဟူသမျှတို့သည် လူမိုက်-—ယောကျ်ားမိုက်-—မိန်းမမိုက်တို့၏အပေါ်၌ သင်္ကန်းရောင်ဖြင့် နတ်ဆောင်နတ်ရောင်ပြပြီး နတ်ကိုပြ နပ်သလိုရဘို့ရာ လာဘ်ပူဇော်သက္ကာယတို့ကို ရာတန်-ထောင်တန်-သောင်းသိန်းတန်ရွှေငွေတွေကို အလှူခံလျက် လေလုံမိုးလုံ သူခိုးလုံ တိုက်တာကျောင်းဝင်း ကျောင်းဘုံဆောင် မျိုးစုံအတွင်းမှာ မင်းသုံး မင်းဇာမ် မင်းဂနိုအိမ်ကဲ့သို့ မင်းဟိတ် မင်းဟတ် မင်းသဏ္ဍာန်ကဲ့သို့ လူတပိုင်း ရှင်တဝက် မင်းဆိပ် သူဌေးဆိပ်တက်၍ မေးမို့တ်စက်ရာ မွေ့ရာကော်ဇော အခြောဆုံး အလှဘုရင် ကောင်းဆိုသမျှ တန်ဆာဆင်မြနေကြဟာဟုဘုန်းကြီးကားလူ လူကားဘီလူး။ (၇)

၈။ အလေ့တူ အကျင့်တူ လူမှုနှင့်ရဟန်းရောင် သန်းခေါင်မရှောင် နေ့လယ်မရှောင် ရွာလယ်ကောင်ပရိသတ်စု ထင်ရာဟော ထင်တာပြော ဗာလတို့ကတအံ့တသြ သဘောအကျ တလောကမှာ ဂေါတမစည်းကမ်းကို ဖာလာကန်လန့် ဆန့်ကျင်ဘက်မျိုးစုံ သင်္ကန်းဂုဏ်ပြလျက် အုပ်စိုးနေသမျှမှာ.... တရားကောင်းမပေါ် တရားမှန်မလင်း တရားဉာဏ်မဝင်းနိုင်တာဟာ ဘာလဲ ဒုဿီလရဟန်းယုတ်တို့က သင်္ကန်းရောင်နှင့် တရားရောင်ပြ ဒါနတခုကိုသာအားပေးဝိပဿနာဘေးဖယ် ရွှေငွေအလှူခံဘို့

ကိုသာ မြှောက်ပင့်ပြောပြော အနုတ္တလက္ခဏာကိုတော့ မကြားချင်ယောင် စာထဲမှာ မဘတ်ချင်ယောင်ဆောင် ကိုယ့်ဘာသာကိုယ် စရိုက် လူမိုက်ကိုအမှောင်သွင်း ထောင်တွင်းသားထိုသံ ချေကျဉ်းခပ်သကဲ့သို့ ထောင်ကျသူတန်းရောက် ကျွန်းကျသူကြိုးပေး တိုင်းပြည်မှာရန်မအေးဘဲ ပြန်ပေးဆွဲခံနေကြရတာ ပြန်ပေးဘယ်သူလဲ ဒမြတိုက်ခံရတာ ဒမြဘယ်သူလဲ အနုကြမ်းစီးတယ်ဆိုတာ နုနုနှင့်ကြမ်းတာ ဘယ်သူတွေလဲလို့ ဝိမုတ္တိယုဂခေတ်မှာ တိုင်ပင်ဘို့ စည်းဝေးဘို့ ပယ်ရှားဘို့။

၁။ သာသနာဖျက်တာ ဘယ်သူလဲ။

၂။ သာသနာအယောင်ဆောင်သူ ဖက်တယ်။

၃။ သံဃာစစ်ကို ဘာဖုံးနေကြသလဲ။

၄။ ဒုဿီလသံဃာ အခေါ်ခံရသူတွေ ဖုံးနေတယ်။ (၈၆)

၉။ ရဟန်းတု ရဟန်းပြက် ရဟန်းစုတ် ရဟန်းယုတ်စသည်ဖြင့် ရိုင်းပြစ္စာ။ (၉၀)

၁၀။ ထိုသူယုတ် ဘိက္ခုများသည် ဒါနကိုပေးလှူဘို့မြှောက်ပင့်ပြောပြောလေ့ရှိတယ်၊ တိတ်တိတ်ပုံးအကျင့်ယုတ်ဖြင့် ရဟန်းအသွင်ပြလျက် ဂုဏ်အသားတက်နေကြသည် တဏှာခဲ၊ မာနခဲ ဒိဋ္ဌိခဲ၊ ရင်ထဲမှာထင့်ပြီး၊ငရဲငယ်ကျမှာစိုးသဖြင့်ငရဲကြီးကြီးခံရဘို့ အမြင့်တန်းကနေပြီး တဘဝတခါစံ၊ကမ္ဘာအတန်တန်၊ သာသနာမသိသမျှ ပါရာဇိကနှင့် အများဖူးရန် ဘုရားထူးခံလုပ်နေကြသည်ကို အားကိုးနေသမျှဘုရားထင်နေသမျှ ရဟန္တာမှတ်နေသမျှ အလွဲကြီးလွဲ ငရဲပြီးငရဲ သံသရာဝဋ္ဋဆင်းရဲမှ သံသရာညွှတ်ကွင်းထဲသို့သာ နေ့စဉ်တိုးဝင်နေကြပါကလားလို့ ယောကျ်ားမိုက်

မိန်း မ ယုတ် တို့ ကို အ လိမ္မာ အ မြွတ် ဖြစ် ဘို့ သတိပေးလိုက်သည်။ (၉၀)

၁၁။ သက်န်းဆယ်ထပ်-တ်၊စာတတ်ချင်တိုင်းတတ်၊ကျောင်းတိုက်ဘယ်မျှပင် ကြီးစေကာမူ ခြွေရံပရိသတ်ဘယ်လောက်ပင်ပေါများသော်လဲ နာမည်တန်ခိုး မြေမိုးအောက်ထက် ကျော်ပေါက်အောင်ထင်ရှားသည်ဖြစ်စေ၊ သူခိုးဟာရဟန်းမဟုတ်ဘူးကျမ်းအပေါင်း တတ်ပေမဲ့ ရဟန်း ခေါင်း ပြုတ် မှတ်လေလော့။ (၉၁)

၁၂။ ဆရာစုတ်၊ ဆရာယုတ်၊ သီလပြက်၊ ပရိယတ်ကို ကျကျနနမသင်ခဲ့သော ဆရာအတုတို့ထံ၌အားထုတ်လျှင် သမာဓိရဘို့ဖယ် မိမိရှိတဲ့ ငါးပါးသီလပါ။

စာကလေးအမွေးနုတ်ပြုတ် မယ်ဇလီဆီဆွတ်လွတ်။

ငါးပိကျည်ထောက် ဆားကျည်ထောက်ပျောက်။

ထိုင်နေအကောင်းသား ထသွားမှ အကျိုးမှုန်းသိ။ (၁၀၉)

၁၃။ ပိဋကတ်ကျမ်းစာကို အရှင်းမသင်ဘူးဘဲနှင့် ဆရာတဆူလုပ်ပြီး နိဗ္ဗာန်အကြောင်းပြောလျှင် ဗဟုရယ်-သုတရယ် (ဗလိနတ်စ-ဘူလိနတ်စ ရောပြွမ်း သားပြွမ်း)ဟိုစစ ဒိစစ ကန္တတ်ကင်းလျှောက် ပေါက်ကရ၊ ရောက်တတ်လေးဆယ်၊ တောင်ပြောမြောက်ပြော၊ တပည့်တကာ တကာမတွေကို လိမ်စား၊ညာစားစာဂုဏ်သက်န်းဂုဏ်နှင့်၊ ညာစား၊ မင်းသူဌေးဂုဏ်နှင့် ဝါကြွားကိုးရို့ကားယား မဆီမဆိုင် မဟုတ်တယုတ်ကရော်ကမယ်၊ အိုးနင်းခွက်နင်း ပေါင်တန်ရှေ၊ သူထင်ရာသူမြင်ရာ၊ (အန္ဓပဝေဏီ) သူကန်းတွေကို မျက်စိမမြင်တဲ့ငရဲသား ဆရာတဆူက နိဗ္ဗာန်ကိုစိတ်ကူးပေါက်တိုင်း ရှောက်ခိုး ရှောက်ပြော၊ ရှောက်ဟော၊

မြှောက်ပြောပြီး၊ ရှိခိုးခံ၊ အရက်သောက်ပူဇော်ခံ၊ ညထမင်းစားဒီလိုဗလချာဆရာတွေကို ယခုရှုမိသမျှဒု-ဗုဒ္ဓဒီပနီကျမ်းက အပြည့်ပြည့်အရွာရွာလှမ်းပြီး အသေကောင်းဘို့ နေမင်းကြီးထွက်ပေါ်လာပြီး ကြည့်ချင်ဒါတွေအကုန်မြင်ရမယ်၊ ယောဂီ။ (၁၃၅)

၁၄။ ဆရာကိုယ်တိုင်သိ နိဗ္ဗာန်ကိုလဲ လူပိုန်းနားလည်ယုံကြည်ဘို့ရေးမယ်။

၁၅။ ဆရာတော် ဦးမြတ်သိန်းထွန်းက.... နိရောဓသစ္စာကိုကျမ်းဗာနှင့်အညီ ကိုယ်ပိုင်ရတာကိုလဲ လူပြိန်းသိရေးမယ်၊ ဆရာတော်၏ မြင်သိထားသောကိုယ်တိုင်ရ နိဗ္ဗာန်ကိုလဲ နားလည်ဘို့ ယုံကြည်ဘို့ရာ ရေးမယ်။ (၁၃၇)

တရားခံရေးသော စာအုပ်များမှ ကောက်နုတ်ချက်ပြီး၏။

ο ο ο

(မှတ်ချက်)။ ။၎င်းနောက် တရားလိုတင်ပြသည့် ပြည်ခရိုင် ပေါင်းတည်မြို့မှ ဒါယကာ ဦးစိတ်ကောင်းထံမှ ပေးပို့သောစာ အထက်ဗမာပြည် စလင်းမြို့မှ အညာလူထု အမည်ဖြင့် ဦးထွန်းလူထံသို့ ပေးပို့သော စာများကို ဆက်လက်ဖော်ပြထားရာ စာမျက်နှာကို ၆ ့လျက် ချန်လှပ်ခဲ့ရပါသည်။

(ထုတ်ဝေသူ)

# အရပ်ရပ်တင်ပြသောသတင်းစာများမှ ကောက်နှုတ်ချက်။

## (၃-၄-၆၀-နေ့ဖြင့် ထွန်းနေ့စဉ်သတင်းစာမှ)

ဝိပဿနာဆရာကြီးအလှူခံပုံဆန်း-၁၉-နှစ်ကျောင်းသူပျိုအား မယားအဖြစ်လက်မှတ်ထိုး လှူခိုင်းသည်ဆိုခြင်း။

ဝိပဿနာမဟာဓမ္မကထိက ဆရာကြီးဦးမြတ်သိန်းထွန်းသည် မတ်လ-၂၀-နေ့က လယ်ဝေးမြို့သို့ရောက်လာ၍ ကုန်သည်ကြီး ဦးစိန် ဒေါ်ငယ်တို့၏တိုက်၌ တည်းခိုလျက်-မတ်လ-၂၁-ရက် နေ့မှစ၍ အောင်သိဒ္ဓိဇာတ်ရုံ၌ ဝိပဿနာတရားများ ဟော ပြောလျက်ရှိရာ-မတ်လ-၂၂-နေ့ည တရားပွဲအပြီးတွင် ၎င်းတည်း ခိုသော ဦးစိန်တိုက် မြောက်ဘက်ကပ်လျက်ရှိသော ဒေါ်ရင်၏ တိုက်မှ အသက် ၁၉-နှစ်ရှိသော ဒေါ်ရင်၏သမီးပျို မက်ထရစ်အ ဘန်းသူမအုံးမြင့်ကို ဆရာကြီးဦးမြတ်သိန်းထွန်း၏ တပည့်ဆိုသူ မမလေးက၊ ဆရာကြီးထံတရားတောင်းရအောင်ဟု လာခေါ်သ ဖြင့် မအုံးမြင့်သည် မခင်စန်းကြည်-မလှလှတို့နှင့် မကျင်ဌေးတို့ကို အဖေါ်ခေါ်၍ တိုက်သို့သွားကြသည်ဆိုကြောင်း။

တိုက်ပေါ်တွင် ဦးမြတ်သိန်းထွန်းနှင့် မသင်း-မကြည်တို့က တိုက်အောက်သို့ဆင်းသွားကြသည်ဆိုကြောင်း။ ထိုအခါ ဆရာ ကြီးဦးမြတ်သိန်းထွန်းက နေရာမှထ၍လာ၍ မအုံးမြင့်အနားသို့ လာထိုင်ပြီးလျှင် မအုံးမြင့်၏ခန္ဓာကိုယ်ကို ဘုရားလှူပါ၏ဟု အဆို ခိုင်း၍ ၎င်း၏ဒိုင်ယာရီစာအုပ်ထဲတွင် အောက်ပါအတိုင်း မအုံး မြင့်ကိုယ်တိုင်လက်ရေးနှင့် အရေးခိုင်းသည်ဆိုကြောင်း။

## မကျေနပ်မှု။

ဘဝပြတ်တရားကို ရစေခြင်းငှါ ခန္ဓာကိုယ်ကို စွန့်လှူပါ၏။ ရေးရပြီးလျှင် ဆရာကြီးက မအုံးမြင့်နား နားကပ်၍....

မ-ရေမ

ယပက်လက်ရေးချ ဝစ္စနှစ်လုံးပေါက်ယား

မယားတပည့် မအုံးမြင့်ဟု အောက်ကအရေးခိုင်းကြောင်း။ ထိုအခါ မအုံးမြင့်က ဒီလိုကြီးတော့မရေးချင်ဘူးဟုငြင်းဆိုသဖြင့် အဲဒီလိုမရေးချင်ရင် အင်္ဂလိပ်လိုရေးပေါ့(မအုံးမြင့်ဟု အရေးခိုင်းသည်ကိုလည်း ငြင်းဆိုသဖြင့် ကိုင်း-ဒီလိုမရေးချင်လျှင်လည်း အတွင်းတပည့်မ မအုံးမြင့်ဟုအရေးခိုင်းသဖြင့် ထိုအတိုင်းပင် ရေးခဲ့ရကြောင်း။(လူပိုတွေသွားကြတော့ တရားတောင်းတဲ့မအုံးမြင့်နေခဲ့)ဟု ဆရာကြီးကအမိန့်ပေးရာ အဖေါ်ပါလာသော စတုတ္ထတန်းကျောင်းသူ မလှလှက ကျမတို့က မအုံးမြင့်ကိုစိတ်မချလို့ လိုက်လာတာ မအုံးမြင့် ဘယောက်ထဲ မထားခဲ့နိုင်ဘူး။သာ-မအုံးမြင့်ဟုဆိုပြီး ဆရာကြီး၏အပြုအမူကို မကျေနပ်ကြသဖြင့် အားလုံးပြန်ခဲ့ကြသည်ဆို၏။

## မကြားဘူးပေါင်။

အိမ်သို့ပြန်ရောက်ကြသောအခါ မအုံးမြင့်၏မိခင်ဒေါ်ရင်ကို အကြောင်းစုံ ပြောပြတိုင်တန်းကြသဖြင့် မိခင်ဒေါ်ရင်က ၎င်း၏သမီးအား ဤကဲ့သို့စာရေးခိုင်းသည်ကို မခံမရပ်နိုင်ဖြစ်၍ ဦးမြဘ်သိန်းထွန်းထံသွားပြီးလျှင် ရှင်တို့တရားက ယခုလိုသူများသမီး ျို ကို မလိမ့်တပတ်နှင့် မိဘသဘောမတူဘဲ မယားအဖြစ်အလှူ ိုင်း

ရသတဲ့လား။ ဘာဆရာတုံး၊ သာဗိန္ဒဆရာလား။ ဒီလိုတရားမျိုးကြားဘူးပေါင်တော် စသည်ဖြင့် လူသိရှင်ကြားပြောဆိုလိုက်ပြီးလျှင် အရပ်လူကြီးဦးလှမောင်နှင့်တကွ မအုံးမြင့်၏, အတန်းပိုင်ဆရာဖြစ်သူ မြို့မအထက်တန်းကျောင်းမှ အထက်တန်းပြဆရာ ဦးကျော်သင်းထံသွားရောက်၍ ဆရာကြီးဦးမြတ်သိန်းထွန်းက မအုံးမြင့်အပေါ် ပြုမူပုံတို့ကို တိုင်ကြားလိုက်သည်ဆိုကြောင်း။

## မိဘဆရာ အစည်းအဝေး။

ထိုကိစ္စနှင့်ပတ်သက်၍ ဆရာဦးကျော်သင်း၊ ဆရာဦးထွန်းဝ၊ ဆရာဦးကိုလေးတို့က မခံမရပ်နိုင်ဖြစ်ကြပြီးလျှင် ချက်ခြင်းပင် မိဘဆရာအစည်းအဝေးခေါ်၍ ဆရာကြီးဦးမြတ်သိန်းထွန်းက မအုံးမြင့်အားခန္ဓာကိုယ်လုံး၊အလူခိုင်း၍ရင်း၏ဒိုင်ယာရီစာအုပ်ထဲ၌ လက်မှတ်ရေးထိုးခိုင်းပုံတို့ကို တင်ပြဆွေးနွေးကြောင်း။

## ဆုံးဖြတ်ချက်။

၁။ ထိုမအုံးမြင့် လက်မှတ်ရေးထိုးခဲ့သောစာရွက်ကို ဦးမြတ်သိန်းထွန်းထံမှ ပြန်၍တောင်းယူရန်။

၂။ မအုံးမြင့်က မိမိခန္ဓာကိုယ်အား စွန့်လွှတ်သည်ကို ပြန်လည်ရုပ်သိမ်းလိုက်ပြီဖြစ်ကြောင်းကို ဦးမြတ်သိန်းထွန်းက တရားပွဲ၌ထည့်၍ ကျေညာပေးရန် ဆုံးဖြတ်ကြောင်း။

## စာအုပ်ဘောင်း။

ထိုကဲ့သို့ ဆုံးဖြတ်ကြပြီးလျှင် ဆရာဦးထွန်းဝ ခေါင်းဆောင်သော မိဘဆရာအဖွဲ့မှကော်မီတီလူကြီးများသည်သတင်းထောက်

များကိုဘိတ်ကြား၍ ဦးမြတ်သိန်းထွန်း တည်းခိုနေသော ဦးစိန် တိုက်သို့သွားရောက်ကြရာ ဦးမြတ်သိန်းထွန်းမှာ မိဘများနှင့်အ တွေ့မခံဘဲ၊ မအုံးမြင့်လက်မှတ်ထိုးထားသော ဒိုင်ယာရီစာအုပ်ကို ဦးမြတ် သိန်းထွန်းက ၎င်း၏ဝိပဿနာအဖွဲ့မှလူတယောက်ကိုပေး ၍ မိဘဆရာတို့သဘောကြသလို ဖြတ်ယူပါဟုဆိုသဖြင့် မအုံးမြင့် လက်မှတ်ထိုးထားသောစာရွက်ကိုရှာဖွေ၍ဖြတ်ယူလိုက်ကြောင်း၊

## မယားတပည့်တွေ။

ထိုဒိုင်ယာရီစာအုပ်ကို မိဘဆရာများနှင့်သတင်းထောက်များ ရှေ့တွင် လှန်လှောရှာဖွေကြစဉ် မအုံးမြင့်ကဲ့သို့(ဘဝပြတ်တရား ကိုရစေရန် ခန္ဓာကိုယ်ကိုလှူပါ၏။မယားတပည့်ဖြစ်သူ) စသည် ဖြင့် မြို့ရွာအသီးသီးမှ နာမည်မဖော်လိုသော အမျိုးသမီးမယား တပည့်အမည်တွေကို တွေ့ခဲ့ရတော့ကြောင်း။

## မလိမ့်တပတ်။

မတ်လ(၂)ရက်နေ့တရားပွဲတွင် မိဘဆရာအဖွဲ့မှ ဒုတိယလို လားချက်ဖြစ်သော မအုံးမြင့်က မိမိခန္ဓာကိုယ်အား စွန့်လှူသည် ကိုပြန်လည်ရုပ်သိမ်းလိုက်ပြီဟု ကြော်ငြာရမည့်နေရာတွင် ဦး မြတ်သိန်းထွန်း၏တရားပွဲအကျိုးဆောင် ဦးအုံးဖေက ဆရာကြီး အားဝိပဿနာပရိသတ်အများကပင်ခန္ဓာကိုယ်နှင့်စည်းစိမ်တို့ကို ပါ စွန့်လှူနေကြသည့်အနက် မအုံးမြင့်ပေးလှူသည်ကိုပြန်လည် ရုပ်သိမ်းပါပြီစသည်ဖြင့် မလိမ့်တပတ် ဖြေရှင်းကျေညာသည်ကို မိဘဆရာအဖွဲ့က မကျေနပ်သဖြင့် ထိုကိစ္စနှင့်ပတ်သက်ပြီး ဆရာ ဦးကျော်သင်းက ရှင်းလိုကြောင်းနှင့် ခွင့်တောင်းကြောင်း။

## ထိုနောက် တရားဟောစင်မြင့်ပေါ်သို့တက်၍

တရားနာပရိသတ် သူတော်ကောင်းတို့ခင်ဗျား။ ဆရာကြီးအား ဝိပဿနာပရိသတ်များက ခန္ဓာကိုယ်နှင့်စည်းစိမ်ကို ပေးလှူနေကြသည်မှာ ပါးစပ်နှင့်သာပေးလှူနေကြသည်ဟု သိရှိရပါသည်။ ယခုမအုံးမြင့်လို စာရေး၍အခိုင်အမာ လှူဒါန်းကြသည်ကို အမျိုးသမီးများမှတပါး မတွေ့ရပါ။ ယခုမအုံးမြင့်လှူသည့်ကိစ္စမှာ အရပ်လူကြီးအိမ်သို့ ရောက်သွားသည်အထိ ဖြစ်ရသည်။မအုံးမြင့်မှာ ခန္ဓာကိုယ်နှင့်အသက်ကိုလှူဒါန်းရာတွင် ဘာနစ်မှန်းအောင်လှူဒါန်းရသည်။ ဝိပဿနာဉာဏ်မမြင်လို့ ယခုလို ရုပ်သိမ်းရခြင်းဖြစ်ပါသည်ဟု ရှင်းလင်းပြောပြရာ.... တရားနာပရိသတ်များမှာ ထိုအခါမှ သဘောပေါက်ကြ၍ သာဓု(၃)ကြိမ်ခေါ်ကြ၏။

၀ ၀ ၀

## ၁၅-၇-၅၃-မြန်မာ့အလင်းသတင်းစာမှ (လက်တွေ့တရား-အယ်ဒီတာခင်ဗျား)

၁၂-၇-၅၃-နေ့က ဓမ္မသာဂဏ္ဍာတရားပွဲ တပွဲတွင် နိုင်ငံကျော် ဓမ္မကထိကကြီး တဦး၏ ဖြောင့်ချက်ပေး လေသံကိုကြားရသဖြင့် သာသနာတော်တွင် လူမသမာတယောက် လျှော့ပါးသွားပြီဟု ဝမ်းမြောက်ရပေကြောင်း။

အဆိုပါ ဓမ္မကထိကကို တပည့်ပရိသတ်များက အနာဂါမ်ရဟန္တာလောက် ထင်မြင်ယူဆနေကြသည်။ ၎င်းဆရာကြီး တရားဟောပုံမှာ သူတပါးသားမယား သမီးပျိုများကို ဝိပဿနာ

နာပြုရင်း တွေ့ကရာစမ်း၍ ကြက်သီးတသွားလျှင် အရိယာမဖြစ်သေးဘူး၊ သည်းခံနိုင်မှအရိယာဖြစ်တယ်၊ စသည်ဖြင့်ကျူးကျော်စော်ကားနေသည်မှာ လူသိရှင်ကြားဖြစ်ပေါ်၍ နေပါပြီ သို့သော်လည်း သူ့ကိုယ်သူအနာဂါမ်ကြီး လောက်ကြွားဝါး၍ နေခဲ့ပေသည်။

ယခုအခါ ထိုပုဂ္ဂိုလ်ကြီးသည် လူပရိသာတ်ထဲတွင် သူဟာ ပုထုဇဉ်သာဖြစ်ကြောင်း ဝန်ခံရပေပြီ၊ အင်္ဂလိပ်လက်ထက်က ထိုကိစ္စများကြောင့် တရားမဟောရန် အမိန့်ထုတ်ခဲ့ဘူးသည်ကို အများပင် သိရှိကြပေသည်။

ဤလိုဓမ္မကထိက ရဟန်းဓမ္မကထိကမျိုး ပပျောက်ရန် နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့ မှ ၎င်း၊ ဗုဒ္ဓဘာသာအဖွဲ့အသီးသီးမှ၎င်း အရေးယူရန် အယ်ဒီတာမှတဆင့် တိုင်ကြားရပါကြောင်း။

သာသနာ့လေးစားသူ။

ဝ ဝ ဝ

## တိုးတက်ရေးသတင်းစာ ခေါင်းကြီးပိုင်းမှ

ထိုမျှအရေးကြီးသော လုပ်ငန်းကြီးမှာ ယခုအခါ အတုအယောင်များ မြောက်မြားစွာ ပေါ်ပေါက်နေရကား စာပေအခြေမရှိသူများအတွက် များစွာစိုးရိမ်သဘွယ်ဖြစ်၍ နေရချေပြီ၊ အချို့နေရာများတွင် တရားများကို လိုက်နာရသည်ထက် ညအခါ တရားစမ်းခြင်း၊ တရားစစ်ဆေးခြင်း၊ တရားထပ်ချပ်ပေးမည် ဟုဆိုကာ.... ရင်ငွေ့လှုံစေခြင်း၊ စသည့်ရက်ပုံ့င်လိလိ အခြေအနေအထိ သိုးဝါးလျက် ရှိနေချေပြီ။

ထို့ကြောင့်ဘုရားရှင်၏ သာသနာတော်ကြီးကို ရှိသလေးစား အဓွန့်ရှည်လျားစွာ တည်ရှိလိုသူအပေါင်းတို့သည် သာသနာတော်၏ဘေးရန် ဆူးငြောင့်ခလုတ်တို့ကို သုတ်သင်ဖယ်ရှင်းတော်မူကြရန်ကြိုးစားဘို့အချိန်ရောက်နေပြီဖြစ်ကြောင်းကောင်းမြတ်သော စေတနာဖြင့် နှိုးဆော်သတိပေးစကား ရေးသားလိုက်ရပေသတည်း။

○ ○ ○

## ၂၄-၉-၅၃- ခုနေ့ထုတ် မြန်မာ့အလင်းသတင်းစာမှ

ကျောက်ပုံဆရာတော်လှူထွက် ဦးစံရင်ဆိုသူရေးသားသော (ကမ္ဘာ့ဝိပဿနာနေယျ သင်တန်းကျမ်း) ပဋ္ဌာနဓမ္မတွဲစာအုပ်နှင့် ဦးမြတ်သိန်းထွန်းဆိုသူ ရေးသားသော (သာသနာ့မှုခကျမ်း) စာအုပ်တို့တွင် အမှားများပါရှိခြင်းကြောင့် မြို့ရွာနယ်ပယ်များတွင် အဓိကရုဏ်းမဖြစ်ပွားစေရန်နှင့် မြတ်စွာဘုရား သာသနာတော်ကြီး အဓွန့်ရှည်စွာတည်မြဲစေရန် အစိုးရအား ၎င်းစာ(၂)အုပ်ကို အမြန်ဆုံး စစ်ဆေးသိမ်းဆည်းဘို့ ဝိပဿနာယောဂီများ အဖွဲ့ကတိုက်တွန်းထားသည်။

○ ○ ○

(၎င်းနောက် စောဒက(တရားလို) ဦးထွန်းလူက သက်သေအဖြစ်တင်ပြသည့် ရှေ့ဆောင်တိုက်း သတင်းစာ (၂၁-၈-၆၂)ရက်နေ့ထုတ် ဟံသာဝတီသတင်းစာ။(၁၈-၉-၆၂) ရက်နေ့ထုတ် သမာဓိသတင်းစာ။(၁၁-၁၀-၆၂)ရက်နေ့ထုတ် ရန်ကုန်သတင်းစာ။(၁၀-၁၀-၆၂)ရက်နေ့ထုတ်မြန်မာ့အလင်းသတင်းစာ။(၁၀-

၁၀-၆၂)ရက်နေ့ထုတ် ကြေးမုံသတင်းစာ၊ (၉-၁၀-၆၂) ရက်နေ့ထုတ် သမာဓိသတင်းစာများတွင် အမှုစစ်ဆေးစဉ်ကဖော်ပြသောသတင်းအရပ်ရပ်ကို အထောက်အထားပြု ချက်များကို ဆက်လက်ဖော်ပြပြီးနောက်(၂၃-၁၀-၆၃)ရက်နေ့ထုတ် ဟံသာဝတီသတင်းစာတွင် ဖော်ပြခဲ့သော(ဝိုင်းအပယ်ခံဦးမြတ်သိန်းထွန်းအဖွဲ့၊ မီးထွန်းပွဲ၌ ရွာလုံးကျွတ်ကြဉ်ခံရပုံ)ကို အောက်ပါအတိုင်း ဘတ်ကြားသွားပါသည်။ ။ထုတ်ဝေသူ)

ဦးမြတ်သိန်းထွန်းဘုရား၏ ဘုရားဘက်တော်များမှာ ခဲ-ပုလင်းဒိန်းမတို့ဖြစ်ကြပါသည်ဟူ၍ရင်း၊ ဦးမြတ်သိန်းထွန်းဘုရားသည် လူနှင့်တိုင်းထားသောအသိအားဖြင့် အိမ်မှာလည်းနေပါသည်။ သားမယားလည်း ရှိပါသည်ဟူ၍ရင်း ဦးမြတ်သိန်းထွန်းနှင့် ဦးထွန်းလူတို့၏ အနုဝါဒါဓိကရုဏ်းမှုတွင် ဝိနိစ္ဆယရုံး၌သက်သေခံခဲ့သည်။ သာယာဝတီမြို့နယ် သဲဖြူရွာတွင် ဦးမြတ်သိန်းထွန်းအဖွဲ့ဝင်များ အားလုံးကျွတ်ဝိုင်းကြဉ်ခံကြရသည်။

## ဝိုင်းကြဉ်ကြပုံ။

အထက်ပါထွက်ဆိုချက်ကို အားပါးတရ ပြောဆိုခဲ့သူမှာ ၎င်းသဲဖြူရွာမှ အသက် ၅၀-နှစ်ခန့်ရှိ ဦးထွန်းရှင်ဆိုသူဖြစ်ရာ ၎င်းတို့၏အယူသည်းမှုကြောင့် မကြာခင်ကကျင်းပခဲ့သောရွာလုံးကျွတ်မီးထွန်းပွဲတွင် အိမ်ခြေပေါင်း (၃၁၁)ခန့်က နှစ်စဉ်ကျင်းပမြဲအတွက် တတ်အားသမျှ ငွေစုဆောင်းခဲ့သော်လည်း ဦးမြတ်သိန်းထွန်းကိုဘုရားအဖြစ်ကိုးကွယ်ခဲ့သော အိမ်ထောင်စု(၁၃)ဦးထံမှ ငွေကြေး(ဒိ)တပြားမှလည်း မစုဆောင်းဘဲ ဝိုင်းကြဉ်လိုက်သည်ဟုထည့်ရ၏ဟူ၍ရင်း။

## ၂၁-၁၀-၆၂ နေ့ထုတ် ပြည်ထောင်စုသတင်းစာမှ။

အမျိုးသမီးကိုမဖျက်ဆီးနှင့် ဓါတ်စမ်းတာ ဟိုကိုင်-ဒီကိုင်။
ဓမ္မကထိက ဦးမြတ်သိန်းထွန်း၏တပည့် ဆရာကြီးဦးဘရွှေအား ကန်တော့ပူဇော်ခံတရားပွဲကို ယခန်နေ့နံနက် (၈)နာရီအချိန်တွင် သုံးဆယ်မြို့ လမ်းမတော်လမ်း၊ သမာဒေဝစာပုံနှိပ်တိုက်ပိုင်ရှင်ဦးချစ်တီး၏နေအိမ်မဏ္ဍပ်အတွင်း၌ကျင်းပရာ သာယာဝတီမြို့နယ်အတွင်းရှိ(ဝိဇ္ဇာစရဏ မဂ္ဂသမ္ဘာရ)အဖွဲ့ဝင်(၃၀၀)ခန့်တက်ရောက်ပူဇော်ကန်တော့၍ တရားနာယူကြကြောင်း။

တက်ရောက်လာသော အဖွဲ့ဝင်များအား နံနက်စာကျွေးမွေးပြီးနောက် ကန်တော့ပူဇော်ရန် တက်ရောက်လာကြသော အဖွဲ့ဝင်ယောဂီအမျိုးသမီးများက ပရိတ်တရားများကိုရွတ်ဘတ်ကြလျက်ဆက်လက်၍ ကြို့ပင်စခန်းယောဂီတို့က ဆရာဦးဘရွှေမှာ ကန်တော့ပူဇော်ခံထိုက်သော ပုဂ္ဂိုလ်ထူးဖြစ်ကြောင်းဖြင့် ချီးကျူးသွားကြကြောင်း။

ထိုသို့သုံးဆယ်မြို့တွင် ဓမ္မကထိက ဦးမြတ်သိန်းထွန်းတပည့်ဆရာဦးဘရွှေအား ကန်တော့ပူဇော်ခံတရားပွဲကြီး ကျင်းပသည်ကို မကျေနပ်ကြသော မြို့ပေါ်မှလူများက....။

ဓါတ်ဝိဇ္ဇာတွေ အမျိုးသမီးတွေကို မဖျက်ဆီးနဲ့။
အရိုးကြီးဘရွှေ အလိုမရှိ။
အမျိုးသမီးတွေ ဓါတ်လိုက်ကုန်မယ်။
ဓါတ်စမ်းတာ ဟိုကိုင်—ဒီကိုင်။

ဦးမြတ်သိန်းထွန်းကို ပန်းဦးလွှတ်တာ မရှက်ကြဘူးလားဟူသော ပိုစတာ (၁၃)မျိုးခန့်ဖြင့် ရန်ကုန်ပြည်လမ်း- လမ်းမ

တော်လမ်းရှိ ကုက္ကိုပင်များတွင် ပလူပျံအောင် ပိုစတာတိုက်ပွဲ ဆင်ထားသည်ကို တွေ့ရကြောင်း။

ဝ ဝ ဝ

အထက်သတင်းစာပါအကြောင်းအရာများကို ထောက်ဆသော်ဖြင့် မတားမြစ်ဘဲ ယခုအတိုင်းလွှတ်ထားလျှင် တစတစအားတင့်ရဲကြပြီး မလိုလားအပ်သော အဓိကရုဏ်းမှုကြီးများပင် ဖြစ်နိုင်သည်ဟုယူဆအပ်ပေသည်။

ဝ ဝ ဝ

## ၁၉-၁၀-၆၂ နေ့ထုတ် ပြည်ထောင်စု သတင်းစာမှ ကြားသား မိုးကြိုး။

ဤမိန်းမကို မေမွေးစေတီထိုက်ပြန်သတဲ့။ ။အသက် ၂၀-မှ ၇၀-ကျော်အရွယ်အထိ ကျား-မ က ရှိခိုးသည်ဆိုခြင်း။

လက်ပံတန်းမြို့အပိုင် ကြို့ပင်စခန်းရွာတွင် မမွေးစေတီထိုက်သည့်အမျိုးသမီးတဦးအား အသက်(၂၀)မှ(၇၀)ကျော်အရွယ်ထိရှိ လူကြီး-လူငယ်များက အောက်တိုဘာလ ၁၃-ရက်နေ့ သီတင်းကျွတ်လပြည့်နေ့ညမှ အောက်တိုဘာလ ၁၄-ရက်နေ့ညနေ (၄) နာရီအထိဘုရားအဖြစ် နေကဇာတင်နေကြသည်ဟူသော သတင်းတခုမှာ လက်ပံတန်းတမြို့နယ်လုံးတွင် တမဟုတ်ခြင်း ကူးစက်ပြန့်နှံ့သွားကြောင်းဟူ၍ရင်း။

၎င်းအမျိုးသမီးမှာ လက်ပံတန်းအပိုင် ကြို့ပင်စခန်းရွာမှ ဦးဘိုးလှ၏ဇနီး ဒေါ်စိန်မြ အသက်(၄၄)နှစ်ဆိုသူ ဖြစ်သည်ဆိုကြောင်း။

အဆိုပါအမျိုးသမီးမှာ နိုင်ငံကျော်ဝိပဿနာ နည်းပြဆရာ ဦးမြတ်သိန်းထွန်း၏(ဝိဇ္ဇာစရဏ မဂ္ဂသမ္မာရ)ဂိုဏ်းဝင်တပည့်တဦးဖြစ်သည်ဆိုကြောင်း။ သို့ဖြစ်၍ လက်ပံတန်းမြို့နယ်ရှိ ဦးမြတ်သိန်းထွန်း၏ဂိုဏ်းဝင်များက ဝါကျွတ်ရက်တွင် ပူဇော်ကြခြင်းဖြစ်သည်ဆိုကြောင်းဟူ၍ရှင်း။

ပူဇော်ပွဲအခမ်းအနားတွင် ဒေါ်စိန်မြက အမြင့်မှနေ၍ ဦးမြတ်သိန်းထွန်းတရားများကို ဟောရ-ပြောရသည်ဆိုကြောင်းဟူ၍ရှင်း။

ဝ ဝ ဝ

## ၂၀-၁၀-၆၂ နေ့ထုတ် အမျိုးသား သတင်းစာမှ။

မေမွေစေတီထိုက်သည့် မစိန်မြ။ ။(ဝိဇ္ဇာစရဏ မဂ္ဂသမ္မာရ) ဂိုဏ်းက ပူဇော်ကြခြင်းဟူသော ခေါင်းစဉ်ဖြင့်ဖေါ်ပြပြီးလျှင်—

၎င်းတို့အဖွဲ့ဝင် ပရိသတ်များအား ဇက်သားဟင်းများဖြင့် နံနက်စာထမင်း တည်ခင်းကျွေးမွေး၍ သုံးဆယ်မြို့စိန်ပန်းခိုင်အသံချဲ့စက်ဖြင့် ဧည့်ခံသည်။

အခမ်းအနားကျင်းပရာတွင် ကြို့ပင်စခန်းမှအဖွဲ့ဝင်ကိုစံသိန်းဆိုသူက မြတ်စွာဘုရား၏ကိုယ်စား ဝိပဿနာတရားများ ဟောကြားနိုင်သည်။ဒေါ်စိန်မြ၏ဂုဏ်ပုဒ်ကိုချီးကျူးစကားပြောကြား၍ တရားချီးရန် တရားတောင်းသည်။ ဒေါ်စိန်မြကဟောကြားရာတွင် ၎င်းတို့၏ဝိပဿနာဆရာကြီးဦးမြတ်သိန်းထွန်းဟောကြားခဲ့သောတရားများကိုပြန်လည်ဟောကြားခြင်းဖြစ်သည်ဟူ၍ရှင်း၊

ဝ ဝ ဝ

## ၂၂-၄-၆၀ နေ့ထုတ် အိုးဝေသတင်းစာမှ။

မအုံးမြင့်နှင့်လယ်ဝေး၌ ဖြစ်ပျက်ခဲ့သောကိစ္စအတွက် ဦးမြတ်သိန်းထွန်းပြန်လည်ခဖြေရှင်းရာဝယ်။

၁။ ဘုရားနှင့် ဆရာတော်ကြီး ဦးမြတ်သိန်းထွန်းအား အသက်ခန္ဓာနှင့်စည်းစိမ်ဟူသမျှကို လှူဒါန်းပါ၏ဟူ၍ရှင်း။

၂။ အချို့ကလည်း ဆရာနေသော ဦးစိန်၏တိုက်သို့လာ၍ လှူကြ၏ဟူ၍ရှင်း။

၃။ ဘုရားနှင့်ဆရာမြတ်အား ဤခန္ဓာကိုယ်ကို လှူပါ၏ဆို၍ ဘုရားနာယူပါက အတ္တပြည့်နိုင်ကြောင်းဟူ၍ရှင်း။

၄။ အသက်ခန္ဓာလှူသောမအုံးမြင့်သည် နောက်ပါ ၃-ယောက်အဖေါ်နှင့် ဆရာကမခေါ်ဘဲဆရာ့ထံသို့လာ၍လှူသည်ဟူ၍ရှင်း။

၅။ မအုံးမြင့်မိခင်က မကျေနပ်၍ ကျောင်းဆရာ မောင်ကျော်သင်းက ၇-ရက်မြောက် နောက်ဆုံးတရားပွဲ၌လှူထားသော စာရင်းကို ဖယ်နှုတ်ပြီးပါပြီဟု ထ,၍ပြောပြရှင်းလင်းသွားပြီး ဖြစ်သည်ဟူ၍ရှင်း။

ပါရှိသည့်သတင်းများကိုထောက်က ဦးမြတ်သိန်းထွန်းသည် လူကိုရှင်း။ပစ္စည်းကိုရှင်း အပိုင်အလှူခံကြောင်းသိရပေသည်။

## သို့ရာတွင်

၂၇-၅-၆၁ နေ့စွဲဖြင့် လယ်ဝေးမှပေးပို့လိုက်သော သက်သေခံ
(တင်ကြသည့်စာ၌)

၁။ ဦးမြတ်သိန်းထွန်း၏မှတ်စု(ဒိုင်ယာရီ)စာအုပ်ငယ်ကိုတွေ့ရပုံ။

၂။ အကျယ်မပွားလိုဘဲ ပြီးတန်တာပြီးပါစေဟု တောင်းပန်သောကြောင့် (ဒိုင်ယာရီ)စာအုပ်ကို မသိမ်းခဲ့ပုံ။

၃။ ၎င်းစာအုပ်ထဲမှ.... မအုံးမြင့်၏လက်မှတ်ထိုးပါသော စာရွက်ကိုသာ စုတ်ယူခဲ့ပုံ။

၄။ မအုံးမြင့်၏လက်မှတ်ထိုးပါစာရွက်ကို သွားတောင်းရာ ရှာဖွေမတွေ့တော့သဖြင့် မရခဲ့ပုံ။

၅။ အထက်ပါကိစ္စများနှင့်ပတ်သက်၍ ဦးမြတ်သိန်းထွန်းက ဟံသာဝတီသတင်းစာကို အမျိုးမျိုးခြိမ်းခြောက်သောကြောင့် သတင်းစာတိုက်၏ဆန္ဒအရ မိမိကိုယ်တိုင် တိုက်သို့သွားရောက်ဖြေရှင်းပြကြရပုံတို့ကို တွေ့ရှိရပေသည်။ ၎င်းစာ၌ ဦးမြတ်သိန်းထွန်းနှင့်ဖြစ်ရမှာ ဝန်မလေးသော်လည်း မြို့လူထုအချင်းချင်း အဆင်မပြေမှုဖြစ်မှာစိုးသည့်အတွက် သိုဝှက်ထားစေလိုကြောင်း တောင်းပန်ထားသဖြင့်၎င်း။

ကာယကံရှင် အမျိုးသမီးများ၏ဂုဏ်သိက္ခာကို မထိခိုက်စေလိုသဖြင့်၎င်း၊ လယ်ဝေး၌ဦးမြတ်သိန်းထွန်းဖြစ်ပျက်ခဲ့သော ကိစ္စနှင့်ဆက်စပ် သက်သေခံတင်ပြသည့် စာရွက်စာတမ်းများကို အကျယ်မဝေဘန်တော့ဘဲ ဤမျှနှင့်ပင်အဆုံးသတ်ရပေတော့မည်။

ဝ ဝ ဝ

ဤအဓိကရုဏ်းမှုနှင့်ပတ်သက်၍ဤရုံးတော်သို့ တင်ပြကြသော စာအုပ် စာရွက် စာတမ်း သက်သေထွက်ချက် စသည့်စာရွက်ကြီးငယ်တို့၏ မျက်နှာမှာ(၂၀၀၁)ကျော်ရှိပေသည်။ အလွန်လည်းရှုပ်ထွေးသော အမှုဖြစ်သည်။ စောဒကဦးထွန်းလူ တင်ပြသော သက်သေစာရင်းမှာ (၂၄)ယောက်ဖြစ်၍ စုဒိတက ဦး

မြတ်သိန်းထွန်းတင်ပြသော သက်သေစာရင်းမှာ (၈၁)ယောက် ဖြစ်သည်။ ။၎င်းတို့အနက်။

စောဒကသက်သေ(၂၄)ယောက်။

စုဒိတကသက်သေ(၁၅)ယောက်။

တို့ကို စစ်ဆေးရာ စောဒကသက်သေထွက်ချက်များသည် တဦးနှင့်တဦး ထွက်ဆိုချက်ခြင်း တူနေသည်သာများ၍ အနည်းငယ်မျှသာ ကွဲလွဲချက်ရှိသည်ကို တွေ့ရပေသည်။ ထို့ကြောင့် မထူးခြားသော သက်သေထွက်ချက်များကို၎င်း၊ စောဒကသက်သေမသိန်းရွှေ ကိုမောင်သက် ဆရာကျော်တို့၏ ထွက်ဆိုချက်များသည် လုံးဝမထူးခြားသဖြင့် ၎င်းသက်သေ(၃)ဦးတို့၏ ထွက်ဆိုချက်များကို၊ ဤ၌မဖေါ်ပြတော့ပါ။

လုပ်ရိုးလုပ်စဉ်အားဖြင့်သက်သေထွက်ဆိုချက်များ၏သဘောကိုယူ၍ ဆုံးဖြတ်ရမည်ဖြစ်သော်လည်း ဤအမှုတွဲပါ သက်သေထွက်ချက်များသည် အလွန်ရှုပ်ထွေးနေသောကြောင့်၎င်း၊အားလုံးလူတို့သိသင့် သိထိုက်ကြားသင့် ကြားထိုက်သော စကားလုံးအဆန်းများ ပါရှိနေသောကြောင့်၎င်း၊ သမိုးရှင်တို့နောင် အခါ သတိထားစေလိုသောကြောင့်၎င်း၊ ထွက်ဆိုချက်အများအပြားအနက် အနည်းငယ်ကောက်နှုတ်ချက်ကို ဖေါ်ပြလိုက်ရခြင်းဖြစ်ပေသည်။

စုဒိတက ဦးမြတ်သိန်းထွန်း၏ သက်သေ(၈၁)ယောက် အနက် (၁၅)ယောက်မျှနှင့်ပင် အပြီးသတ်စစ်ဆေးပါရန်(၁၂-၈-၆၂)နေ့စွဲဖြင့် ဝိနိစ္ဆယဌာနရုံးတော်သို့ ဦးမြတ်သိန်းထွန်းက စာတင်သွင်းခဲ့ပေသည်။၎င်း(၁၅)ယောက်ကို စစ်ဆေးစဉ်ကလည်း တရားလိုစွဲဆိုသည်ထက်ပင် အဆပေါင်းများစွာ ဦးမြတ်သိန်း

ထွန်း၏ ကျူးလွန်မှုများကို ဖေါ်ပြသကဲ့သို့ အစစ်ခံနေကြပေသည်။

ဤအမှု၏ထူးခြားချက်တရပ်မှာ စုဒိတကသက်သေများ၏ စည်းလွတ် မျဉ်းလွတ် တရားလွန်ထွက်ဆိုကြခြင်းပင် ဖြစ်ပေသည်။ ဝိနည်းဓိုရ်ဆရာတော်များကဖြစ်စေ၊ စေ့ဒကကဖြစ်စေ၊ မေးခွန်းထုတ်လျှင် မေးသမျှကိုသာ ဖြေကြားရမည့်အစား ရုံးတော်ကို မထိလေးစားပြုသကဲ့သို့ ထင်ရာမြင်ရာတွေကို အဆုံးအဆမရှိ မည်သူကိုမျှ မာဏမယားဘဲ ပြောချင်ရာများကိုသာ (ငါ့စကားနွားရ) ပြောနေကြပေသည်။

(ဥပမာ) ဦးမြတ်သိန်းထွန်းဤကဲ့သို့ ဟောသည်ဆိုသည်ကို ကြားပါသလားဟုမေးလျှင် ကြားပါသည်၊ မကြားပါ၊ ဤမျှလောက်သာမဖြေဆိုဘဲ ပရိသာတ်အလယ်ခေါင်တွင် မတ်တတ်ရပ်လျက် ရုံးတော်ဘက်သို့လှည့်လိုက်ပရိသာတ်ဘက်သို့လှည့်လိုက် ရုပ်ဘရားကဘယ်လို နာမ်တရားကဘယ်လို ခန္ဓာ အာယတန ဓါတ်သဘောကဘယ်လို သစ္စာလေးပါးအနက် ဒုက္ခသစ္စာဖြစ်ပုံ သမုဒယနိရောဓ မဂ္ဂသစ္စာတို့၏ဖြစ်ပုံ စသည်တို့ကို ရောက်တတ်ရာရာ ဦးတယ်မိသမျှတို့ကို မဆုံးအောင်ဆက်၍သာ ပြောနေလေတော့သည်။

မေးသမျှကိုသာဖြေရန် အတန်တန်.... တားမြစ်ပြောဆိုသော်လည်း အားလုံးပရိသာတ်များ နားလည်စေလို၍ ပြောခြင်းဖြစ်သည်ဟု မည်သူကိုမျှ ဂရုမစိုက်ဘဲထင်ရာကိုစိုင်းနေကြလေသည်။

ရှင်းပြင်ဦးမြတ်သိန်းထွန်းသည်ဘုရားကိုဤလို ဤလိုပုတ်ခတ်ဟောပြောသည်ဆိုသည်ကို သိပါသလားဟု မေးလျှင်။

ဦးမြတ်သိန်းထွန်းသည် သာမည ပုဂ္ဂိုလ်မဟုတ် ဘုရားစင်စစ်

ဖြစ်နေကြောင်း၊ ရှေးင်ခြည်တော် (၆)ပါးရှိကြောင်း၊ အဆုံးမရှိသောဉာဏ်တော်ရှိကြောင်း၊ တမိုးအောက် တယောက်သာဖြစ်ကြောင်း၊ ပုထုဇဉ်အနေနှင့် ယောကျ်ား မိန်းမရှိသော်လည်း ဦးမြတ်သိန်းထွန်းအနေနှင့် ဘာမျှမရှိတော့ကြောင်း စသည်ဖြင့်လိုရင်းမရောက်ဘဲ စိတ်ထင်ရာပြောနေသဖြင့် ထွက်ဆိုချက်ရေးမှတ်ရသော စာရေးများငင် အခက်အခဲဖြစ်နေလေသည်။ စကားတလုံးကို ထပ်တလဲလဲ ပရိယာယ်အမျိုးမျိုးတို့ဖြင့် မဆုံးအောင်ပြောနေသဖြင့် မည်သည့်စကားလုံးကိုရေးမှတ်ရမှန်း မသိအောင်ဖြစ်ရပေသည်။ ဤအကြားကပင် ရန်ဖန်ရန်ခါ ပါဠိတွေရွတ်လက်ာလိုလိုတွေကို ရွတ်ဆိုနေသဖြင့် သက်သေတယောက်သည် တနေ့နှင့်ပင်မပြီးဘဲ အချိန်ကုန်၍သာ ရပ်ဆိုင်းလိုက်ရပေသည်။

ဤလိုမပြောရန်တရားသူကြီး ကိုယ်တိုင်တားမြစ်၍ ရုံးတော်ကို မရိုမသေမလေးမစားပြုလျှင် ဘမ်းချုပ်နိုင်သည်အထိ အရေးယူနိုင်ကြောင်း အမျိုးမျိုးဟန့်တားသော်လည်း မေတ္တာ ကရုဏာရှေ့ထားပြီးစစ်ဆေး၍ ၎င်းတို့အလိုလိုက်ခါ ကြေနပ်နှစ်သက်လောက်အောင် အခွင့်အရေးကို တရားလွန်ပေးထားသော ရုံးဖြစ်သည့်အတိုင်း စည်းလွတ် မျဉ်းလွတ် ပြောဆိုအစစ်ခံ၍သာနေကြလေတော့သည်။

ဦးမြတ်သိန်းထွန်းက သက်သေ(၇၁)ယောက် တင်ပြထားရာ စစ်ဆေးပြီး (၁၅)ယောက်နှင့်ပင် ဤမျှကြာညောင်းလျှင်(၇၁)ယောက်လုံးကို ဤနည်းအတိုင်း စစ်ဆေးပါက စစ်ဆေးရုံသက်သက်မျှဖြင့်ပင် နောက်(၂)နှစ်-(၃)နှစ်အချိန်သည် လုံးလောက်လိမ့်မည်မဟုတ်ပေ။

[ တယောက်ထွက်ဆိုလျှင်လည်း ဤလေပေါက်အတိုင်းသာ ထွက်ဆိုနေကြပြီး အနည်းငယ်စကားလုံး ပြောင်းသည်မှတပါး အဓိပ္ပါယ်သွားကားဦးမြတ်သိန်းထွန်းဘုရားဖြစ်ကြောင်း သဗ္ဗညု တဉာဏ်တော်ကိုရကြောင်းအရိမေတ္တေယျဘုရားပင်ဖြစ်ကြောင်း စသည်တို့ဖြင့် ၎င်းတို့ထွက်ချက်တွင် ပါရှိသည့်အတိုင်း မဆီမ ဆိုင်များကိုသာ ထွက်ဆိုနေကြရုံသာမက ပရိသတ်ထဲတွင် ပါ ရှိသော ၎င်းတို့ဘက်သားများက ဖင်တကြွကြွ ဒူးတထောက် ထောက် ပါးစပ်တပြင်ပြင်ဖြင့် သူ့ထက်ငါကောင်း ထခပြောနေ ကြသည်များကို အမြဲလိုလိုတားမြစ်နေရပေသည်။ ]

[ ဦးမြတ်သိန်းထွန်းအဖွဲ့ဝင်တွင် လူ(၅၀၀၁၀)ကျော်ရှိကြောင်း တယောက်(၁)ထည့်စေကာမူ ငွေ(၅၀၀၀ဝ)ကျော် ရမည်ဖြစ် ကြောင်းး မည်သည့်ရုံးက မည်သို့ပင်စီရင်ချက်ချစေကာမူ မိမိတို့ အဖွဲ့ကခေါင်းငုံ့ခံနေမည်မဟုတ်ကြောင်း၊ စသည်တို့ဖြင့် ကြွက် ကြွက်ဆူအောင် ရုံးဘော်ကိုပမာမထားဘဲ ခြိမ်းခြောက်ပြော ကြားကြသော်လည်း ဝိနည်းဓိုရ်ဆရာတော်များက သဘောထား ကြီးစွာဖြင့်တရားဥပဒေအရ အရေးမယူဘဲအခွင့်အရေးပေးထား ပေသည်။ )

( ဤကိစ္စအားလုံးကို ထိန်းသိမ်းရန် ရောက်ရှိနေကြသော တ ရားသူကြီးများ ရဲဘက်အရာရှိများ အစောင့်ရဲများနှင့် လာ ရောက်နားထောင်ကြသော အလွန်များပြားသည့် ပရိသတ် ကြီးများလည်း ၎င်းအဖြစ်အပျက်များကို ကြားသိတွေ့မြင်ရပေ သည်။ ၎င်းတို့အနက် အချို့မခံချင်သူများလည်းပါရှိရာ သံဃာ တော်များ တာဝန်ယူ ဆောင်ရွက်နေသော ကိစ္စဖြစ်၍ ဝိနည်း ဓိုရ်ဆရာတော်များလည်း ဘုရားသားတော်ပြီပြီ သဘောထား

ကြီးစွာဖြင့် အရာရာသည်းခံလျက် မှန်ရာသို့ရောက်စိမ့်သောငှါ (စစ်ဆေးနေသောကိစ္စတွင် မည်သူမျှဝင်ရောက်စွက်ဖက်ရန်မလိုကြောင်း။ မိမိတို့မကြားလိုလျှင် ပြန်သွားရုံသာရှိကြောင်း) စသည်တို့ကိုလည်း အဓိကရုဏ်းမဖြစ်ရန် အတန်တန်သတိပေးပြောဆိုနေရပေကြောင်း။ ]

[စွဲချက်တင်ထားသော အချက်အလက်များကို ဦးမြတ်သိန်းထွန်းတင်ပြသော သက်သေများအားဓမ္မမြန်းရာ ထွက်ဆိုချက်များသည် သက်သေထွက်ဆိုချက်မျိုး မဟုတ်တော့ဘဲ ရှေ့နေလျှောက်လဲချက်မျိုးကဲ့သို့၎င်း၊ တရားခံ၏ပြန်လည်ချေပချက်မျိုးကဲ့သို့၎င်း ဖြစ်နေသည်ကို နေရာတိုင်းပင်တွေ့မြင်ရပေသည်။၎င်းတို့ထွက်ဆိုချက်ကိုကြည့်က သိကြမည်ဖြစ်ပေသည်။]

[ဤမျှသာမကသေး ဦးမြတ်သိန်းထွန်းအဖွဲ့ဝင် အချို့တို့သည် ဝိနိစ္ဆယဌာနရုံးတော် ဝိနည်းဓိုရ်ဆရာတော်များနှင့် နယ်မှကြွရောက်နားထောင်ကြသော ဆရာတော်ဘုရားကြီးများကို လုံးဝရှိခိုးဦးချမှုမပြုကြဘဲသံဃာတော်များနှင့် ဂုဏ်တု-ရည်တူသဘောထားမျိုးဖြင့် ထိုင်နေကြပြီးနောက် ဦးမြတ်သိန်းထွန်းရုံးတော်သို့ တက်ရောက်လာသောအခါတွင်မှ ပြားပြားဝပ်မှု-ဒူးတုပ်ရှိကိုး-လက်စုံမိုး၍ ရှိခိုးဦးတိုက်ကြလေသည်။]

[၎င်းပြင် ဝိနည်းဓိုရ်ဆရာတော်များတွေ့မြင်ကြားသိရသည်မှာ ပရိသတ်ထဲ၌ အချင်းချင်းတွေ့ဆုံကြသောအခါ အချို့လူများက ခင်ဗျားတို့ဦးမြတ်သိန်းထွန်းအဖွဲ့တွင် မည်သူဟာ မိမိကိုယ်ကိုမိမိ အနာဂါမ်ဟုဝန်ခံထားပါလျက် ငါးဆည်ချ တံငါလုပ်နေပါတကား။ မည်သူကဘော့ ရဟန္တာဟု ဝန်ခံထားပါလျက် အရက်ချက်ရောင်းနေပါတကား။ ဤသည်များသည် သင့်လျော်

ပါမည်လားဟု မေးကြရာ ငါးဟူ၍ရင်း၊အရက်ဟူ၍ရင်း ထင်နေသောဘူများအား ဖြေကြားရတာခက်တယ်။ ခုထက်ထိ ငါးဟုထင်နေခြင်း၊အရက်ဟုထင်နေခြင်းသည် အန္ဓဖြစ်၍ မှားယွင်းနေကြောင်း၊ ငါးဘဲ–အရက်ဘဲဟု အစွဲမပြုတ်သေးတဲ့ သူများဟာ ပုထုဇဉ်အန္ဓစာရင်းမှ မလွတ်ကင်းသေးသော သူများသာဟု ပြန်လည်ပြောဆိုကြသည့်အပြင် အရိယာဟု အမည်ခံနေသော ခြသေ့ကုန်းရွာအသက်၇၀-ရှိ ဦးဘိုးဘင်း ဝါဆိုလွှတ် ၈-ရက်နေ့က ကိုယ်တိုင်ဝက်ပေါတာကော ဘယ်လိုလဲဟုမေးမြန်းရာ ဝက်ကယ်လို့ အစွဲရှိနေသူများကို ဝက်ဟု အစွဲမရှိတော့ဘဲ အမြင်မှန်သမားများက ပြောဆိုဘို့ရာ မလွယ်ကူကြောင်းများကို ပြောဆိုနေသံကြားရသဖြင့် များစွာထိတ်လန့်ရှိကြပသည်။

ဦးထွန်းလူ၏စွဲချက် ၈-ချက်ကို ဦးမြတ်သိန်းထွန်းက ပြန်လည်ချေပရာ၌ အချို့ကိုငြင်းဆို၍ အချို့ကို ဝေ့လည်ကြောင်ပတ်လုပ်ထားသည်ကို တွေ့ရပေသည်။

(ဥပမာ) ၁။ သက်န်းကိုမရှိမသေမကြောက်လို့၊ မလေးမစားပြောသူ လုပ်သူမှန်ပါက ယခုဘဝမှာပင် ဆင်းရဲမျိုးစုံတွေ့ရ၍ အပါယ်ငရဲကျတတ်ကြောင်း ဟောပြောပါသည်ဘုရား။

၃။ ကျောက်ဆင်းတု-ကြေးဆင်းတု မင်းတို့ရေနစ်က မကယ်နိုင်၊ လက်ကြီးက အသေကြီးဘဲဟူသောစကား တပည့်တော် အရှင်းမဟော။

၄။ ရှေးရဟန္တာကြီးများ သာသနာပြုခဲ့ပုံ၊ဘုရားရုပ်ပုံတော်ကို အများပူဇော်နိုင်ရန် တဆူမက များစွာပွားများထား၍ ရုပ်ပွားဟုဟောပါသည်။

၅-၆။ ကိုသန်လည်းမခံ–ငြင်းလည်းမငြင်းဆို။

၇။ ဥာဏ်တော်ကိုသာ ကိုးကွယ်ရှိသေရမယ်။ရုပ်ခန္ဓာကြီးကို မရှိသေထိုက်ဟု ဟောပြောသူများကြောင်း၊ ဆံပင်ကိုလည်း ကိုးကွယ်ထိုက်ပုံ။

၈။ နက်ဖြန်ဒီမဏ္ဍပ်မှာ ရတနာသုံး-သံဃာသံများ မရှိတော့ဘူး။ ယနေ့နောက်ဆုံးနေ့ ကြိုးစားနာရန်ဟောပါသည်၊ ဤသို့စသည်ဖြင့်ဦးမြတ်သိန်းထွန်းက (မိုးကြိုးပစ်-ထန်းလက်ကာ) ချေပသော်လည်း ၎င်းတင်ပြသောသက်သေများအနက် စွဲဆိုချက်များမဟုတ်ပါဟု မထွက်ဆိုသည့်အပြင် အလွန်ကြမ်းတန်းရင့်သီးစွာ ထွက်ဆိုကြသဖြင့် ကုရောက်နားထောင်တော် မူကြသော ဆရာတော်ဘုရားကြီးများကပင် နားမချမ်းသာ၍ သိပ်မမေးကြပါနှင့်တော့ အလွန်ဝန်လေးလှပါသည်ဟု မိန့်ဆိုတော်မူကြပေသည်။

ဤသို့ လှည်းလှဲရှောင်တိမ်းသည်ကိုထောက်က ဦးမြတ်သိန်းထွန်းသည်(ခုတ်ရဲလျှင်-ခံရဲရမည်)ဆိုသည့်သဘောမျိုးသို့ မသက်ရောက်တော့ဘဲ (ထမင်းရေပူလာ-လျှာလွှဲ)ဆိုသကဲ့သို့ ကိုယ်လွတ်ရုန်းခြင်းမျိုးသာဖြစ်နေသည်ကို တွေ့ရပေသည်။

(ဤသို့-ဦးမြတ်သိန်းထွန်းက သူ့ကိုယ်သူ ခြောက်ပြစ်ကင်းစဉ်းလုံးချော-သဲလဲစင်-ဆံကာတင်အဖြစ် ရှန်းကန် ချေပထားသော်လည်း၎င်း၏ဂိုဏ်းသားတပည့်များက....

၁။ သူတို့ကဲ့သို့ ပရမတ်အမြင်မှန်ရသူကို ဉာဏ်ဖြင့်သိမြင်သောကြောင့် ဥာဏ်သံဃာ၊ သင်္ကန်းဝတ်နေသော ဘုန်းကြီးများသည် သင်္ကန်းဟန်ဖြင့်သာ သံဃာဟုခေါ်ဆိုရခြင်းကြောင့် ဟန်သံဃာဟု ပြောဆိုခြင်း။

၂။ ဘုန်းကြီးမပါ-သံဃာဆွမ်းကျွေး ဆိုပြီး ဦးမြတ်သိန်း ထွန်းအဖွဲ့ဝင်များအချင်းချင်းကိုသာဘိတ်ကြားကျွေးမွေးခြင်း။

၃။ ဟန်သံဃာသည် ဥာဏ်သံဃာကို အပြစ်မပေးနိုင်ဟု ယူဆ၍ ငယ်ဆရာရင်း ဆရာတော်ကြီးတပါး ဆွမ်းစားကြွလာသည့်ကိုမြင်၍ ရှေ့ဆုံးကအကောင်ကြီးဒို့ အိမ်မှာ စပါး (၁၁) နှင့် ကျွေးကျောင်းမလားဟုမေးလိုက်စမ်းဟု ရင့်သီးရိုင်းစိုင်းစွာပြောကြားခြင်းစသည်များသည် ဦးမြတ်သိန်းထွန်း၏ဟောပြောမှုနှင့် ၎င်း၏စာအုပ်များမှသွေဖီ၍ "နွားရှေ့-ထွန်ကြူး" ဆိုသကဲ့သို့ သက်သက်ပိုမိုလုပ်ကြံပြောဆိုခြင်းမျိုးသာဖြစ်သည်ဟု အမိပ္ပါယ် ယက်ရောက်ပေသည်။ ဤကိစ္စအမှန်မှာ (ခေါင်ကမိုးမလုံခြင်းပင် ဖြစ်နိုင်ဘွယ်ရှိပေသည်။)

[အခက်အခဲဘေးဒုက္ခနှင့်ကြုံလျှင် အလုံးစုံနောက်လိုက်များကို ထားပြီး ကိုယ်လွတ်ရုန်းသွားခြင်းသည် ခေါင်းဆောင်ကောင်း တို့၏ လက္ခဏာမဟုတ်ချေ။]

သာယာဝတီခရိုင် ကျွဲသတ်ရွာဦးစံပွင့်ဆိုသောဒါယကာသည် ဦး မြတ်သိန်းထွန်း၏တရားကို အလွန်နှစ်သက်သဖြင့် ဘာကျေနရာ မည်သို့ဆုံးမသွန်သင်၍ မည်သို့ဖြစ်သည်မသိ။ မကျန်းမာ၍သေ ကာနီးသောအခါ ငါသေလျှင် ဘုန်းကြီးမပင့်ရ၊ ဘုန်းကြီးနှင့်မ ချရ၊ ကန်တော့ပွဲလည်းမပြင်ရဟု စိတ်ဖေါက်ပြန်ကာ ဘုန်းကြီး ပင့်သူတွေ မည်သို့မည်ပုံ ရဘနာသုံးပါးဆိုတာ ဘာဘဲ-ညာဘဲ စ သည်ဖြင့် ဆဲဆိုရေရွတ်ရင်း အသက်ထွက်ရရှာပေသည်။

၎င်းပြင် သာယာဝတီခရိုင် လက်ပံတန်းမြို့နယ် ယာန်းပင်ကျွန်း ရွာ မောင်သက်တင် ဆိုသောသူသည်လည်း ဦးမြတ်သိန်းထွန်း၏ တရားကိုအားထုတ်နေစဉ် ရူးသွပ်လာသဖြင့် ပယောဂဆရာများ

က ဘုရားကိုဦးချခိုင်းရာ ရှိမခိုး-ဦးမချသည့်ပြင် ဘုရားဘက်ခြေထိုး၍ ဘုရားပုံတော်ကို ခွေးပုံဟု ပါးစပ်ကလည်း ရေရွတ်ဆဲဆို ဘုရားရှေ့တွင်လည်း ကျင်ကြီး-ကျင်ငယ်များစွန့်လျက် သေကာနီးသောအခါ ဟိုပြေး—ဒီပြေး ဟိုတိုင်တယ်-ဒီတိုင်တယ်နှင့်ပင် အသက်ကုန်ရရှာပေသည်။

၎င်းသာယာဝတီခရိုင် လက်ပံတန်းမြို့နယ် ကြို့ပင်စခန်း ရွာသစ်ရွာမှ မောင်လွန်းရင်ဆိုသောသူသည်ဦးမြတ်သိန်းထွန်း၏ တရားကိုနာ၊၎င်းရေးသားသောစာအုပ်များကိုပင်ကြည့်ရှု၍ ၎င်း၏ သွန်ပြ တိုက်တွန်းချက်အရ လူမရှိ-နတ်မရှိ-ထမင်းမရှိ-ဟင်းမရှိ အားလုံး ဓါတ်သဘောချည်းသာဖြစ်သည်ဟု တရားအားထုတ်နေစဉ် ဓါတ်ပေါက်ပြီ-တရားရပြီ-အမြင်မှန်ရပြီဟုအမျိုးမျိုးပြောဆိုကာထမင်းနှင့်မစင် ဓါတ်ချင်းအတူတူဘာထူးသလဲဟုစိတ်ဖေါက်ပြန်ပြီး အိမ်သာအောက်မှမစင်များကို လူအများရှေ့မှာပင် ယူ၍စားလေတော့သည်။ ၎င်းမောင်လွန်းရင်သည် ယနေ့ထက်တိုင်အသက်ရှင်လျက် ဦးမြတ်သိန်းထွန်း၏တရားများကို အော်ဟစ်ရွတ်ဆိုကာ ဆိုင်းပုတ်အမျိုးမျိုး ကိုင်ဆောင်ချိပ်ဆွဲလျက် သာသနာတော်ကို ဆန့်ကျင်ပြုလုပ်နေပေတော့သည်။

ယခုလိုပြုမူခြင်း၊ မစင်ကိုစားခြင်းတို့သည် မမှန်ကန်သောနည်းလမ်းဖြင့် ရှုးသွပ်၍သာပြုမူသည်။ စားသောက်သည်ဟုယူဆလျှင် ဒီအကောင်တွေရူးနေတာဟု တာဝန်မဲ့မပြောဆိုမူ၍ ငါ့ကြောင့်ဖြစ်ရသည်ဟု မှန်ကန်သောနည်းလမ်းသို့ အရောက်ပို့ရန် ခေါင်းဆောင်ကြီး ဂိုဏ်းချုပ်ကြီးဦးမြတ်သိန်းထွန်းဟာ တာဝန်ရှိပေသည်။

ငါးခုံးမရတော့အတူတူ ငါးခူရတော့ ခွဲခြားခွဲခြား ဆိုသည့်

ခေါင်းဆောင်မျိုးများကိုအတူးသတိထား၍ ရှောင်ရှားအပ်ပေသည်ကြိုကိုစွတို့သည် မိမိနှင့်လုံးဝမသက်ဆိုင်ပါဟု ဦးမြတ်သိန်းထွန်းကပြောင်းစေကာမူ ဤရုံးတော်သို့ သက်သေခံအဖြစ် တင်ပြထားသော ၎င်းကိုယ်တိုင်ရေးသားသည့်....

၁။ မဟာဓမ္မကထိက ဒီပနီ။

၂။ ဓမ္မေသန ဒီပနီ။

၃။ လောကဓံ ဒီပနီ။

၄။ ပဒစ္ဆေဒ ဒီပနီ။

၅။ မဟာမင်္ဂလာဝိပဿနာ ဒီပနီ။

၆။ ဒု-ဗုဒ္ဓဘာသာ ဒီပနီ စာအုပ်များမှထုတ်နုတ်၍ ဤအမှုတွဲတွင် ပူးတွဲဖေါ်ပြထားသည့် အချက်အလက်တို့ကို ကြည့်ရှုခြင်းအားဖြင့် အဟယ်မျှဆိုးဝါးသည်၊ အဘယ်မျှ သာသနာတော်ကို မျက်မုန်းကျိုးနေသည်။ သံဃာတော်များကို မနာလိုဝန်တိုစိတ် မကျေနပ်မှုရှိနေသည်ကို သိနိုင်ပေသည်။

ဦးမြတ်သိန်းထွန်းသည် ၎င်း၏ဂိုဏ်းဝင်တပည့်များကို မည်သို့သောနည်းအားဖြင့် ဟောပြောထားသည်ဆိုသည်ကို ၎င်းတို့ထွက်ဆိုချက်များကိုကြည့်၍ ကောင်းစွာအကဲခတ်နိုင်ပေသည်။

ဤအမှု၏ဖြစ်ပျက်ပုံမှာ စွဲချက်-ချေပလွှာ-သက်သေ ထွက်ဆိုချက်တို့ကို တိုက်ဆိုင်ကြည့်ရှု၍ ဟုတ်သင့်-မဟုတ်သင့်၊ ခိုင်လုံ-မခိုင်လုံတို့ကို စိစစ်ရှာဖွေနေရန်ပင် မလိုတော့ပေ။အဘယ်ကြောင့်ဆိုသော် စဒိတကသက်သေများသည် အချို့ နေရာတို့၌ စွဲဆိုသည်ထက်ပင် ပိုမိုထွက်ဆိုထားကြသည်များကိုတွေ့မြင်ရသောကြောင့်ဖြစ်ပေသည်။

ဦးမြတ်သိန်းထွန်းချေပချက်၌ အချို့ကို ဖုံးကွယ်သယောင်

ချေပထားသော်လည်း ၎င်းကိုယ်တိုင်ရေးသားသောစာအုပ်များကို သက်သေခံအဖြစ် တင်ပြထားသည့်စာအုပ်များ၌ပင် အတည့်အလောင်းရေးသားခြင်းတို့က ပေါ်ပြလျက်ရှိပေသည်။

ကျမ်းစာရေးသားရာ၌ သိနားလည်စေလိုသော စေတနာရိုးဖြင့် ရေးသားလျှင်....

၁။ အဓိပ္ပါယ်နှစ်မျိုးသုံးမျိုးကောက်ယူနိုင်အောင် ရေးသားခြင်း။

၂။ စာဘတ်သူများ ဇဝေဇဝါဖြစ်အောင် ရေးသားခြင်း။

၃။ ဂိုဏ်းမလွတ်-ကွင်းမလွတ်ရေးသားခြင်း စသည်တို့ကို လုံးဝမပါစေဘဲ ရိုးရိုးသားသား ရေးသားဘို့သင့်ပေသည်။ ယခု ဦးမြတ်သိန်းထွန်းရေးသားသော စာအုပ်များကား၊ ၎င်း၏မှိုင်းမမိကြသေးသောသူတို့အသို မည်ဘို့မျှ သဘောမကျနိုင်သည့်အပြင် ဘာသာစသည်တို့အတွက် များစွာစိတ်လေး ပူဆွေးကြမည်သာဖြစ်ပေသည်။

ရှင်းဦးအံ့။ ဦးမြတ်သိန်းထွန်းရေးသောစာအုပ်၊ဦးမြတ်သိန်းထွန်းဟောသောတရားတို့သည်....

၁။ ဘာသာရေး။

၂။ လူမျိုးရေး။

၃။ ညီညွတ်ရေး။

၄။ ကျန်းမာရေး စသည်တို့ကို ထိခိုက်ပျက်စီးစေနိုင်သည်။

(ဘာသာရေးအတွက်) သူ့စာအုပ်ကိုကြည့်၊ သူ့တရားကိုနာမိလျှင် မည်သည့်ဘုရားကိုကိုးကွယ်ပြီး မည်သည့်တရားကိုကျင့်

ကြံ့ကာ မည်သည့်သံဃာအား ဆီးကပ်ရမှန်းမသိအောင် ဇရေ ဇဝ ါအခြေသို့လည်း ဆိုက်ရောက်နိုင်ပေသည်။ ဦးမြတ်သိန်းထွန်း နှင့် ၎င်း၏အဖွဲ့ ၎င်း၏ဂိုဏ်းကိုသာကိုးကွယ်ဆီးကပ်ရတော့မည့်အခြေသို့လည်း ဆိုက်ရောက်နိုင်ပေသည်။ ကြေးဆင်းထု-ကျောက်ဆင်းထုဘုရားတို့၌လည်းကိုးရိုးကားရား မြင်တွေ့ရလေတော့သည်။

(လူမျိုးရေးအတွက်) အမှုတွဲပါ မခင်ရွှေအစစ်ခံချက်များ။ စလင်းမြို့မှပေးပို့တင်ပြသောစာ၊ပေါင်းတည်မှ တင်ပြအစီရင်ခံသောစာ၊ လယ်ဝေးမှပြန်ကြားသောစာ အစောင်စောင်သော သတင်းစာတို့အရ အမျိုးသမီးများအား နည်းအမျိုးမျိုးတို့ဖြင့် ဖျက်ဆီးခြင်း၊ မိန်းကလေးများကို လုံခြုံသောအခန်းတွင် ကန့်လန့်ကာအတွင်း၌ တရားပြသည်၊ တရားစစ်သည်ဟု မဖွယ်မရာ တကိုယ်လုံးရှိအင်္ဂါအစိတ်အပိုင်းများကို လက်ဖြင့်သုံးသပ်ကိုင်တွယ်၍ မေးစစ်ခြင်း၊ အဝတ်မပါဗလာရေချိုး၍ မိန်းကလေးများကို နေရာအနှံ့အပြား ချေးတွန်းခိုင်းခြင်းစသည်များသည် ကိုယ့်လူမျိုးကို ပြန်၍ဖျက်ဆီးနေသဖြင့် နိုင်ငံခြားသားများ၏ ဝဲဿရက်အတွင်း နစ်မြုပ်အံ့ဆဲဆဲဖြစ်နေသော မြန်မာအမျိုးသမီးကလေးများမှာ မောင်ဖွားမိဘ အရှက်မရစိမ့်သော ငါ (ဆယ်ဝမှာ ငါးစောင့်နေသောကျိုင်းကဲ့သို့)အမြဲချောင်းမြောင်း စောင့်ဆိုင်းလျက်ရှိသော နိုင်ငံခြားသား အောက်တန်းစားများ၏လက်သို့ ဖြစ်သလို(ဝ) ကွက်အပ်နှံလိုက်ရသဖြင့်(ရေနစ်သူ ဝါးကူလို့ ထိုး)ဆိုသကဲ့သို့ မြန်မာအမျိုးသမီးတယောက် ကွယ်ပျောက်သွားရုံမျှမက ၎င်း၏သားစဉ်မြေးဆက်တို့ပါ မြန်မာလူမျိုးစာရင်းမှ လွတ်ကင်း၍ သွားလေတော့သည်။

(ညီညွတ်ရေးအတွက်) ငါးသိုင်းချောင်း-ရေကြည်-ထန်းတာ

ပင်-ပေါင်းတည်-လက်ပံတန်း-လယ်ဝေး စသော ဦးမြတ်သိန်းထွန်းရောက်လေရာ နေရာတိုင်းများလိုလို အချင်းချင်း မသင့်မတင့်ဖြစ်ခြင်း၊ ခဲ-ပုလင်းစသည်တို့ဖြင့်ပစ်ခတ်ခြင်း၊ အဓိကရုဏ်း ဖြစ်ခြင်း၊ ဦးမြတ်သိန်းထွန်းကိုယ်တိုင် ရာဇသတ်ကြီးပုဒ်မ(၁၀၇)ဖြင့် အရေးယူခံရခြင်း၊ ဂိုဏ်းအသီးသီး ဝါဒအသီးသီးကွဲပြားခြင်း၊ ဆရာတကာအရင်းပင် မျက်နှာချင်းမဆိုင်နိုင်သောအဖြစ်သို့ရောက်ခြင်း၊ လင်မယားကွဲခြင်း စသည့်မညီညွတ်မှုများသည် ဦးမြတ်သိန်းထွန်း၏စာအုပ်နှင့် ၎င်း၏တရားများကြောင့် ဖြစ်ရသည်ဟု အများကပင် ယူဆနေကြပေသည်။

(ကျန်းမာရေးအတွက်) ဦးမြတ်သိန်းထွန်း လုံးတည်းရေချိုးရာ၌ တကိုယ်လုံးနေရာအနှံ့ အပြား ချေးတွန်းကိုင်တွယ် ကြရသော မြန်မာပြည်၏မျိုးညွန့်တက်သစ် အမျိုးသမီးကလေးများအား ရောဂါပိုးကူးစက်စေခြင်း၊ အထူးသဖြင့် မီးမဖွားနိုင်သူတို့အား မိမိကျင်ငယ်ရေကို ပက်ဖြန်းသုတ်လိမ်းစေခြင်း၊ အမြန်မီးဖွားနိုင်သည့်အပြင် အနာမျိုး(၉၆)ပါးလုံးကိုပင် ပျောက်ကင်းစေနိုင်သည်ဟု ယုံကြည်လောက်အောင်ပြောပြ၍ မသိနားမလည်ကြသောသူများ သောက်သုံးခြင်း၊လိမ်းကျံခြင်း၊ပက်ဖြန်းခြင်း၊ ဆောင်စေခြင်းတို့သည် အလွန်ပင်ညစ်ညမ်းရိုင်းစိုင်း၍ တိုင်းတပါးသားတို့ကြားလို့မှမလျော်၊ လွတ်လပ်သောလူမျိုးတို့၏ ဂုဏ်သိက္ခာကျအောင် ပြုခြင်းပင်ဖြစ်သည်ဟု ယူဆရပေသည်။

ကျန်းမာရေးဘက်က ကြည့်လျှင်လည်း ရောဂါပိုးများ ကူးစက်၍ နုနယ်သော မိန်းကလေးများ၏ အသက်အန္တရာယ်ကိုပင် အလွယ်နှင့်ဖြစ်စေနိုင်ပေသည်။

# (ဤနေရာ၌) အောက်လမ်းဆရာတို့၏ ယူဆ ယုံကြည်ချက်မှာ

မိမိ၏ကျင်ငယ်-နှပ်-ချွေး-တံထွေး-သွေးစသည်တို့ကိုမိမိအား ချစ်ကြိုက်စွဲလန်းစေလိုသော သူ၏ အစားအစာတွင်ထည့်ခပ်၍၊ ၎င်းပစ္စည်းဝမ်းတွင်းသို့ပါသွားလျှင် နှစ်သက်စွဲလန်း-မခွဲတမ်းချစ်ခင်တောင်းလျှင်ပေး--မေးလျှင်ဖြေ--နေလျှင်ကြိုက်--တိုက်လျှင်သောက်-ပေါက်လျှင်ခံ-ကြံလျှင်အောင်--ဆောင်လျှင်ရ--ခိုင်းသမျှ ကိုယ့်ဘက်ပါပြီး လိုရာကိုပြီးစေနိုင်သည် ဟူ၍ပင် ဖြစ်ပေသည်။ ဦးမြတ်သိန်းထွန်းသည်လည်း ဖြစ်နိုင်-မဖြစ်နိုင်အပထား၍ မိမိအလိုသို့ပါရန် နည်းအမျိုးမျိုးတို့ကိုအသုံးပြုသည်ဟု ယူဆလိုကယူဆနိုင်ပေသည်။

ဤသို့ယူဆရခြင်း၏ အထောက်အထားများအနက် တရားသူကြီးဦးကျော်၏ရုံးတော်၌ ထွက်ဆိုသည့်အတိုင်း အင်းစိန်ခရိုင်ထန်းတပင်မြို့၌ အမျိုးသမီးများနှင့် မဖွယ်မရာ လူသူလေးပါးတို့ကြားလို့မှမလျော်သော အလွန်နုနယ် လူမမယ်ငယ်ရွယ်သူအပျိုပေါက်ကလေးများနှင့် ကိုးရိုးကားရားဖြစ်ဘူးသော သာဓကတရပ်နှင့် အခြားအရပ်ရပ်ကိစ္စများက ညွှန်ကြားနေခြင်းပင်ဖြစ်ပေသည်။

ရိုးရိုးပလွှားလို၍ဖြစ်စေ၊ အောက်လမ်းနည်းအရဖြစ်စေ၊မည်သို့ပင်ဖြစ်စေ အလွန်းဆိုးယုတ်လှသော ကျင်ငယ်ရေကို သောက်သုံး-လိမ်းကျံ-ဆောင်စေခြင်းအားဖြင့် ကျန်းမာရေးကို ထိခိုက်စေမည်မှာ မုချမလွဲပေ။

(ရှင်နည်းရတဲ့အထဲအဂ္ဂလူထွက်)ဆိုသကဲ့သို့မြန်မာပြည်တွင် လူဦးရေနည်းပါး၍ရောဂါဘယများပြားထူပြောနေရသည့်အထဲ ပိုကဲဆိုးဝါးလာအောင် ပြုလုပ်ခြင်းသည် (အလျင်းပင် မသင့်လျော်ပေ။)

ရှင်းပြင် ဦးမြတ်သိန်းထွန်းရေးသောစာအုပ်၊ ဟောသောဘာ ရားတို့၌ ထွင့်ခေါင်ဆရာတော်၏မြေး၊ဓမ္မကထိကပါရဂူ၊မဟာဓမ္မ ကထိက၊ ပိဋကတ္တယပါရဂူ၊သာသနာ့ဟိတဝါယာမဘွဲ့တံဆိပ် ရဗုဒ္ဓသာသနာအဖွဲ့ ဝင်၊(၁)နံပါတ်အစိုးရအသိအမှတ်ပြု၊အဆုံး မရှိသော ဉာဏ်ရှိတော်မူသော ဆရာတော် ဦးမြတ်သိန်းထွန်း စသည်ဖြင့် ရေးသားခြင်းသည် ဦးတည်မိရာ စိတ်ကူးရတိုင်းကြား ဘူးသမျှ စကားလုံးတို့ကို သုံးနှုံးပြောကြားရေးသားနေခြင်းမျှ သာ ဖြစ်ဟန်တူပေသည်။အဘယ့်ကြောင့်ဆိုသော် ဦးမြတ်သိန်း ထွန်းကိုယ်တိုင် အစစ်ခံချက်၌ ဆရာတော်ဟု သုံးခြင်းသည်တပည့် တော်၏ဂုဏ်နှင့် အလွန်သင့်လျော်သည်ဟုယူဆ၍ သုံးပါသည် ဟူ၍ရှင်း။

ဘုရားကိုတူ၍ အဆုံးမရှိသောဉာဏ်ဟု သုံးခြင်းမဟုတ်ပါ။ အဆုံးမရှိသောဉာဏ် တပည့်တော်မှာရှိ၍ သုံးပါသည် ဟူ၍ရှင်း

ပိဋကတ္တယပါရဂူဘွဲ့လက်မှတ်ကို မန္တလေးမြို့ မိုးကောင်း တိုက်(အဘိဓဇမဟာရဋ္ဌဂုရု) ညောင်ရမ်းဆရာတော်ဘုရားကြီးက ပေးထားသော်လည်း၊ယခုလက်မှတ်ပျောက်နေပါသည် ဟူ၍ရှင်း တောရမ်းမယ်ဖွဲ့ သူမနေရ ငါမနေရ ထင်ရာပြော ထင်ရာရေး ထားသည်ကို တွေ့ရပေသည်။

မဟာဓမ္မကထိက ဒီပနီစာအုပ်၌ ရန်ကုန်မြို့ ကြည့်မြင်တိုင် စလင်းတိုက်ဆရာတော် ဦးဝါသဝက (သာသနာ့ဟိတဝါယာမ)

ဂုဏ်ထူး ဆောင်ဘွဲ့တံဆိပ်ကိုရင်း၊ ရန်ကုန်မြို့ အလယ်တောင်ရ ဆရာတော်ဦးကောသလ္လက.... (တမိုးအောက်တယောက်သာဖြစ် ကြောင်း) ထောက်ခံထားပုံတို့ကိုရင်း၊ ထည့်သွင်းရေးသားထား ပေသည်။

ဤ(မဟာဓမ္မကထိကဒီပနီ) စာအုပ်၌ အလွန်ချွတ်ချော်မှား ယွင်းသော အချက်အလက်များ ပါဠိတော် အဋ္ဌကထာ ဋီကာ တို့နှင့် ဆန့်ကျင်ဘက်အများအပြားကို တွေ့ရှိရသဖြင့် ဦးမြဟ် သိန်းတွန်းရေးသည့်အတိုင်း.... မဖြစ်တန်ရာဟု သိလို၍ သက် ဆိုင်ရာ ဆရာတော်များအား လျှောက်ထားရာ အောက်ပါအ တိုင်း ပြန်ကြားတော်မူကြသည်။

## စလင်းတိုက်မှပြန်စာ

သို့
ဝိနိစ္ဆယဌာန
လက်ပံတန်းမြို့
သာယာဝတီခရိုင် ၁၅-၁၁-၆၂—

မဟာဓမ္မကထိကကျမ်းစာအုပ်၌ ကြည့်မြင်တိုင်မြို့ စလင်း ကျောင်းတိုက်ဆရာတော် ဦးဝါသဝ အရှင်မြတ်က ထောက်ခံ စာဘွဲ့ထူးများပင် ပေးကြောင်းနှင့် တွေ့ရှိရာ၊ထိုဆရာတော် ဘု ရားက ဤကဲ့သို့ထောက်ခံအားပေးကြောင်းကို ဘုန်းကြီးများ မ သိရှိရ၍ ဟုတ်လိမ့်မည်မထင် သူ့ဟာသူရေးဆည့်ထားခြင်း ဖြစ် ပါလိမ့်မည်။

ဦးကုမာရ
မဟာနာယကဆရာတော်
စလင်းကျောင်းတိုက် ရန်ကုန်မြို့၊

သို့

မြို့နယ်ဝိနိစ္ဆယဌာနရုံး။
လက်ပံတန်းမြို့
သာယာဝတီခရိုင်။ ၁၅-၁၁-၆၂-

မဟာဓမ္မကထိကကျမ်းစာအုပ်၌ ကြည့်မြင်တိုင်မြို့ စလင်းကျောင်းတိုက် ဆရာတော်အရှင်မြတ်က ထောက်ခံစာ ဘွဲ့ထူးများပေးကြောင်းနှင့် တွေ့ရှိရာ ထိုစလင်းဆရာတော်ဘုရားကြီးသည် ဤမဟာဓမ္မကထိက ကျမ်းစာအုပ်ကိုထောက်ခံအားပေးကြည့်ရှုခြင်းမပြုရကြောင်းအခိုင်အမာသိရှိရပါသည်။

ဦးနန္ဒိယ
(စလင်းဆရာတော်ဘုရားကြီး၏
အန္တေဝါသိကတပည့်။)
တိုက်အုပ်ဆရာတော်
ရန်ကုန်မြို့။

## အလယ်တောရမှပြန်စာ။

သို့

မြို့နယ်ဝိနိစ္ဆယဌာနရုံး
လက်ပံတန်းမြို့
သာယာဝတီခရိုင်— ၁၃-၁၀-၆၂

ရန်ကုန်မြို့ အလယ်တောရဆရာတော် ဦးကောသလ္လက ဦးမြတ်သိန်းထွန်းအား တမိုးအောက်တယောက်သာ ဖြစ်ကြောင်းထောက်ခံထားတော်မူသည်ဟု မဟာဓမ္မကထိက ဒီပနီကျမ်းစာ

အုပ်၌ တွေ့ရှိရပေသည်။ မ်မိသည်ဆရာတော်ဘုရားကြီး၏ လက်ရင်း တပည့်ဖြစ်သည့် အားလျော်စွာ ဆရာတော်ပြုသမျှ သိရှိရပေသည်။ဤကိစ္စကိုကား လုံးဝမသိရပေ၊ အချို့ဆရာတော်များ၏ ဓါတ်ပုံကို တနေရာကရလျှင်လည်း ထည့်သွင်းအသုံးပြုတတ်ကြောင်း ကြားဘူးသဖြင့် ဤကိစ္စတွင်လည်း သူထင်ရာစိတ်ကူးရရာ ရေးသားထားခြင်း ဖြစ်လိမ့်မည်ကို ပြန်ကြားအပ်ပေသည်။

ဘဒ္ဒန္တရေဝတ
အဂ္ဂမဟာပဏ္ဍိတ
နိုင်ငံတော်-ဩဝါဒါစရိယ
အလယ်တောရတိုက်
ရန်ရန်မြို့။

○ ○ ○

## အမှုသွား ကောက်နှုတ်ချက်

ဤအမှုကို စီရင်ဆုံးဖြတ်ရာတွင် ရှင်းလင်းလွယ်ကူစေရန် အတွက် ရှေးဦးစွာစိစစ်ဝေဘန်ရမည့်အချက်များဖြစ်သော စွဲဆိုလျှောက်ထားသည့် အချက်များကို အတိုချုပ်အားဖြင့် ကောက်နှုတ်ထုတ်အပ်သည်ရှိသော်....

၁။ သက်န်းနှင့် ခြောက်လုံးပြုုးအတူတူ။

၂။ အနာဂါမိကရဟန်းနှင့် ဘိုးသူတော် မယ်သီလ လူပျိုကြီး အပျိုကြီး အတူတူ။

၃။ ကျောက်ဆင်းတု ကြေးဆင်းတုများသည် ရေနစ်လျှင် မကယ်နိုင် လက်ကအသေကြီး။

၄။ ရုပ်ပွါးဆင်းတုများသည် အရုပ်တွေပွါးလို့ ရုပ်ပွါး

မိန်းမများသားဖွါးသလိုဘဲ ဒါတောင်အားမရလို့ ဒက္ခိဏာသာ ခါ အမြှောင်ထားသေးသည်။

၅။ မိန်းမများကို လုံခြုံရာအခန်းတွင်း တရားပြ သင်္ကာမကင်း ဘွယ်။

၆။ စုဒိတကက သူ၏ကျင်ငယ်ရေကို ရောဂါပျောက်သည်ဟု ပြောကာ သောက်သုံးစေခြင်း။

၇။ သူ၏ဆံပင်ကို ကိုးကွယ်စေခြင်း။

၈။ တရားပွဲအပြီး ငါပြန်တော့မည် သာသနာကွယ်ပြီ ငါ ဘုရား ဟု ပြောဆိုခြင်း စီစစ်ဝေဘန် ဆုံးဖြတ်ရန်အချက်(၈) မျိုးရှိပါသည်။

○ ○ ○

## စောဒက ဦးထွန်းလူ

ဤအမှုကို စွဲဆိုရာ၌ စောဒကဦးထွန်းလူက တပည့်တော်သည် စုဒိတကအပေါ်၌ အာဃာတမဘက်(ဓမ္မဓိဋ္ဌာန်) သက်သက်ဖြင့် ယထာဘူတ ကျနစေရန် အများသောပုဂ္ဂိုလ်တို့ အမှားမှား အယွင်းယွင်း မဖြစ်စေဘဲ သံသယကင်းစေရန် စွဲဆိုရပါသည်ဟု လျှောက်ထားချက်အရ ၎င်းစောဒကဦးထွန်းလူအား စောဒက တို့ထားအပ်သော စိတ်ထားနှင့်ပြည့်စုံသဖြင့် ကျမ်းဂန်လာ စော ဒက အင်္ဂါများနှင့် ညီညွတ်သည့်ပြင် အသက်ကိုရင်း၊ စည်းစိမ် ကိုရင်း၊ မငဲ့ကွက်ဘဲ ရတနာသုံးပါးအရေး သာသနာ့အရေးကို အထူးအလေးပြုသူဖြစ်ခြင်းကြောင့် (ဓမ္မဂရုကမဟာဥပသကာ) ဟူသော ဘွဲ့ထူးဖြင့် ချီကျူးထိုက်သော ပုဂ္ဂိုလ်ဟူ၍ မှတ်တမ်း တင်အပ်ပေသည်။

○ ○ ○

# ဝန်ခံခြင်း မခံခြင်းကိုရှင်းလင်းချက်။

ဤအမှု၌စွဲချက်(၈)မျိုးရှိရာတွင် စုဒိတက တရားခံသည် အချို့အချက်ကိုသာ ဝန်ခံ၍ အချို့အချက်ကိုဝန်မခံပေ၊ စင်စစ်ဝန်ခံခြင်း မခံခြင်းမှာ (သီလ သစ္စာ သမာဓိ)နှင့် ပြည့်စုံကြသည့် လဇ္ဇီသူတော်ကောင်းတို့သာ ပြုလျှင် ပြုသည့်အတိုင်း ပြောလျှင် ပြောသည့်အတိုင်းဝန်ခံကြစမြဲဖြစ်၍။ အခြားအလဇ္ဇီမသူတော်တို့၏ ဝန်ခံခြင်းကိုကား ရခဲဘိသည်။ ထိုသို့ဝန်မခံရာ၌ဝန်မခံခြင်းကိုသာမှုဘည်မစဉ်းစားရဘဲရင်း၏ပြောဆိုပြုမူချက်တို့ကို ရှေ့နောက်တောက်ထား သက်သေတို့စကားဖြင့် စဉ်းစားဆုံးဖြတ်ရမည်ဟူသော ကျမ်းဂန်လာစကားများကိုရှု၍ စဉ်းစားရပေလိမ့်မည်။ ယခုအမှုတွင် စုဒိတကတရားခံသည် အမှန်စင်စစ်မိမိမပြောခဲ့ မပြုခဲ့ခြင်းကြောင့်လည်း ဝန်မခံခြင်းဖြစ်နိုင်သည်။ သို့မဟုတ် မိမိကိုမည်သူမျှ အရေးမယူနိုင်ဟု ယူဆကာ ထင်တိုင်းပြောခဲ့ ပြုခဲ့ရာမှ ယခုကဲ့သို့ စောဒကတရားလိုက ဝိနိစ္ဆယဌာနသို့ ကျနစွာ စွဲဆိုလျှောက်ထားသောအခါတွင် ကျရောက်မည့်ဘေးများကို တွေးတောကာ ရှောင်လွှဲခြင်း ဝန်မခံခြင်းလည်းဖြစ်နိုင်သည်။ သို့ဖြစ်၍ရင်း၏ဝန်မခံခြင်းကို မှုတည်၍မစဉ်းစားဘဲ ရှေ့နောက်တောက်ထား သက်သေတို့စကားများကို မှုတည် စဉ်းစားကာ စုဒိတက တရားခံ၏ သက်သေများသည်ရင်း၏အဖွဲ့ဝင်များသာဖြစ်ကြောင်းဟူသော စောဒက တရားလိုလျှောက်ထားချက်ကိုသတိပြုလျက် ဆုံးဖြတ်ချက် ချရပေလိမ့်မည်။

## ဆရာတော်အသုံးအတွက် ရှင်းလင်းချက်။

စုဒိတက တရားခံ၏ ချေပလွှာတွင် စုဒိတက တရားခံသည် မိမိကိုယ်ကိုမိမိ ဆရာတော် ဦးမြတ်သိန်းထွန်း ဟု အမည်တပ်ကာ ဝိနိစ္ဆယဌာနသို့ ချေလွှာတင်သွင်းထားသည်ကို တွေ့ရသည်။ အမည်နာမဟူသည်မှာ(နာမံ နာမ ဝေါဟာရမတ္တံ)ဟူသောကျမ်းဂံလာစကားအရ ဝေါဟာရ ပညတ်မျှသာဖြစ်၍ မည်သို့ပင်ဖြစ်စေ၊ ခေါ်ဝေါ်ပညတ် အမည်တတ်နိုင်ပါသည်။

သို့ရာတွင် ရတနာသုံးပါးတို့နှင့် စပ်ဆိုင်သောအသုံးအနှုန်း

### မင်းများနှင့်စပ်ဆိုင်သောအသုံးအနှုန်း

သာမန်လူများနှင့် စပ်ဆိုင်သောအသုံးအနှုန်းများကို ခွဲခြားသတ်မှတ်သော် လောကစည်းမျဉ်းအရ ကိုသို့(တော်)ထည့်၍သုံးနှုန်းခြင်းမှာ သာမန်လူများနှင့်စပ်ဆိုင်သော အသုံးအနှုံးမဟုတ် ရတနာသုံးပါး မင်းများနှင့်သာ စပ်ဆိုင်သော အသုံးအနှုံးဖြစ်ချေသည်။

ဤနေရာ၌ ဆရာတော်ဟူသော အသုံးအနှုံးနှင့်စပ်လျဉ်း၍ ရှေးထုံးကိုပြဆိုရလျှင် ထိုဆရာတော်ဟူသောအသုံးမှာ ရဟန်းတော်များနှင့်သာစပ်လျဉ်းသောအသုံးပင်ဖြစ်သော်လည်းရဟန်းတော်တိုင်းကိုခေါ်နိုင်သော အသုံးအနှုံးမဟုတ်၊ ရှင်ဘုရင်များကိုးကွယ်သည့် (ရာဇဂုရု)တံဆိပ်တော်ရ ရဟန်းတော်များကိုသာ ခေါ်ဝေါ်သောစကား ဖြစ်ချေသည်။ အခြားရဟန်းတော်များကိုမူ ဘုန်းကြီး-ဘုန်းတော်ကြီး စသည်ဖြင့်သာ ခေါ်ဝေါ်ရိုးရှိခဲ့သည်။

သို့သော် ယခုခေတ်မှာမူ ရဟန်းတော်တိုင်းကိုပင် ခေါ်ကြလေသည်။ ထိုသို့ခေါ်ဝေါ်ရာ၌ ယခုခေတ်ရဟန်းတော်များမှာ

ရှင်ဘုရင် ကိုးကွယ်သည့် (ဧဒေဇဂုရု)တံဆိပ်တော်ရ ရဟန်းများမဟုတ်ခြင်းကြောင့် မခေါ်ဝေါ်သင့်ဟု ဆိုသင့်သော်လည်း ထိုဆရာတော်ဟူသော အသုံးအနှုန်းမှာ ရဟန်းများဖြစ်သောကြောင့် သင့်လျော်ပါသေး၏။ လူပုဂ္ဂိုလ်များမှာမူ လုံးဝသုံးနှုန်းသင့်သော ဝေါဟာရမဟုတ်ချေ။

သို့ပါလျက် ၎င်းစုဒိတကတရားခံသည် မိမိကိုယ်ကိုမိမိ ဆရာတော်ဟူ၍ သုံးနှုန်းရေးသားတင်ပြခြင်းမှာ ဝိနိစ္ဆယဋ္ဌာနကိုပင် အလေးဂရုမပြုလိုသောကြောင့်သော်၎င်း၊ ရဟန်းတော်များကို တုပြိုင်လိုသောကြောင့်သော်၎င်း၊ အသုံးအနှုန်းများကို ခွဲခြား၍ မသိတတ်သောကြောင့်သော်၎င်း ဖြစ်တန်ရာ၏။ မည်သို့ပင်ဖြစ်စေ ထိုဆရာတော်ဟူသောအသုံးအနှုန်းမှာ ရဟန်းသံဃာများကို အလေးဂရုပြုသောပုဂ္ဂိုလ်တို့၏စိတ်နှလုံးကိုထိခိုက်စေသဖြင့်ထိုအချက်မှစ၍ မလိုလားအပ်သော အကျိုးများဖြစ်ပွားစေနိုင်သောကြောင့် ထို(ဆရာတော်)ဟူသောအသုံးအနှုန်းကို စုဒိတက တရားခံသည် မည်သည့်နေရာ-မည်သည့်အခါမှ ကိုယ်တိုင်သုံးနှုန်းခြင်း၊ သူတပါးကိုသုံးနှုန်းစေခြင်း အမှုကိုမပြုရအောင် တားမြစ်ပိတ်ပင်ပေးရန် အစိုးရသို့မေတ္တာရပ်ခံရန် ဆုံးဖြတ်ကြသည်။

## စိစစ်ဝေဘန်ချက်။

ဤအမှုကိုစိစစ်ဝေဘန်ရာ၌ (ဝုတ္တံ အဟာပေန္တေန။ အဝုတ္တံ အပကာသေန္တေန။ သြတိဏ္ဏာနိ။ ပဒဗျဥ္ဇနာနိ။ သာဓုကံပဌံ ဂ္ဂဟေတွာ။ ပရောပုစ္ဆံ တွာ။ ယထာပဌံ ညာယကာရေတဗ္ဗော။ တရားလိုတရားခံတို့၏ထွက်ချက်ကို မပိုမလိုစေဘဲ ထွက်ဆိုချက်ကိုမှတ်သား

ကာ ထွက်ဆိုချက်အတိုင်း မှန်မမှန်တရားဘက်ဖြစ်သည့် တပါး သူကိုမေး၍ ပဋိညာဉ်ဝန်ခံချက်အတိုင်း ဆုံးဖြတ်ရမည်ဟူသော (ပရိဝါပါဠိတော်)လာ ဝိနည်းဓိုရ်တရားသူကြီးတို့ လိုက်နာကျင့် သုံးအပ်သည့် စည်းမျဉ်းဥပဒေသကို အလေးဂရုပြုကာ စောဒက နှင့် ၎င်း၏သက်သေတို့ထွက်ချက်အတိုင်း မှန်မမှန်စစ်မေးလို၍ စုဒိတက တရားခံဖြစ်သူ(ဦးမြတ်သိန်းထွန်း)ကို အတန်တန်ဆင့် ခေါ်သော်လည်း၊ ၎င်းတရားခံသည် ဥပဒေကိုရှောင်ကွင်း၍ အ ကြောင်းအမျိုးမျိုးပြကာ နောက်ပိုင်းတွင် မလာရောက်ခြင်း ကြောင့် ထိုစုဒိတက တရားခံကိုမေးခွင့်မရဘဲ ၎င်း၏သက်သေ များကိုသာ စစ်ဆေးခဲ့ရပေသည်။

ထိုသို့မလာရောက်၍ မေးခွင့်မရသော်လည်း၊ ထိုတရားခံသည် ချေပလွှာတင်သွင်းခြင်း၊ စောဒကတရားလို၏ သက်သေများ ကို စစ်ဆေးစဉ်အခါက လာရောက်၍၊စောဒကတရားလို၏ သက် သေများကို စစ်မေးသောစကား.... ထွက်ဆိုချက်စကားများကို ကြားနာပြီးဖြစ်ခြင်းများကြောင့် ၎င်းစုဒိတက တရားခံသည် စောဒကတရားလို၏ သက်သေများတို့ ထွက်ဆိုချက်များကို ထွက် ဆိုချက်အတိုင်း မှန်ကန်နေသဖြင့် မငြင်းပယ်နိုင်သောကြောင့် ဟုတ်မှန်ပါသည်ဟု ဝန်မခံလိုသောကြောင့် မလာရောက်ခြင်းဖြစ် သည်ဟု ယူဆပြီးလျှင် ဝိနည်းဓိုရ်တို့ထားအပ်သော တရားကိုလက် မလွှတ်စေမူ၍ တင်လွှာ-ချေလွှာ-ပြေရှင်းလွှာ-နှစ်ဘက်သက်သေ တို့၏ထွက်ချက်စကားများကိုမှတည်၍ စီစစ်ဘောန်ကြပါကုန်အံ့။

○ ○ ○

## စွဲချက်များကိုစိစစ်ခြင်း။

(အမှတ် ၁-စွဲချက်)

စောဒက တရားလိုက စုဒိတက တရားခံသည်၊ သက်န်းနှင့် ခြောက်လုံးပြူး နိုင်းသည့်ဟောပါသည်ဟု စွဲဆိုလျှောက်ထားသည်။

ထိုအချက်ကို စုဒိတက တရားခံကလည်း ဝန်ခံချေပထားသည်။ သက်သေများကလည်း ထွက်ဆိုကြသည်။

( ဤ ၁-နံပါတ်စွဲချက်၌ )

(က) အရိယမဇ္ဈိကာသာသနံ။ အတိဂရုကာတဗ္ဗံ။ ဝန္ဒိတဗ္ဗံ။နမဿိတဗ္ဗံ။ပူဇေတဗ္ဗံဝေ။ တေနဝုတ္တံ။

(ခ) ပဋ္ဌေဒိဿနကာသာသံ၊ဆဋ္ဌိတံမိဋ္ဌမက္ခိတံ။ သိရသ္မိံ အဥ္စလိံကတွာ၊ဝန္ဒိတဗ္ဗံ ဂုဏသိဒ္ဓံ။ ။

(အပဒါန်ပါဠိတော်) အရ။

မစင်ကျင်ကြီးတို့ဖြင့်လိမ်းကျံ၍ လမ်းမှာပစ်ထားသောသက်န်းကိုပင် ဖွေ့မြင်က ရှိခိုးထိုက်ပုံကိုရှင်း။

(ဂ) ကသ္မာတိစေ။သဗ္ဗေပိသမ္မာသမ္ဗုဒ္ဓါ။ ဂုဏမိနာအရိယာမဇ္ဈိနာ။

ကာသာဝဝေနနေဝသုဇ္ဈန္တိ။ ။တေနဝုတ္တံ။ ။

(ဃ) အဗ္ဘုတိဘာစယေဗုဒ္ဓါ၊ဝတ္တမာနာအနာဂတာ။ မဇ္ဈိနာနေနသုဇ္ဈန္တိ၊တသ္မာဧတနမဿိယာ (ဧတံ နမဿိယံ)

(အပဒါန်ပါဠိတော်)အရ

ပွင့်တော်မူပြီး ပွင့်ဆဲ-ပွင့်ဆဲ ဖြစ်တော်မူကြ သော ဘုရားရှင်တို့သည်၊သက်န်းကိုဝတ်ရုံ၍သော ဘုရားစင်စစ်

အဖြစ်သို့ရောက်တော်မူကြပုံ၊လူ့ဘတ်ကြောင်ဖြင့် ဘုရားမဖြစ်နိုင်ပုံတို့(ဓမ္မပဒမဟာဋီကာ)၌ အကျယ်ဖွင့်ပြတော်မူခြင်းကြောင့်၊ အလွန်မြင့်မြတ်လှသော(အရဟတ္တဓဇ) သင်္ကန်းတော်နှင့် အလွန်ယုတ်နိမ့်သော(ထာဝရပယောဂ)ခြောက်လုံးပြူးကို ဥပမာမပြုထိုက်ဟု ဆုံးဖြတ်တော်မူကြသည်။

## အမှတ် (၂) စွဲချက်။

စောဒကတရားလိုက စုဒိတကတရားခံသည် လူပျိုကြီး-အပျိုကြီးကို အနာဂါရိကရဟန်းဟု ဟောပါသည်ဟု စွဲဆိုလျှောက်ထားသည်။

ထိုအချက်ကို စုဒိတကဘရားခံကလည်း ဝန်ခံချေပထားသည်။ သက်သေများကလည်း ထွက်ဆိုကြသည်။

(ဤ၂-နံပါတ်စွဲချက်၌)

၁။ ပဗ္ဗဇ္ဇူပဂတော၊ အနာဂါရမုနိနော။ (မဟာနိဒ္ဒေသအဋ္ဌကထာ)

၂။ အနာဂါရူပနိဿယောတိ၊အနာဂါရာနံပဗ္ဗဇိတာနံ(ထေရီဂါထာအဋ္ဌကထာ)

၃။ အနာဂါရာတိ၊ပရိစ္စတ္တအဂါရာ၊ ပဗ္ဗဇိတာ။ (ဣတိဝုတ်အဋ္ဌကထာ)

၄။ အနာဂါရိယန္တိ၊ ပဗ္ဗဇ္ဇံဘိက္ခုဘာဝံ ပဗ္ဗဇ္ဇာပိဟိနတ္တေတ္တ၊ အဂါရိယန္တိ၊အနာဂါရိယာ (မူလပဏ္ဏာသ အဋ္ဌကထာ)

၅။ အဂါရဿဟိတံ၊ ကသိဂေါရက္ခာဒိကမ္မံ၊ အဂါရိယန္တိ ဝုစ္စတိ၊တဒ္ဒပဗ္ဗဇ္ဇာယနတ္ထိ၊တသ္မာပဗ္ဗဇ္ဇာ အနာဂါရိယာတိဥာတဗ္ဗာ။(မူလပဏ္ဏာသအဋ္ဌကထာ) (သံယုတ် အဋ္ဌကထာ)

၆။ အဂါရံအဇ္ဈာဝသတန္တိ၊အဂါရေ ဝသန္တာနံ၊ အဂါရသ္မာ အနဂါရိယံ၊ ပဗ္ဗဇိတာနန္တိ၊ ဂေဟတော နိက္ခမိတွာ၊ အဂါရဿ ဃရာဝါသဿ ဟိတာဝဟေဟိ၊ကသိဂေါရက္ခာ ဒီဟိ၊ ဝိရဟိတံ၊အနဂါရိယံ၊ ပဗ္ဗဇ္ဇံ ဥပဂတာနံ။ (အင်္ဂုတ္တိုရ်အဋ္ဌကထာ)

၇။ အဂါရသ္မာတိ၊ဃရတော၊ဂဟဋ္ဌဘာဝါတိအတ္ထော၊အနဂါ ရိယန္တိ၊ပဗ္ဗဇ္ဇံ။(ရာဇသုတ်အဋ္ဌကထာ)

၈။ အဂါရသ္မာတိ၊ဃရတော၊အနဂါရိယန္တိ ပဗ္ဗဇ္ဇံ ကသိ ဝဏိဇ္ဇာဒိကမ္မံ ဟိ၊ အဂါရဿ ဟိတန္တိ။ အဂါရိယံ နာမ၊တံဧတ္ထ နတ္ထီတိ၊ ပဗ္ဗဇ္ဇာအနဂါရိယာ တိဝုစ္စတိ(ဥဒါန်းအဋ္ဌကထာ)

၉။ ပဗ္ဗဇ္ဇာအနဂါရိယာနာမ(ဥဒါန်းအဋ္ဌကထာ)

၁၀။ အနဂါရိယံ ပဗ္ဗဇ္ဇာယေတံ၊အဓိဝစနံ (သုတ္တနိပါတ် အဋ္ဌကထာ)

၁၁။ အနဂါရိယုပေတဿာတိ၊အနဂါရိယံ ဥပေတဿာပဗ္ဗဇိ တဿာတိအတ္ထော(သုတ္တနိပါတ် အဋ္ဌကထာ)

၁၂။ အနဂါရိယံ၊ ကသိဝါဏိဇ္ဇာဒိကမ္မ ဝိရဟိတံတာပသ ပဗ္ဗဇ္ဇံ။(အပဒါန်အဋ္ဌကထာ)

၁၃။ အနဂါရိယံအဂါရဿအဟိတံ ကသိဂေါရက္ခာဒိကမ္မ ဝိရဟိတံသာသနံပဗ္ဗဇိံ။ (အပဒါန်အဋ္ဌကထာ)

၁၄။ အနဂါရိယန္တိပဗ္ဗဇ္ဇံ။ ။

၁၅။ အရိယအနဂါရိယ။ ၂။ပုထုဇ္ဇနအနဂါရိယ။ ၃။ သေခအနဂါရိယ။ ၄။ အသေခအနဂါရိယ။ ၅။ သုက္ခဝိပဿက အနဂါရိယ။ ၆။ သမထယာနိကအနဂါရိယ။ ၇။ သာဝကပါ

ရမိပ္ပတ္တအနုဂါရိယာ။ ဂ။ သာဝကပါရမီအပတ္တအနုဂါရိယ၊ (ခုဒ္ဒကပါဌအဋ္ဌကထာ)(သုတ္တနိပါတ်အဋ္ဌကထာ)

၁၆။ အဂါရသ္မာတိ၊ ဃရာ၊ အဂါရဿဟိတံ အဂါရိယံ ကသိဂေါရက္ခာဒိကုဋုမ္ဗပေါသနကမ္မံ ဝုစ္စတိ၊ နတ္ထိ ဧတ္ထ အဂါရိယန္တိ၊ အနဂါရိယံ ပဗ္ဗဇ္ဇာယေတံ အဓိဝစနံ။ (မူလပဏ္ဏာသအဋ္ဌကထာ) (သုတ္တနိပါတ်အဋ္ဌကထာ) (သာရတ္ထဒီပနီမဟာဋီကာ)

၁၇။ အဂါရသ္မာတိဂေဟာ၊ အနဂါရိယန္တိပဗ္ဗဇ္ဇံ၊ ပဗ္ဗဇ္ဇာ ဟိယသ္မာအဂါရဿဟိတံ ကသိဂေါရက္ခာဒိကမ္မံ၊တတ္ထ နတ္ထိ၊တသ္မာ အနဂါရိယန္တိ ဝုစ္စတိ။ (သီလက္ခန်အဋ္ဌကထာ)

၁၈။ အဂါရိယမုနီတိဂိဟီ အာဂတဖလော ဝိညာတသာသနော၊ အနဂါရိယမုနီတိ၊ တထာရူပေါ ပဗ္ဗဇိတော။ (ကေနိပါတ်အဋ္ဌကထာ)

၁၉။ အဂါရိကဝိနယောနာမ၊ ဒသအကုသလကမ္မပထဝိရမဏံ၊ အနာဂါရိကဝိနယောနာမ၊ သတ္တာပတ္တိက္ခန္ဓအနာပဇ္ဇနံ။(ခုဒ္ဒကပါဌအဋ္ဌကထာ)

၂၀။ အဂါရိကသီလံနာမ၊ ယံ [illegible] အကုသလဝိရတိ [illegible] အနာဂါရိကသီလံ [illegible] (ခုဒ္ဒကပါဌအဋ္ဌကထာ)

၂၁။ အဂါရိကာနံ သမ္ပုဏ္ဏတ္တံ၊အနာဂါရိကာနံ ပရိသုဒ္ဓတ္တံ။ (ခုဒ္ဒကပါဌအဋ္ဌကထာ)

၂၂။ အဂါရိကဝိဘူသာ၊သာဠကဝေဌနမာလာဂန္ဓာဒိ၊အနဂါရိကဝိဘူသာ ပတ္တမဏ္ဍနာဒိ(သုတ္တနိပါတ်အဋ္ဌကထာ)(အပဒါန်အဋ္ဌကထာ)

၂၃။ အဂါရိယပဌ္ဌပဒါ၊အနဂါရိယပဌ္ဌပဒါ(သုတ္တနိပါတ်အဋ္ဌကထာ)

၂၄။ ကုံဘဏ္ဍကုသလံ၊ကုံအကုသလန္တိ၊ ဣမိနာနယေန၊ အဂါရိကပုစ္ဆာ၊ဣမေခေါဘဏ္ဍ၊ပဉ္စပဒါ နဝ္ဂန္ဓာတိ ဣမိနာနယေန၊ အနဂါရိကပုစ္ဆာ(အင်္ဂုတ္တိုရ်အဋ္ဌကထာ)

ဤသို့များစွာသော ပါဠိတော်-အဋ္ဌကထာ-ဋီကာတို့၌ လူပျိုကြီး-အပျိုကြီး-လူဝတ်ကြောင်များကို အနဂါရိကမုနိဟူ၍ မဟောကြားမဖွင့်ဆို။ရသေ့ရဟန်းများကိုသာလျှင် ဟောကြားဖွင့်ဆိုတော်မူကြသောကြောင့် ဦးမြတ်သိန်းထွန်း ရေးသောစာအုပ်၊ဟောသောတရားတို့၌ လူပျိုကြီး-အပျိုကြီး-လူဝတ်ကြောင်များကိုအနာဂါရိမုနိဟု ရေးသားခြင်း၊ပြောဟောခြင်းတို့သည် အဓမ္မသာဖြစ်ကုန်၏ဟု ဆုံးဖြတ်တော်မူကြသည်။

၀ ၀ ၀

## အမှတ် (၃) စွဲချက်။

စောဒကတရားလိုက စုဒိတကတရားခံသည် ကျောက်ဆင်းတုကြေးဆင်းတုများ မင်းတို့ရေနစ်လျှင်ကယ်နိုင်သလား။လက်ကြီးကအသေကြီးဘဲဟု စွဲဆိုလျှောက်ထားသည်။

ထိုအချက်ကို စုဒိတကတရားခံက လုံးဝငြင်းသည်။

(ဤ ၃-နံပါတ်စွဲချက်၌)

စုဒိတကတရားခံ သက်သေဦးဘိုးသင်း-ဦးဘိုးရှင်-မောင်ထွန်းကြည် ဦးရွှေလှုန်းတို့က ရုပ်ပွားတော်လှူဒါန်းရတာထက် ဦးမြတ်သိန်းထွန်းလှူဒါန်းရတာကပိုမြတ်သည်ဟုထွက်ဆိုကြသည်။ ကြွင်းသောသက်သေများကလည်း ရုပ်ပွားတော်နှင့်ဦးမြတ်သိန်းထွန်းအား အတူထား၍ထွက်ဆိုကြသည်။

ထို့ကြောင့် ဦးမြတ်သိန်းထွန်းသည် ရုပ်ပွားတော်များကို မထေမဲ့မြင် ချိုးချိုးဖဲ့ဖဲ့ဟောပြောသောကြောင့်သာ ၎င်း၏တပည့်များလည်း သံယောင်လိုက်သည်ဟု ယူဆနိုင်သော်လည်း စုဒိတကတရားခံက ငြင်းဆိုထားသောကြောင့် ၎င်းငြင်းဆိုသည့်အတိုင်းပင် ထားသင့်သည်ဟု ဆုံးဖြတ်တော်မူကြသည်။

○ ○ ○

## အမှတ် (၄) စွဲချက်။

စောဒကတရားလိုက စုဒိတကတရားခံသည် ရုပ်ပွားများသည် အရုပ်တွေပွားပွားသွားတာ မိန်းမများပွားသလိုဘဲ ဒါတောင် အားမရလို့ ဒက္ခိဏာသာခါ အမြှောင်ထားသေးသည်ဟု စွဲဆိုလျှောက်ထားသည်။

ထိုအချက်ကို စုဒိတကတရားခံကလည်း လူပြိန်းများနားလည်အောင်ဟောကြောင်း ဝန်ခံသည်။

စုဒိတက တရားခံသက်သေများကလည်း ဤအဓိပ္ပါယ်မျိုး

ထွက်ဆိုကြသဖြင့် ဦးမြတ်သိန်းထွန်း ဟောပြောကြောင်း ထင်ရှားသည်။

ဤ(၄)နံပါတ်စွဲချက်၌

၁။ သာရီရိကံ ပရိဘောဂိကံ ဥဒ္ဒိဿကံ(တေရသနိပါတ်ဇာတ်အဋ္ဌကထာ)

တိဝိဓံ ဟိ ဗုဒ္ဓစေတိယံ။ (သာရတ္ထသင်္ဂဟအဋ္ဌကထာ)
တိဝိဓဥ္စေတိယံ။ (သာရတ္ထဒီပနီဋီကာ)
တတ္တစယံ ဘဗ္ဗန္တံ စေတိယံ။ (ခုဒ္ဒကပါဌအဋ္ဌကထာ)

၎င်းအဋ္ဌကထာ ဋီကာစကားတို့ကို ပေါင်းစပ်၍ ယူအပ်သည်ရှိသော်၊

စေတီတော်သည်

၁။ ဓာတုစေတီတော်
၂။ ဥဒ္ဒိဿစေတီတော်
၃။ ဓမ္မစေတီတော်
၄။ ပရိဘောဂစေတီတော် ဟူ၍လေးပါးအပြား ရှိပေသည်။ ၎င်းလေးပါးတို့တွင် ရုပ်ပွါးတော်သည် ဥဒ္ဒိဿစေတီတော်မည်၏။

၂။ ထို့ကြောင့်။ ။ဗုဒ္ဓပဋိမာဥဒ္ဒိဿကာ စေတိယံ (ခုဒ္ဒကပါဌအဋ္ဌကထာ)

၃။ အယံပနပဘေဒေါ ပဋိမာရူပကာဒိ ဥဒ္ဒိဿကစေတိယေနေဝသင်္ဂဟိတတ္တာသင်္ဂဟံတရယန္တိ (သာရတ္ထဒီပနီဋီကာ)တို့၌ ဤသို့ဖွင့်တော်မူကြသည်။

၄။ စယိတဗ္ဗန္တိ စေတိယံ ပူဇေတဗ္ဗန္တိ ဝုတ္တံ ဟောတိ (ခုဒ္ဒကပါဌအဋ္ဌကထာ)

၅။ စေတိယေ ခေမဝတုဂ္ဂမိ။ (အပဒါနအဋ္ဌကထာ)

၎င်းအဋ္ဌကထာတို့အရ ရုပ်ပွားတော်အထင်အရှားကို မသိထားဘဲ ရုပ်ပွားတော်ကို ဌာပနာ၍တည်ထားအပ်သော ဘုရားများသည်ပင် အတွင်းရှိရုပ်ပွားတော်တို့ကြောင့် စေတီတော်ဟုသောအမည်ကို ရတော်မူကြသည်။

၆။ တိဋ္ဌန္တေ နိဗ္ဗုတေ စာပိ သမေ စိတ္တေ သမံ ဖလံ (ဝိမာနဝတ္ထုပါဠိတော်)

၇။ သမေ စိတ္တပ္ပသာဒမှိ သမံ ပုညံ မဟဂ္ဂတံ။ (အပဒါန ပါဠိတော်)

၈။ ပရိနိဗ္ဗုတဿာပိ ဘဂဝတော စေတိယပဋိမာ ဗောဓိအာဒီသုပိ ဧသေဝ နယော။ (အပဒါနအဋ္ဌကထာ)

၉။ ယထာ စေတိယံ ဥဒ္ဒိဿ ကတံ သတ္ထုဥဒ္ဒိဿကတသဒိသံ ဧဝံ စေတိယဿ ပုရတော ကတံ သတ္ထုပုရတောကတသဒိသမေဝ။ (ပါထိက သင်္ဂီတိသုတ်အဋ္ဌကထာ)

၎င်းအဋ္ဌကထာ ဋီကာတို့အရ သက်တော်ထင်ရှားမြတ်စွာဘုရားနှင့် စေတီတော် ရုပ်ပွားတော်များကို စေတနာမခြား တသားတည်းဖြစ်အောင် ပူဇော်ခြင်း ဖြစ်မှားခြင်းတို့၌ အကျိုးထူးခံရပုံများကို သိရပေသည်။ ရုပ်ပွားတော်ကို ကျောက်ခဲ ကြေးခဲ သော စကားကိုဆိုကလည်း (ဗုဒ္ဓဿ အဝဏ္ဏံ ဘာသတိ) အရ သပိတ်မှောက်ကံထိုက်သည်ဟု ဆုံးဖြတ်တော်မူကြသည်။

# အမှတ် (၅) စွဲချက်

စောဒကတရားလိုက စုဒိတက တရားခံသည်၊ မိန်းကလေးများကို လုံခြုံရာအခန်းတွင်းသို့ခေါ်၍ တရားပြသည် တရားအပ်သည် ဟုပြုကျင့်သဖြင့် သင်္ကာမကင်းဘွယ် ဖြစ်ပါသည်ဟု စွဲဆိုလျှောက်ထားသည်။

ထိုအချက်ကို စုဒိတကတရားခံက သံသယမကင်းသော ထင်မြင်ချက် ပြောသံကြားဖြစ်လို့ ချေလွှာတင်လျှောက်စရာ မလိုပါဘုရားဟု ချေပထားသည်။

## ဤ(၅)နံပါတ်စွဲချက်၌

အမှန်စင်စစ် ထိုသင်္ကာမကင်းဘွယ်အချက်မျိုးမှာ ဒိဋ္ဌမျက်မြင်ဖြစ်နိုင်ခဲ့သော အချက်မျိုးဖြစ်သည်။ စောဒက တရားလိုသည် စုဒိတက တရားခံ၏ အပြုအမူများကို ရှေ့နောက်ထောက်ထား ဒွေးတောဆင်ခြင်၍ ကိုယ်တွေ့သမားဖြစ်သည့် မခင်ရွှေပြောချက်ကို သိရသဖြင့် စွဲခြင်းဖြစ်ဟန်တူသည်။ သင်္ကာမကင်းဘွယ်ဖြစ်သောအကျင့်ကို ပေါ်လွင်ထင်ရှားအောင် စစ်ဆေးဆုံးဖြတ်ပေးစေလို၍ စွဲဆိုခြင်းဖြစ်သည်။

ထိုသို့ဒိဋ္ဌမျက်မြင်ဖြစ်နိုင်ခဲ့သော ကိစ္စမျိုးဖြစ်သဖြင့် သင်္ကာမကင်းဘွယ်ဖြစ်သည်ကို သင်္ကာမကင်းဘွယ်ဖြစ်ခြင်းဟု စွဲဆိုခြင်းဖြစ်ရာ စုဒိတက တရားခံသည် ထိုအချက်ကိုအကာအကွယ် ယူကာ၊ ထင်မြင်ချက်ပြောသံကြားဖြစ်လို့ဟု မိန်းကလေးများကို လုံခြုံရာအခန်းတွင်းသို့ ခေါ်၍ တရားပြ တရားအပ်ကိစ္စနှင့်၊

စွဲဆိုချက်အမှတ် (၆)ကျင်ငယ်ရေကိစ္စကိုပါ ရောနှော၍ ဖုံးလွှမ်း ချေပထားသည်ကို တွေ့ရသည်။ မည်သို့ပင် ဖုံးကွယ်စေကာမူ စောဒကတရားလို၏ သက်သေအမှတ်(၁၃) မောင်တင်ဝင်းက တရားခံသည် အခန်းတွင်းသို့ မိန်းကလေးများကို တယောက်ချင်း တယောက်ချင်း ခေါ်၍ သွားသည်ကို ဒိဋ္ဌမြင်ပါသည်ဟု ထွက်ဆိုသည်။

စောဒက တရားလိုပြသက်သေ အမှတ်(၂)ဦးစံထွားက တရားခံသည်၊ ယောဂီမကလေးများအသားထိမှ တရားသိမည်၊ ဆရာကြီးအသားနှင့်ထိမှ တရားရှိမည်ဟု ပြောဆိုကြောင်း၊ ရေချိုးခန်းတွင် မိန်းကလေးများကို စိတ်တမျိုးတမည်ဖြစ်အောင် သွေးဆောင်ဖျားယောင်းသောသဘောဖြင့် အဖုစိတ် အပေါက်စိတ် စသောစကားများကို ပြောဆိုကြောင်း ထွက်ဆိုသည်။

စောဒကပြသက်သေအမှတ်(၇)မောင်လှငွေ။(၂၃) မောင်စောမြင့်။ (၁၇)မောင်သွယ်စသည်တို့က ဆရာကြီးဦးမြတ်သိန်းထွန်းသည် ရေချိုးခန်းတွင် ကိုယ်လုံးတီး ရေချိုးကြောင်း၊ အနီးတွင်မိန်းကလေးများရှိကြောင်းကို တညီတညွတ်ထည်း ထွက်ဆိုကြသည်။

အမှတ်(၈)မခင်ရွှေကဆရာကြီးက တရားပြသလိုနှင့် သူ့ခေါင်ကြား တပည့်တော်ပေါင်ကြားက အရာများကို ဘာခေါ်သလဲဟု မေး၍ ဖြေရကြောင်း၊ တရားအပ်ရန်ဆိုပြီး အခန်းထဲခေါ်သွားလို့ လိုက်သွားရာ ကာမကိုအရယူရန် ထမိဆွဲချုတ် ပုဆိုးကို ချွတ်သဖြင့် အတင်းရုန်းကန် ပြေးရကြောင်း၊ ထိုအကြောင်းကို သူ့ယောကျ်ားအား တိုင်ရာ တိုင်ကြောင်းဆရာကြီးသိ၍ ဆရာကြီးက လူအများရှေ့တွင် တောင်းပန်ကြောင်း ထွက်ဆိုသည်။

သက်သေအမှတ် (၁၂)ကရားသူကြီး ဦးကျော်က ယခုတရားခံဦးမြတ်သိန်းထွန်းသည် (၁၉၇၁)ခု၊၄၂-ခုလောက်က ဆရာမြအမည်ဖြင့် တရားပြ တရားစမ်းရာမှာ မိန်းကလေးများကို ကိုင်တွယ်စမ်းသပ်မှုကြောင့် မိဘ—မောင်ဘွားတို့က ခဲ—ပုလင်းတို့ဖြင့် ပစ်ခတ်ကြရာ တိုင်းပြည်ဆူပူအောင် ပြုလုပ်မှု ရာဇသတ်ကြီးပုဒ်မ(၁၀၇)အရ အပြစ်ပေးခံရဘူးသည်ဟု အဘိအကျဘွက်ဆိုသည်။ (အပြစ်ပေးခံရကြောင်း စုဒိတက-တရားခံ-ဝန်ခံသည်)။

လယ်ဝေးမြို့တွင် မအုံးမြင့်ခေါ် ကျောင်းသူပျိုကို တရားပြရန်အပ်သည်ကို အခွင့်ကောင်းယူကာ မယားပြုရန်ကြံရွယ်သဖြင့် ဆူဆူပူပူဖြစ်သွားသည်။ သတင်းစာတွင်ပါသည့် သတင်းများကို စောဒက တရားလိုက တင်ပြသည်။

ထို့ပြင် စုဒိတက တရားခံပြသက်သေတို့ကလည်း မိန်းကလေးများ ဆရာကြီးဦးမြတ်သိန်းထွန်းကို ပြုစုရကြောင်း ထွက်ဆိုကြသည်။

၎င်းစုဒိတက တရားခံကိုယ်တိုင်ကလည်း တကိုယ်လုံးအပ်လှူထားသဖြင့် သတ်တောင်ပစ်နိုင်သည်ဟု ချေပသည်။

ထိုအထက်ပါ စောဒကပြသက်သေတို့၏ စကားများ တရားခံကိုယ်တိုင် ချေပသောစကား ၎င်းတင်ပြသောသက်သေတို့၏ စကားများကိုနှိုင်းနှောထောက်ထား၍ဆိုစုဒိတကတရားခံသည် မိန်းကလေးများကို ဖျက်ဆီးကျူးလွန်သည်ဟု ဒိဋ္ဌမဟုတ်၍ ကေန်မဆိုနိုင်သော်လည်း၊ စောဒက ဦးထွန်းလူ သက်ာမကင်းဘွယ်ဖြစ်သည့်အတိုင်း ထိုအမှုကိုမကျူးလွန်ဟု မဆိုနိုင်ချေ။ စုဒိတကတရားခံသည် သက်ဆိုင်ရာအုပ်ထိန်းသူများက မိမိတို့သက်ဆိုင်ရာ အမျိုးသမီးများကို တရားပြရန် တရားအပ်ရန် အပ်နှင်းသည်

ကို အခွင့်ကောင်းယူကာ တကိုယ်လုံးအပ်သည်။ ပြုလိုရာပြုနိုင်သည်ဟု ကြံဆပြောဆိုလျှင့်ပတ်၍ ပြုမူဟန်တူသည်။ စင်စစ်အပ်နှံစဉ်က မယားပြုရန်မဟုတ် တရားပြုရန် တရားအပ်ရန်သာ အပ်နှံကြခြင်းဖြစ်ပေသည်။ တကိုယ်လုံးအပ်သဖြင့် ပြုလိုရာပြုနိုင်သည်ဟု ကြံဆသော်လည်း၊ ထို အ မျိုး သ မီးများမှာ (အဂမနီယဝတ္ထု) မသွားလာအပ်သော မိန်းမများ ဖြစ်သောကြောင့် ၎င်းတို့အား ကျူးလွန်ခြင်းသည် (ပရဒါရကံ) (ကာမေသုမိစ္ဆာစာရကံ)များမှ မလွတ်ချေ။

ဤအချက်၌ နှိုင်းယှဉ်စရာ ဥပမာ တင်ရလျှင် ယနေ့ယခုတိုင်လောဟကုမ္ဘီငရဲအိုးကြီးတွင် ပြင်းထန်လှသော ဒုက္ခကိုခံစားနေကြရသော ဒု-သ-န-သောဟု လူသိအလွန်များကျော်ကြားနေသည့် ငရဲသားလေးယောက်တို့သည် ငရဲအိုးသို့မရောက်မီ ငရဲသားလောင်းဘဝက ပစ္စည်း ဥစ္စာကြွယ်ဝသည့် သူများဖြစ်သည့်အလျောက် သူတပါးတို့၏သားမယား သားပျို သမီးပျိုများကို ငွေကြေးပေးကာ ဖျက်ဆီးခဲ့ကြပေသည်။ ယခုအမှုတွင်တရားခံသည် သူတပါး၏သားမယားနှင့် သားပျို သမီးပျိုများကို ဖျက်ဆီးသည်။

ဖျက်ဆီးခြင်းမှာတူညီ၍ ငွေကြေးပေးခြင်းနှင့် တရားသံပေးခြင်းမျှသာကွာသည်။ ဤကား နှိုင်းယှဉ်ချက်တည်း။

ဤသို့နှိုင်းယှဉ်သဖြင့် ပိန္နဲယဉ္စာနအနေအားဖြင့် ကြမ်းတန်းရင့်သီးသကဲ့သို့ ဖြစ်သော်လည်း၊ ၎င်းတရားခံကိုယ်တိုင်က ပရိသတ်ကို တိုင်ပေးသည်ဆိုသော သောတာပန်ခွါသေးသေး သကဒါဂါမ်ခွါသေးသေး အနာဂါမ်ခွါသေးသေးဟုသော ကားကိုရင်း၊ ၎င်းတရား၏သင်ကြားချက်အရ ၎င်းတ

ရားခံပြသက်သေအမှတ်(၁၂)ဦးထွန်းရှင်၏ အဟိတ်ဖြစ်သောခွေး နှင့် သမ္မာသမ္ဗုဒ္ဓတူရားလူတာစေတနာတူလျှင်အတူဘူ ဘဲဟုထွက် ဆိုသောစကားများကိုငင်း၊ ထောက်သော် အထက်ပါနိုင်းယှဉ် ချက်ကို ကြမ်းတန်းရင့်သီးသည်ဟု မဆိုသာချေ။

အခြားသောစွဲချက်များနှင့် မတွဲဘက်ဘဲ ဤစွဲချက် သက်သက်ကိုဖြစ်စေ တရားယောင်မပြဘဲ တခြားနည်းဖြင့်ပြောဆို၍ ကျူးလွန်သည်ဖြစ်စေ ဤစွဲချက်ကို လက်ခံစစ်ဆေးဆုံးဖြတ်ချက် ပေးမည်မဟုတ်ချေ။ယခုအမှုမှာမူ အခြားစွဲချက်များနှင့်တွဲဘက် ၍ စွဲချက်တင်သောကြောင့်ငင်း။ တရားယောင်ပြ၍ ကျူးလွန် ခြင်းကြောင့်ငင်း။ ငင်းစွဲချက်ကို စစ်ဆေးစေဘန်ရပေသည်။မိန်း မများကို လုံခြုံရာသို့ခေါ်၍တရားပြသည်။ တရားအပ်သည်ဟု မည်သည့်ပိဋကတ်တော်ကျမ်းဂန်တွင်မျှ မပါမရှိချေ။ထို့ကြောင့် ထိုသို့တရားပြခြင်း၊ တရားအပ်ခြင်းမှာ မတော်မတရားပြုရန် ငင်း စုဒိတကတရားခံ၏ မသမာဥာဏ်ဆင်ခြင်းမျှသာဖြစ်သည်။

သို့ဖြစ်၍ ထိုပုဂ္ဂိုလ် ထိုအပြုအမူမျိုးကို နောင်မပြုစေရန်အ တွက် နိုင်ငံတော်တဝှမ်းလုံးတွင် ငင်းပုဂ္ဂိုလ်တရားဟောမှုကိုပိတ် ပင်တားမြစ်ပေးရန်သက်ဆိုင်ရာအစိုးရအာဏာပိုင်များထံ မေတ္တာ ရပ်ခံရန် ဆုံးဖြတ်ကြသည်။

ဝ ဝ ဝ

## အမှတ် (၆) စွဲချက်။

စောဒကတရားလိုက စုဒိတကတရားခံသည် မိမိ၏ကျင်ငယ် ရေကို ရောဂါအမျိုးမျိုးပျောက်သည်ဟု သောက်သုံးပက်ဖြန်း စေခြင်းပြုပါသည်ဟု စွဲဆိုလျှောက်ထားသည်။

စုဒိတက တရားခံက ထိုအချက်ကို စွဲချက်အမှတ်(၅)နှင့် အတူ ရောနှောဖုံးကွယ်ငြင်းပယ်သည်။

(ဤ ၆-နံပါတ်စွဲချက်၌)

စုဒိတကတရားခံကို စစ်မေးသောအခါ သုံးချင်သုံးပေလိမ့်မည်ဟု မတင်မကျဖြေဆိုသည်။ စောဒကပြုသက်သေအမှတ်(၁)ကိုလှရွှေက သဲကုန်းရွာတရားပွဲ တပို့တွဲလဆုတ် ၁၂-ရက်နေ့တွင် သူ၏ကျင်ငယ်ရေသည် ရောဂါအမျိုးမျိုးပျောက်သည်ဟု ဟောပြောကြောင်းကြားပါသည်ဟု ထွက်ဆိုသည်။ စောဒကပြု အခြားသက်သေများက ကျင်ငယ်ရေပုလင်းယူလိမ်းကြသည်ကိုမြင်ပါသည်ဟု ထွက်ဆိုသည်။ ၎င်းပြင်-မခစာဘင်က ကျင်ငယ်ရေအကြောင်းညွှန်ကြားခြင်း၊ကျွဲသတ်ရွာ လူမမာမသိန်းလှိုင်၏ဗိုက်ကို လိမ်းပေးရခြင်းတို့ကိုထွက်ဆိုကြသည်။

အထက်ပါ တရားခံပြောစကားနှင့် သက်သေတို့ထွက်ချက်များကိုထောက်ထား၍ စုဒိတကဘရားခံသည် ထိုဂါ်စွကိုအောက်လမ်းသမားတို့၏လမ်းစဉ်အတိုင်း လှည့်ပတ်ဖျားယောင်း၍ သုံးစေသည်ဟုယူဆကြသည်။

သို့ဖြစ်၍ ဤမျှလောက် ယုတ်မာညစ်ညမ်းသော အောက်လမ်းသမားတို့၏လမ်းစဉ်အကျင့်ကို မည်သည့်ဌာနတွင်မျှ မပြုစေရန်အတွက်နိုင်ငံတော်အစိုးရထံသို့မေတ္တာရပ်ခံရန် ဆုံးဖြတ်ကြသည်။

o o o

## အမှတ်(၇)စွဲချက်။

စောဒကတရားလိုက စုဒိတကတရားခံသည် သူ၏ဆံပင်များကို ကိုးကွယ်ပူဇော်စေခြင်းဟု စွဲဆိုလျှောက်ထားသည်။

စုဒိတက က ငြင်းခံသည်။ ချေလွှာတွင် မြတ်စွာဘုရား၏တရားမှန်ကို ဟောပြောသူအား ဟောဒီခန္ဓာတကိုယ်လုံးဟာ စေတီထိုက်တယ်လို့ မှတ်ကြဟု ချေပသည်။

(ဤ ၇-နံပါတ်စွဲချက်၌)

(စုဒိတကတရားခံက ဝန်ခံသဖြင့်သက်သေတို့စကားမလိုတော့ပေ)စုဒိတကတရားခံသည် ဘုရားဂုဏ်တော်ကို အာရုံပြုနေသောသူအား အာရုံပြုနေခိုက်-ရှိခိုးခိုက်-ရှိခိုးခံထိုက်သည်စသောစကားများကို အားကိုးဟန်တူသည်။ ထိုစကားရပ်၌ အာရုံပြုခိုက် ဟူသောစကားကိုငင်း၊ငင်း၏ချေလွှာတွင် တရားမှန်ဟောပြသူအား ဟူသော စကားကိုငင်း သတိပြုသင့်သည်။

ဤနေရာ၌ စုဒိတကတရားခံသည် ကျောက်ဆင်းတု-ကြေးဆင်းတုများသည် မင်းတို့ရေနစ်လျှင် ကယ်နိုင်သလား။မကယ်နိုင်....။ လက်က အသေကြီးဘဲဟုဟောပြောပြီး ငင်း၏ဆံပင်ကိုတော့ ကိုးကွယ်စေသည်။ ရေနစ်လျှင် ငင်း၏ဆံပင်များက ကယ်နိုင်သလော။ ကယ်နိုင်၍ကိုးကွယ်ရသလောဟု မေးဘွယ်ရှိသည်။

ခုဒ္ဒကပါဠိအဋ္ဌကထာ၊ ပူဇနေယျအဖွင့်၌ ဘုရားပစ္စေကဗုဒ္ဓါ အရိယာသာဝကတို့သာ အလုံးစုံသောသူတို့ ပူဇော်ထိုက်ကြောင်းလာ၏။ သို့ဖြစ်၍ ငင်းတရားခံ၏ဆံပင်များကို ဆံတော်အဖြစ် ကိုးကွယ်စေခြင်းအမှု မည်သည့်နေရာမျှမပြုစေရန်အတွက် နိုင်ငံတော်အစိုးရသို့ မေတ္တာရပ်ခံရန် ဆုံးဖြတ်ကြသည်။

၀ ၀ ၀

## အမှတ် (၈) စွဲချက်။

စောဒကတရားလိုက စုဒိတကတရားခံသည် တရားပွဲအပြီး (၁၃၂၁)ခု တပို့တွဲလဆုတ် ၁၂-ရက်နေ့တွင် ငါပြန်တော့မည်။ သာသနာကွယ်ပြီ။ ငါဘုရားဟုပြောပါသည်ဟု စွဲဆိုလျှောက် ထားသည်။

စုဒိတကတရားခံသည်၊ ၎င်းစွဲချက်ကိုဖြေဆိုရာ၌ မဟုတ်ပါ-မ ပြောရပါဟုမဖြေဆိုဘဲ ဝေ့လည်ကြောင်ပတ် ဖြေဆိုသည့်အပြင် ငါဘုရားဟူသော နောက်ဆက်တွဲတို့လည်း လုံးဝမငြင်းပေ။

(ဤ ၈-နံပါတ်စွဲချက်၌)

စုဒိတကတရားခံ ဦးမြတ်သိန်းထွန်းမှာ စွဲဆိုသည့်အတိုင်း ဟုတ်မှန်သည်ကများသည်ဟု ယူဆရပေမည်။ ဦးမြတ်သိန်းထွန်း တင်ပြသော သက်သေများ၏ ထွက်ဆိုချက်များသည်ပင် မကြား ဝံ့ မနာသာဖြစ်ပုံကို ၎င်းတို့ထွက်ဆိုချက်မှ ကောက်နုတ်ချက်တို့ ကြည့်က သိနိုင်ကြပေမည်။

အချို့သက်သေများသည် ပရိယတ်ကိုပုဒ်ခတ်လျက် ထွက် ဆိုကြသည်။

၁။ ပရိယတ္တိပနကေန္တေနေပမာဏံ၊ (သံယုတ်အဋ္ဌကထာ)

၂။ အဗုဒ္ဓဝစနံပရိယတ္တိသဒ္ဓမ္မပ္ပတိရူပကံနာမ( ၎င်း )

၎င်းအထက်ပါ အဋ္ဌကထာစကားအရ ဦးမြတ်သိန်းထွန်းရေး သားသောစာအုပ်၊ ဟောပြောသော တရားများတွင် ဘုရားဟော တော်မဟုတ်သည်ကများ၍ (သဒ္ဓမ္မပတိရူပက) တရားတု-တရား ယောင်တို့သာဖြစ်ကြပေသည်။

တောထွက်ချင်ထွက်-မထွက်ချင်နေ၊ တရားအားထုတ်က ရသည် ဟူသော စကားများသည်လည်း....

( ၁၆ )

၃။ ဣဒံ နသုကရံအဂါရံအဇ္ဈာဝသတာ အဂါရမဇ္ဈာသန္တေန ကေန္တပရိပုဏ္ဏံ-ပ-စရိတုံ။

၄။ ယာဝပနတေပိဋကံဗုဒ္ဓဝစနံဝတ္တတိနတာဝ သာသနံအန္တရ ဟိတန္တိံဝတ္တုံ ဝဋ္ဋတိ။ (သံယုတ်အဋ္ဌကထာ)

၎င်းအဋ္ဌကထာစကားများထင်ရှားရှိပါလျက် မသိခြင်းမော ဟာသည် ပြင်းစွာတွေ့ဝေသည်ဖြစ်၍ ပရိယတ်ကိုလည်းပယ်ခတ်၊ ငါ့ရှိ သာသနာမရှိတော့ပြီဆိုသောစကားမျိုးသုံးနှုန်းဝံ့သော ဦးမြတ်သိန်းထွန်းသည် ပင်ကိုယ်မူလစိတ်ဖြင့် သုံးနှုန်းပြောဆို သည်ဟု ယူဆရန်ခဲယဉ်းပေသည်၊ မသိမသာ တနေ့ထက်တနေ့ ရှေ့ကာရှေ့ကာ စိတ်ဖေါက်ပြန်၍များ လာလေရော့သလော ဟု တွေးတောစရာပင်ဖြစ်ပေသည်။

ဦး[illegible]တ်သိန်းထွန်း စိတ်ဖေါက်ပြန်နေသည်ဟု ယူဆနိုင်သော [illegible]က်အထားများမှာ အဆုံးမရှိသောဥာဏ်ရှိသည်ဟု ဝန်ခံ ခြ[illegible]ပင်ဖြစ်ပေသည်။

၅။ ဗုဒ္ဓေါပိဗုဒ္ဓဿဘဏေယျာဝဏ္ဏံ၊ ကပ္ပမ္ပိစေအညမဘာ သမာနော။
ခိယေထကပ္ပေါစိရဒီဃမန္တရေ၊ ဝဏ္ဏောနခိယေထတထာ ဂတဿ။

(သီလက္ခန်-အဋ္ဌကထာ)(မဇ္ဈိမပဏ္ဏာသ-ဥဒါန်း စရိယာပိဋ [illegible]ဋ္ဌကထာ)

၆။ အနန္တဂေါစရန္တိ၊အနန္တာရမ္မဏဿ၊ သဗ္ဗညုတဉာဏဿ ဝသေန၊အပရိယန္တဂေါစရံ။(ဓမ္မပဒအဋ္ဌကထာ)

၇။ အနန္တဉာဏောတိ၊ ဂဏနဝသေနစ၊ ပဘာဝဝသေနစ

အန္တဝိရဟိတဉာဏော(မဟာနိဒ္ဒေသအဋ္ဌကထာ)(ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ)

၈။ အနန္တပညောတိ၊ အပရိမိတပညော-ပ-ပစ္စေကဗုဒ္ဓသာ ပညံ ပန၊ ဥပနိဓါယ၊ တထာဂတဿပညာ၊ အဓိကာတိ၊ နဝတ္တဗ္ဗာ၊ အနန္တာဝဣစ္စေဝနဝတ္တဗ္ဗာ။ (သုတ္တနိပါတ် အဋ္ဌကထာ)

၎င်းအဋ္ဌကထာတို့အရ၊ အနန္တဉာဏ်တော်ရှင်သည် ဘုရားတဆူတည်းပင်ဖြစ်ပေသည်။ ယုတ်စွအဆုံး ဘုရားရှင်၏ဉာဏ်တော်ကို ပစ္စေကဗုဒ္ဓါဘုရားငယ်များ၏ ဉာဏ်ကိုထောက်၍ ပိုလွန်၏ဟူ၍ပင်မဆိုထိုက်။ ဘုရားရှင်၏ဉာဏ်တော်ကို အနန္တ အဆုံးမရှိဟူ၍သာ ခေါ်ဆိုရမည့်အဖြစ် ကို ညွှန်ပြတော်မူကြသည်။ ၎င်းပြင်-

၉။ ဣမေသံတေသတ္တတိယာ ဉာဏာနံ သတ္တသဋ္ဌိ ဉာဏာနိ၊ သာဝကသာဓါရဏာနိ၊ ဆဉာဏာနိ၊ အသာဓါရဏာနိ၊ သာဝကေဟိ။ (ပဋိသမ္ဘိဒါမဂ်ပါဠိတော်)

၎င်းပါဠိတော်အရ။ (၇၃)ပါးသော ဉာဏ်တော်တို့အနက် နောက်ဆုံးဉာဏ် ၆-ပါးကို သာဝကတို့နှင့်မဆက်ဆံ။ သာဝကတို့၏အရာမဟုတ်သော ကြောင့်အသာဓါရဏဉာဏ်တော်တို့မည်ကုန်၏ဟူ၍ဟောကြားတော်မူခြင်းကြောင့်၊ အလွန်ပညာကြီးကျယ်၍ ဧတဒဂ်ရာထူးဖြင့် ချီးကျူးခြင်းခံရသော အရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကို မဆိုထားဘိ ပစ္စေကဗုဒ္ဓါဘုရားငယ်များပင် မရကောင်း-မသိစကောင်း-မရထိုက်-မသိထိုက်-မရနိုင်-မသိနိုင်။

သဗ္ဗညုတဉာဏ်-အနာဝရဏဉာဏ်-သမန္တစက္ခုဉာဏ်-အနန္တဉာဏ်တော်တို့ကို ဦးမြတ်သိန်းထွန်းလိုလူများ ပေါများက ရပါသည်ဟု အစစ်ခံခြင်းသည် မူလပကတိ[illegible] အစစ်ခံခြင်းမဟုတ်

ဘဲ စိတ်ဖေါက်ပြန်နေ၍ အစစ်ခံခြင်းသာဖြစ်ပေရာသည်ဟု ယူဆတော်မူကြသည်။

၁၀။ ဆဉာဏာနိတိ၊အန္တေဥဒ္ဒိဋ္ဌာနိ၊ဆဉာဏာနိ၊အသာဓါရဏာနိ၊သာဝကေဟိတိ၊သာဝကေဟိ၊ အသာဓါရဏာနိ၊တထာဂတာနံယေဝဉာဏာနိ။(ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ)

၁၁။ ရင်းပြင်။ဒုက္ခေဉာဏံ၊ဗုဒ္ဓဉာဏံ။ စသည်ဖြင့် ဟောတော်မူအပ်သော ဗုဒ္ဓဉာဏ်(၁၄)တို့တွင် ရှေ့ဉာဏ် ၈-ပါးကို သာဝကတို့နှင့်ဆက်ဆံခြင်းကြောင့် သာဓါရဏဗုဒ္ဓဉာဏ်၊နောက် ၆-ပါးကို သာဝကတို့နှင့်မဆက်ဆံခြင်းကြောင့် အသာဓါရဏဗုဒ္ဓဉာဏ်၊သာဝကတို့နှင့်ဆက်ဆံ၏ဟု ဆိုသော်လည်း ဘုရားရှင်နှင့်ထပ်တူထပ်မျှ သိကြသည်မဟုတ်ကြောင်းကို

၁၂။ ဣတရေသံပန၊ကေဒေသမတ္တေနေဝပဝတ္တနတော။ (ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ)အရ။

တစိတ်တဖို့ တဇွန်းတဇမျှလောက်ကိုသာ လိုက်နိုင်၍ မြတ်စွာဘုရားကဲ့သို့ အကြွင်းမဲ့မသိနိုင်-မမြင်နိုင်ကြပေ။

သို့ဖြစ်၍ စုဒိတကတရားခံသည် မိမိကိုယ်ကိုမိမိ ငါဘုရားဟူသောအသုံး၊ အဆုံးမရှိသော ဉာဏ်ရှိသည်ဟူသောအသုံးကိုမသုံးရန် နိုင်ငံတော်အစိုးရသို့မေတ္တာရပ်ခံရန် ဆုံးဖြတ်ကြသည်။

၁၃။ ဒုဝေသစ္စာနိအက္ခာသိ၊သမ္မုတ္ထေ ပရမတ္ထဉ္စ တတိယံ နုပလဗ္ဘတိ။ ။ဟူ၍(မူလပဏ္ဏာသ အဋ္ဌကထာ)(အင်္ဂုတ္တိုရ်အဋ္ဌကထာ) (ဣတိဝုတ်အဋ္ဌကထာ)တို့၌ သစ္စာလေးပါးကိုမိန့်ကြားပါလျက် သမုတိကိုပယ်ဖျက်၍ ပရမတ်ဘက်သို့သာ အလုအယက် ဆွဲငင်နေကြခြင်းသည် အလျင်းပင် ကျမ်းဂန်နှင့်မကိုက်ညီပေ။

၁၄။ သင်္ကေတဝစနံသစ္စံ၊ လောကသမ္မုတိကာရဏာ။
ပရမတ္ထဝစနံသစ္စံ၊ ဓမ္မာနံဘူတကာရဏာအရ။ သမ္မုတိသစ္စာ- ပရမတ္ထသစ္စာနှစ်ပါးလုံးကိုပင် ဘုရားရှင် ဟောကြားတော်မူပေသည်။ ၎င်းသစ္စာနှစ်ပါးအနက် ပရမတ္ထသစ္စာကိုဟုတ်မှန်သည့်အတိုင်း ဟောကြားတော်မူ၍ သမ္မုတိသစ္စာကိုကား။
၁။ ဟိရောတ္တပ္ပ။ ၂။ ကမ္မဿကတာ။ ၃။ ပစ္စတ္တပုရိသကာရ။ ၄။ အာနန္တရိယ။ ၅။ ဗြဟ္မဝိဟာရ။ ၆။ ပုဗ္ဗေနိဝါသ။ ၇။ ဒက္ခိဏာဝိသုဒ္ဓိ။ ၈။ လောကသမ္မုတိအာပဟာန။

ဤ ၈-ပါးသော အကြောင်းတို့ကြောင့် ဘုရားရှင်ဟောကြားတော်မူပုံကို မူလပဏ္ဏာသအဋ္ဌကထာ၊ အင်္ဂုတ္တိုရ်အဋ္ဌကထာ၊ ဣတိဝုတ်အဋ္ဌကထာ၊ ပဉ္စပကြိုဏ်-အနုဋီကာတို့၌ ဖွင့်ပြတော်မူကြပေသည်။ ဤသည်တို့ကို သဘောမပေါက် နားမလည်ကြသဖြင့် ဦးမြတ်သိန်းထွန်းနှင့်ရင်း၏တပည့်များက သမ္မုတိသစ္စာကိုလုံးဝ ပယ်ကြလေသည်။ အလျင်းပင် ကျမ်းဂန်နှင့်မညီညွတ်ပေ။ ရင်းပြင်
၁၅။ သမ္မာဓေါဿရောဝါဒသာဒုဇာပဒေထာ။ စသည်ဖြင့် ဟောတော်မူအပ်သော (သီလက္ခန်ပါဠိတော်--မူလပဏ္ဏာသပါဠိတော်-မဇ္ဈိမပဏ္ဏာသပါဠိတော်-ဥပရိပဏ္ဏာသပါဠိတော်- နိဒါနဝဂ္ဂသံယုတ်ပါဠိတော်- မဟာဝဂ္ဂသံယုတ်ပါဠိတော်—ဒသကင်္ဂုတ္တိုရ်ပါဠိတော်-ခုဒ္ဒကပါဠိတော်။)

၁၆။ ကုဒ္ဒိသောသနာဥာဏသာဥပက္ကိလေသ သဝေဿံ အဓိဂမ သဒ္ဓမ္မပ္ပတိရူပကံနာမ၊ (သံယုတ်အဋ္ဌကထာ)
၁၇။ ယာဝသာသနံန အန္တရဓါယတိတာဝသတ္ထာဇရတိဝေ နာမ။ (ပါထိကသိင်္ဂီတိသုတ်ဋီကာ)

၁၈။ ဒသသဟဿိလောကဓါတုကေဗုဒ္ဓခေါ်ရဏ်။ (မိလိန္ဒပဉှာပါဠိတော်)

၁၉။ ကော်ဗုဒ္ဓ ခေါ်ရေတီတိကေဗုဒ္ဓခေါ်ရဏ်။ (ဥပရိပဏ္ဏာသဋီကာ)

၂၀။ သမ္မာသမ္ဗုဒ္ဓတာတာသံ၊ ဇညာဖလ သမာသဘော။
ဝိတ္တာရတောအနန္တာပါ၊မေယျာဂုဏဂဏာမတာ(သီလက္ခန်ဋီကာသစ်)

၎င်းအထက်ပါ ပါဠိတော်-အဋ္ဌကထာ-ဋီကာတို့၌ ဟောကြားဖွင့်ဆိုတော်မူအပ်သည်တို့ကိုလည်း လုံးဝမသိကြဘဲ၊ဦးမြတ်သိန်းထွန်း စိတ်တင်ရာရေးသားထားသော စာအုပ်ငယ်အတိုအစများကို ကျမ်းကြီးကျမ်းခိုင်ထင်မှတ်၍ ကိုးကားပြောကြားထွက်ဆိုကြသော ၎င်း၏တပည့်များသည် အမှားကြီးမှားကြပေသည်။ သို့ဖြစ်၍ ၎င်းစုဒိတကတရားခံ ဦးမြတ်သိန်းထွန်း ရေးသားသည့် စာအုပ်များကိုသိမ်းဆည်းရန် နိုင်ငံတော်အစိုးရသို့ မေတ္တာရပ်ခံရန် ဆုံးဖြတ်တော်မူကြသည်။

၂၁။ ယတော၈ ခေါ်တိက္ခဝေသံဃောပိမဟတ္တေနသမန္နာဂတောအထမေသံဃောပိဂါရဝေါတိ (စတုကင်္ဂုတ္တိုရ်ပါဠိတော်)

၂၂။ အထမေသံဃောပိ ဂါရဝေါတိအထမယှ သံဃောပိဂါရဝေါဇာတော။(၎င်းအဋ္ဌကထာ)

၎င်းပါဠိတော် အဋ္ဌကထာတို့အရ၊ သာမညလူများကိုမဆိုထားဘိ ဘုရားရှင်ကိုယ်တိုင်တော်ပင် သံဃာ၌လေးစားပုံကို ဟောတော်မူကြ ဖွင့်ပြတော်မူကြကုန်၏။

ဤသို့ ရှိသေလေးစားထိုက်သော ပုဂ္ဂိုလ်များကို မရှိသေမ

လေးစားဘဲ သာသနာတော်နှင့် ဆန့်ကျင်ဘက်ဖြစ်သော စကားများကို ပြောကြားပြုမူနေကြသော သူများကို လတ်တလော သေစေတတ်သော အဆိပ်သည်ရင်း၊ ကြည့်ရှုကာမျှဖြင့် ကြေမွသော အဆိပ်ရှိသောမြွေသည်ရင်း လောင်ကျွမ်းသကဲ့သို့ ထိုသူ မိုက်ကိုလည်း မကောင်းမှု အကုသိုလ်အစုသည် လောင်ကျွမ်းတော့သည်သာလျှင်တည်း။ ထို့ကြောင့်—

၂၃။ သာသနေနုဝိရုဒ္ဓါနိ၊ ဝိသံဟလာဟလံ ယထာ။
အာသိဝိသော ဒိဋ္ဌံဝိသော၊ ဧဝံ ဗျာပေတိတံ နရံ။

(အပဒါန်ပါဠိတော်)။ ရင်းအဋ္ဌကထာတို့၌ ဟောပြဖွင့်ဆိုတော်မူကြသည်။ ရင်းအပြစ်တို့ကို မိမိတို့ထံမရောက်ရလေအောင် စောင့်ရှောက်ကာကွယ်ရန် လိုအပ်ပေသည်။

## သပိတ်မှောက်ထိုက်သော ကံ ( ၈ ) ပါး။

၂၄။ အဋ္ဌဟိဘိက္ခဝေ အင်္ဂေဟိသမန္နာဂတဿ ဥပါသကဿ ပတ္တော နိက္ကုဇ္ဇိတဗ္ဗော၊ ဘိက္ခူနံအလာဘာယပရိသက္ကတိ၊ ဘိက္ခူနံအနတ္ထာယပရိသက္ကတိ၊ ဘိက္ခူနံအဝါသာယပရိသက္ကတိ၊ ဘိက္ခူ အက္ကောသတိ ပရိဘာသတိ၊ ဘိက္ခူ ဘိက္ခူဟိဘေဒေတိ၊ ဗုဒ္ဓဿ အဝဏ္ဏံ ဘာသတိ၊ ဓမ္မဿ အဝဏ္ဏံ ဘာသတိ၊ သံဃဿ အဝဏ္ဏံ ဘာသတိ၊ အနုဇာနာမိဘိက္ခဝေ ဣမေဟိ အဋ္ဌဟင်္ဂေဟိ သမန္နာဂတဿ ပတ္တံ နိက္ကုဇ္ဇိတုံ။ (စူဠဝါပါဠိတော်)

ဤသို့ဟောတော်မူသည့်အတိုင်း သပိတ်မှောက်ကံ အင်္ဂါ ၈-ပါးတို့တွင် တပါးပါးနှင့်ပြည့်စုံလျှင် သပိတ်မှောက်ကံ ထိုက်တော့သည်သာဖြစ်ပေသည်။ ထို့ကြောင့် ဝိဒိတကတာရေးခံဖြစ်သူ (ဝိဇ္ဇာစရဏမဂ္ဂသမ္မာရအဖွဲ့) ခေါင်းဆောင်ကြီး ဦးမြတ်သိန်း

ထွန်းမှာကား သပိတ်မှောက်ကံအင်္ဂါ ၈-ပါးတို့တွင် ဘုရားကိုထိပါးပုတ်ခတ်ခြင်း၊ တရားကိုထိပါးပုတ်ခတ်ခြင်း၊ သံဃာကိုထိပါးပုတ်ခတ်ခြင်း ရဟန်းတော်များကို အကျိုးမဲ့ဖြစ်အောင် အားထုတ်ခြင်း၊ ကျောင်းမရအောင်အားထုတ်ခြင်း၊ ဆဲရေးခြင်းဟူသော အပြစ်များကို ကျူးလွန်သဖြင့် သပိတ်မှောက်ကံ ထိုက်သည်ဟု ဆုံးဖြတ်တော်မူကြသည်။

ဦးမြတ်သိန်းထွန်းတို့ စွပ်စွဲပြစ်မှား စော်ကားထားခြင်းမှာ သက်တော်ထင်ရှားဘုရားမှအစ ရဟန္တာအရှင်မြတ်ကြီးတို့ပါမကျန် ယခုပုထုဇဉ်သံဃာအဆုံး အကုန်လုံးမလွတ်ကြပေ။ သံဃာအားရည်မှန်း၍ ရဟန်းတပါးကိုလှူငြားသော်သည်းသံဃာ အားလှူရာရောက်ပုံ။

၂၅။ ယထာသံဃံ ဥဒ္ဒိဿဒိန္နံ ဧကေနဘိက္ခုနာ၊ ပဋိဂ္ဂဟိတံ သံဃဿဒိန္နမေဝဟောတိ။ (ဥပရိပဏ္ဏာသဋ္ဌကထာ)

မကောင်းမှုဘက်၌ ရဟန်းတပါးအပေါ် မရိုသေ မလေးစားအဂါရဝတရားပြုလျှင် သံဃာအားလုံး၌ ပြုရာရောက်ပုံ။

၂၆။ စေတိယသ္မိမ္ပိဟိ အဂါရဝေကတေ သံဃေကတောယေဝဟောတိ။ (ဥပရိပဏ္ဏာသအဋ္ဌကထာ)

ဋီကာ-အဋ္ဌကထာတို့ ဖွင့်ဆိုချက်အရ။ ဦးမြတ်သိန်းထွန်းနှင့်အပေါင်းတို့သည် ဘုရားနှင့်တကွ သံဃာအားလုံးသိမ်းကြုံးစွပ်စွဲဖျက်ဆီးရာရောက်ကြသည်ဖြစ်၍ စုဒိတကဦးမြတ်သိန်းထွန်းနှင့် ၎င်းအဖွဲ့ဝင်တပည့်ဖြစ်သောလူတစုတို့သည် အရိယူပဝါဒကံထိုက်ကြလေကုန်ပြီ။

၂၇။ အဟေတုကဝါဒအကြိယဝါဒ၊ နတ္ထိကဝါဒေသုအည တရံ၊ တဥ္ဂဟေတွာ ဌိတံ ပုဂ္ဂလံ ဗုဒ္ဓသတမ္ပိ ဗုဒ္ဓသဟဿမ္ပိ

ပေါ်တော်မူနေသတော့။ (အဌသာသလိနိအဌကထာ)အရအဟေတုကဒိဋ္ဌိ-အကြိယဒိဋ္ဌိ-နတ္ထိကဒိဋ္ဌိဟုဒိဋ္ဌိသုံးပါးရှိသည့်အနက်တပါး ပါးကိုရင်း။ သုံးပါးလုံးကိုရင်း စွဲယူထားသောသူကို ဘုရားတရား-ဘုရားတထောင်ပင်မကယ်ချွတ်နိုင်ပုံကိုဖွင့်ပြပေသည်၊

ဤဒိဋ္ဌိမြတ်သိန်းထွန်းအဖွဲ့ဝင် လူတစုတို့သည် ၎င်းတို့အယူဝါဒအတိုင်း ယူထားကြလျှင်(အကောက်စွဲဆေးကု၊မရသောသူတို့၏စာရင်းသို့ သက်ဆင်းကျရောက်ကြလေကုန်ပြီ) (သံသာရခါကကာ) သံသာရသစ်ငုပ် အဖြစ်နှင့်ကမ္ဘာပျက်သော်လည်း လွတ်ရက်မရှိ၊မပျက်သောအခြားကမ္ဘာသို့ရွှေ့ပြောင်းခံကြရပေတော့မည်၊ ထို့ကြောင့် ဗုဒ္ဓဘာသာအမည်ခံယူ၍ ဗုဒ္ဓဘာသာစစ်စစ်ဖြစ်လိုကြလျှင် ယခုယူဆနေကြသော အယူမှား ဝါဒမှားများကို ပယ်ရှားစွန့်ခွါကြကုန်လျက် သမ္မာဒိဋ္ဌိအမြင်ကျယ်ကျယ်နှင့် အလယ်အလတ် မဇ္ဈိမပဋိပဒါလမ်းသို့ ဘက်လှမ်းသင့်ကြပေသည်။ ထိုသို့တက်လှမ်းလိုကြလျှင် ခြင်မှား ထိမှား ဖောက်သမျှအမှားတို့ကြောင့်နှတ်ပြည် ပြဟ္မပြည်နှင့် ဈာန်ဖိုလ်သရားတို့ကိုပါ အဝီစိကားပိတ်ပင်မည့် အရိယူပဝါဒအဖြစ်များမှ လွတ်ကင်းအောင် ကုစားနည်းကား။

၂၀။ အရိယူပဝါဒပါပံ ခမာပနေသတိ အစ္စယော ယထာနဟောတိ ဟူသော(ဥပရိပဏ္ဏာသဋီကာအရ) အစ္စယောမံ ဘန္တေစသည်ဖြင့်ဆို၍ ကန်တော့ပန်ဝန်ချလျှင် သဂ္ဂန္တရာယ် မဂ္ဂန္တရာယ်အဖြစ်မှကင်းလွတ်၍ကလျာဏစာရင်း ဝင်အစစ်ဖြစ်ပေတော့မည်။

## စီရင်ဆုံးဖြတ်ရန်
## အမှုအကျယ်ကို အကျဉ်းအားဖြင့် ကောက်နှုတ်ချက်

၁။ သက်န်းကို ခြောက်လုံးပြုးနှင့် နိုင်း၍သက်န်းတံခွန်ထူကာ သာသနာ့သက်န်းကိုသုံးဆောင်သောရဟန်းတော်များကို အထင်အမြင်မှားအောင်ပြောဆိုခြင်း။

၂။ အနာဂါရိကရဟန်းနှင့် လူပျိုကြီး အပျိုကြီး နိုင်း၍ ရဟန်းတော်များကို အထင်အမြင်သေးအောင်ပြောဆိုခြင်း။

၃။ ဆင်းတုတော်များကို အလေးဂရုမပြုအောင် ပြောဆိုခြင်း။

၄။ ဆင်းတုရုပ်ပွားများကို မိန်းမသားဖွါးခြင်းနှင့် နိုင်း၍ ယုတ်ညံ့သောပြောဆိုခြင်းမျိုးကို ပြောဆိုခြင်း။

၅။ မိန်းမများကိုဘုရားပြု၍ အပ်စေကာ အဓမ္မမှုများကို ပြုခြင်း။

၆။ ရေချိုးရာတွင် ကိုယ်လုံးတည်းချိုး၍မိန်းကလေးများကို အဖုစိတ် အပေါက်စိတ် စသည်ဖြင့် မိမိလိုရာသို့ သွေးဆောင်ဖြားယောင်းခြင်း။

၇။ လှည့်ပတ်ဖြားယောင်းကာ ကျင်ငယ်ရေကိုသောက်သုံးစေခြင်းဖြင့် သာသနာရေးနှင့်စပ်၍ (ဝိပဿနာဓမ္မကထိက)ဟု အမြင့်ဆုံး အမည်ကိုခံယူလျက် အနိမ့်ကျဆုံး အယုတ်ဆုံးအမှုကိုပြုခြင်း။

၈။ မိမိကိုယ်ကို မိမိဘုရားဟု ပြောဆိုခြင်း။

၉။ ရှေးကလည်း (လွန်ခဲ့သောနှစ်ပေါင်း(၂၀) ကျော်က မာတုဂါမများနှင့် နေထိုင်မှုမလျော်ခြင်းကြောင့် ခဲ–ပုဂ္ဂိုလ်တို့

ဖြင့် အပေါက်ခံရကာ တရားရုံးများသို့ ရောက်၍ အပြစ်ပေးခံခဲ့ရခြင်း။

ဝ ဝ ဝ

## ဝိရင်ဆုံးဖြတ်ချက်အမိန့်

၁။ အထက်ပါအကျယ်စီစစ်ဝေဘန်ဆုံးဖြတ်ချက်များ အရ စုဒိတက (တရားခံ) မောင်မြတ်သိန်းထွန်းသည်

၁။ ဘုရားကို ထိပါးပုတ်ခတ်ခြင်း။

၂။ တရားကို ထိပါးပုတ်ခတ်ခြင်း။

၃။ သံဃာကို ထိပါးပုတ်ခတ်ခြင်း။

၄။ ရဟန်းတော်များကို အကျိုးမဲ့ဖြစ်အောင် အားထုတ်ခြင်း၊ လာဘ်မရအောင် အားထုတ်ခြင်း၊ ဆဲရေးခြင်း၊ ဟူသော အပြစ်များကို ကျူးလွန်သဖြင့် သပိတ်မှောက်ကံ အင်္ဂါများနှင့် ညီညွတ်၍ သပိတ်မှောက်ကံထိုက်သောကြောင့် မောင်မြတ်သိန်းထွန်းသည် သတိတရားရပြီး မာန်မာနကျကာ သူတော်ကောင်းတယောက်ဖြစ်မြောက်ဘို့အရေး မျှော်ကွေးတောက်ထားသနားပြီးလျှင် ဗုဒ္ဓဘာသာ တသာသနာလုံးရှိ အဘိဓဇမဟာရဋ္ဌဂုရုဆရာတော်ကြီးများ။ အဂ္ဂမဟာပဏ္ဍိတ ဆရာတော်ကြီးများ နိုင်ငံတော်သြဝါဒါစရိယဆရာတော်များ။ နိုင်ငံတော်ဝိနည်းဓိုရ်ဆရာတော်ကြီးများ၊ ခရိုင်နှင့်မြို့နယ် သြဝါဒါစရိယဆရာတော်ကြီးများ၊ ဝိနည်းဓိုရ်ဆရာတော်ကြီးများ ၊ ကျောင်းထိုင်ဆရာတော်ကြီးများ အစရှိသော သမုတိနှယ်ဝင် သံဃာတော် အရှင်မြတ်များက (ပတ္တနိက္ကုဇ္ဇန) သပိတ်မှောက်ကံ ပြုသည့်အပြစ်ကို ခံယူစေ။

၂။ ထိုသပိတ်မှောက်ကံ ပြုခြင်းအမှုပြီးမြောက်အောင် အချိန်ကာလသတ်မှတ်၍ ဆက်လက်ဆောင်ရွက်ရန် တာဝန်ခံဆရာတော်အား လွှဲအပ်ကြသည်။

၃။ ၎င်းပြင်ဗုဒ္ဓဘာသာဝင်အချင်းချင်းအဓိကရုဏ်းဖြစ်ဘွယ်ရှိသောကြောင့် (က) စုဒိတက (တရားခံ) မောင်မြတ်သိန်းထွန်းသည် မိမိကိုယ်ကို ဆရာတော်ဟူသောအမည်တပ်၍ ကိုယ်တိုင်သုံးနှုန်းခြင်း သူတပါးကိုသုံးနှုန်းစေခြင်း စာအုပ် စာတမ်းများတွင် ထည့်သွင်းရိုက်နှိပ်ခြင်း အပြုအမူများကို မပြုစေရန်။ (ခ)တရားသံပေးတရားဟောင်ပြကာ မာတုဂါမများကိုဖျက်ဆီးအမှု မပြုစေရန်။ (ဂ) မိမိကျင်ငယ်ရေကို သောက်သုံးပက်ဖြန်းစေသောအောက်လမ်းသမားတို့ အကျင့်မျိုးကို မပြုကျင့်စေရန်။ (ဃ)မိမိကိုယ်ကို ငါဘုရားဟူသော ပြောဆိုရေးသားခြင်းမျိုးကို မရေးသားရအောင်တင်းတင်းကြပ်ကြပ် တားမြစ်ပေးစေရန်။ (င)၎င်း၏ဆံပင်ကို ကိုးကွယ်စေခြင်းအမှု မပြုစေရန်။ (စ) ရတနာသုံးပါးကို ထိပါးပုတ်ခတ်သောအပြောအရေးများကိုမည်သည့်အခါမှ မပြုစေရန်။ (ဆ) ၎င်းရေးသည့် စာအုပ် စာတမ်းများကို သိမ်းဆည်းဖျောက်ဖျက်ရန်ထိုအချက်များကို ပြင်းပြင်းထန်ထန် အရေးယူစေရန်အတွက်အစိုးရထံအကြောင်းကြားမေတ္တာရပ်ခံရန် တာဝန်ခံဆရာတော်အား လွှဲအပ်ကြသည်။

## ဝိနည်းမိုရ်ဆရာတော်များ

၁။ (ပုံ) ဦးသုန္ဒရ ရှားဇာဓိးဘို။

၂။ (ပုံ)ဦးပညာဝံသ ထောက်ကြံ့ကွင်း။

၃။ (ပုံ) ဦးပဏ္ဍိတ ကျွန်းကလေး တိုက်ကျောင်း။

မိတ္ထီလာ။ ၁၆-၁၂-၆၂

## ဦးထွန်းလှ၏ ဆုတောင်း

သာသနဿစ လောကဿဝုဍ္ဎိ ဘဝတုသဗ္ဗဒါ၊ သာသနပ္ပဂ္ဂိစ လောကဉ္စ ဒေဝါ ရက္ခန္တုသဗ္ဗဒါ။

သာသနဿစ၊ သာသနာတော်၏ရင်း။ လောကဿစ၊ သတ္တလောက၏ရင်း။ သဗ္ဗဒါ၊ အခါခပ်သိမ်း၊ ဝုဍ္ဎိ၊ စီးပွားစည်ပင်ခြင်းသည်၊ ဘဝတု၊ ဖြစ်ပါစေသတည်း။

သာသနပ္ပဂ္ဂိစ၊ သာသနာတော်ကိုရင်း၊ လောကဉ္စ၊ သတ္တလောကကိုရင်း၊ ဒေဝါ၊ နတ်ကောင်းနတ်မြတ်တို့သည်၊ သဗ္ဗဒါ အခါခပ်သိမ်း၊ ရက္ခန္တု၊ စောင့်ရှောက်ကြပါစေ ကုန်သတည်း။ (သာဓု-၃-ကြိမ်ခေါ်ကြသည်)

ရင်းနောက် ဝိနည်းဝိုရ်ရှာဇီးဘိုဆရာတော် (ဦးသုန္ဒရ) ထံတွင် ပရိသတ်အားလုံး ငါးပါးသီလခံယူဆောက်တည်ပြီး ဆရာတော်များရှိုးဆင်းတော်မူကြသည်။
ညနေ-၄-နာရီ-၁၅-မိနစ် ပြီးဆုံးသည်။

အထက်ပါအမိန့်ကို ဘတ်ကြားအမိန့်ချရာတွင် တနိုင်ငံလုံးရှိ ဗုဒ္ဓဘာသာဝင်တိုင်း အထူးစိတ်ဝင်စားနေသည့်အမှုဖြစ်သဖြင့် စီရင်ချက်အားလုံးကိုအသံသွင်းကြိုးခွေနှင့် ဖမ်းယူထားလေသည်။

ထိုကဲ့သို့အမိန့်ချမှတ်ခြင်းကို လက်ပံတန်းမြို့ခနဦးမြတ်သိန်းထွန်း၏အဖွဲ့ဝင်များက အဖွဲ့ဝင်များထံမှ တဦးလျှင် ၁၀-ရာလျက် အယူခံင်မည်ဟု ကြေးကြော်လျက် စီရင်ချက်အမှုတွဲကို၎-၁၀၀ မျှအကုန်အကျခံကာ ကူးယူခဲ့သဖြင့် ခရိုင်ဝိ[illegible]ရုံးတွင် အယူခံ လိမ့်မည်ဟုယူဆကာ စောင့်ဆိုင်းနေခဲ့သော်လည်း ရက်ပေါင်း ၃၀-ကြာသည့်တိုင်အောင် အယူခံမဝင်ဘောချေ။

သို့အတွက် လက်ပံတန်းမြို့နယ် ဝိ[illegible]ရုံးမှ ဝိနည်းဓိုရ်[illegible]

တော်များက ၁၃၂၄-ခုနှစ် ပြာသိုလဆုတ် ၁၅-ရက်(၂၄-၁-၆၃) နေ့တွင် ဂိုဏ်းပေါင်းစုံမှဆရာတော်များနှင့် သပိတ်မှောက်ကံပြု လုပ်ရန် ဆုံးဖြတ်ကြပြီးလျှင် လက်ပံတန်းမြို့ ဘုရားကြီးကျောင်း တိုက်အတွင်းရှိ တုလွတ်ဘုံပျံ သိမ်တော်ကြီးတွင် ဦးမြတ်သိန်း ထွန်းအား ဘုရား-ကရား-သံဃာတို့အား ထိပါးပုတ်ခတ်သည့်အ ပြင် သံဃာတော်များအား ပုတ်ခတ်ဆဲရေးခြင်း စသည့်အပြစ် များကိုကျူးလွန်သည်ဖြစ်၍ ကမ္မဝါဘတ်ပြီး (ပတ္တနိက္ကုဇ္ဇန) သပိတ်မှောက်ကံ ပြုလုပ်ကြလေသည်။



သက်ပံတန်းမြို့နယ်ရှိ ဝိနည်းမိုရ်ဆရာတော်များနှင့် ဂိုဏ်းပေါင်း စုံမှ ဆရာတော်များက ဦးမြတ်သိန်းထွန်းအား ကမ္မဝါဘတ်၍ သပိတ်မှောက်ကံပြုလုပ်နေပုံ။

ထိုကဲ့သို့ သပိတ်မှောက်ကံ ပြုလုပ်သည့်နေ့မှာပင် အောက်ပါ အတိုင်း ဦးမြတ်သိန်းထွန်းထံ ဆိုင်ရာမှသိသာရန် ပေးပို့လိုက် ကြောင်း။

## ပတ္တနိက္ကုဇ္ဇနကံ ပြုပြီးကြောင်း အကြောင်းကြားစာ

၁၃၂၄-ခု။ ပြာသိုလဆုတ် ၁၅-ရက်နေ့။

သာယာဝတီခရိုင် လက်ပံတန်းမြို့နယ် ဝိနိစ္ဆယဌာနတာဝန်ခံ ဆရာတော်မှ ရန်ကုန်မြို့ ကြည့်မြင်တိုင် မုန့်လုပ်ဆောင်းကုန်း ဇေယျာသုခလမ်း အိမ်နံပါတ် ၁၁-နေ မောင်မြတ်သိန်းထွန်းသိစေရန် မိန့်ကြားလိုက်သည်။

## (သိစေရန်အကြောင်းမှာ)

၁၃၂၄-ခု။ နတ်တော်လဆုတ် ၅-ရက်နေ့က လက်ပံတန်းမြို့နယ် ဝိနိစ္ဆယဌာနဆိုင်ရာ ဝိနည်းဓိုရ်ဆရာတော်များက စုဒိတကတရား ခံ မောင်မြတ်သိန်းထွန်းသည်။ဗုဒ္ဓ-ဓမ္မ-သံဃာ-ရတနာသုံးပါးကို ပုတ်ခတ်ကျူးလွန်သဖြင့် သပိတ်မှောက်ကံအင်္ဂါနှင့် ညီညွတ်၍ သပိတ်မှောက်ကံထိုက်သောကြောင့် သံဃာတော်များက (ပတ္တနိက္ကုဇ္ဇနကံ)သပိတ်မှောက်ကံပြုသည့် အပြစ်ကိုခံယူစေဟု အမိန့် ချမှတ်ပြီးလျှင်၊ထိုသပိတ်မှောက်ကံ ပြုခြင်းအမှုပြီးမြောက်အောင် အချိန်ယူ ကာလသတ်မှတ်၍ ဆက်လက်ဆောင်ရွက်ရန် တာဝန်ခံ ဆရာတော်ဘုရားအားလွှဲအပ်ကြသည်ဟု ဝိနည်းဓိုရ်ဆရာတော် မြတ်များက အမိန့်ပေးလွှဲအပ်ထားကြသည့်အတိုင်းထိုအမိန့်တော် ကိုနာယူလျက် အချိန်ယူကာ စောင့်ဆိုင်း၍လာခဲ့ရာ အမိန့်ချမှတ် သည့်နေ့မှစ၍ရေတွက်သော် ရက်သတ္တ ၅-ပါတ်ကကျော်လွန်ပြီ ဖြစ်၍ စောင့်ဆိုင်းရန် အချိန်ကုန်ပြီဖြစ်ပါသောကြောင့် ၁၃၂၄-ခု

နှစ်။ ပြာသိုလဆုတ် ၁၅-ရက် ကြာသပတေးနေ့ နေ့လည် ၁-နာရီ မိနစ် ၃၀-အချိန်တွင် သင့်အား လက်ပံတန်းမြို့နယ် ဝိနည်းဓိုရ် ဆရာတော်မြတ်များ၏ ဆုံးဖြတ်ချက်အမိန့်အရ (ပတ္တနိက္ကုဇ္ဇနကံ)သပိတ်မှောက်ကံ ပြုထားလိုက်ပြီဖြစ်ကြောင်းကို သင်သိစေရန်အကြောင်းကြားလိုက်သည်။

ဦးစန္ဒိမ၊

တာဝန်ခံဆရာတော်

မြို့နယ်ဝိနိစ္ဆယဌာန လက်ပံတန်းမြို့။

ဤတွင်

# ဝိဝါဒါဓိကရုဏ်း အဆုံးအဖြတ်

နိဂုံးကမ္ပတ် အပြီးသတ်ပါကြောင်း။